www.burmeseclassic.com

ဂန္တ ရ ... လုံး ချင်း ဝတ္ထု

မင်းစက္ကု၏ကလောင်ခွဲ

# မင်းစကြာ

## မာယာအိမ်ကြီး



www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com

**မင်းစကြာ** ၏ ဆက်လက်ထွက်ရှိလာတော့မည့်ဂမ္ဘီရဆန်းကြယ်လုံးချင်းဝတ္ထုမျ

| | | |
|---|---|---|
| ၂၀။ | မြိုင်တောကြီးနှင့် သူယောင်မင်းသမီး (မင်းစကြာ) | ထွက်ပြီး |
| ၂၁။ | သေလာဟီမသခင် | ထွက်ပြီး |
| ၂၂။ | မီးပြတိုက်သရဲ (မင်းစကြာ) | ထွက်ပြီး |
| ၂၃။ | စိတြဒေဝီ | ထွက်ပြီး |
| ၂၄။ | ဂမ္ဘီရဆန်းကြယ်ဝတ္ထုတိုများ (ဂျူနက်ကြီး) | ထွက်ပြီး |
| ၂၅။ | မှန်တိုင်းခေါ်သံ | ထွက်ပြီး |
| ၂၆။ | ဇော်ဂီချစ်သူ (မင်းစကြာ) | ထွက်ပြီး |
| ၂၇။ | သံလက်ကေရီ | ယခုထွက်ပြီ |
| ၂၈။ | မာယာအိမ်ကြီး (မင်းစကြာ) | ယခုထွက်ပြီ |
| ၂၉။ | ကံရာဇာနှင့် မိုက်ခဲ(၃)ယောက် | |
| ၃၀။ | ရလေလိုလေ မောင်ဖိုးတေ | |
| ၃၁။ | ပျော့မဆုံးပေါင်တောသုံးတောင် | |
| ၃၂။ | ကမ္ဘီလကုမာရီ | |
| ၃၃။ | ကံရာဇာနှင့် လက်ပြတ်တာတေ | |
| ၃၄။ | ဘုတာဝါဟနအရှင် | |
| ၃၅။ | ကျောက်နွားကိုးကောင် ပို့တစ်ထောင် | |
| ၃၆။ | မရဏာနဒီလှိုင်း | |



# မာယာအိမ်ကြီး


၁။ ခေါင်းတလားထဲကလူ
၂။ ထူးခြားသောအိမ်ကြီး
၃။ ညှိုးချက်ဖြင့်ဖိတ်ခေါ်နေစပြုသော အန္တရာယ်
၄။ မိတ်ပုံထဲရောက်လာသော မိန်းကလေး
၅။ ငရဲလမ်းသို့အစလား
၆။ အသက်ဝင်နေသောအခန်းများ
၇။ ခြောက်လှန့်မှုများ
၈။ အမှောင်ထဲက မိန်းကလေး
၉။ နှစ်ယောက်အတူ ပြေးကြရပြီ
၁၀။ ဝက်ဘာလိုဏ်လမ်းကြောင်း
၁၁။ ထောင်ချောက်များ အလိုက်ခံရခြင်း
၁၂။ လိုဏ်ဂူထဲက ရုပ်ကြွင်းအပိုင်းအစများ
၁၃။ ရောက်လာသော အန္တရာယ်
၁၄။ ထောင်ချောက်အမိခံလိုက်ရခြင်း
၁၅။ ဂပ္ပီယာနန္ဒ
၁၆။ ရောက်လာသော တမလွန်ဘုံသား
၁၇။ မိတ်ပြာအရသာ
၁၈။ ထူးဆန်းသောလူသုံးယောက်
၁၉။ သွေးဆောင်ဖျားယောင်းသော ပရလောကသူ
၂၀။ ထူးဆန်းသော သစ်ပင်လေးတစ်ပင်
၂၁။ သံသယ၏ သားကောင်
၂၂။ ဝက်ပါအိမ်ကြီးထဲကိုရောက်သွားသူက ကပ္ပိယနန္ဒ
၂၃။ အသက်ဝင်လှုပ်ရှားနေသော သတ္တဝါနှစ်ကောင်
၂၄။ သေတွင်းထဲရောက်သွားသော ကပ္ပိယနန္ဒ
၂၅။ မိစ္ဆာအပင်ကြီး၏လက်ချက်မိသွားသူ
၂၆။ အသက်လုပွဲ
၂၇။ မာယာအဆိပ်ပင်ကြီး၏ နိဂုံး


www.burmeseclassic.com

www.burmeseclassic.com

(၁)

## ခေါင်းတလားထဲကလူ

သူရောက်နေသည်မှာ မြေတိုက်ခန်းကြီးတစ်ခု ဖြစ်သည်။ လက်မှာကိုင်ထားသည့် လက်နှိပ်ဓါတ်မီး၏ အလင်းရောင်ကြောင့် အခန်းထဲကအခြေအနေကို ကောင်းစွာပင် မြင်နေရလေသည်။ မြေတိုက်ခန်းပေမယ့် သပ်ရှင်းသည်။ သပ်ယပ်သည်။ ကျယ်ကျယ်ဝန်းဝန်းပင်ရှိသည်။ ထောင့်ချိုးကွေ့များရှိသည်။ နေရာမှလှမ်းပြီးတော့ မမြင်ရသောအနေအထားများပင်ဖြစ်သည်။

အောက်မှာ စမ်းရှိသလားမသိပါ။ အပေါ်မှာ စိမ့်ပြီးတော့အေးနေသည်။ ဤမြေတိုက်ခန်းကြီးကို မင်းဒင် အမှတ်မထင်ပင် တွေ့ခဲ့ရခြင်းဖြစ်သည်။ ဤအိမ်ကြီးထဲမှာ မြေတိုက်ခန်းကြီးတစ်ခု ရှိနေလိမ့်မည်ဟု မည်သည့်အခါကမှ မထင်မိခဲ့ပေ။



www.burmeseclassic.com

www.burmeseclassic.com



မင်းခင်သည် ဤအိမ်ကြီးထဲကို စပြီးရောက်လာကတည်းက စိတ်ဝင်စားမှုတွေ ရှိခဲ့ရသည်။ အလိုလိုနေရင်းကလည်း ချောက်ချားမှုများ ဖြစ်လာတတ်သည်လည်းရှိသည်။ အချုပ်အနှောင်ခံလိုက်ရခြင်းမျိုးကဲ့သို့ ခံစားသွားခဲ့ရသည်။ မည်သည့်အကြောင်းကြောင့်လဲ ဘာကြောင့်လဲ အဖြေကိုရှာမရ၊ စိတ်ကြောင့်ပဲလား နံရံတွေ အမိုးတွေ အရာဝတ္ထုတွေမှန်သမျှ မည်သည့်အခါမှ မယုံကြည်မိ။

နံရံတွေ မျက်နှာကြက်တွေမှာ မျက်လုံးတွေရှိကြသည်။ နားတွေရှိကြသည်ဟုပဲ ထင်နေမိသည်။ သူ့ကိုစိုက်ကြည့်နေကြသည်။ သူ့ခြေသံတွေကို နားထောင်နေကြသည်ဟု ထင်နေမိသည်။

လက်နှိပ်ဓါတ်မီးမှ အလင်းရောင်သည် တစ်နေရာကို ရောက်သွားခဲ့သည်။ အိမ်ထောင်ပရိဘောဂများပင် ဖြစ်သည်။ အားလုံးဟောင်းမင်း နေကြလေပြီ။ သို့သော်. . ပြန်ပြီးတော့ မွမ်းမံထားသည်၊ သထားသည်ဖြစ်၍ ရှေးဟောင်းလက်ရာဖြစ်သော်လည်း တောက်ပြောင်လျက်ရှိသည်။ လက်နှင့်ထိမိရာ ဖုံကပါမလာပေ။ ထို့ကြောင့် အမြဲပင် ဖုန်သန့်ပေးနေဟန်တူသည်။ ဤမြေတိုက်ခန်းကြီးကို မည်သူက အမြဲတစေ သန့်ပေးနေသလဲ. . .?

အခန်းအနေအထားက မည်မျှပင် သန့်ပြန့်နေပါမူ အနံ့အသက်က ရှိနေသည်ဟု ထင်မိသည်။ အောက်သိုးသိုးအနံ့မျိုးကိုရနေသည်။ တစ်ခန်းလုံးပျံ့နှံ့နေသည်။ မြေတိုက်ခန်းတို့၏ သဘာဝက သည်အတိုင်းပါပဲလေ။





မြေပေါ် အလွှာ၏အောက်ကို ရောက်နေ၍သီးခြားဆံနေသည်။ တိတ်ဆိတ်လွန်းမက တိတ်ဆိတ်လျက်ရှိသည်။ အသံဗလံတွေ မှန်သမျှ ဆိတ်သုဉ်းလျက်ရှိသည်။ သူ့ဖိနပ်သံက ဖွဖွညင်သာသည်ဟု ထင်ရသော်လည်း ကြာလာသောအခါ နားထဲမှာကျယ်လောင်လာသည်ဟု ထင်လာမိသည်။ အဝတ်လှုတ်ခတ်သံသည်ပင် အချိန်တိုင်းမှာ ပေါက်ကွဲနေသည်ဟု ထင်မိသည်။

သူဆက်ပြီးတော့ လျှောက်သွားမိသည်။ ညာဘက်တစ်ဆစ်ချိုးကွေ့ကို စိတ်ဝင်စားသွားခဲ့ရသည်။

"ဒီဘက်မှာ ဘာရှိနိုင်မလဲ. . .

သံးထောင့်ထိုး လက်နှိပ်ဓါတ်မီး အလင်းရောင်ကရှေ့သို့ထိုးပြီး ရောက်သွားသည်။ ကွန်ကရစ်လမ်းပဲ ဖြစ်သည်။ ခေတ်ဟောင်းတစ်ဝက် ခေတ်သစ်တစ်ဝက် အနေအထားမျိုးဖြစ်နေသည်။ မည်သည့်အကြောင်းကြောင့် ဤမြေတိုက်ခန်းကြီးကို ကောင်းစွာမွမ်းမံထားသလဲ မသိပါ။ တစ်ချို့က မြေတိုက်ခန်းကို သဘောကျသည်။ ငွေကြေးတတ်နိုင်သူများသည် အကုန် အကျခံပြီး မြေတိုက်ခန်းကို ပြုလုပ်ကြသည်။

လျှို့လျှို့ဝှက်ဝှက် နားအေးပါးအေးနှင့် နေလိုကြသူများသည် မြေပြင်၏ အောက်ထပ်မှာပဲ နေလိုကြသည်။ အထူးသဖြင့် မိတ်ဆွေ အပေါင်းအသင်း နည်းကြသူများ (မိတ်ဆွေရင်းချာ ထားခြင်းကို အလိုမရှိကြသူများ၊ အပေါင်းအသင်းမလိုချင်ကြ သူများ၊ အကြောင်းတစ်ခုခုကြောင့် ဘဝကို အမှောင်ချထားလို ကြသူများ)

တိုသူများသည် လောကကြီးနှင့် ကင်းကွာပြီး



www.burmeseclassic.com

www.burmeseclassic.com



နေလိုကြသည်။ ပတ်ဝန်းကျင်ကလည်း ထိုကဲ့သို့သောလူစားမျိုး ကိုဖာသာပဝါပင် ဥပေက္ခာပြုထား တတ်ကြလေသည်။

"အင်း. . ဟင်း. . ဟင်း. . ."

မင်းဒင်၏ခြေလှမ်းတွေက ရပ်တံ့သွားခဲ့ရသည်။ ညည်းသူသံလိုလိုမျိုးကို ကြားလိုက်ရသောကြောင့်ပင်၊ နေရာမှ ရပ်ပြီးတော့ နားစွင့်မိလိုက်သည်။ စက္ကန့်တော်တော်ကြာသည် အထိ မည်သည့်အသံကိုမှ ထွက်မလာ၊

"ငါ့စိတ်ထင်တာပဲ ဖြစ်မှာပေါ့. ."

ထိုစဉ်

သူ့ရှေ့ခပ်လှမ်းလှမ်းမှာ ဖြူဖြူသဏ္ဍာန်တစ်ခုက ရိပ်ကနဲဆို ဖြတ်သွားသည်။ လက်နှိပ်ဓါတ်မီးဖြင့် ဖမ်းပြီးတော့ ထိုးလိုက်သည်။ ဘာမှမတွေ့ရ၊ အာရုံပဲမှားသလား၊ ကြောက်စိတ် ကဖြစ်ပေါ်မလာပဲ ကျောထဲမှာတော့ တစ်ချက်စိမ့်ကနဲဖြစ်သွားခဲ့ရသည်။ မိမိမြင်လိုက်ရသည်ကတော့ အထင်ကရပါးဖြူဖြူ သဏ္ဍာန်သည် မိန်းကလေးတစ်ယောက်ဟု ထင်မိလိုက်သည်။ ပြေးထွက်သွားသည့် ဟန်က ခပ်နွဲ့နွဲ့. . .။

ရှေ့ကိုဆက်ပြီးတော့ လျှောက်သွားသည်။ တစ်ဆစ်ချိုး ကွေ့လွန်မြောက်သွားသောအခါ မီးရောင်အောက်မှာ ရုတ်တရက် မြင်လိုက်ရသော သတ္တဝါတစ်ကောင်ကြောင့် ရင်ထဲထိတ်ကနဲ ဖြစ်သွားကာ နောက်ကိုပင် ဆုတ်မိသွားခဲ့ရသည်။

ကျားကြီးတစ်ကောင်ပင်တည်း။

ရှေ့လက် (ရှေ့ခြေ) နှစ်ချောင်းကဝပ်နေသော နောက်ခြေတွေက အားယူကာ ထောက်ကန်ထားပြီး လွှားကနဲခုန်အုပ်





တော့မည့်ဟန် ရှိနေသည်။

မျက်လုံးနီနီရဲရဲကြီးတွေကလည်း မီးကဲ့သို့ ရဲရဲတောက် လောင်လျက်ရှိသည်။ အစွယ်ဖွေးဖွေးထနေလျက်ရှိကြသော ပါးစပ်ကြီးကလည်း ပြဲလျက်၊ သားစားကျူးသော ကျားရဲတစ်ကောင်၏ အန္တရာယ်ပြုမည့်ရန်ကို ကာကွယ်ရန် သူ့မှာမည်သည့် လက်နက်မှပါမလာ နေရာမှာတင် ကျောက်ရုပ်ဖြစ်သွားပြီး မင်တက်မိကာ ငေးကြည့်နေမိတော့သည်။

အချိန်အတော်လေးကြာသည်အထိ ငြိမ်သက်လွန်းလှသော ကျားကြီးကို သံသယမကင်း ဖြစ်လာမိရလေသည်။ ကျားကြီး၏ မျက်နှာကိုလက်နှိပ်ဓါတ်မီးနှင့် ထိုးထားကာတဖြည်းဖြည်း လျှောက်သွားသည်။ အနားကိုရောက်လာမှ သူ့လှည့်စားခံလိုက်ရပြီလို့ သိသွားခဲ့လေတော့သည်။

တကယ်တော့. . .

ကျားကြီးကား ရုပ်လုံးသွင်းထားသော အဝိညာဏက အသက်ကင်းမဲ့နေသည်။ ကျောက်ရုပ်ကြီးပင်တည်း အစာသွပ် ထားသော သတ္တဝါတစ်ကောင်ပင်တည်း. .။ ထိုအခါကျမှ သူသက်ပြင်းချမိရသည်။ နဖူးမှာ စို့လာသောချွေးများကိုပင် သုတ်မိလေတော့သည်။ တစ်ယောက်တည်း ရှက်သွားမိသည်။ ကျားရုပ်ကြီး၏ခေါင်းကို သူပုတ်မိလိုက်သည်။ ဆတ်ကနဲဆို လက်တို့ပြန်ပြီးတော့ ရုပ်မိလိုက်လေ၏။

အကြောင်းမှာ. . ကျားသည်လှုပ်ရှားသွားသည်ဟု ထင်မိလိုက်သည်။ ခေါင်းခုံ၏နူးညံ့ပုံမှာ တကယ့် ကျားတစ်ကောင် (အသက်ရှင်လျက်ရှိသောကျား) နှင့်မခြား မွဝင်းပြော



www.burmeseclassic.com

www.burmeseclassic.com



ခန္ဓာကိုယ်ရှိနေသောကြောင့်ပင်တည်း။

မင်းဒင်သည် ထိုနေရာမှ အမြန်ဆုံးပင်ထွက်လာမိခဲ့လေသည်။

□ □ □

ခါက်ခဲအသစ်မို့ အားကောင်းနေဆဲဖြစ်သော လက်နှိပ်ဓါတ်မီးသည် ရိပ်ကနဲဆို ဖြတ်ပြေးသွားသည့်နေရာဆီသို့ လှမ်း၍ ထိုးမိလိုက်ပြန်သည်။ ဖြူဖြူသဏ္ဍာန်တစ်ခုပင်၊

သို့သော်. . .

အလင်းရောင်က ထိုသဏ္ဍာန်ဆီသို့ ရောက်သွားခဲ့သည်နှင့် ပျောက်သွားခဲ့ပြန်သည်။

"ဒီမြေတိုက်ခန်းထဲမှာ တစ်ယောက်ယောက်ရှိနေတာ အမှန်ပဲ၊ ဘယ်သူလည်း ဘယ်သူလည်းဟေ့. . ."

လှမ်းပြီးတော့ မေးလိုက်သည်။ သူ့အသံက ကျယ်လောင်သွားခဲ့လေသည်။ မြေအောက်ခန်းထဲမှာ ဟိန်းထွက်သွားခဲ့လေ၏။ တုန့်ပြန်သံကို မကြားရ၊ မေးသည်ကို မည်သူကမှ မဖြေ၊

"ငါ့ကိုမခြောက်နဲ့နော် ငါမကြောက်ဘူး ကြောက်လည်း မကြောက်ဘူး သတ္တိရှိရင် ငါ့ကိုကိုယ်ထင်လာပြစမ်း. . . ငါ့ရှေ့မှာလာရပ်ပြစမ်း. . ."

မင်းဒင်က အသံမာကြီးဖြင့် ပြောလိုက်သည်။ လူနှင့်မလိုက်အောင်ပင် သူ့အသံက ကျောက်ခဲတမျှမာကျောလှသည်။ သူကိုယ်တိုင်က ကြောက်နေပြီလား ချောက်ချားနေပြီလား မသိ၊





ဘာမှမသိ ပတ်ချာလည်ကို လက်နှိပ်ဓါတ်မီးဖြင့်လိုက်ထိုးကာ ကြည့်နေမိသည်။ မည်သူ့ကိုမှ မတွေ့၊ ထောင့်ချိုးနေရာများတွင် အခန်းတွေဖွဲ့ထားပုံရသည်။ တံခါးကိုတော့မတွေ့ရ. . .

(အခန်းများဖြစ်နိုင်သည်ဟု သံသယဖြစ်နေမိခြင်းသာ)

"အင်း. . . ဟင်း. . . ဟင်း. . ."

"ဟင်"

ညည်းညူသံမျိုးကို ကြားလိုက်ရပြန်သည်။ ဟုတ်သည်။ ညည်းသံမှ ညည်းသံအစစ်ပါပဲ၊ မလွဲနိုင်ပါ။

"ရှပ်. . ရှပ်. . ရှပ်. . ရှပ်. ."

"ဖျပ်. . ဖျပ်. . ဖျပ်. . ဖျပ်"

လမ်းလျှောက်သံလိုလို အဝတ်တွေလှုပ်ခတ်သံလိုလို ကြားလိုက်ရပြန်သည်။ အသံတွေထွက်ပေါ်လာရာဆီကို ဖျက်ကနဲ မီးထိုးပြီးတော့ ကြည့်လိုက်မိသည်။ မတွေ့ရပြန်ပါ။

"တစ်ယောက်ယောက်က ငါကြောက်အောင် ခြောက်လှန့်နေတာလား မသိပါဘူး. . ဟိတ်. . တစ္ဆေလည်း မကြောက်ဘူး ဘီလူး၊ သဘက်လည်း မကြောက်ဘူးကွ. ."

သူ့အသံကိုသာ ပြန်ပြီးတော့ ကြားနေရသည်။ ပြန်ပြီး တုန့်ပြန်သံက ထွက်ပေါ်မလာ. . .

"ငါရှုံးသွားပြီလား. . ဒီမြေအောက်မှာ ကြာကြာမနေရသေးပဲနဲ့ ဘာမဟုတ်တဲ့ ထင်ယောင်ထင်မှား ကိစ္စတွေအတွက် စိတ်ဖောက်သွားခဲ့တာလား"

သူ့ကိုယ်သူ ပြန်ပြီးတော့ ဆန်းစစ်ရပြန်သည်။ သူ့ကိုယ်သူသိသည်။



www.burmeseclassic.com

www.burmeseclassic.com



"ငါ. . ဘယ်သူလဲ မင်းဒင် မင်းကြောက်နေတာလား မကြောက်ဘူးကွ. . "

သူ့ကိုယ်သူ ကျေနပ်မှုရရှိသွားခဲ့သည်။ လူဆိုတာ ကိုယ်ဘာလည်းဆိုတာ သိနေသေးရင် အသိစိတ်ကမှန်နေသေးသည်။ မရူးသေး၊ မနှမ်းသေး၊ ဒါပေမယ့် ဒီမြေတိုက်ခန်းကြီးက သူ့ကိုဖမ်းစားထားသလားမသိ၊ နောက်မဆုတ်ပဲ ရှေ့ကိုသာ တိုးပြီးတော့ ဆက်၍ သွားချင်နေမိသည်။ ရှေ့မှာ တစ်စုံတစ်ခုကတော့ ရှိနေပြီ။ သူ့ကိုညို့ပြီးတော့ ခေါ်နေသည်။ လက်နှိပ်ဓါတ်မီး တဝင်းဝင်းနဲ့ ‌လျှောက်သွားနေမိသည်။

"ဟင်"

မင်းဒင်မျက်လုံးပြူးထွက်သွားခဲ့ရသည်။ လား. . လား. . ခွေးနက်ကြီးတစ်ကောင် သူ့ခါးစောင်းလောက်ပင်မက မြင့်မားလိုက်သည့်အရပ်ကြီး မျက်နှာကြီးကလည်း ကြောက်စရာပုံသဏ္ဌာန် ပါးစပ်ကြီးကို ဖြဲကာအစွယ်များ သွားများပေါ်နေသည်။ မာန်ဖီနေလျက်ရှိနေလေသည်။ ပါးစောင်နှစ်ဖက်





အပေါ်ကိုတက်ကာ ဒေါသကြီးနေလိုက်သည်မှာ လူတစ်ယောက်၏အသက်ကို မညှာမတာပင် ခြွေပစ်တော့မည့်ဟန် မင်းဒင်မှာ ရုတ်တရက် ဘာလုပ်လို့ဘာကိုင်ရမှန်းပင် မသိနိုင်လောက်အောင် ကြံရာမရဖြစ်သွားခဲ့ရသည်။

"ဒီကောင်ကြီးနဲ့ ငါနပမ်းသက်ရတော့မလားပဲ. . "

ခွေးနက်ကြီးကို သူအလစ်မပေးရဲတော့ လက်နှိပ်ဓါတ်မီးနှင့်မျက်နှာကို ထိုးကာတိုက်ခိုက်ရန် အသင့်ပြင်ထားလိုက်သည်လွယ်တော့မလွယ်။

သို့သော်. . .

မလှုပ်

မယှက်နှင့် ဒီအတိုင်းပဲရပ်နေသည်။ ပါးစပ်ကြီးကိုတော့ ဖြဲဟထားဆဲ စောစောကကျားကြီးလိုပင်. . .

မီးရောင်ကိုခွေးနက်ကြီး၏ ကိုယ်ပေါ်မှမခွာပဲ မရဲတရဲနှင့် လျှောက်သွားသည်။ အနားကို တဖြည်းဖြည်းနှင့် ရောက်သွားသည့်တိုင် ခွေးနက်ကြီးကသည်အတိုင်း မလှုပ်မယှက် သူ့သံသယ တွေဝင်သွားခဲ့သည်။ မည်သည့်အကြောင်းကြောင့် ငြိမ်သက် သွားသည်မသိ အကြောတွေများဆိုင်းသွားသလား. . . ခွေးနက်ကြီး၏အနားကို ရောက်သွားခဲ့သည်အထိ သည်အတိုင်းပင် မရဲတရဲနှင့် ခွေးနက်ကြီး၏ ခေါင်းကိုကိုင်ကြည့်မိလိုက်သည်။ အထိခံသည်။ အကိုင်ခံသည်။



www.burmeseclassic.com

www.burmeseclassic.com



ဘယ်လိုမှ စဉ်းစားလို့မရနိုင်အောင်ပင် ဖြစ်သွားခဲ့ရလေသည်။

"ဒီ. . ဒီခွေးကြီးလည်း အစာသွပ်ထားတဲ့ အရုပ်ဟုတ်မှဟုတ်ပါ့မလား မသိဘူး

သူ့အတွေးမဆုံးလိုက်ပါ။

"အင်း. . ဟင်း. . ဟင်း. . "

ညည်းညူသံက ထွက်ပေါ်လာခဲ့ပြန်သည်။ ဒီတစ်ခါ ပိုပြီးတော့ ကျယ်လောင်လာသည်။ အဆက်မပြတ်ပင် ထွက်ပေါ် လာခဲ့လေသည်။ အသံထွက်ပေါ်လာရာဆီသို့ မီးဖြင့်ဖမ်းထိုး လိုက်သည်။

"အင်း. . ဟင်း. . ဟင်း. . "

မည်သူ့ကိုမှ မတွေ့ရ။ နောက်ကြောင်းကို ပြန်ပြီးတော့ လှည့်လျှင်ကောင်းမလားဟု တွေးမိလိုက်သေးသည်။ သို့သော် သူ့ရဲဘောကြောင်ရာ ရောက်မည်စိုး၍ ရဲစိတ်ကိုပြန်ပြီးတော့ သွင်းမိလိုက်သည်။ အသံထွက်ပေါ်လာသည်ဟု ယူဆရသော နေရာဆီသို့ မီးအဆက်မပြတ်ထိုးကာ တန်းပြီးတော့လိုက်သွားသည်။

"ဖတ်. . ဖတ်. . ဖတ်. . ဖတ်"

ရုတ်တရက်ကျောဖက်မှ ထွက်ပေါ်လာသော အသံကြောင့် နောက်ကိုချက်ချင်း လှည့်ပြီးမီးထိုးလိုက်လေ၏။

ဖြူဖြူသဏ္ဍာန် အချို့ကိုဖျတ်ကနဲဆို မြင်တွေ့လိုက်ရသည်။ မီးရောင်အောက်မှာ ရှုတ်ချည်းပင်ပျောက်ကွယ်သွား





သည်။ စိတ်ဂယောက်ဂယက်ဖြစ်လာပြီ အမြင်အာရုံတွေ တိမ်းစောင်းသွားခဲ့ပြီ။ ခွေးတွေကလည်း တစ်ကိုယ်လုံး စိမ်းပြီးတော့ ထွက်လာခဲ့ကြပြီဖြစ်သည်။

မင်းဒင်မီးနှင့်ထိုးကာ တောက်လျှောက်ပင် လိုက်သွားသည်။ သူ့ရှေ့တည့်တည့်မှာ အခန်းတစ်ခုက ဘွားကနဲပင် ပေါ်လာခဲ့လေတော့သည်။ သော့ခတ်ထားခြင်းမရှိ၊ ခပ်ဟဟ လေးဖြစ်နေသည်။ သူစိတ်ဝင်စားသွားခဲ့လေသည်။

"ဒီအခန်းတစ်ခန်းပဲ ပွင့်နေတာတွေ့ရတယ် အထဲမှာ ဘာရှိနိုင်မလဲ"

လူငယ်ပီပီ ပိုပြီးတော့ စူးစမ်းလိုစိတ်က ဖြစ်ပေါ်လာမိသည်။ ထို့ကြောင့် အခန်းနားကို တဖြည်းဖြည်းနှင့်တိုးကပ်သွားမိသည်။ တံခါးကို လက်နှင့်တွန်းဖွင့်မိလိုက်သည်။

"ကျွီ. . အီ. . အီ"

တံခါးက အသံမြည်ပြီးတော့ ပွင့်သွားသည်။ အံ့အားသင့်သွားမိသည်။ အခန်းထဲမှာ မီးအလင်းရောင်က ရှိနေသည်။ လက်နှိပ်ဓါတ်မီးကိုပင် မသုံးပဲ တဖြည်းဖြည်းနှင့် ဝင်လာခဲ့သည်။

သူတွေ့လိုက်ရသည်က စားပွဲတစ်လုံး ရှေးဟောင်းစားပွဲကြီးတစ်လုံးပင် ခြေထောက်တွေက မြွေတစ်ကောင်စီ ဖောက်ထိုးနေကြပြီး ပါးပျဉ်းတွေထောင်နေကြသည့်ဟန် စားပွဲဘောင်တွေကိုတော့ ကနုတ်ပန်းခက်တွေနှင့်အလှဆင်ထားသည်။ ကြာမြင့်ပြီဖြစ်၍ အရောင်ကလက်ပခြင်းမရှိတော့ စားပွဲထက်မှာ ဝါဆိုဖယောင်းတိုင်ကြီးတစ်တိုင်ကို ထွန်းထားသည်။

အခန်းက ကျယ်ဝန်းသည်။ ခပ်လှမ်းလှမ်းမှာ ရင်စို့ခုံ



www.burmeseclassic.com

www.burmeseclassic.com



ရှိစင်မြင့်တစ်ခုကို တွေ့လိုက်ရသည်။ စင်က ငါးပေပတ်လည်ခန့် ကျယ်ဝန်းသည်။ စင်ထက်မှာ ရှည်မျောမျော အရာတစ်ခု ခေါင်းတလားကြီးတစ်ခုပင် ကျွန်းအခေါင်းကြီးတစ်လုံး မှုလက အရောင်တင်ထား၍ တောက်ပနေမည်ဖြစ်သော်လည်း ယခု တော့ မှေးမှိန်လျက်ရှိနေလေပြီ၊ အဖုံးကိုပိတ်ထားခြင်းမရှိ။ ခေါင်းကြီးကို စိတ်ဝင်စားသွားမိသည်။

ထို့ကြောင့် အနားကို တဖြည်းဖြည်းနှင့်တိုးသွားခဲ့သည်။ ပွင့်နေသော ခေါင်းတလားထဲသို့ မရဲတရဲနှင့် လက်နှိပ်ဓါတ်မီးကို အောက်စိုက်၍ ထိုးကြည့်လိုက်လေရာ. . .

"ဟင်"

အထဲမှာငြိမ်သက်နေသော အလောင်းတစ်လောင်း အံ့အားတသင့်ဖြင့် ကြည့်နေဆဲမှာ ခေါင်းတလားကြီးထဲမှ လူကြီး သည်ရုတ်တရက် ဆက်ကနဲဆိုထလာပြီး မင်းဒင်၏လက်ကို ဖမ်းဆွဲထားလိုက်ပါတော့သည်။

"အား. . အောင်မလေးဗျ"

မင်းဒင်၏ကြောက်လန့်တကြားဖြင့် အော်လိုက်သံက အခန်းထဲမှာ ကျယ်လောင်သွားပါလေတော့သည်။

❑ ❑ ❑



(၂)

## ထူးခြားသော အိမ်ကြီး

ဆီးနှင်းများက ဝေနေလျက် ပတ်ဝန်းကျင်တစ်ခုလုံး သည်ဖိုးတဝါးမြင်ကွင်းဆံနေသည်။ တောတောင်၊ သစ်ပင်ကြီးငယ်အားလုံးကို မြူတွေက ထုလိုက်၊ ထည်လိုက်၊ ပွေ့ရစ်ထားကြသည်။ လွန်ကဲသော အအေးဓါတ်က ဤဒေသကို တစ်နှစ်ပတ်လုံး လွှမ်းခြုံထားပုံရသည်။

တောင်ကုန်း၊ လျှိုမြောင်တွေ ပေါများသောနေရာ ဂမူ ဂထစ်တွေရှိတတ်သောနေရာ၊ နေရာတိုင်းတွင် သစ်ပင်ကြီးတွေက ပေါများပြီး ခြုံနွယ်ပိတ်ပေါင်းတွေကလည်း ရှိတတ်သည်။

အမွေးထူထူယုန်များသည် အကြောက်အလန့်ကင်းမဲ့စွာဖြင့် ပြေးလွှားနေကြသည်။ အချို့နေရာများတွင် စေတီငုတ်တို များက ကျိုးတိုးကြဲတဲ တစ်ချိန်က ဤနေရာသည် တော်တော်ပင် စည်စည်ကားကားဖြစ်ခဲ့လိမ့်မည်ဟု



www.burmeseclassic.com

www.burmeseclassic.com



ထင်ကြေးပေးနိုင်လေသည်။

မင်းဒင်သည် ကုန်းမြင့်လေးတစ်ခုပေါ်သို့ တက်ပြီး အောက်ကိုလှမ်း၍ ကြည့်မိလိုက်သည်။ အနိမ့်ပိုင်းတစ်နေရာမှာ ခြုံကြီးတစ်ခြုံကို တွေ့လိုက်ရသည်။ ခြုံကြီးသည် လွန်စွာမှ ကျယ်ဝန်းလှပြီး သစ်ပင်ကြီးငယ်တို့ဖြင့် အုပ်ဆိုင်းလျက်ရှိသည်။ နှင်းမြူတွေက အောက်ခြေမှာပိုပြီးတော့ သိပ်သည်းလျက်ရှိသည်။ လေအဝှေ့တွင် မြူတစ်ချက်လွင့်ပြယ်အသွားမှာ အဆောက်အဦးကြီးတစ်လုံးကို တစ်ဝက်တစ်ပြက်ပင် မြင်တွေ့လိုက်ရသည်။ စဉ့်အုတ်ကျောက်များဖြင့် တည်ဆောက်ထားပုံရသည်။ နှစ်ကာလကြာပြီဖြစ်သဖြင့် ညိုညစ်ညစ်အရောင်သန်းလျက်ရှိနေသည်။ ချက်ချင်းလိုလိုပင် မြူနှင်းများကပြန်ပြီးတော့ ပိတ်သွားခဲ့သည်။ တို ကာလေးမြင်လိုက်ရသည်ကပင် ကြီးမားသောအဆောက်အဦးကြီးတစ်ခု ဖြစ်နိုင်သည်ကို ခန့်မှန်းမိရလေသည်။

ထိုအဆောက်အဦးကြီးရှိရာကို သွားလိုစိတ်က ဖြစ်ပေါ်လာမိသည်။ အောက်ကိုဆင်းနိုင်မည့် လမ်းကိုရှာရသည်။ ဆင်ခြေလျှော လမ်းကလေးတစ်ခုကို အမှတ်မထင်တွေ့လိုက်ရသည်။

"အတော်ပဲ. . ဒီလမ်းကနေ ဆင်းသွားရင် ရောက်လိမ့်မယ်ထင်တယ်"

ကုန်းထိပ်ကနေပြီး အောက်သို့ဆင်းသွားမည်ပြုရာ မိမိ၏ပခုံးကို ကျောဘက်ကနေ တစ်ယောက်ယောက်က အမှတ်မထင် ဆုပ်ကိုင်ခြင်း ခံလိုက်ရလေသည်။ ရုတ်တရက်မို့





ဆက်ကန်ဖြစ်သွားခဲ့ရလေသည်။

"ဟား. . ဟား. . ဟား. . ဟား. . လန့်သွားသလားကွယ် ယောကျ်ားတစ်ယောက်ဖြစ်ပြီး ဒါလောက်တောင် လန့်ရလားကွ"

လူကြီးတစ်ယောက်၏အသံကြောင့် နောက်သို့လှည့်ကြည့်မိလိုက်လေသည်။ တွေ့လိုက်ရသည်က အသက် ၆၀နီးပါး အရွယ်သျှောင်တစ်မောင်းထုံးထားသည်။ ပုဝါကတော့ နဖူးမှာ စည်းမထားပေ။ တည်ကြည်ခန့်ငြားသော မျက်နှာထားရှိသူ၊ ကော်လံကတုံးရှပ်အင်္ကျီဖြူ လက်ရှည်နှင့်ယောလုံချည်ကို ဝတ်ဆင်ထားသည်။ ထူကဲသောနှုတ်ခမ်းမွေးက စိမ်းညို့နေသည်။ ရုပ်ရည်သည်ပိုပြီးတော့ ခန့်ညားနေသည်ဟု ထင်ရသည်။ အထူးသဖြင့် မျက်လုံးတွေက အားကောင်းသည်။ အကြည့်သန်သည်။ လူတစ်ယောက်၏ ကိုယ်တွင်းသို့ဖောက်ထွင်းပြီးတော့မြင်နိုင်သလိုပင် အသားကတော့ မဖြူမညို မျက်နှာပြင်ထက်မှာအရေးအကြောင်းများက ထင်မမပြုသေး၊ အသက်ကိုတော့ ခန့်မှန်း၍ရသည်။ အရွယ်တင်သည်ဟု ဆိုရပေမည်။

"ဦးရီးက ဒီကလားခင်ဗျာ"

"ဒီနယ်သားပေါ့ကွယ်. . ဒါနဲ့မင်းက ဒီတောင်ကုန်းအောက်ကိုဆင်းဖို့ စိတ်ကူးရှိတယ်၊ ဟိုးမှာမြင်နေရတဲ့ အိမ်ကြီးဆီကိုသွားဖို့ အစီအစဉ်ရှိနေတယ်ပေါ့ ဟုတ်စ. ."

မင်းဒင်တစ်ချက်တော့ တွေဝေသွားခဲ့ရလေသည်။

"ငါ့အကြံအစည်ကို သိနေပါလား"

"ဦးရီးက ဘယ်လိုများသိနေတာလဲခင်ဗျာ"



www.burmeseclassic.com

www.burmeseclassic.com



"မင်းခြေလှမ်းပြင်နေကတည်းက ငါရိပ်မိလို့မေးလိုက်တာပါ ငါထင်တဲ့အတိုင်းပဲ မဟုတ်လား"

"မလွဲပါဘူးချင်ဗျာ"

"မင်းက အဲဒီခြံကြီးထဲကို ဘာဖြစ်လို့သွားချင်ရတာလဲ"

"ဘာရယ်လို့မဟုတ်ပါဘူး ကျွန်တော်က ဒီတောအုပ်စိမ်းစိမ်းစိုစိုလေးတွေကို မြင်ရင်စိတ်ဝင်စားတတ်လို့ပါ. . ပြီးတော့ဟိုခြံကြီးထဲက အိမ်ကြီးကိုကော စိတ်ဝင်စားနေမိတယ်၊ ဘာကြောင့်လဲတော့ မဖြေတတ်ဘူး အိမ်ကြီးတည်ဆောက်ထားပုံက ရှေးဟောင်းဆံနေလို့များလား မသိဘူး"

လူကြီးသည် မင်းဒင်၏စကားကို အလေးအနက်ပင်နားထောင်နေသည်။ ထိုအချိန်တွင် မျက်လုံးတွေက မှေးသွားသယောင်ရှိသည်။

"လူတိုင်းကတော့ ဒီအိမ်ကြီးကို စိတ်ဝင်စားကြတာပဲဒါပေမယ့် ဘယ်သူကမှ မသွားရဲကြဘူး ခြံနားတောင်မကပ်ရဲကြဘူး မင်းလည်း မသွားရင်ကောင်းမယ်မောင်ရင်"

"ဘာအကြောင်းကြောင့်လဲ ခင်ဗျာ"

"မင်းက ညှေ့သည်ထင်တယ်၊ ဒါ့ကြောင့်မို့ ဒီခြံကြီးနဲ့ပတ်သက်ပြီး ဘာမှမသိသေးတာကိုး"

"ဘာကို ဆိုလိုတာလဲခင်ဗျာ၊ ဒီခြံဒီအိမ်ကြီးနဲ့ပတ်သက်ပြီး ထွက်နေတဲ့သတင်းမျိုးတွေရှိနေလို့လားခင်ဗျာ"

"အေးငါပြောတဲ့စကားထဲမှာ အဲဒီသဘောတွေပါနေတယ်လေကွာ. . . ဒါမျက်နှာဖြူတွေ နေသွားကြတဲ့ အိမ်ကြီးကွကြည့်လေ့ဥရောပ ဆန်ဆန်ဆောက်ထားကြတာ တစ်ယောက်





တစ်လက်နဲ့လက်ပြောင်းလက်လွှဲ လုပ်လာခဲ့ကြတာ"

"အခု ဘယ်သူတွေနေကြသလည်း ဦးရီး"

"နေရဲကြတဲ့သူလည်း မရှိကြတော့ဘူးနဲ့တူပါရဲ့ကွာ၊ ဘယ်သူတွေနေမှန်းတောင် မသိတော့ဘူး မင်းကိုအဲဒီနေရာဆီကိုမသွားဖို့ ငါတားမြစ်နေရတာက အကြောင်းရှိတယ်ကွ. ."

"ဟုတ်ကဲ့ အမိန့်ရှိပါခင်ဗျာ"

"ဒီအိမ်ကြီးထဲမှာ ဝိညာဉ်တွေ ကြီးစိုးနေကြတယ်"

"ဗျာ ဝိညာဉ်တွေ ကြီးစိုးနေကြတယ်၊ ဟုတ်လား ဘယ်ဘယ်လို အဓိပ္ပါယ်နဲ့ပြောလိုက်တာလည်း ခင်ဗျာ"

မင်းဒင်သည် ထိုလူကြီး၏စကားကြောင့် စိတ်လှုပ်ရှားသွားခဲ့ရလေသည်။ ဝိညာဉ်တွေ၊ ဝိညာဉ်တွေတဲ့ ဘာတွေလျှောက်ပြောနေတာလဲ၊ သူ့ကိုကြောက်တတ်သူဟု ထင်ပြီးတမင်ခြောက်နေသလား မသိ။

"ဒီအိမ်ကြီးထဲမှာ လူတွေတော်တော်များများ နေခဲ့ဖူးကြတယ်. . သေလည်းသေဖူးခဲ့ကြဖူးတယ်၊ ဘာကြောင့်ရယ်တော့မသိဘူး၊ တချို့ဟာ မကျွတ်မလွတ်ပဲ ရှိနေတတ်ကြတယ်၊ တစ်ခါတစ်ရံများဆိုရင် ညဘက်တွေမှာ အိမ်ကြီးထဲက လူသံတွေ၊ စကားပြောနေကြသံတွေကို ကြားနေရတယ်တဲ့၊

ခြံထဲမှာလည်း ဖြူဖြူသဏ္ဍာန်တွေဟာ

လျှောက်ပြီးတော့ သွားနေကြတယ်တဲ့. . အဲ့ဒါဝိညာဉ်တွေပဲ မကောင်းဆိုးဝါးတွေ ပဲဖြစ်မှာပေါ့. . မယုံကြတဲ့လူတွေတချို့က ခြံကြီးထဲကိုခိုးပြီး ဝင်ဖူးခဲ့ကြတယ်. . . ညဘက်တွေမှာပေါ့

အဲ့ဒီလူတွေဟာ ဘာတွေ တွေ့သွားခဲ့ကြသလည်း



www.burmeseclassic.com

www.burmeseclassic.com



မသိဘူး. . အထိတ်တလန့်နဲ့ ထွက်ပြေး လာခဲ့ကြတာ . . လန့်ဖျားဖျားပြီးတော့ သေကုန်ကြတာလည်း ရှိတယ်။ ရူးသွပ်သွားခဲ့ကြသူတွေလည်း ရှိကြတယ်၊ တချို့ဆိုရင်. . ”

လူကြီးက စကားကိုမဆက်ပဲ ရပ်ထားရာ. .

“တချို့က ဘာဖြစ်ကြလဲဦးရီး”

“ခြံကြီးထဲကို ဝင်သွားပြီးပြန်ထွက်မလာကြတော့ဘူးကွ ပျောက်ခြင်းမလှပျောက်သွားခဲ့ကြတယ်၊ သက်ဆိုင်ရာက ဒီကိစ္စကိုစုံစမ်းစစ်ဆေးကြပေမယ့်လည်း မထူးပါဘူးကွာ. . နောက်ဆုံးမှာတော့ အမှုကိုပိတ်ပစ်လိုက်ကြရတယ်လေ. . ”

“ဒါ. . ပဟေဠိတစ်ပုဒ်ပဲ”

“ဘာ. . ပဟေဠိ ဟုတ်လား ပဟေဠိမဟုတ်ဘူးကွယ့် ဘာမှန်းမသိတဲ့ အိမ်ကြီးထဲကို မစုံစမ်းမမေးမြန်းပဲ မိုက်ရူးရဲဆန်ဆန် ဝင်သွားခဲ့ကြသူတွေရဲ့ အပြစ်ပဲ. . ဖက်ဆစ်ဂျပန်တွေခေတ်က ကင်ပေတိုင်ရုံးချုပ်လုပ်ခဲ့တဲ့နေရာကိုလည်း သေသေချာချာသိထားကြတယ်၊ ဖက်ဆစ်တွေဟာ သူတို့မသင်္ကာတဲ့လူကို မတရားဖမ်းဆီးကြ လူမဆန်တဲ့နည်းတွေနဲ့ ညှင်းပန်းစစ်ဆေးကြနဲ့၊ ဒီလိုနဲ့ သေဆုံးကုန်ကြတာပဲလေ. . ဒီလူတွေလည်း မကျွတ်မလွတ်ဘဝနဲ့ရှိနေကြမှာပေါ့. . လူတကာကိုခြောက်လှန့်နေကြမှာပေါ့. . .

“တော်တော်ဆိုးတဲ့ အခြေအနေပါလား ဒီအိမ်ကြီးကို အရင်က ဘယ်သူပိုင်ဆိုင်ခဲ့တာလဲဦးရီး”

“တရုတ်သူဌေးကြီးတစ်ယောက်လို့ပြောတာပဲ ဒါကလည်းဒုတိယကမ္ဘာစစ်မဖြစ်မီကတည်းကပါကွာ သေချာမသေချာတော့ မသိဘူး နောက်တော့ နယ်ချဲ့အင်္ဂလိပ်တွေက





သိမ်းလိုက်တယ်လို့ ပြောတာပဲ အဲ့ဒီနောက်ပိုင်းမှာတော့ ဖက်ဆစ်တွေ လက်ထဲကိုရောက်လိုက်. . ပိုင်ရှင်နဲ့အဆက်အနွယ်တွေက တစ်ဆင့်ပြန်ပြီတော့ ရောင်းလိုက်နဲ့ တစ်လက်ပြီး တစ်လက်ပြောင်းခဲ့တာပေါ့. . အခုတော့ ဘယ်သူပိုင်ဆိုင်မှန်းလည်း မသိတော့ဘူးလေ. . . ဒီခြံကြီးနဲ့ အိမ်ကြီးကိုကြောက်နေကြလို့ စပ်စုဖို့ဆိုတာဝေးရော ခြံနားကိုတောင် မကပ်ရဲတော့ဘူး ဒါပါပဲကွာ မင်းကိုငါက တူလို၊ သားလိုသဘောထားပြီး စေတနာနဲ့ သတိပေးရတာပါ၊ ကျန်တာကတော့ မင်းရဲ့သဘောပဲ ကဲကဲ ငါလည်းသွားစရာရှိသေးတယ်. . ”

ထိုလူကြီးအေးအေးဆေးဆေး ခြေလှမ်းများဖြင့် ထွက်သွားခဲ့လေသည်။ မင်းဒင်သည် ဥပတိရုပ်ကောင်းကောင်းနှင့် လူကြီး၏နောက်ကျောကို ကြည့်ကာကျန်ရစ်ခဲ့လေသည်။

“ဘယ်လိုလူကြီးပါလိမ့် ငါ့ကိုတကယ်သတိပေးသွားတာလား. . ခြိမ်းခြောက်သွားတာလား မသိဘူး. . ဒါပေမယ့် သူ့မျက်နှာကတော့ တည်တည်ကြည်ကြည်ပါပဲလေ. . ဟင် သူက ဘယ်သူလဲ နာမည်ကိုလည်း မမေးမိလိုက်ဘူး”

မင်းဒင်သည် တောင်ကုန်းလေး၏အောက်ဆီသို့ အကြည့်က ရောက်သွားခဲ့ပြန်သည်။ မိုးချုပ်ကာနီးပြီဖြစ်သည်။ မြူတွေက အောက်ဖက်မှာပိုပြီးတော့ ကျလာခဲ့ကြလေသည်။ မှောင်လာပြီမို့ အတော်ခပ်ဝေးဝေးမှာရှိနေသည့် ခြံကျယ်ကြီးနဲ့ အိမ်ကြီးကိုကောင်းစွာ မမြင်နိုင်တော့. . . ။

ထိုအနားတစ်ဝိုက် မှောင်ရီသန်းစမှာ လွင့်ပါးနေကြသော မြူများသည် တချို့ အတန်းလိုက်၊ ဒေါင်လိုက်၊ အလ[illegible]



www.burmeseclassic.com

www.burmeseclassic.com



လိုက်၊ သဏ္ဍာန်အမျိုးမျိုးဖြစ်နေလျက်ရှိကြသည်။ လူတွေတိုးဝေ့ ပြီးတော့ သွားနေကြသလိုပင် စောစောကလူကြီးပြောသွား ခဲ့သလို အမိပ္ပါယ်ဖော်မရသော ကိစ္စတွေနှင့် ရှုပ်ထွေးနေသော နေရာများလားဟု အတွေးချော်လာမိလေသည်။

ထိုမြူလိုလို မသဲကွဲသော သဏ္ဍာန်များသည် ဝိညာဉ်တွေလား ပရလောကသားတွေပဲလား. . ဤလိုမဖွယ်မရာ အတွေးမျိုးတွေ မိမိခေါင်းထဲဝင်ရောက်လာအောင် ဟိုလူကြီးက ရိုက်သွင်းသွားခဲ့သည်ဟု ထင်မိလိုက်လေသည်။ မင်းဒင်သည် တောင်ကုန်းအောက်က သိမ်ကြီးကို တစ်ချက်ကြည့်ပြီး ထိုနေရာက ထွက်လာခဲ့လေ၏။

သို့သော်. . .

ယင်းအိမ်ကြီးက မင်းဒင်ကို ညို့ယူဖမ်းစားခဲ့လေပြီတည်း။

❑ ❑ ❑

"ဒါဆိုရင် မင်းအဲ့ဒီအိမ်ကြီးဘက်ကို ရောက်ခဲ့တာပေါ့။ ဟုတ်လား. . မင်းဒင်"

"ဟုတ်တယ် ကိုထူး၊ ငါအဲဒီဘက်ကို လမ်းလျှောက်ထွက်သွားရင်း အမှတ်မထင် တွေ့မိခဲ့တာပါကွာ ငါလည်း စိတ်ဝင်စားသွားတာနဲ့ လျှောက်သွားကြည့်ရင် ကောင်းမလားလို့ စိတ်ကူးမိလိုက်သေးတယ်"





မင်းဒင်ကပြောပြလိုက်သော်လည်း ကိုထူးက ထူးခြားချက် မရှိပေမယ့်မျက်နှာအမူအရာက အေးအေးဆေးဆေးပင်။

"ငါ အဲဒီဘက်ကို သွားတာ၊ မင်းကလက်ခံသလား ကိုထူး"

"ငါကဘာဖြစ်လို့ လက်မခံရမှာလည်းကွ"

"မဟုတ်သေးဘူးကိုထူး. . အဲဒီအိမ်ကြီးက လူပြောသူပြောများနေကြတာ၊ လူတွေကခြံအနားကို တောင်မကပ်ရဲကြဘူးဆို. . ."

"အေးလေ သတင်းတွေကတော့ အမျိုးမျိုး ထွက်နေကြတာပဲ ဒါတွေက ငါမမွေးခင်ကတည်းကပါကွာ မင်းဘာတွေကို ဘယ်ကကြားလာခဲ့တာလဲ မင်းဒင်"

"ငါ့ကိုလူကြီးတစ်ယောက်က ပြောပြလိုက်တာကွ"

"ဘယ်သူများပါလိမ့် အဲဒီလူကြီးရဲ့ နာမည်နဲ့ ပုံပန်းသဏ္ဍာန်ကို ပြောပြစမ်းပါဦး . . . ပြီးတော့ သူကမင်းကိုဘာတွေများ ပြောလိုက်လို့လဲ. . ."

"ဒီလိုဗျာ"

မင်းဒင်က ကိုထူးကို ထိုလူကြီး၏ ပုံပန်းသဏ္ဍာန်နှင့် သူပြောပြခဲ့သည်များကို ပြန်ပြီးတော့ ပြောပြလိုက်လေ၏။

"မင်းပြောတဲ့ လူကြီးရဲ့ပုံပန်းသဏ္ဍာန်မျိုးကို ငါတစ်ခါမှမမြင်ဖူးဘူးကွ ငါလည်းဒီမြို့သားပဲ မင်းဒင် လူစုံအောင်သိပါတယ် တော်တော်ကို စဉ်းစားရခက်တာပဲ ပြီးတော့ ဒီနယ်သားလို့လည်းပြောသေးတယ် ဟုတ်လား"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ် လူရည်သန့်တစ်ယောက်ပဲကွ"

"သျှောင်တစ်မောင်းနဲ့ လူဆိုတော့ ပိုပြီးတော့ စဉ်းစား ရခက်သွားတယ် ငါတစ်ကြိမ်တစ်ခါမှ မဖြစ်ဖူးဘူး ဒါတော့သေချာ တယ် သူပြောခဲ့တာတွေက စုံနေတာ့ပဲ မင်းက ဒီအိမ်ကြီးနဲ့ ပတ်သက်ပြီး တစ်ချိန်တည်းမှာ အကုန်သိသွားတယ် ငါတောင် မင်းလောက်မသိခဲ့ဘူး"

"ဒါဆိုဒီလူကြီးက ဘယ်ကရောက်လာခဲ့တာလဲ ကိုထူး"

"အေး မသိဘူးလေကွာ မင်းကိုဧည့်သည်လားလို့ မေးတယ်၊ ဒီကောင်ဘာမှနားလည်မှာမဟုတ်ဘူးဆိုပြီး ယုတ္တိ ရှိရှိနဲ့ ဖြီးဖျန်းသွားလားမှမသိတာ"

"ဒီလိုလည်းဟုတ်မယ်မထင်ဘူးကွ. . သူ့ကိုကြည့်ရတာ လေးနက်တဲ့အမူအရာပဲ မြို့ခံလူတွေက ဒီအိမ်ကြီးနဲ့ ပတ်သက် ပြီးမပြောကြတာမေ့ထားလို့နေမှာပေါ့ကွာ အဲဒီဘက်ကိုအလည်း အသွားအလာသိပ်မရှိကြလေတော့ ထူးခြားမှုတွေလည်း မသိကြရတော့ဘူးပေါ့"

"ထူးခြားမှုတွေဟုတ်လား အေးမင်းပြောမှငါလည်း တိရမိတယ်. . . မင်းဒင်တချို့အကြောင်းတစ်ခုခုကြောင့် ညဘက်မှာအဲဒီခြံကြီးနားက ဖြစ်သွားကြတဲ့လူတွေဆီက ကြားရတဲ့ သတင်းအချို့က သိပ်ပြီးဘဝင်မကျလှချင်ဘူး"

"ဘာသတင်းတွေမို့လည်းကွ"

"မင်းကြားခဲ့ရသလိုပေါ့ကွာ. . အိမ်ကြီးထဲမှာ မီးရောင် တွေ့လို့ဖြစ်လိုက်ရတာမျိုး လူသံတွေ စကားပြောသံတွေ ကြားကြရတာမျိုး တချို့က ခြံထဲမှာ ဖြူဖြူသဏ္ဍာန်တွေ့ကိုတွေ့





ကြသတဲ့ ယုတ္တိမရှိဆုံးကတော့ကွာ"

မင်းဒင်သည် ကိုထူးထံမှ ထွက်လာမည့်စကားကို ပိုပြီး တော့စိတ်ဝင်စားသွားခဲ့လေရာ. .

"ယုတ္တိမရှိဘူးဆိုတာက"

"အေးခြံထဲမှာ ခွေးနက်ကြီးတစ်ကောင်နဲ့ ကျား တစ်ကောင်ကိုလည်း တွေ့ခဲ့ကြသတဲ့. . ငါလည်းအဲ့ဒီကတည်းက ဘယ်သူတွေ ဘာပဲပြောပြော မယုံတော့ဘူး စကားများကြားမိရင် ကြောက်စရာပဲကွ. . လူတွေဟာ ကြမ်းပိုးကိုတောင် လိပ်ဖြစ် အောင်ပြောတတ်ကြတာ"

"အေးကွာ. . မင်းဆီက ဒီလိုအကြောင်းအရာမျိုးတွေကို တပ်ပြီးကြားရတာ ငါလည်းယုတ္တိမတန်တဲ့ စကားတွေပဲလို့ ထင်လာမိတယ်ကွာ"

"မင်းက ငါ့ဆီကိုခုမှပဲလာလည်ဖူးတာဆိုတော့ မင်းရဲ့ ဝါသနာကို ငါကဖြည့်ဆည်းပေးရမှာပေါ့ကွာ. . မင်းဓါတ်ပုံ ကောင်းကောင်းရိုက်နိုင်တယ်. . ရှုခင်းကောင်းကောင်းတွေ ရှိတယ်ကွ. ."

"ငါရောက်လာတာ မင်းအတွက်အနှောင့်အယှက်များ ဖြစ်နေမလားကွာ"

"ဟာ မဖြစ်ပါဘူးကွာ ငါလည်းခုရက်ပိုင်းမှာ အားနေတာ ပဲကွ၊ မင်းရောက်လာတာငါတောင်ပိုပြီး ပျော်ရသေးတယ်၊ ငါ့ရဲ့ တည်းခိုခန်းလုပ်ငန်းကလည်း ယုံကြည်ရတဲ့ သူကိုလွှဲထားပြီးသား မင်းကြိုက်သလောက်နေလို့ရတယ်"

ကိုထူးသည် မိဘမဲ့တစ်ကောင်ကြွက်သမား တစ်ဦး



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်၏။ မြို့တွင် ဟည်းခိုခန်းနှင့် စားသောက်ဆိုင်တွဲကာဖွင့်ထား၏။ တစ်ယောက်တည်းသမား အိမ်ထောင်မပြုသေး၊ စီးပွားကိုပဲ ဖိပြီးတော့ပြုလုပ်နေသူဖြစ်၏။ မင်းဒင်နှင့်ကတော့ ရန်ကုန်မှာကျောင်းအတူတူနေခဲ့ဖူးခဲ့ကြသည်။ ဘွဲ့ကိုယ်စီရပြီးကာမှ ကိုထူးက နေရပ်ကိုပြန်ခဲ့သည်။ ကိုတူးမြို့တွင် ကျောင်းနေခဲ့စဉ်က မင်းဒင်သည် ငွေကြေးကိစ္စကမှအစ အားလုံးအကူအညီပေးခဲ့နေပါသည်။

❑ ❑ ❑



(၃)

## ညို့ချက်ပြင်းပိတ်ခေါ် လားမပြုသော အန္တရာယ်

ဆိုင်ကယ်တစ်စီးသည် ကတ္တရာလမ်းမကြီးပေါ်မှာ တရိပ်ရိပ်ဖြင့် ပြေးနေလျက် ဆိုက်ကယ်ပေါ်မှာ မင်းဒင်နှင့် ကိုထူး တို့နှစ်ယောက်. . .

"ငါတို့မြို့ထောင့်စေတီဘက်ကို အရင်ဆုံးသွားကြမယ်ကွာ ဘုရားလည်းဖူးရင်း အဲ့ဒီမှာရှုခင်းရှုကွက်တွေကလည်း သိပ်ကောင်းတယ်ကွ ဓါတ်ပုံသမားတွေအတွက် အကောင်းဆုံးပေါ့. ."

"အေးငါလည်း ဒီလိုနေရာမျိုးကို သွားချင်တာကွ. ."

အတော်ခပ်ဝေးဝေးမှာ အလှယ်ရိုးမ (ပဲခူးရိုးမ)ကြီးက မညီညာသောအနိမ့်အမြင့်ဖြင့် ဆီးပြီးတော့ကြိုဆိုလျက်ရှိနေလေသည်။ စိမ်းလန်းသောတောတန်း ညို့ညို့လေးက မျက်စိအေးဖွယ်ရာပင် ညာဘက်ကို ချိုးကွေ့ပြီးသောအခါ ကတ္တရာ



www.burmeseclassic.com

www.burmeseclassic.com



လမ်း၏ ညာဘက်ကို ချိုးကွေ့ပြီးတော့ ဆင်းသွားခဲ့သည်။ တောလမ်းလေးအတိုင်း ဝင်သွားခဲ့ရသည်။

မကြာမီ . . .

ကျေးငှက်သံများကို ကြားလာခဲ့ရလေသည်။ ကုန်းမြင့်တစ်ခုထက်မှာ စေတီတစ်ဆူကို ကြည်ညိုသပ္ပါယ်စွာပင် လှမ်းပြီးတော့ဖူးမြင်လိုက်ရသည်။ ဆိုင်ကယ်ကိုတောင်ကုန်းအောက်မှာ ရပ်လိုက်လေသည်။ ကုန်းစောင်းလမ်းလေးအတိုင်း တက်လာခဲ့ကြသည်။ စောင်းတန်းသည် နှစ်ပေါင်းများစွာကြာမြင်းခဲ့လေပြီမို့ ဟောင်းနွမ်းလျက်ရှိနေလေပြီ၊ အချို့နေရာများတွင် အနည်းငယ်ပျက်စီးလျက်ရှိနေကြသည်။ သို့သော်ရှေးက အခိုင်အမာတည်ဆောက်လာခဲ့သည်ဖြစ်၍ မဆိုစလောက်ပျက်စီးမှုများပင် အရောင်အဆင်းက မှေးမှိန်ခဲ့ပြီဖြစ်သော်လည်း အခုအချိန်မှာ မြုပြင်နိုင်ခဲ့လျှင် သည့်ထက်ပိုပြီး ပျက်စီးနိုင်တော့မှာမဟုတ်။

အုတ်လှေကားထစ်များသည် ဂဝံအုတ်ကျောက်များသာ ဖြစ်ကြသည်။ လေးတောင့်အတုံးကြီးများကို ပြုလုပ်ထားသည်။ ထုထည်သည်၊ ရှေးခေတ်လက်ရာများပင်ဖြစ်၏။ နှစ်ကိုတော့ မခန့်မှန်းနိုင်ပေ။ လှေကားတစ်ပေါင်းတစ်ရာနီးပါး တက်လာခဲ့ရသည်။ လမ်းမှာနားနားပြီးတော့ တက်လာခဲ့ရသည့်တိုင် အပေါ် ကိုရောက်တော့ မြေပစ်လက်ပစ်ဖြစ်သွားခဲ့ရလေသည်။

ခြသေ့်ကြီးနှစ်ကောင်က သူတို့ကိုဆီးပြီးတော့ ကြိုဆိုနေကြလျက်၊ ဧရာမခြသေ့်ကြီးများပင် ဖြစ်ကြသည်။ ကျောက်ချောများဖြင့် တည်ဆောက်ထားကြပြီး ကြားမှာဆက်စပ်ရာလုံးဝမရှိသောကြောင့် အံ့အားသင့်မိရသည်။





"တော်တော့်ကိုလက်ရာမြောက်တာပဲကွ . . ဒါရှေးဟောင်းလက်ရာစစ်စစ်ပဲ . . ဒီလိုယဉ်ကျေးမှုလက်ရာမျိုးရှိနေတာ မင်းတို့မြို့အတွက် ဂုဏ်ယူစရာပဲ"

မင်းဒင်သည် ခြသေ့်ကြီးနှစ်ကောင်ကို အဝေးကနေ ဓါတ်ပုံရိုက်သည်။ နှစ်ပုံရိုက်လိုက်သည်။ ထို့နောက်နေရာမှ လျှောက်သွားပြီး အနီးကပ်တောင့် အမျိုးမျိုးမှရိုက်ယူသည်။ ခပ်လှမ်းလှမ်းမှာ ဘုရားတော် ၁၂တောင်ခန့်မြင့်မည်ဟု ထင်ရသော စေတီတော်တစ်ဆူကို ဖူးမြင်လိုက်ရလေသည်။ ထုံးသင်္ကန်းအသစ်ကို ကပ်ထားသည်။

"စေတီတော်ကို ထုံးသင်္ကန်းကပ်လှူထားပါလား အသစ် စက်စက်ကပ်လှူထားတာ မကြာသေးဘူးကွ . ."

"ဟုတ်တယ် . . မင်းပြောမှပဲ ငါအမှတ်ရတော့တယ်၊ ဒီလိုပဲကွ . . နှစ်တိုင်းမှာ တစ်ယောက်ယောက်က ထုံးသင်္ကန်းလာလာကပ်လှူသွားတယ်၊ မြို့ထဲကလည်း မဟုတ်ဘူး . . ဘယ်သူမှန်းလည်းမသိဘူး စောင့်ကြည့်နေပေမယ့်လည်း မတွေ့ကြရဘူး"

"မင်းတို့မြို့ထဲက လူကချို့ပဲနေမှာပေါ့ကွာ . . တစ်ခြားဘယ်သူဖြစ်နိုင်မှာတဲ့လဲ မင်းတို့ကကော တစ်ချိန်လုံး စောင့်ကြည့်နေနိုင်ကြလို့လား ဒီလူတွေရောက်လာပြီး ထုံးသင်္ကန်းကပ်လှူသွားခဲ့ကြတာကို မသိလိုက်ကြတာ မဆန်းပါဘူး . ."

"မပြောတတ်ပါဘူး မင်းဒင်ရာ၊ အဲ့ဒါကိုလူတွေက အံ့အားသင့်နေကြပြီး အထူးအဆန်းကြီးလုပ်ပြီးတော့ ပြောနေကြတာကွ . ."



www.burmeseclassic.com

www.burmeseclassic.com



စေတီတော်ကို အရင်ဖူးလိုက်ကြသည်။ ထို့နောက်ဓါတ်ပုံလည်းရိုက်ယူသည်။ တစ်နေရာတွင် လောကနတ်ရုပ်ထု၊ ဝသုန္ဒြေ နတ်မင်း၊ ပုဂ္ဂိုလ်တော်ကြီးများ၊ ဘိုးတော်ရုပ်ထုများကမှအစ ဘီလူးရုပ်များ၊ နဂါးရုပ်များစသည်တို့ကိုပါ မြင်တွေ့လိုက်ကြရသည်။

"ဒီရုပ်ထုတွေက မပျက်စီးကြသေးဘူး. . ရာသီဥတုဒဏ်ကိုအပြုံးမပျက် ခံနိုင်ရည်ရှိကြတယ်၊ တော်သေးတာပေါ့ကွာ"

မင်းဒင်က ကျေနပ်အားရစွာဖြင့် ဓါတ်ပုံများကိုရိုက်ယူလျက်ရှိနေသည်။ ဘုရားလည်းဖူးရသည် ရှေးလက်ရာများပေမို့လည်း ဓါတ်ပုံဖြင့်မှတ်တမ်းတင်ရသည်မှာ လွန်စွာမှပင် တန်ဖိုးရှိလေသည်။ လှောင်းတော်မူကိုယ်တော်မြတ်ကြီး တစ်ဆူကိုလည်း ဓါတ်ပုံရိုက်ယူခဲ့သည်။

တောင်ကုန်းထက်မှာ သစ်ပင်ကြီးများကလည်းပေါများလှသည်။ တောကြီးတစ်တောပမာ ရှိနေသည်။

"ဗွီး"

"ဟာ"

ရိပ်ကနဲဆို ပြေးကာဝင်လာသော သဏ္ဍာန်တစ်ခုကြောင့် မင်းဒင်လျှင်မြန်စွာပင် ရှောင်တိမ်းလိုက်ရလေသည်။ ကိုထူးလည်းမြေပြင်ပေါ်ကိုပင် လှဲလိုက်ရလေသည်။ မြွေဖြူကြီးတစ်ကောင်သည် အမြီးပိုင်းကို သစ်ကိုင်းတုတ်တုတ်ကြီးတစ်ခုတွင် ရစ်ပတ်ကာ တစ်ကိုယ်လုံးလွှဲရမ်းပြီး သူတို့ကိုတိုက်ခိုက်လိုက်ခြင်းပင်ဖြစ်သည်။

"ဖြီး"





လေထဲမှာ ကိုယ်ကိုလွှဲနေစဉ်မှာ ပါးပျဉ်းကြီးကိုထောင်နေလျက်ရှိသည်။ နှာလည်းတဖူးဖူးနှင့် မှုတ်ကာရန်လိုနေလျက်ရှိနေသည်။ ကိုယ်လုံးကြီးကို ပုခက်လွှဲနေသလိုပင် သွားလိုက်၊လာလိုက်ဖြင့် လှုတ်ရမ်းနေဆဲ. .

"ဒီသတ္တဝါကောင် သစ်ကိုင်းကလွတ်ထွက်လာပြီး ငါတို့ကိုယ်မှာလာပတ်တော့မယ်. . သတိထားမင်းဒင်"

ကိုထူးက သတိပေးလိုက်လေ၏။

မင်းဒင်သည်ရောက်လာသည့် အခွင့်အရေးကိုလက်လွှတ်မခံပဲ မြွေဖြူကြီးကို ဓါတ်ပုံတဖျပ်ဖျပ်နှင့် ရိုက်နေလျက်ရှိသည်။

"ရှူး. . ရှူး. . ဖြီး. ."

ဓါတ်ပုံရိုက်နေလို့လားမသိ၊ မြွေဖြူကြီးမှာ ဒေါသပိုပြီးတော့ ကြီးလာခဲ့သည်။ နှာလည်းတဖူးဖူးနှင့်မှုတ်သည်။ ပါးစပ်ကြီးကိုဖြဲကာ တဖြီးဖြီးနှင့်လည်း ရှိနေသည်။

"မင်းကိုငါတို့ အနှောင့်အယှက်မပေးပါဘူးကွာ ငါတို့ကိုရန်မရှာပါနဲ့၊ ကိုယ့်လမ်းကိုယ်သွားပါ. ."

ကိုထူးက မြွေဖြူကြီးကို ရန်မရှာပဲ တောင်းပန်လိုက်လေသည်။ ထိုအခါကျမှ မြွေဖြူကြီးသည် သစ်ပင်ကြီးပေါ်ကိုပြန်ပြီးတော့ တက်သွားခဲ့လေ၏။ မင်းဒင်ကတော့ မြွေဖြူကြီးကို အမိအရပင် ဓါတ်ပုံရိုက်နေမိသည်။

"ဟူး. . တော်ပါသေးရဲ့ကွာ. . ငါတို့နှစ်ယောက်စလုံးသွားပြီမှတ်နေတာ ဒီမြွေဖြူကြီးက ဘယ်လိုက ဘယ်လိုရောက်လာ ခဲ့တာလည်း မသိဘူး"



www.burmeseclassic.com

www.burmeseclassic.com



ကိုထူးသည်မျက်နှာပြင်ထက်မှာ သီးလျက်ရှိနေသော ချွေးများကို သုတ်ကာပြောလိုက်သည်။

"ဒီမြွေဖြူကြီးက ဒီမှာရှိနေတယ်ဆိုတာ . . မင်းမသိဘူးလားကိုထူး . ."

"မသိပါဘူးကွာ . . ငါလည်းဒီတစ်ခေါက်ပဲ ရောက်ဖူးသေးတယ် . . ဘုရားဖူးတွေလည်းလာကြတယ် . . ဘာသတင်းမှမကြားမိပါဘူး မင်းဒင်ရာ"

"အေးကွ . . မြွေဖြူဆိုတာက သူများတွေပြောလို့သာကြားဖူးထားတာ၊ တော်တော်ရှားပါးတယ်တဲ့ အခုငါတို့ပက်ပင်းတိုးတော့ ရန်ရှာတတ်ပါလားကွ . . ဖိုးထူး"

"သူ့နေရာကို ငါတို့က ကျူးကျော်ပြီးတော့ ရောက်လာခဲ့တော့ပိုင်နက်ကျူးလွန်မှုနဲ့ ရန်ရှာသလားမှမသိတာကွာ"

တောင်ကုန်းတစ်ခုလုံး လှည့်ပတ်ပြီးသွားလျှင်နောက်ထပ်အန္တရာယ်ရောက်လာနိုင်သလား . . မလာနိုင်ဘူးလားဆိုတာ မသိနိုင် ထို့ကြောင့်နောက်ကြောင်းကိုလှည့်ပြီးတော့ ပြန်ခဲ့ကြ လေသည်။

"မင်း ဟိုခြံကြီးနဲ့ပတ်သက်ပြီးအပြင်ကနေ လေ့လာချင်တယ်ဆိုရင် အဲ့ဒီအနားကဖြတ်ပြီး သွားလို့ရတယ်ကွ . ."

"ဟုတ်လား . . ဒါဆိုရင်လည်း အတိုင်းထက်အလွန်ပေါ့ကွာ . ."

အပြန်တွင်ဆိုင်ကယ်သည် လမ်းကြောင်းပြောင်းခဲ့လေ၏။ ကတ္တရာလမ်းပေါ်ကို ပြန်တက်ပြီး တော်တော်လေးသွားပြီးမှ တောလမ်းကလေးတစ်ခုဆီကို ချိုးကွေ့သွားခဲ့လေ၏။





တောအုပ်ဝယာမှာ ဥယျာဉ်ခြံကြီးများကို တွေ့ရသည်။ ခြံစောင့်တဲအချို့ကိုလည်း တွေ့ရသည်။ လူသွားလူလာကြဲပါးသော်လည်း သာယာသောနေရာလေးငွေပင်ဖြစ်သည်။

ဆိုင်ကယ်ကိုစကာရပ်ကာ အလယ်ရိုးမတောင်ကြီးကိုနောက်ခံပြု၍ တဲအိမ်များ၊ စိုက်ခင်းများပါအောင် ဖူးမ်နှင့်ဆွဲပြီးတော့ ရိုက်ယူသည်။

ထို့နောက် ဆက်ပြီးတော့ထွက်လာခဲ့ကြရာ . . .

"အဲ့ဒီခြံကြီးနားကို ရောက်တော့မယ် မင်းဒင် . . ."

ကိုထူးက သတိပေးလိုက်သည်။ စိုက်ခင်းများ၊ ဥယျာဉ်ခြံ၊ မြေများနှင့်ဝေးသထက်ဝေးလာခဲ့သည်။ နံနက်ပိုင်းပင်ရှိသေးသည်။ ရှေ့မှာမြူတွေက ဆိုင်းနေသည်။ ဆိုက်ကယ်ကတဖြည်းဖြည်းနှေးသွားသည်။ သဘောပေါက်ပြီ။ ထိုခြံကြီးနားကိုရောက်တော့မည်။ မြူတွေထဲကို ဆိုင်ကယ်က ထိုးဖောက်ပြီးတော့ ဝင်သွားသည်။ လမ်းကဂမူဂထစ်တွေ သိပ်မရှိ၊ သို့သော် . . . ချိုင့်ခွက်လေးတွေ အနည်းငယ်ရှိ၍ ဆိုင်ကယ်ကခုန်နေသည်။

ရှေ့မှာခြံကြီးတစ်ခြံက ဘွားကနဲပေါ်လာခဲ့လေသည်။ အုတ်တံတိုင်းကို ဘေးပတ်ပတ်လည်ခတ်ထားသည်။ ရှေ့အုတ်ကြီးများပင်ဖြစ်သည်။ ခုနစ်ပေအမြင့်ရှိသည်။ ခြံအနောက်ဖက်မှာလည်း တောအုပ်လေးတစ်ခုနှင့် ဆက်နေသည်။ ခြံထဲမှာလည်း သစ်ပင်ကြီးတွေကရှိနေကြသည်။ မြင့်မားသော တိုက်အိမ်ကြီးတစ်လုံးကို ခြံကြီး၏အလယ်မှာ ထီးတန်းမြင်တွေ့လိုက်ရသည်။



www.burmeseclassic.com

www.burmeseclassic.com



သို့သော်. . . .

အိမ်အမြင့်သုံးပုံနှစ်ပုံလောက်ကိုသာ မြင်တွေ့ရသည်။ အောက်ပိုင်းကိုမမြင်ရ၊ အုတ်တံတိုင်းကြောင့်သော်လည်းကောင်း၊ သစ်ပင်ကြီးများက ကွယ်ကာထားသောကြောင့် သော်လည်းကောင်း၊ ဖြစ်သည်။ အပေါ်ထပ်မှာလည်း တံခါးတွေက အလုံပိတ်ထားကြသည်။ ရေနံဝနေသော ကျွန်းတံခါးများသည် အသက်ကင်းမဲ့နေသလို ငြိမ်သက်နေကြလေသည်။

သို့သော်. . .

မင်းဒင်၏စိတ်ထဲတွင် အလိုလိုထင်နေမိသည်က သက်ရှိတစ်ဦးဦး (သို့မဟုတ်) တို့ထက်ပို၍ရှိနေနိုင်ကောင်းသည်ဟု အောက်ကနေမမြင်နိုင်သော အပေါက်တစ်ခုခုမှနေ၍ သူ့ကိုချောင်းကြည့်နေကြသော သူများရှိနေလိမ့်မည်ပင်။

"ဒါလောက်ကြီးမားတဲ့ အိမ်ကြီးထဲမှာ ဘယ်သူမှ မနေကြဘူးဆိုတာ အံ့အားသင့်စရာပဲကိုထူး၊ ငါကတော့ဒီအိမ်ကြီးဟာ အပြင်ကနေကြည့်ရင်သာ အသက်ကင်းမဲ့နေသလို ဖြစ်နေတာ အထဲမှာတော့ အသက်ဝင်ပြီးလှုပ်ရှားနေကြတယ်လို့ ထင်မိတယ်ကွာ. ."

"ဘာကိုလဲ ကြွက်တွေ၊ ပိုးဟပ်တွေလား ဒါမှမဟုတ် တစ္ဆေတွေလား. . ဟဲ. . ဟဲ. ."

"အေး. . အဲဒါတွေကိုပဲ ပြောတာပေါ့ကွ. . တစ္ဆေဆိုရင်လည်းတစ္ဆေမချောချောလေး တစ်ယောက်ရှိရင်တော်ပါပြီကွာ ဒါဆိုရင် ပျင်းစရာမကောင်းတော့ဘူးပေါ့. ."

"မင်းကဒီအိမ်ကြီးထဲကိုဝင်ပြီး ဗဟုသုတရှာမလို့လား





တစ္ဆေမချောချောလေး တစ်ယောက်ရှိရင်လည်း မင်းကိုလာနမ်းလိမ့်မယ်ထင်နေလား မင်းဒင်"

"အေး. . ထင်တယ်ကွ. ."

"မင်းတော်တော် စိတ်ကူးယဉ်တဲ့ကောင်ပဲ. . မင်းကိုနှုတ်ဆက်အနမ်းတော့ လာပေးမှာမဟုတ်ဘူး ကုပ်ချိုးပြီးတော့ သတ်သွားမှာကွ. ."

"တစ္ဆေမချောချောလေး သတ်လို့ကတော့ကွာ လည်စင်းခံပေးလိုက်မယ်ကိုထူး သေပျော်ပါတယ်ကွာ"

ပြောချင်ရာကိုပြောပြီး ရယ်မောလိုက်ကြလေသည်။

"ငါဒီခြံကြီးထဲနဲ့ အိမ်ကြီးကို ဓါတ်ပုံရိုက်ချင်တယ်ကွာ"

"ဟာ မရိုက်ချင်ပါနဲ့ကွာ. . ကျက်သရေမရှိပါဘူး"

"မင်းတို့မြို့ကနာမည်ကြီးအိမ်ကြီးမို့ငါက အမှတ်တရ ရိုက်ထားချင်လို့ပါကွ. ."

"မင်းဒင် ဒီအိမ်ကြီးကို မင်းဓါတ်ပုံရိုက်ရင် ဆိုးကျိုးတစ်ခု ရောက်လာလိမ့်မယ်လို့ ငါထင်နေမိကယ်ကွ. ."

"ဘာကွ ဆိုးကျိုးတစ်ခုခုဟုတ်လား"

မင်းဒင်က ကိုထူးကို ဇဝေဇဝါအကြည့်မျိုးဖြင့် ကြည့်လိုက်သည်။

"အေး ဆိုးကျိုးတစ်ခုခု သက်ရောက်နိုင်တယ်လို့ ငါပြောလိုက်တာ. . မင်းကတော့ ဘယ်လိုနားလည်မလည်း မသိဘူး. ."

"မင်းပြောတာကို ငါနားမလည်တာတော့ အမှန်ပဲ ကိုထူး"



www.burmeseclassic.com

www.burmeseclassic.com



"ဒီလိုကွ. . မကောင်းဆိုးဝါးတွေရှိနေတတ်တယ်လို့ ထင်ရတဲ့အိမ် လူတွေခဏခဏ သေဆုံးကြတယ်လို့ ပြောနေတဲ့ အိမ်ကြီးတွေမျိုး အဲ့သလို အိမ်မျိုးတွေဟာ ခိုက်နေတယ်၊ ကျိန်စာသင့်နေတယ်လို့ တချို့က နားလည်ထားကြတယ် ဒီလိုအိမ်ကြီးတွေမျိုးကို မင်းဓါတ်ပုံရိုက်ရင် ဆိုးရွားတဲ့ အခြေအနေမျိုးကြုံရတတ်မလားလို့ပါကွာ. . . အင်း. . ဒါကတော့ငါကြားဖူးနားဝရှိတာကိုပြောတာလေ"

"ဟာငါကတော့ ဒါမျိုးကို အယုံအကြည်မရှိပါဘူးကွာ မင်းပြောသလို ငါလည်းပဲ ကြားဖူးထားပါတယ် မဆိုင်ဘူးလို့တော့ထင်တာပဲလေ"

"ငါလည်းမင်းပြောသလိုပါပဲ. . တစ်ခြားစီလို့ပဲ ထင်တာပဲလေ. . . သတိပေးတာပါမင်းဒင်"

"အေး. . ဒါဆိုရင် ငါဓါတ်ပုံရိုက်တော့မယ်ကွာ"

မင်းဒင်သည် ဖိနပ်ကိုချွတ်ကာ ဆိုင်ကယ်ပေါ် သို့တက်လိုက်သည်။ ကိုထူးက ဆိုင်ကယ်ကို ကိုင်ကာထိန်းထားပေးသည်။မင်းဒင်ကအရပ်မြင့်မားသောကြောင့် အိမ်ကြီး၏တစ်ဝက်ကျော်ကျော်လောက်ကို ကောင်းစွာပင်မြင်နိုင်လေသည်။ အိမ်ကြီးက ပြူတင်းတံခါးများကို အလုံပိတ်ထားကြလေသည်။ နွယ်ပန်းများက အိမ်ကြီး၏ခေါင်းထိအောင် တက်နေကြလေသည်။

ဖုန်နှင့်ဆွဲပြီး ဓါတ်ပုံများကို တစ်ပုံပြီးတစ်ပုံရိုက်သည်။ ထို့နောက် ခြံရှေ့တည့်တည့်ကိုလည်း ဆိုင်ကယ်နှင့်အတူ သွားကြသည်။ အလုံပိတ်ထားသော ခြံတံခါးကြီးက ဟောင်းနွမ်းနေပြီ





ဖြစ်သည်။ သံပန်းတံခါးကြီးကို ထူထဲသောသွပ်များဖြင့် ပိတ်ထား၍အတွင်းဘက်ကို မမြင်နိုင်ပေ။

"ကိုထူး ငါတို့ခြံတံခါးနားထိ သွားကြရအောင်ကွာ"

"ဟာ ဒီနေရာတပဲ ရိုက်ပါကွာ မင်းဒင်"

"ခဏလေးပါကွာ. . ငါအားမရလို့ပါ"

နှစ်ယောက်အတူဆိုင်ကယ်ကို ခြံတံခါးနားအထိ တွန်းသွားခဲ့ကြသည်။ မင်းဒင်ကဆိုင်ကယ်ပေါ်က တစ်ဆင့်တံခါးပေါ်ကို တက်လိုက်သည်။

"ဟေ့. . ဟေ့. . ဒါဘာလုပ်တာလည်း မင်းဒင်"

"တံခါးပေါ်မှာထိုင်ပြီး ရိုက်လို့ရတယ်ကွ"

"ပြုတ်ကျနေပါဦးမယ်ကွာ. . "

မင်းဒင်သည် ဖုန်နှင့်ဆွဲပြီး ချိန်ကာမိမိစိတ်ဝင်စားသောနေရာများကို တဖျပ်ဖျပ်နှင့် ရိုက်လေတော့သည်။ ကိုထူးကလည်းမတတ်သာ၍ လက်လျှော့ထားလိုက်ရသလိုပင်၊ သူမင်းဒင်၏အကြောင်းကို ကောင်းကောင်းသိသည်။ လိုချင်လျှင် တဇွတ်ထိုးပင် ဘာကိုမှလည်း မကြောက်တတ်၊ လူနှင့်နာမည်က မလိုက်ဖက်၊ နာမည်ကစီးနေသလိုပင်။

"ဖြောင်း"

"ဝုန်း"

ရုတ်တရက်အိမ်ကြီးထဲက အမှတ်မထင်ထွက်ပေါ်လာသောအသံများ မင်းဒင်ကတော့ ဘယ်လိုဖြစ်သွားသလည်းမသိ



www.burmeseclassic.com

www.burmeseclassic.com



ကိုထူးကတော့ကျောချမ်းသွားခဲ့လေသည်။

"ဟော့ကောင်. . မင်းဒင်လာလစ်ကြမယ်"

မင်းဒင်ကလည်း အောက်ကိုခုန်ချလိုက်သည်။ ထို့နောက် ဆိုင်ကယ်နှင့်ထွက်လာခဲ့ကြလေသည်။ အိမ်ကြီးကို သံသယတွေဝင်သွားကြလည်းမသိ. . .။

❑ ❑ ❑



## (၄)

## ဓါတ်ပုံထဲ ရောက်လာသော မိန်းကလေး

နောက်နှစ်ရက်ခန့်လည်ပတ်ပြီးသောအခါ. . .

မြို့လည်းနှံ့သွားခဲ့လေသည်။ ဤမြို့လေးသည် ရှေးဟောင်းဘုရားအပြိုအပျက်များ၊ သာသနိက အဆောက်အအုံများက ပေါများလှသည်။ ယခင်က အစိုးရမြို့ကြီးတစ်မြို့ဖြစ်ခဲ့လိမ့်မည်။ မင်းဒင်အဲတွက်ကတော့ ဓါတ်ပုံဝါသနာအိုးပီပီ အကွက်ဝင်သွားခဲ့ရသည်။ ဖလင်နှစ်လိပ်ကုန်အောင် ရိုက်ယူနိုင်ခဲ့လေသည်။ ကိုထူးက မင်းဒင်နေသော အခန်း၏နောက်မှာ ပင်လျှင် ပုံကူးခန်းလေးတစ်ခုကို ဖန်တည်းပေးထားသည်။

"ကဲ. . ကိုထူး၊ မင်းလည်းငါ့အတွက်နဲ့ အချိန်တွေ အတော်လစ်ဟင်းသွားပြီ မင်းအလုပ်ကိုသာ ဆက်လုပ်ပေတော့ ငါလည်းဒီဖလင်တွေကို ဆေးပြီးပုံကူးလိုက်ဦးမယ်"

"မင်းကိုငါ ပြောပြီးပြီပဲကွာ. . မင်းကြောင့်ငါ့မှာ မနစ်နာ



www.burmeseclassic.com

www.burmeseclassic.com



မနစ်နာခဲ့ပါဘူးလို့ ငါ့ကို အားမနာပါနဲ့ကွာ မင်းလည်း ငါ့ဆီကို အခုမှ လာလည်ဖူးတာပဲ ငါတတ်နိုင်သလောက် ပံ့ပိုးပေးမှာပေါ့ ငါလည်းမင်းနဲ့ဆုံရလို့ ဝမ်းသာတယ်၊ ကဲဒါဆို ငါ့အောက်ထပ်မှာရှိမယ် မနက်စာစားချိန်ကျရင် ဆင်းလာခဲ့ကွာ. . . ငါစောင့်နေမယ်. .

ကိုထူးက ညှို့ကောင်တာရှိရာအောက်ထပ်ကို ဆင်းသွားခဲ့လေသည်။ ကောင်တာဘေးနားမှာ သူတစ်ယောက်တည်းနေသော ရုံးခန်းလေးတစ်ခုရှိသည်။ ကိုထူးအောက်ထပ်သို့ ဆင်းသွားခဲ့သည်နှင့် မင်းဒင်လည်း အခန်းလေးထဲသို့ ဝင်သွားခဲ့လေသည်။

□ □ □

ပထမဦးဆုံးရိုက်ယူခဲ့သော ဖလင်လိပ်တစ်လိပ်ကို အရင်ကူးဆေးလိုက်လေသည်။ တန်းမှာချိန်ဆွဲ၍ အခြောက်လှမ်းပြီးသောအခါတွင် အခန်းအပြင်ဘက်တွင် ဓါတ်ပုံများကို တစ်ပုံချင်းကြည့်သည်။ ပုံများမှာ ကြည်လင်ပြတ်သားကြသည်။ ဆေးသားကလည်းကောင်းသည်။

ခြသေ့ရုပ်နှစ်ကောင်ပုံကို ကြည့်လိုက်ရာ မင်းဒင် မျက်မှောင်ကြုတ်မိသွားသည်။ အံ့အားသင့်သွားမိခဲ့ရလေသည်။

"ဟင်"

ခြသေ့တစ်ကောင်ဘေးနားမှာ မိန်းကလေးတစ်ယောက် ကရပ်နေလျက်သား၊ ထင်ထင်ရှားရှားကိုဖြစ်သည်။ နက်မှောင်





သောဆံကေသာမြွင်များကို ကျောမှာတစ်ဝက် ရင်ရှေ့မှာတစ်ဝက် ချထားသည်။ မျက်နှာလေးက ထင်းထင်းလေးကို ပေါ်နေသည်။ ကြည်ပြာရောင်ဝမ်းဆက်ထဘီ၊ အင်္ကျီလိုလိုဝတ်ထားသည်။ ဖိနပ်သည် ကတ္တီဘာဖိနပ်လေးဖြစ်ပြီး ခြေခုံမို့မို့လေးကလည်း ထင်းနေသည်။ ခြေချောင်းလေးတွေကအစ လှပလိမ့်မည်ဟု ထင်ရသည်။

သူမသည် အလွန်ဆုံးရှိလှ ဆယ့်ရှစ်နှစ်ပေါ့ ကိုယ်ကို ခပ်စောင်းစောင်းလေးပေးကာ လက်တွေကိုတော့ ပိုက်ထားသည်။ ပျော့ပျောင်းသော ကိုယ်ဟန်လေးနွဲ့နေသည်။ အကြည့်ကတော့ပြုံးယောင်ယောင်လေး မျက်ဝန်းတွေက ညို့ဓာတ်ပါနေကြသည်။ ဓါတ်ပုံထဲမှာပင်လျှင် ဆွဲဆောင်မှုကအပြည့် မျက်နက်ဝန်းလေးတွေ တောင့်ကပ်သောအကြည့်က မင်းဒင်ကိုဖမ်းစားထားသည်။

"ငါရိုက်တုန်းက ခြသေ့ပုံသက်သက်ပါ၊ ဒီမိန်းကလေး ပုံမပါပါဘူး၊ ဘယ်လိုကြောင့် ရောက်လာရတာလဲ"

မည်သို့မှတွေး၍မရ ခေါင်းထဲမှာ ချာချာလည်အောင် စဉ်းစားလည်း အဖြေကပေါ်မလာ ထို့နောက်စေတီတော်ပုံကို ကြည့်မိလိုက်သည်။

"ဟင်"

မင်းဒင်ကိုင်ထားသော ဓါတ်ပုံလက်ထဲက လွတ်ကျသွားမတတ်ဖြစ်သွားခဲ့ရပြန်သည်။ စေတီတော်နှင့်မနီးမဝေးမှာလည်း မိန်းကလေးတစ်ယောက်၊ စေတီတော်ကိုဦးခိုက်ကာ ဖူးနေသည်။ ကျောပေးထားသည့်အနေအထားမို့ မျက်နှာကိုမမြင်ရ



www.burmeseclassic.com

www.burmeseclassic.com



ရှည်လျားသော်ဆံကေသာများက ကျောပြင်ထက်မှာ ဖြန့်ဝဲပြီးတော့ ကျနေကြလျက် တင်သားများကိုပင် ဖုံးအုပ်လျက်ရှိနေကြလေသည်။ မင်းဒင်နားလည်လိုက်သည်မှာ ခြသေ့်ကြီး၏ဘေးနားမှာရပ်နေသော မိန်းကလေး၏ပုံနှင့်စေတီတောကိုဦးခိုက်ကာပူဇော်ကန်တော့နေသော မိန်းကလေး၏ပုံသည်တစ်ဦးတည်းဆိုသည်ကိုပင်။

"ဘယ်လိုတွေဖြစ်ကုန်ပြီလည်း ဒီမှာလည်းမိန်းကလေးရဲ့ပုံပါပဲလား"

"မင်းဒင်ပြုတင်းပေါက်တွေက အခုလည်းပိတ်ထားတယ်လေကွာ ဟုတ်သားပဲ"

"မ. . မဟုတ်ဘူးကွ၊ ငါပုံကူးပြီးကာစက ကြည့်တာဒီပုံမှာပြောင်းလဲချက်တွေရှိနေတယ်၊ ပြုတင်းတံခါးတွေပွင့်နေတယ်၊ ပြီးတော့ မိန်းကလေးတစ်ယောက်ကိုလည်းမြင်ရတယ်၊ ဘေးတိုက်အနေအထားနဲ့ရပ်နေတာ၊ ဒီဓါတ်ပုံနှစ်ပုံထဲက မိန်းကလေးနဲ့တူနေသယောင်ပဲ ဒါပေမယ့် အလင်းအားနည်းနေလို့လားမသိဘူး၊ ပုံကနည်းနည်းဝါးချင်တယ်၊

ကိုထူးသည်ခေါင်းကို ယမ်းခါလိုက်ပြီး. . .

"မင်းပြောနေတာကို ငါတော့စဉ်းစားလို့မရနိုင်အောင်ဖြစ်နေပြီကွာ. . မင်းရဲ့အခန်းထဲမှာ ဒီပုံကိုကြည့်တာ အကြည့်ပဲမှားသလား. . မင်းဒင် ဒါမှမဟုတ် ဓါတ်ပုံဆေးသား ချို့ယွင်းချက်ရှိခဲ့တာလား. ."

"အားလုံးအဆင်ပြေပါတယ်ကွာ. . ငါအပေါ်ထပ်မှာကြည့်တော့တစ်မျိုး မင်းဆီကိုရောက်ကာမှ ပုံကတစ်မျိုးဖြစ်သွား





တယ်၊ ငါလည်း ဘယ်လိုနားလည်ရမှန်းတောင် မသိတော့ဘူး၊ အဲငါမင်းကို နောက်ထပ်ပြစရာရှိသေးတယ် ဟောဒီမှာ ငါမြွေဖြူကြီးရဲ့ပုံကို ရိုက်လိုက်တာ မင်းအသိပဲ ဒါပေမယ့် ဖလင်ဆေးကူးကြည့်လိုက်တော့ မြွေဖြူကြီးက ပျောက်နေတယ်၊ မတွေ့ရတော့ဘူး ကြည့်. . ကြည့် ဒီမှာကြည့်"

ကိုထူးက ဓါတ်ပုံကိုသေသေချာချာကြည့်လိုက်ပြီးမှ. .

"ဟုတ်တယ်ကွ. . မြွေဖြူကြီးပါမလာတော့ဘူး"

"ငါမပြောဘူးလား ဒီမြွေဖြူကြီးရဲ့ပုံက ဘာဖြစ်လို့ပေါ်မလာရတာလဲ"

"မင်းချိန်တာများလွဲသွားသလားကွာ. . တစ်ခြားသစ်ကိုင်းကိုများ ချိန်မိတာလား"

"ဟာကွာ. . ငါဒီလောက်အထိ လွဲနိုင်ပါ့မလားကွာ"

မင်းဒင်က မကျေမနပ်နှင့်ပြောလိုက်လေသည်။ မိမိကိုယ်တိုင်နားမလည်နိုင်သောကြောင့် ပြောင်းလည်းမှုများကို ကိုထူးလည်းနားလည်နိုင်မှာ မဟုတ်ဘူးဟု ယူဆလိုက်မိသည်။

"ကဲပါကွာ. . တစ်နေရာမှာတော့ လွဲမှားနေပြီလို့ ငါထင်မိတယ်၊ ငါအားလုံးကိုခြုံပြီးတော့ ကြည့်ရင်ငါဓါတ်ပုံအမှာကိုနားမလည်ပေမယ့် မင်းရဲ့ပုံတွေက တော်တော်လေးကိုကောင်းပါတယ်ကွာ"

ကိုထူးကနှစ်သိမ့် စကားပြောလိုက်သည်။ မင်းဒင်သည် ဓါတ်ပုံကိစ္စကို မကျေမနပ်ဖြစ်သွားခဲ့ရသည်။ မိမိတစ်သက်လုံး



www.burmeseclassic.com

www.burmeseclassic.com



လုပ်ကိုင်လာခဲ့သည့် အလုပ်မို့မည်သည့် အခါကမှလွဲချော်မှု မရှိခဲ့ပါ။ သည်တစ်ခါတော့ မယုံကြည်နိုင်လောက်အောင်ပင် လွဲမှားမှုကရှိနေခဲ့လေပြီတည်း။

❑ ❑ ❑



(၅)

## ဖဲ့ပြင်းသို့ အာခလား

အချိန်သည် နံနက်ပိုင်းကာလဖြစ်သည်။

မြူလိုလို၊ နှင်းလိုလို အငွေ့သဏ္ဌာန်များက လွန်နှုန်းကာ ကျဆင်းနေလျက်ရှိသည်။ ဝန်းကျင်ကို သဲကွဲစွာမမြင်ရနိုင်၊ သစ်ပင်ခြုံပုတ်များကို မြူကန့်လန့်ကာကြီးကကွယ်ကာ တားဆီးထားသလိုပင် မြင်နေရသည်မှာ ဝိုးတဝါးဆံလွန်းလှသည်။ မည်သည့်အတွက်ကြောင့် နှင်းမြူများက ဤမျှလောက်ကျဆင်းနေရပါသလဲ မသိနိုင်ပါ။

တောင်ကုန်းအောက်မှာ မြူတွေဆိုင်းနေသလောက် တောင်ကုန်းအပေါ်တစ်ဝိုက်မှာတော့ နှင်းမြူတွေက ခပ်ပါးပါးမျှသာ လူတစ်ယောက်သည် ခြုံကြီး၏အနားသို့ ချဉ်းကပ်လာခဲ့သည်။ သူကတော့မင်းဒင်။

ဟိုတစ်ခါက အမှတ်မထင် ဆုံမိခဲ့သည့် သျှောင်တစောင်



www.burmeseclassic.com

www.burmeseclassic.com



နှင့်လူကြီးကို ထပ်ပြီးတော့တွေ့နိုင်ဦးမလားဟု ထင်မိလိုက်သေးသည်။ ကိုထူးပြောသည့်အတိုင်းဆိုလျှင် အဲ့သည့်လူကြီးကို ကိုထူး လည်းမသိ ဘယ်သူမှလည်းမသိဆိုပဲ၊ ထိုလူကြီးကသူ့ကိုယ်သူ ဒေသခံတစ်ဦးတဲ့၊ အိမ်ကြီးနှင့်ပတ်သက်ပြီး သိလိုက်သမျှ စုံလင် လျက်ရှိသည်။

"ဒီအိမ်ကြီးထဲမှာ ဝိညာဉ်တွေကြီးစိုးနေကြတယ်"

နားထဲမှာ စွဲပြီးတော့ ကျန်ရစ်ခဲ့သည်။ ယုံလွယ်တတ်သူထင်ပြီး တမင်ခြောက်လှန့်သွားတာလားမသိ၊ ဒါပေမယ့် မင်းဒင်ကတော့ လက်တွေ့သမား တစ်ကယ်ဟုတ်မဟုတ် ကိုယ်တိုင်ကိုယ်ကျလေ့လာချင်သည်။ သူရဲ့ဉာဏ်ကိုက ဒီအတိုင်းပဲ ဖြစ်နေသည်။

ထို့ကြောင့်. . .

ကိုထူးကိုမြို့ထဲလျှောက်ပတ်ဦးမည်ဆိုပြီး ဆိုင်ကယ်ကိုဆွဲကာထွက်လာခဲ့လေသည်။ ခြံနားကိုကပ်လာခဲ့သည်အထိ မည်သူတစ်ဦးတစ်ယောက်ကိုမှ မတွေ့ရပေ။ လူအသွားအလာမရှိသလောက်ကိုပင် ဖြစ်နေသည်။ မင်းဒင်သည် ဆိုင်ကယ်ကိုခြုံတစ်ခုထဲမှာ ထိုးထည့်ကာဝှက်ထားလိုက်သည်။ ထို့နောက်. . ခြံနားကိုချဉ်းကပ်လာခဲ့လေသည်။ သူ့လည်ပင်းမှာက ကင်မရာအသေးလေးတစ်လုံးသာ ပါလာသည်။ ခြံအနောက်ဖက်ကိုအပြင်ဘက်ကနေပြီးပတ်ကာ ကြည့်သည်။ ခြံရှေ့ကတော့ မဝင်ချင်ပါ။

ကြီးမားသောကုက္ကိုပင်ကြီးတစ်ပင်ကို တွေ့လိုက်ရသည်။ သစ်ကိုင်းကြီးတစ်ကိုင်းသည် အုတ်တံတိုင်းကိုကျော်၍





ခြံကြီးထဲကို ညွှတ်ကွေးကာ ခိုက်ကျနေလျက်ရှိနေသည်။ မင်းဒင်သည်အရပ်နှင့်မီသည်နှင့် သစ်ကိုင်းကိုခုန်တွယ်ကာ တက်သွားသည်။ ထို့နောက်အဖျားဘက်ကို လျှောဆင်းလာပြီး ခြံထဲသို့ခုန်ချလိုက်လေသည်။

ခြံထဲကိုရောက်သွားသောအခါ လေးဘက်လေးတန်ကာရံထားသော အကျဉ်းစခန်းထဲသို့ ရောက်သွားသလို ခံစားလိုက်ရလေသည်။ ဘေးဘီဝဲယာမှာ ခြုံနွယ်ပိတ်ပေါင်းများက ဖုံးလွှမ်းနေလျက်ရှိနေကြလေသည်။ သေချာစွာကြည့်မှ အိမ်ကြီးကိုသစ်ပင်ကြီးများက ပပ်ပတ်လည်မှ အုပ်မိုးလျက်ရှိနေကြသည်ကိုတွေ့လိုက်ရသည်။

ခြံအပြင်ဘက်ကနေကြည့်လျှင် သစ်ပင်ကြီးတွေ ဂျိုလောက်မများပဲ ရှင်းနေသည်ဟုထင်ရသည်။ အထဲကိုရောက်မှ မြင်ပအခြေအနေနှင့်မတူညီကြောင်းကို သိရသည်။ မိမိ၏စိတ်အထင်ပဲလား ထိုသို့ဖြစ်ရသည်မှာ ဘာကြောင့်ပါလဲ. . .။

မင်းဒင်ခြံကြီးထဲကို ရောက်လာရသည်မှာ ကြီးမားသောမြွေတစ်ကောင်၏ ညှို့ချက်အမိခံထားရသလိုပင် အိမ်ကြီးထဲကိုအရောက်ဝင်လိုသည့် ဆန္ဒကဖြစ်ပေါ်လာခဲ့လေသည်။ ထို့ကြောင့် အိမ်နားကိုတဖြည်းဖြည်းနှင့် ချဉ်းကပ်လာခဲ့လေသည်။ အိမ်နောက်ဖက်မှ ပိတ်ထားသော ပြူတင်းတံခါးလည်းအထဲတွင် တစ်ယောက်ယောက်ကလက်နှင့် တွန်းထိုးနေသလိုထင်ရသည်။

(အမြင်မှာ တံခါးရွက်တွေက လှုပ်ခါနေကြသည်။ အတွင်းကနေတွန်းထားထိုးထား ဖြစ်နေကြသည်။)



www.burmeseclassic.com

www.burmeseclassic.com



" ဟင် "

မင်းဒင် အံ့အားသင့်သွားခဲ့ရလေသည်။ မိမိပဲအာရုံလွဲမှားမှုတွေ ဖြစ်လာခဲ့ပြီလားမသိ၊ ဓါတ်ပုံကိစ္စမှာလည်း မလွဲလွဲအမှားမှားတွေ ဖြစ်ခဲ့ရသည်။ ရှေ့ဆက်ပြီးဘာတွေဖြစ်လာဦးမလဲ အိမ်ကြီးထဲကိုဝင်သင့် မဝင်သင့်. . .။

"အို ဘာဖြစ်နိုင်မှာမို့လို့လဲ၊ ငါ. . ဝင်မယ်"

ဆုံးဖြတ်ချက်က ချမိသွားပြန်သည်။ ဝင်မှဖြစ်မည်ဟူသောစိတ်က မိမိကိုထပ်ဆင့်ဖိအားပေးနေပြန်သည်။ စောစောကလှုပ်ခါနေသော ပြူတင်းတံခါးရွက်များကို သေသေချာချာကြည့်မိလိုက်သောအခါ တည်ငြိမ်လျက်ရှိနေသလိုတွေ့လိုက်ရလေသည်။

သို့သော်. . .

အခန်းလေးထဲသို့ဝင်သွားခဲ့လေသည်။တံခါးပေါက်မှာ တောင်သံတိုင်တွေ စိုက်မထားတာ ဘာကြောင့်လဲ"

နောက်ထပ်တံခါးရွက်တစ်ချပ်ကို ဆွဲဖွင့်လိုက်သည်။

" ကျွိ. . "

တံခါးရွက်များပွင့်သွားသောအခါ အထဲကိုဝင်သင့်၊ မဝင်သင့် ချိန်ဆရပြန်သည်။ လျှို့ဝှက်ဖုံးကွယ်ထားသော အကြောင်းအရာတစ်ခုကို စိတ်ဝင်စားတတ်သော မြှုပ်ကွက်များကိုဖော်ထုတ်လိုသော စိတ်ကသူ့ကိုနှိုးဆော်လိုက်ပြန်သည်။

ထို့အပြင်. . .

အိမ်ကြီးကလည်း သူ့ကိုလွန်မင်းစွာပင် ညှို့မြူနေလျက်ရှိနေသည်။ ပြူတင်းပေါက်က အနည်းငယ်မြင့်သည်။ အပြင်ဘက်





ရှိအင်္ဂတေအထစ်ကလေးပေါ်ကို ခြေတစ်ဖက်တင်လိုက်သည်။ ညာလက်ကပြူတင်းဘောင်ကို ဆုပ်ကိုင်ထားလျက်သား၊ ဘယ်ဘက်ကိုပါ ပြူတင်းဘောင်မှာ ဆုပ်ကိုင်လိုက်ပြီး နောက်ထပ်ခြေတစ်ဖက်ကိုပါ အင်္ဂတေအထစ်လေးမှာ နင်းလိုက်သည်။ ထို့နောက်ကိုယ်ကိုယ်အားယူပြီး ပြူတင်းဘောင်ပေါ်မှ လက်နှစ်ဖက်ကိုထောက်ကာတက်လိုက်သည်။

" အီး. . "

ကိုယ်ကမြောက်ပြီးတက်သွားသည်။ ပြူတင်းဘောင်ပေါ်မှာ ကိုယ်တစ်ဝက်တင်သွားကာ တန်းလန်းကြီးဖြစ်နေသည်။ ခြေထောက်များကိုပါကျော်လွှားရန် အားပြုလိုက်စဉ်မှာ မထင်မှတ်သော အခြေအနေတစ်ခုက ဖြစ်သွားခဲ့ရလေသည်။

သူ့လက်မောင်းကို တစ်ယောက်က စောင့်ယူဆွဲလိုက်သလို၊ အားကောင်းသောသံလိုက်ဓါတ်ကြီးတစ်ခုက သူ့အပေါ်ကိုမမျှော်လင့်ပဲကျရောက်လာသလို၊ ကိုယ်လုံးကလေထဲ မြောက်ကန်ဖြစ်သွားသည်။ လေဟာနယ်ထဲမှာ ခြေလွတ်လက်လွတ်လွင့်ပါသွားသလို ခံစားလိုက်ရသည် ထို့နောက်အောက်ကိုပင်ကျသွားခဲ့လေသည်။

" ဘုတ် "

" အား "

အော်မည့်သာအော်လိုက်ရသည်။ အရှိန်ဖြင့်ပစ်ကျသွားခဲ့သော်လည်း ပြင်းထန်သော ခံစားမှုမျိုးကမရှိ၊ နာကျင်မှုကဖြစ်ပေါ်မလာခဲ့ပေ။ စဉ်းစား၍မရနိုင်၊ အံ့အားသင့်သွားခဲ့ရသည်မှာအမှန်။



www.burmeseclassic.com

www.burmeseclassic.com



ငါ့အိမ်ထဲကိုရောက်သွားခဲ့ပါလားဟူသော အသိက ဝင်လာသည်။ နေရာမှလူလဲပြီးတော့ ထမိလိုက်သည်။ အိမ်ထဲမှာမည်းမှောင်နေသည်။ ပြူတင်းပေါက်တစ်ပေါက်ဖွင့်နေလျက် နှင့်အလင်းရောင်က ဝင်မလာ၊ ဘယ်လိုဖြစ်တာလဲ ပတ်ဝန်းကျင်ကိုလှည့်ပတ်ပြီးတော့ကြည့်လိုက်ရာ. . .

"ဟင်"

စောစောကမိမိဝင်လာသည့် ပြူတင်းပေါက်ကို မတွေ့ရတော့. . .

"ဘယ်လိုဖြစ်တာလဲ"

စဉ်းစား၍မရနိုင်အောင်ပင် ဖြစ်သွားခဲ့ရသည်။ မိမိသည် ပြူတင်းမှလွင့်ကျခဲ့စဉ်က တစ်နေရာရာကိုလိမ့်ထွက်သွားမိသလား၊ လိမ့်ကျသွားလျှင်လည်း ဒါလောက်အဝေးကြီးကို လွင့်သွားမှာမဟုတ်၊ အလွန်ဆုံး သုံးလေးပေပေါ့၊ ဒါလောက်လေးနှင့်ပင် ပြူတင်ပေါက်ကြီးနှင့်ဝေးကွာသွားခဲ့ရသလား၊ လည်ပင်းမှာဆွဲထားသည့် ကင်မရာကို စမ်းမိလိုက်သည်။ ရှိသေးသည်။ ဒီအတိုင်းပင်၊ ရှပ်အင်္ကျီကြားထဲမှာ ထည့်ထားသည့် သုံးထောင့်ထိုးလက်နှိပ်ဓါတ်မီးကို သတိရသွားသည်။ လက်ကိုသွင်းကာ ဓါတ်မီးကို ယူလိုက်သည်။

မျက်လုံးတွေက အမှောင်ကိုယဉ်ပါးလာခဲ့ကြသည်။ အခန်းထဲရှိ အရာဝတ္ထုတွေကို မြင်လာသည်။ ဝိုးတဝါးမြင်နေရသည်။ ထို့ကြောင့် လက်နှိပ်ဓါတ်မီးကို မသုံးသေး၊ ဓါတ်ခဲအကောင်းစားအသစ်တွေကို ထည့်လာသော်လည်း ပစ္စလက္ခတ်သုံး၍မဖြစ်။





မြင်လိုက်ရသည်က လွန်စွာမှကျယ်ဝန်းသော အခန်းကြီးတစ်ခန်းဟု ရှေးဦးစွာ မှတ်ချက်ချလိုက်မိသည်။ မည်သူမဆို အမှောင်ထဲမှာ သွားလေ့သွားထမရှိလျှင် အခက်အခဲရှိကြမှာပင်၊ လမ်းမှာခလုတ်တိုက်မိတာမျိုး သစ်ငုတ်တို၊ ခြုံ၊ သစ်ပင်ပဲဖြစ်ဖြစ် အနားရောက်ကာမှ ရုတ်တရက်မြင်မိတာမျိုးတွေ ဖြစ်တတ်သည်။ မင်းဒင်သည် မကြာခဏအမှောင်ခန်းထဲကိုဝင်ကာ ဖလင်ဆေးရ၊ ဓါတ်ပုံကူးရ ပြုခဲ့ဖန်များ၍အမှောင်ကို ကျင့်သားရနေသည်။ ရိုးနေပြီ။

သို့တစေ. . .

ယခုဤအိမ်ကြီးထဲကို ရောက်လာခဲ့သည့်အချိန်ကစပြီး မိမိကြုံဖူးခဲ့သည့် အမှောင်နှင့် မတူပေ။ လွန်စွာမှ သိပ်သည်းသော အမှောင်ထုကြီးထဲကို လူတစ်ကိုယ်လုံး နစ်မြုပ်ကာပျော်ဝင် သွားခဲ့သည်။

ပြင်ပမှအလင်းရောင် တစ်စိတ်တစ်ပိုင်းသည် တစ်နေရာမှနေ၍. .

(အပေါက်သေးသေး တစ်ပေါက်စာလောက်ပဲဖြစ်ဖြစ်)

ဝင်ရောက်နေမှာမလွဲ၊ သို့မဟုတ် ပြင်ပမှအလင်းရောင်၏ ရောင်ပြန်ဟပ်မှု အလင်းပြန်မှုတစ်ခုခုကြောင့် အထဲမှာအတော်အတန်တော့ လင်းနေရမည်သာ ယခုတော့ထိုသို့မဟုတ်၊ အိမ်ကြီးတစ်အိမ်လုံးကို (အတွင်းဘက်မှာ) အမှောင်ထုကြီးက ကမ္ဘာခြုံ၍ ဝါးမြိုထားသလိုထင်ရသည်။ ပြင်ပမှ အသံများကိုလုံးဝမကြားရ၊ အသံဟူသမျှ ဆိတ်သုဉ်းလျက်ရှိနေလေသည်။

မင်းဒင်၏မျက်လုံးများက ကျင့်သားရ၍ တဖြည်းဖြည်း



www.burmeseclassic.com

www.burmeseclassic.com



နှင့်မြင်လာရခြင်းမျိုးမဟုတ်၊ တစ်နေရာမှ ထွက်ပေါ်လာသော အလင်းရောင်က မသိမသာ၊ ဝိုးတဝါးဖြန့်ကျက်လာခြင်းပင် ဖြစ်သည်။

ယင်းအလင်းရောင်သည် သဘာဝအလင်းရောင်လည်း မဟုတ်၊ လျှပ်စစ်မီးအလင်းရောင်မျိုးလည်းမဟုတ်၊ အလို အလျောက်တစ်နေရာမှ ထွက်ပေါ်လာသောအလင်းရောင်ဆန်း ပင်ဖြစ်သည်။ လင်းလင်းချင်းချင်းကြီးတော့မဟုတ် မှုံဝါးဝါးသာ ဖြစ်သည်။ ပိတ်ထားသောပြတင်းပေါက်ရယ်ဟု သုံးခုသာရှိသည်။ မင်းဒင်ကပြူတင်းတစ်ခုဆီကို လျှောက်သွားကြည့်သည်။ သံတိုင် များစိုက်ထားသည်ကို တွေ့လိုက်ရသည်။ အံ့အားသင့်သွား မိသည်။

"ငါဝင်လာတဲ့ ပြူတင်းပေါက်ဟာ သံတိုင်တွေ မရှိပါဘူး ဒီပြူတင်းပေါက်ကျမှ သံတိုင်တွေကရှိနေတာ ဘာကြောင့်လဲ"

နောက်ထပ်ပြူတင်းနှစ်ခုသည်လည်း ထိုအတိုင်းပင် သံတိုင်များ စိုက်ထားသည်ကိုတွေ့လိုက်ရသည်။ ကိုင်ကြည့်ရာ ခိုင်ခန့်နေကြဆဲ သံချေးများဖြစ်ပေါ်နေခြင်းမရှိပဲ ကိုင်လိုက်တာ နှင့်သိသည်။

"ဒါလောက်နှစ်ပေါင်းများစွာ ကြာနေတဲ့ပြူတင်းပေါက် သံတိုင်တွေဟာ သံချေးတောင်မတက်တာ အံ့အားသင့်စရာပဲ"

တံခါးချက်နှစ်ခုကို ဖြုတ်ကာတွန်းဖွင့်ကြည့်သည်။ မရ လှုတ်ပင်မလှုတ် ကျပ်နေသည်။ စောစောက ပြူတင်းနှစ်ခုစီကို ပြန်ပြေးသွားသည်။ တံခါးတွေကိုဖွင့်ကြည့်သည်။ မည်သည့်တံခါး မှဖွင့်မရပါ။





"ဟာ. . ဘယ်လိုဖြစ်တာလဲ"

ဘယ်လိုမှစဉ်းစား၍မရနိုင်အောင်ပင် ဖြစ်သွားခဲ့ရသည်။ မိမိဝင်လာခဲ့သော ပြူတင်းပေါက်ကို လက်လျှော့လိုက်ရသည်။ မိမိဝင်လာခဲ့သော ပြူတင်းပေါက်ကို မတွေ့တော့သည်ကာ အမှန်ပင်။ ဤပြူတင်းသုံးခုထဲက တစ်ခုခု များ ဖြစ်နေမလား. . ။ဖြစ်တော့မဖြစ်နိုင်၊ မိမိကျော်တက်လာခဲ့ သည့် ပြူတင်းသည်အလွယ်တကူဖွင့်၍ရသည်။ သံတိုင်တွေက မရှိ။

(မင်းဒင်သည် ယင်းပြူတင်းတံခါးကို သံသယရှိနေဆဲ၊ ဤပြူတင်းသုံးပေါက်ထဲမှ တစ်ခုခုပင်ဖြစ်နေမည်ဟု ယုံကြည် နေဆဲ)

သို့သော်. . .

သူအထဲကို ဝင်လာကာစက သံတိုင်တွေမရှိသော ပြူတင်းတံခါးများသည် သံတိုင်များတပ်ဆင်ပြီးသား ဖြစ်ရပါသလဲ၊ ဤသို့စိတ်ကူးမိခြင်းသည်လည်း ရူးသွပ်မှု ဖြစ်ကောင်း ဖြစ်ပေလိမ့်မည်၊ လက်နှိပ်ဓါတ်မီးကို မသုံးမဖြစ် သုံးရပေတော့မည်။

သူရောက်နေသည်မှာ ကြီးမားကျယ်ဝန်းသော ဧည့်ခန်း ကြီးတစ်ခန်းပင်ဖြစ်သည်။ မီးရောင်အောက်မှာ မြင့်မားသော ဘီရိုကြီးများ၊ စားပွဲ၊ ကုလားထိုင်များကို တွေ့လိုက်ရသည်။ အားလုံးရှေးဟောင်းပစ္စည်းများပင်ဖြစ်သည်။ ထူးခြားချက် ကတော့ ယင်းပစ္စည်းများသည် ခေတ်ကာလများကို တစ်ခုပြီး တစ်ခုဖြတ်သန်းလာခဲ့သော်လည်း အရောင်မှိန်မသွား ဟောင်းနွမ်းမသွားပဲ တောက်ပနေခြင်းပင်။



www.burmeseclassic.com

www.burmeseclassic.com



"ဒီအိမ်ကြီးထဲမှာ လူနေသလိုလိုပဲ ဒီပရိဘောဂပစ္စည်းတွေဟာ ပိုင်ရှင်မဲ့တော့ မဖြစ်နိုင်ဘူး လူမနေဘူးဆိုပြီး သတင်းလွှင့်ထားတယ်၊ ဒါပေမယ့် လျှို့ဝှက်ပြီးတော့ နေနေတဲ့သူကတော့ရှိနေပြီ"

တစ်ယောက်တည်း ထင်ကြေးပေးရင်း ဆုံးဖြတ်ချက်ချမိလိုက်သည်။ တစ်ကယ်တော့ အိမ်ကြီး၏ပြင်ပအခြေအနေနှင့်အတွင်းအခြေအနေတို့သည် ဘာမှမဆိုင်သလိုပါပဲလားဟု၍ မျက်မြင်သက်သေပြနေလေသည်။

❑ ❑ ❑



(၆)

## အသက်ဝင်နေသော အခန်းများ

မင်းဒင်သည် လက်နှိပ်ဓါတ်မီးကို တစ်ချက်တစ်ချက်မှ သာငေ့ပြီးတော့ ကြည့်သည်။ အလင်းထိုးမိသော နေရာတိုင်းမှာသူတွေ့လိုက်ရသည်များက စာအုပ်ဘီရိုကြီးများ၊ အလုံပိတ်ထားသော ဘီရိုတချို့နှင့် နံရံထက်မှ သမင်မိုခေါင်း၊ ဝက်ဝံခေါင်းများပင် အစာသွပ်ထားသည်ဖြစ်၍ လက်ရာမြောက်သော အသက်ဝင်နေသကဲ့သို့ ထင်နေရလေသည်။

"ဒီအိမ်ကြီးထဲကို ဖောက်ထွင်းပြီး မဝင်ကြဘူး၊ ဒီပစ္စည်းတွေကိုယူဖို့ စိတ်မကူးကြတာ အံ့အားသင့်စရာပဲ လူတွေက မဝင်ရဲကြလို့များလား ဟိုသတင်း ဒီသတင်းတွေကြောင့် ခြံနားတောင်မကပ်ရဲကြဘူး ထင်ပါရဲ့. . "

"ဟာင်း. . ဟာင်း. . ဟာင်း. . ဟာင်း. . "

"ဟာင် ဘယ်ကထွက်လာတဲ့ အသံလဲ"



www.burmeseclassic.com

www.burmeseclassic.com



နားထဲမှာညည်းညူသံကို ပီပီသသကြီးပင် ကြားလိုက်ရသည်။ အသံသည်မည်သည့်နေရာက ထွက်ပေါ်လာမှန်းမသိပေ။ ကျောထဲမှာ တစ်ချက်တော့ စိမ့်တက်သွားခဲ့ရသည်။ အသံထွက်ပေါ်လာသည်ဟု ထင်ရသည့်နေရာကို မီးထိုးကြည့်သည်။ မည်သူ့ကိုမှမတွေ့ရ။

"ဟင်း. . ဟင်း. . ဟင်း. . ဟင်း. . "

အသံထွက်ပေါ်လာခဲ့ပြန်သည်။ လည်ချောင်းထဲက ထွက်ပေါ်လာသည့် အသံကြီးမို့ တစ်ယောက်ယောက်က တမင်လုပ်နေတာလား"

"ဟိတ် ဘယ်သူလဲ ငါ့ကိုခြောက်လှန့်မနေနဲ့ ငါက မကြောက်တတ်ဘူးကွ. . ထွက်လာခဲ့စမ်း"

မင်းဒင်က အသံပေးလိုက်သည်။ ဤအိမ်ကြီးထဲကို ရောက်နေသောသူသည် ဖောက်ထွင်းသူ သူခိုးလား၊ သို့မဟုတ် ဤအိမ်ကြီးနှင့် ပတ်သက်နေသူတစ်ဦးပဲလား. . အဲ့သလိုမှ မဟုတ်ရင်. . တစ်ခါကမကျွတ်မလွတ်ဘဝနဲ့ ရှိနေကြတယ်တဲ့ အသေဆိုးနဲ့ကို သေခဲ့ကြတာလို့ပြောကြတယ်၊ တစ်ခါတစ်ရံများဆိုရင် ညဘက်တွေမှာ အိမ်ကြီးထဲကလူသံတွေ စကားပြောနေသံတွေကိုကြားနေကြရတယ်တဲ့. .

ခြံထဲမှာလည်း ဖြူဖြူသဏ္ဍာန်တွေက လျှောက်ပြီးတော့သွားနေကြတယ်တဲ့. . အဲဒါဝိညာဉ်တွေပဲ မကောင်းဆိုးဝါးတွေပဲဖြစ်မှာပေါ့. .

အမည်မသိ သျှောင်တစ်စောင်းနှင့်လူကြီးပြောသံကို ပြန်ပြီးတော့ ကြားယောင်လာမိသည်။ မရည်ရွယ်ပဲနှင့် ပြန်ပြီး





တော့ စဉ်းစားမိလိုက်ခြင်းပင်. . ။

"ဟာ သူပြောတာတွေဟာ မဖြစ်နိုင်ပါဘူး မယုံပါဘူး ကြားဖူးတာတွေပါ လျှောက်ပြီးတော့ပြောနေတာပဲ ဖြစ်မှာပါ ဒီလူကြီးဟာ ငါ့ကိုသတိပေးတာလား တမင်ပဲခြောက်လှန့်ခဲ့တာလား"

တွေးတောရင် နောက်ကျောကိုမလုံမလဲ ဖြစ်လာခဲ့ရလေသည်။ တစ်ယောက်ယောက် သို့မဟုတ် တစ်ယောက်ထက်ပိုသော မျက်လုံးများက သူ့ကိုစိုက်ကြည့်နေသည်ဟု ထင်နေမိလေသည်။ အခန်းထဲမှာ ဖွဖွနင်းပြီးတော့သွားနေသော ခြေသံများကို ကြားလာရသလိုပင်။

ဖျတ်ကနဲဆို နောက်ကိုလှည့်ပြီး လက်နှိပ်ဓါတ်မီးနှင့် ထိုးကြည့်လိုက်သည်။ မည်သူမှမရှိ၊ အိမ်ကြီးကတိတ်ဆိတ်လွန်းတော့ ခြောက်ခြားမှုတွေက အလိုလိုပင်ဖြစ်လာခဲ့သည်။ ကိုယ့်ခြေသံကိုပင် ပြန်ပြီးတော့ ကြားနေမိတာလား။

"ဟင်း. . ဟင်း. . ဟင်း. . ဟင်း. . "

ညည်းညူသံက ထပ်ပြီးတော့ ထွက်ပေါ်လာခဲ့ပြန်သည်။

ထိုစဉ်. . .

မျက်နှာမူရာ ရှေ့တည့်တည့်အမှောင်ရိပ်ထဲမှာ သဏ္ဍာန်တစ်ခုက ပြေးကွယ်သွားသည်။ ရိပ်ကနဲဆို မြင်လိုက်ရလေသည်။

" ဟင် "

အလင်းရောင်က ထိုနေရာဆီကို တန်းကနဲဆို



www.burmeseclassic.com

www.burmeseclassic.com



ရှောက်သွားခဲ့လေသည်။ ထိုသဏ္ဍာန်သည် အခန်းတစ်ခန်း၏ ထောင့်ချိုးကွေ့ဆီကို ပြေးဝင်သွားသည်။ ဖြူဖြူသဏ္ဍာန်တစ်ခု ပင်ဖြစ်သည်။ မင်းဒင်သည် လက်နှိပ်ဓါတ်မီးနှင့် ထိုးပြီးတောက် လျှောက်ပင်လိုက်သွားခဲ့လေသည်။

လှစ်ကနဲဆို နောက်ထပ်ထောင့်ချိုးတစ်ခုဆီကို ပြေးဝင် သွားခဲ့ပြန်သည်။ မီးရောင်ထိုးကာ မျက်ခြေပြတ်မခံပဲ လိုက်သွား ခဲ့ပြန်သည်။

" ခွီး "

" ဟာ "

ရိပ်ကနဲဆို လေထဲမှာ ခုန်ဝဲလာသော သဏ္ဍာန်တစ်ခု ကသူ့ကိုယ်ပေါ်ကို ပစ်လိုက်ပြီး အောက်ကိုပြုတ်ကျသွားခဲ့လေ ၏။ မင်းဒင်သည် အထိတ်ထလန့်ဖြစ်သွားကာ ထိုမည်းမည်း ကောင်အားခြေထောက်ဖြင့် ပစ်ကန်ထည့်လိုက်လေ၏။

" ဘုန်း. . "

ထိုမည်းမည်းကောင်သည် နံရံကိုမှန်ပြီးအောက်ကို ဘုန်းကနဲသို့ ပစ်ကျသွားခဲ့လေ၏။ ထိုနေရာကိုမီးနှင့်ထိုးကြည့် လိုက်ရာ ကြောင်နက်ကြီးတစ်ကောင် ဖြစ်နေသည်။ ကြောင် နက်ကြီးသည် မည်သည့်အကြောင်းကြောင့် ဤအိမ်ကြီးထဲမှာ ရှိနေမှန်းမသိပေ။ မတရားကြီးဝဖြိုးနေလျက် ရှိနေသည်။ မည်သည့်အစားအစာတွေကိုစားပြီး ဤမျှလောက်ထွားကျိုင်း နေရပါသနည်း။

ကြောင်တစ်ကောင် ဝင်နိုင်ထွက်နိုင်သည့် အပေါက်လို မျိုးရှိနေသလား သို့မဟုတ်ထွက်ပေါက်မရှိလည်း ကြွက်များ၊





ဖားများကိုစားပြီး အသက်ဆက်နေသလား။ ကြောင်နက်ကြီး သည်သွားကြီးတွေကို ဖြီးနေကာ အစွယ်ဖွေးဖွေးထသည် အထိ ဒေါသကြီးနေလျက်ရှိသည်။ သက်ရှိသတ္တဝါမရှိဘူးဆိုသည့် ဤအိမ်ကြီးထဲမှာ ကြောင်တစ်ကောင်ကတော့ ရှိနေပါလား။

"ငါအမှောင်ထဲမှာ မြင်လိုက်ရတာဖြူဖြူသဏ္ဍာန်တစ်ခု ပါ၊ အခုမြင်လိုက်ရတာကတော့ ကြောင်နက်ကြီးတစ်ကောင် ဒါဘယ်လိုဖြစ်တာလဲ"

မင်းဒင်သည် ဘယ်လိုမှနားမလည်နိုင်အောင် ဖြစ်သွား ခဲ့ရလေသည်။ ထို့နောက်ထိုအတွေးကို ချက်ချင်းပင် ဖျောက်ဖျက်ပစ်လိုက်သည်။ မသေချာ၊ မရေရာမှုများပင် စောစောက တဟင်းဟင်းနှင့် ထွက်ပေါ်လာသောအသံသည် ကြောင်ညည်းသံကြီးပင် ဖြစ်သည်ဟု သဘောပေါက် သွားသည်။

ကြောင်နက်ကြီးကတော့ သူမှန်းသိအောင် ရှေ့မှာကိုယ်ထင်လာပြနေလေပြီ။ သွားကြီးတွေဖြီးပြကာ ရန်မူ တော့မည့် လက္ခဏာမျိုးရှိနေသည်။

"ဟိတ်. . သွားစမ်း၊ သွားစမ်း"

အားနေသောဘယ်လက်ကို ရွယ်ပြီးမောင်းထုတ်ပစ် ရသည်။ လက်တစ်ဖက်ကလည်း လက်နှိပ်ဓါတ်မီးနှင့်ထိုးထားရ သေးသည်။ ကြောင်နက်ကြီးကတော့ တခွီးခွီးနှင့်ခြိမ်းခြောက်၍ ကောင်းတုန်း ဒေါသကြီးနေလိုက်သည်မှာ အမွေးများပင် ထောင်ထလျက်ရှိနေသည်။

"ဒီမလောက်လေးမလောက်စားကောင်က ငါ့ကို



www.burmeseclassic.com

www.burmeseclassic.com



အကြောင်းမဲ့ရန်ရှာချင်သေးတယ်"

မင်းဒင်သည်ကြောင်တစ်ကောင်နှင့်ပဲ အချိန်လုပ်နေရသည်ကိုမလိုလား. . ဘယ်လိုပဲမောင်းထုတ် မောင်းထုတ်၊ ကြောင်နက်ကြီးကတော့ နေရာမှတဖဝါးမှပင်မရွေ့ သူ့ပိုင်နက်ထဲသို့ကျူးကျော်ပြီးရောက်လာသူကို မလိုတမာအကြည့်နှင့် ကြည့်နေသည်။ မချွေရိယ မျက်လုံးတွေက မီးထတောက်တော့မလားမှတ်ရသည်။ မင်းဒင်စိတ်မရှည်တော့ မျက်လုံးတွေက လက်တစ်ကမ်းအကွာကို ဝေ့ကနဲဆို ရောက်သွားခဲ့လေ၏။

မှောင်ရီရီထဲမှာ ခွေးချီလိုလိုအရာတစ်ခုကို လှမ်းပြီးတော့မြင်မိလိုက်သည်။ ထိုပစ္စည်းကို ရုတ်တရက်ကောက်ဆွဲယူလိုက်ကာ ကြောင်နက်ကြီးကို ပစ်ပေါက်လိုက်လေ၏။

"ဖြောင်း"

"ဒွီး"

ကြောင်နက်ကြီးကို တိုက်ရိုက်ပင်ထိမှန်သွားသည်။ ကြောင်နက်ကြီးက ဒေါသတကြီးဖြင့် အော်လိုက်ပြီး ရိပ်ကနဲဆို ခုန်ထွက်သွားခဲ့လေသည်။ ပစ်ပေါက်ထည့်လိုက်သဖြင့် အခန်းထဲမှာ အသံကအတော်ပင် ကျယ်လောင်သွားခဲ့လေသည်။ မင်းဒင်သည်ပင် လန့်သွားသလိုဖြစ်သွားခဲ့ရသည်။ အသံကိုအပြင်ကပင်ကြားနိုင်လောက်သည်။ ကြောင်နက်ကြီးကာမရှိတော့ ဘယ်ပျောက်သွားမှန်းမသိနိုင်။ မင်းဒင်လက်နှိပ်ဓါတ်မီးကို ပိတ်လိုက်သည်။ မီးကိုချွေတာမှဖြစ်မည်။

"ငါပြန်ထွက်ရင်ကောင်းမလား"

မွန်းကြပ်နေသလို ခံစားနေရသည်။ ထို့ကြောင့်





ထိုအတွေးမျိုးဝင်လာခဲ့ခြင်းပင်၊ တဒင်္ဂတော့ ထိုနေရာမှာတွေပြီးတော့ရပ်နေမိသည်။ သူ့အံ့အားသင့်သွားမိရသည်။ အခန်းထဲမှာ စောစောကထပ်ပိုပြီးတော့ လင်းလာသလိုပင်။

အမြင်အာရုံကြောချို့ယွင်းသွား၍ ရုတ်တရက် လင်းကနဲ လက်ကနဲ မြင်ချင်ရာတွေကို မြင်မိလိုက်တာများလား။ မဟုတ်ပါ သူထင်သလိုမဟုတ်ပါ။

အလင်းရောင်ကအလိုလိုပင် ရောက်လာခဲ့သည်မှာ အမှန်။ တဖြည်းဖြည်းချင်း လင်းလာခဲ့ခြင်းမျိုး ထိုအခါအခန်းထဲရှိအရာဝတ္ထုများ အားလုံးကိုထင်ထင်ရှားရှားပင် မြင်လိုက်ရလေသည်။ မင်းဒင်သည် အိမ်ထဲမှာ ပတ်ချာလှည့်ပြီးတော့ ကြည့်မိလိုက်လေသည်။

မျက်နှာကြက်မှာ တပ်ဆင်ထားသည့်မီးချောင်းနှစ်ခု၊ လေးပေမီးချောင်းတွေ တစ်ချောင်းနှင့်တစ်ချောင်း ပေနှစ်ဆယ်လောက်ကို ကွာဝေးသည်။ မီးခလုတ်တွေကို မမြင်ရ၊ မည်သည့်နေရာမှာ ရှိနေသလဲမသိ မည်သူကခလုတ်ကို ဖွင့်လိုက်တာလဲ၊ အသံလည်းမကြားရ၊ ကြောင်နှင့်စောစောက အလှုပ်ရှုပ်သွားခဲ့စဉ်မှာ တစ်ယောက်ယောက်ကဖွင့်လိုက်တာများလား ဒါကြောင့် အသံတွေက ရောထွေးသွားပြီး မီးခလုတ်ဖွင့်သံကို မကြားမိလိုက်ရခြင်းပဲ ဖြစ်မည်ဟုထင်မိသည်။

သို့သော်. . .

မီးချောင်းမှ မီးလင်းလာနေပုံမျိုးသည် ဖျတ်ကနဲထိန်သွားခြင်းမျိုးမဟုတ် တဖြည်းဖြည်းနှင့် လင်းလာသည်မျိုး ပို၍ ပို၍ လင်းသထက်လင်းလာခဲ့သည်။ မာကျူရီမီးလုံးကြီးပမာ



www.burmeseclassic.com

www.burmeseclassic.com



လင်းထိန် လိုက်သည်မှာ မီးချောင်းကိုပင် မမြင်နိုင်တော့ မျက်လုံးတွေက လည်း ကြည့်၍မရတော့။

"ဖောင်း"

ပေါက်ကွဲသံကြီးက ထွက်ပေါ်လာသည်။ မီးချောင်းတစ်ချောင်းက ပျက်စီးသွားခဲ့ပြီ၊ ဖန်ကွဲစတွေက ကြမ်းပြင်ပေါ်ကို ပြန့်ကြဲသွားကြသည်။ ကျန်မီးချောင်းကတော့ အလင်းအားနည်းနည်းလျော့သွားသည်။ ဘယ်လိုပဲဖြစ်ဖြစ် အလင်းရောင်ရှိနေသည့်အတွက် အဆင်ပြေလျက်ရှိသည်။

"ဒါတစ်ယောက်ယောက်က လှုပ်ရှားလိုက်တာနဲ့ အဲ့ဒီလူဟာ ငါဒီအိမ်ထဲကိုရောက်နေတာ သိသွားပြီ၊ သင်းဘယ်မှာလဲ ငါ့ကိုတစ်နေရာကနေ ချောင်းပြီးတော့ ကြည့်နေလိမ့်မယ်"

မင်းဒင်သည် အိမ်ကြီးထဲမှာ မျက်မြင်အခြေအနေများကို လိုက်ပြီးတော့မှတ်ပုံရိုက်နေသည်။

ထိုစဉ်. . .

"ဒုန်း. . ဒုန်း. . ဒုန်း. . ဒုန်း. . "

မမျှော်လင့်ပဲ တဒုန်းဒုန်းနှင့် ထွက်ပေါ်လာသောအသံများ အသံထွက်ပေါ်လာရာဆီကို လှည့်ကြည့်မိလိုက်သည်။ ကျွန်းလှေကားကြီးတစ်ခုကိုအမှတ်မထင်ပင် တွေ့လိုက်ရလေသည်။ ဟောင်းမြေ့နေသည်မဟုတ်ပဲ၊ ဖိတ်ဖိတ်လက်ကာ ရှိနေသည်။ မဖြစ်နိုင်၊ ယုံကြည်နိုင်ဖွယ်ရာမရှိ ဒီအိမ်ကြီးထဲမှာ ဒါလောက်သစ်လွင်နေတဲ့လှေကားကြီးမျိုးရှိနေတယ်ဆိုတာ အမြင်မမှားနိုင်၊ ပကတိမျက်မြင်အခြေအနေအတိုင်းပင် လုံးဝမလွဲနိုင်ပါ။ လှေကားထစ်တွေတစ်ထစ်ပြီးတစ်ထစ် တဒုန်းဒုန်းဖြင့် လိပ်ကာ





လိပ်ကာကျလာသော ပစ္စည်းသည် မင်းဒင်ဆီကို တဖြည်းဖြည်းနှင့် လိမ့်လာခဲ့လေသည်။ မင်းဒင်ကခြေထောက်ဖြင့် ဆီးကာထိမ်း ထားလိုက်လေသည်။ သေသေချာချာ ကြည့်လိုက်သောအခါ ယင်းပစ္စည်းသည် ကြေးကွမ်းအစ်ကြီး တစ်လုံးဖြစ်နေသည်။ မည်သည့်အကြောင်းကြောင့် အောက်ကိုကျလာခဲ့သလည်း မသိပါ။ တစ်ယောက်ယောက်ကများ အောက်ကိုလိမ့်ချ လိုက်လေသလား။

မင်းဒင်သည်ကွမ်းအစ်ကိုကောက်ယူကာ ဘီရိုအမြင့် တစ်လုံးပေါ်မှာ တင်ထားလိုက်လေ၏။ ထို့နောက်လှေကားဆီကို လျှောက်သွားသည်။ အပေါ်ကို မော့ကြည့်လိုက်ရာ လှေကားထစ်များက ကော်ဇောလိုလို အသားများဖြင့် ခင်းထားသည်ကို တွေ့လိုက်ရသည်။ ငုံ့ပြီးလက်နှင့်ကိုင်ကြည့်သောအခါ လွန်စွာ မှုန်းညံ့သော ကတ္တီပါကော်ဇော၏ အသားပင်ဖြစ်နေသည်ကို တွေ့လိုက်ရသည်။

လှေကားထစ်များကို တစ်ထစ်ချင်းပင် နင်းပြီးတော့ တက်လာခဲ့သည်။ လေးငါးဆယ်ထစ်အရောက်တွင် မိမိကို အောက်ကနေတစ်ယောက်ယောက်က ကြည့်နေသည်ဟု အထင်ရှိလာခဲ့လေသည်။ နောက်ကျောကို မလုံမလဲဖြစ်လာမိသည်။

ထို့ကြောင့်. . .

ဖျတ်ကနဲဆို လှည့်ကြည့်မိလိုက်ရာ. . .

လူတစ်ယောက်. . .



www.burmeseclassic.com

www.burmeseclassic.com



ဖျတ်ကနဲဆို ပြေးထွက်သွားသည်ကို တွေ့လိုက်ရသည်။ လူကိုတော့ မမြင်လိုက်ရပါ၊ ရှည်လျားသော အရိပ်ကသာ ကျန်ရစ်နေခဲ့ခြင်းပင် အခန်းထောင့်ချိုးတစ်ခုသို့ ပြေးဝင်သွားခဲ့သည်ဟု ထင်မိလိုက်သည်။ သေချာနေပြီ၊ ဒါလူတစ်ယောက်ပဲတစ်ကယ့်ကို သေချာနေပြီ၊ ပြန်ပြီးတော့ စဉ်းစားလိုက်သည်။ ဝိညာဉ်တစ်ကောင်ကော မဖြစ်နိုင်ဘူးလား ဝိညာဉ်ဆိုတာကကော လူတွေကိုကြောက်တတ်ကြသလား. . ။

လူကပရလောကသားတွေထက် အဆင့်မြင့်တယ်၊ သူတို့ကကိုယ့်ကို ကိုယ်ထိလက်ရောက်မတိုက်ခိုက်နိုင်ကြဘူး၊ ခြောက်ရုံလှည့်ရုံလောက်ပဲရတယ်၊ ကိုယ့်ထက်အဆင့်နိမ့်တဲ့ လူတွေ. . .

ကြားဖူးနားဝရှိထားသည့်အတွက် အားတက်သွားခဲ့ရသည်။ လူမဟုတ်လည်း ဝိညာဉ်တစ်ကောင်ဖြစ်နေတော့ရော၊ ဘာဖြစ်လဲ ငါကဂရုစိုက်ရမှာလား. . .။

ကိုယ့်ကိုယ်ကိုယ်အားပေးတာလည်း ဖြစ်နိုင်သည်။ အရေးကြီးတာက ကြောက်စိတ်ဝင်မလာဖို့ပင် ကြောက်စိတ်က တပန်းရှုံးစေသည်။ အရေးနိမ့်တတ်သည်။

ထိုစဉ်မှာပင်. . .

"ထောက်"

ဖျတ်ကနဲဆို မီးကငြိမ်းသွားခဲ့သည်။ ခလုတ်သံကိုလည်း ကြားလိုက်ရသည်။ တစ်ယောက်ယောက်ကမီးခလုတ်ကို ပိတ်လိုက်တာ၊ တစ်ယောက်ယောက်ဆိုတာက. . .

မင်းဒင်ဆက်ပြီးတော့ မတွေးတော့၊ မတွေးရဲတော့၊





ဖျတ်ကနဲဆိုမီးပိတ်သွား၍ ရုတ်တရက်အမှောင်ကျသွားသည်။ လင်းနေရာမှချက်ချင်းအမှောင်ကျသွား၍ မျက်လုံးတွေပျာဝေသွားခဲ့ရသည်။ အကန်းပမာဖြစ်သွားသည်။ သတိကိုမလစ်စေပဲ လက်နှိပ်ဓါတ်မီးကို သုံးလိုက်ရသည်။ နောက်ကြောင်းကို ပြန်ပြီးတော့လှည့်ဖို့တော့ မကြိုးစား၊ လှေကားကိုတွေ့နေမှတော့ အပေါ်ထပ်ကို တက်ရဦးမည်။ ဒီလိုအခွင့်အရေးမျိုးဆိုတာ ရခဲဘိခြင်းပင်။

လှေကားပေါ်ကို စပြီးတော့တက်စဉ်မှာပင် လျှင်အောက်ထပ်မှအလင်းတစ်မျိုးက ရောက်လာခဲ့ပြန်သည်။ ဝိုးတဝါးအလင်းရောင်မျိုးက ထူးဆန်းစွာပင် အခန်းထဲမှာဖြန့်ကြက်လာခဲ့ပြန်သည်။ လက်နှိပ်ဓါတ်မီးကို မသုံးပဲ၊ သည်အတိုင်းပဲတက်လာခဲ့ပြန်သည်။ ကောင်းစွာမြင်သာသည်။

လှေကားက တစ်ဆစ်ချိုး နှစ်ဆစ်ချိုးကွေ့များ ရှိသည်၊ တကယ်တမ်းကျတော့ သုံးဆစ်ချိုးကွေ့ကို လွန်မြောက်ပြီးမှ အပေါ်ကိုရောက်လာခဲ့သည်။

"ခွီး. . "

မမျှော်လင့်ပဲ ထွက်ပေါ်လာခဲ့သော အသံကြောင့် ခြေထောက်တစ်ဖက်သည် အပေါ်ကိုလှမ်းတက်တော့မည့် ဆဲဆဲမှာရပ်တံ့သွားခဲ့ရသည်။ မီးရောင်ဖြင့် ထိုးကြည့်လိုက်ရာ စောစောကကြောင်နက်ကြီး လှေကားထိပ်ရှိ ပွတ်လုံးတိုင်ကြီးပေါ်မှာ ဆောင့်ကြောင့်ထိုင်လျက်ရှိနေသည်။

မျက်လုံးတွေကပါ နက်မှောင်နေပြီး ရန်လိုသော အကြည့်ဖြင့် ကြည့်နေသည်။ ပါးစပ်ကိုလည်း ဖြဲထားသည်။



www.burmeseclassic.com

www.burmeseclassic.com



အစွယ်လေးချောင်းက ဖွေးဖွေးထနေလျက်ရှိနေသည်။

"ဟ. . ဒီကောင်နဲ့ပကို ဆုံရပြန်ပြီ ဘယ်လိုကြောင့် ဒါလောက်တောင် ရန်လိုနေရတာလဲ၊ ဟေ့ကောင်ငါမင်းကို ရန်မရှာတော့ပါဘူးကွ. . အေးအေးဆေးဆေးနေစမ်းပါ"

သူ့အသံက အနည်းငယ်ကျယ်လောင်သွားသည်။ လှိုက်သံကရှန်ပြီးတော့ ထွက်လာသည်။ ကိုယ့်အသံနှင့်ကိုယ်ပင် ကျောထဲမှာ စိမ့်ပြီးတော့ တက်သွားမိသည်။ ကြောင်နက်ကြီးသည် မှီးကနဲဆို တစ်ချက်မာန်ဖီလိုက်ပြီးမှာ ကျွမ်းပစ်ကာ ထွက်သွားခဲ့သည်။ ကြောင်နက်ကြီးကို စောစောက စိတ်ပျက်မိသော်လည်းအခုတော့ ထင်ရှားသောသက်ရှိအဖော်ဟူ၍ ကြောင်နက်ကြီးတစ်ကောင်ရှိနေသေးပါလားဟူသော အသိကြောင့် စိတ်သက်သာရသွားခဲ့လေသည်။

အပေါ်ထပ်မှာလည်း ဝိုးတဝါးအလင်းရောင်က ဖောက်ပြီးတော့ ဝင်လာခဲ့ပြန်သည်။ ထိုအလင်းရောင်သည် မည်သည့်နေရာက ရောက်လာခဲ့သည်ကို ဦးနှောက်အခြောက်ခံပြီးတော့ စဉ်းစားမနေတော့ ဤအိမ်ကြီး၏လျှို့ဝှက်ချက် တစ်ခုပဲဟုသာ၊ အပေါ်ထပ်မှာလည်း အိပ်ခန်းတွေလေးငါးခန်းမက တွေ့လိုက်ရသည်။ မီးမထိုးပဲ တစ်ခန်းပြီးတစ်ခန်းလိုက်ပြီး ကြည့်မိသည်။ နှစ်ခန်းက သော့ခတ်ထားသည်။

ကျန်သည့်သုံးခန်းကတော့ သော့ခတ်ထားသည်ကို မတွေ့ရ သော့တွေကတော့တန်းလန်း ဖြစ်နေကြသည်။ သော့တွေကိုကိုင်ကြည့်မိရာ သံချေးတွေတက်မနေ၊ အမြဲတမ်း အသုံးပြုနေသည့်အတိုင်း အလတ်ကြီးပင် ရှိနေကြသေးသည်။





"ဟင်း. . ဟင်း. . ဟင်း. . ဟင်း. . "

ရုတ်တရက် ညည်းညူသံလိုလို ကြားလိုက်ရသည်။ အခန်းတစ်ခန်းထဲက ထွက်ပေါ်လာသည်ဟု ထင်မိသည်။

"ငါ့ကို တစ္ဆေခြောက်ပြီလား"

သေသေချာချာထပ်ပြီးတော့ နားထောင်လိုက်ပြန်သည်။ အတန်ကြာမှ ထွက်ပေါ်လာသည့်အသံ။

"ဟင်း. . ဟင်း. . ဟင်း. . ဟင်း. . "

သေချာပြီ တစ်ယောက်ယောက်ရဲ့ ညည်းတွားသံပဲ. . ။

သော့ခတ်ထားသည့် အခန်းတွေထဲကလာသည့် ညည်းညူသံ နီးစပ်သည်။ မင်းဒင်သည်အခန်းတစ်ခန်းကို နားနှင့်ကပ်ကာ နားထောင်လိုက်သည်။ ဘာသံမှမကြား၍ ညည်းညူသံကတိတ်ဆိတ်သွားသောကြောင့်ပင်၊ နောက်တစ်ခန်းပြီးတစ်ခန်း နားထောင်မိသည်။ အသံကထွက်ပေါ်မလာတော့။

"ငါ စိတ်ထင်မိနေတာလား"

မိမိကိုယ်ကို သံသယတွေဝင်လာမိခဲ့သည်။ အတွေးချောက်ချားပြီး နားကြားလွဲမှားနေသလား ဟူ၍ပင်။

သော့မခတ်ထားသော အခန်းသုံးခန်းအနက် တစ်ခန်းကိုအရင်ဖွင့်ကြည့်လိုက်သည်။ အံ့အားသင့်သွားမိသည်။ အခန်းထဲမှာ ကုတင်၊ မွေ့ယာ၊ ခေါင်းအုံး၊ စောင်ကအစတွေ့ရသည်။ မီးထိုးကာ အခန်းထဲကို ဝင်လိုက်သည်။ အိပ်ယာခင်းပေါ်ကို လက်ချောင်းတွေဖြင့် ပွတ်ကြည့်မိလိုက်သည်။ ဖုံတစ်မှုံပင် ကပ်ညိပြီးတော့ ပါမလာခဲ့။

"ဒါ လူနေတယ်ဆိုတဲ့လက္ခဏာပဲ၊ ဘယ်သူနေတာလဲ



www.burmeseclassic.com

www.burmeseclassic.com



သူကဘယ်သူလဲ"

မီးရောင်က ခေါင်းအုံးဖြူဖြူဆီကို ရောက်သွားခဲ့သည်။ ဆံနွယ်ခွေနွယ်လေးတစ်ခွေ၊ မရဲတရဲနှင့် လှမ်းပြီးတော့ ယူမိလိုက်သည်။ ဆံပင်တွေက နူးညံ့သည်။ တားဆီး၍မရသော ဆန္ဒကြောင့် နမ်းမိလိုက်သည်။ ဆီမွှေးနံ့ကိုရသည်။ မည်သည့်ဆီမွှေးလည်းဆိုသည်ကို မခန့်မှန်းနိုင်။

"တော်တော်ထူးတာပဲ"

စိတ်ထဲကပင် မှတ်ချက်ချမိလိုက်သည်။ ပါလာသော ပုဝါကိုဘောင်းဘီအိတ်ထဲက ထုတ်ယူလိုက်သည်။ ဆံခွေကို ပုဝါခေါက်ထဲထည့်ကာ အင်္ကျီအိတ်ထဲထည့်ပြီး သိမ်းဆည်းထားလိုက်သည်။

မျက်လုံးနှစ်လုံးသည် စေ့ထားသောတံခါးကြားကနေ အထဲကိုကြည့်နေသည်။ မင်းဒင်အခန်းအပြင်ကို ပြန်ထွက်ရန် ကိုယ်ကိုလှည့်မိလိုက်စဉ်မှာပင် ထိုမျက်လုံးတွေက ပျောက်ကွယ်သွားခဲ့လေ၏။

မင်းဒင်သည် အခန်းအပြင်ကို ပြန်ထွက်လာခဲ့သည်။ ဤအိမ်ကြီးနှင့်ပတ်သက်ပြီး တော်တော်လေးကို စိတ်ဝင်စားနေမိပြီဖြစ်သည်။ ထို့ကြောင့် နောက်တစ်ခန်းဝင်ရန် ကြိုးစားသည်။ စောစောကလိုစိတ်မျိုးမဟုတ်၊ အထဲကိုဝင်ရန် မဝံ့မရဲနှင့်ရှိနေသည်။ စိတ်ဆိုသည်မှာ သည်လိုပဲပြောင်းလဲတတ်သည်။ ဘာရယ်လို့တော့မဟုတ်၊ ထို့ကြောင့်အထဲကိုဝင်ရန်ပဲ ဆုံးဖြတ်လိုက်သည်။ တံခါးကိုလက်နှင့် အသာလေးတွန်းကြည့်လိုက်သည်။ အခက်အခဲမရှိ၊ မသံမမြည်ပဲ ပွင့်သွားသည်။





မီးရောင်ထိုးကာ အခန်းထဲကို ဝင်လိုက်သည်။

ထိုစဉ်. . .

သူ့မျက်လုံးတွေက အမှတ်မထင်အပေါ်ကို မော့ကြည့်မိလိုက်လေရာ. . တန်းလန်းကြီးဖြစ်နေသော အရာတစ်ခုကို တွေ့လိုက်ရလေရာ. . .

"ဟာ"

အထိတ်တလန့်နှင့် "ဟာ" မိလိုက်လေသည်။

❑ ❑ ❑



www.burmeseclassic.com

www.burmeseclassic.com

## (၇)

## ခြောက်လှန့်မှုများ

ထုတ်တန်းထက်မှပြုတ်ကျလာသော အရာကြီးကား. . မင်းဒင်ကို အရှိန်ဖြင့် ပစ်ရိုက်သွားလေရာ. . .

"အား"

အေးစက်ပျော့အိအိနှင့် မည်သည့်အရာမှန်းမသိ၊ မင်းဒင်မှာ မအောင့်အည်းနိုင်တော့ပဲ အထိတ်တလန့်ဖြင့် အော်မိလိုက်လေတော့သည်။ ထိုရှည်မျောမျော အရာကြီးသည် လေထဲမှာတန့်လန်းကြီး ဖြစ်နေကာ ရှေ့တိုးနောက်ငင် လွဲယမ်းနေလျက်ရှိနေလေသည်။

"ဘာ. . ဘာကြီးလဲ"

လည်ချောင်းထဲမှ ချောက်ချောက်ချားချားပင် ထွက်ပေါ်လာသောအသံ၊ ပင်ကိုယ်အသံမဟုတ်တော့၊ နောက်ကိုပက်လက်လန်ပြီးတော့ ကျသွားခဲ့၍ ဖင်ထိုင်လျက်ကလေး ကျောကအခန်း





နံရံကို မှီသွားမိသည်။ တော်သေး၏။ လက်နှိပ်ဓါတ်မီးက လက်ထဲက လွတ်ထွက်မသွားပေလို့သာ။

လေထဲမှာ လှုတ်ယမ်းနေသော အရာကြီးကိုလက်နှိပ်ဓါတ်မီးဖြင့် ထိုးကြည့်မိလိုက်ရာ. . .

"ဟင်"

အံ့အားသင့်သွားမိသည်။ မြင်လိုက်ရသည့်အရာက သူထင်သလို မဟုတ်ပါ။ လေထဲမှာ လှုပ်ရမ်းနေသော ရှည်ဓမျာမျောအရာကြီးသည် လေထီးတစ်ခုပင်တည်း ထုတ်တန်းပေါ်မှ အောက်ကိုပစ်ကျလာသော လေထီးကြီးသည် ကိုယ်မှာသိုင်းပြီး ချိသည့် ခါးစတ်ကြိုးလည်း ပါလာခဲ့လေရာ. . ယင်းအလေးချိန်ကြောင့် တန်းလန်းကြီးဖြစ်နေသည်။ ထို့ကြောင့်ရုတ်တရက်ကြည့်လျှင်လူတစ်ယောက်တွဲလောင်းကြီး ဖြစ်နေသလိုပင်. . .။

"ဟူး. . တော်ပါသေးရဲ့ မမြင်ဝံ့စာတွေ မြင်လိုက်ရပြီမှတ်နေတာ ဒီလေထီးကြီးက ဘယ်လိုကြောင့်ဒီအပေါ်ကို ရောက်နေတာလဲ"

ကြောက်စိတ်ဖြစ်သွားခဲ့ရသည့်အတွက် ကိုယ့်ကိုယ်ကိုပြန်ပြီးတော့ ရှက်သွားမိသည်။ ဒါလောက်အထိသတိလက်လွတ်ဖြစ်သွားရပါမည်လားဟူ၍ လေထီးစကိုလက်နှင့် တိုင်ကြည့်မိလိုက်သည်။ နူးအိနေသော ပိုးထည်စပင်ဖြစ်သည်။

"ဒါဟိုးအရင်နယ်ချဲ့ခေတ်က ပစ္စည်းပဲ၊ ဒီအိမ်ကြီးဟာ အင်္ဂလိပ်တွေလည်း အသုံးပြုခဲ့ဖူးတယ် ဖက်ဆစ်ဂျပန်တွေလည်း ကင်ပေတိုင်ရုံးချုပ်အနေနဲ့ သုံးဖူးခဲ့ကြတယ်တဲ့

ဒါပေမယ့်ဒီလေထီးဟာ ဒါလောက်နှစ်တွေကြာပြီး



www.burmeseclassic.com

www.burmeseclassic.com



ဘာဖြစ်လို့ ဟောင်းနွမ်းမနေပဲ သစ်လွင်လက်ဆတ်နေရတာလဲ သူ့အလိုလို ကျလာခဲ့တာလား တစ်ယောက်ယောက်က ပစ်ချလိုက်တာလား၊ အဲ့ဒီတစ်ယောက်ယောက်ဆိုတာကကော ဘယ်သူများဖြစ်နိုင်မလဲ ဒီအိမ်ထဲမှာ တစ်ခြားသက်ရှိလူသားရယ်လို့ မရှိနိုင်ပါဘူး"

မင်းဒင်စဉ်းစား၍ မရနိုင်တော့။

"မျက်နှာဖြူလေထီး စစ်သားတစ်ယောက်ယောက်ကများ ဒီအိမ်ကြီးထဲမှာ သေဆုံးခဲ့လေသလား၊ ဒီလူက မကျွတ်မလွတ်ဘဝနဲ့ ဒီအိမ်ကြီးထဲမှာ ရှိနေလို့လား၊ ငါကြားခဲ့ရတဲ့ ခြေသံလိုလိုဟာတွေ၊ တစ်ယောက်ယောက်ကနောက်ကနေ ကြည့်နေသလိုလို ခံစားနေရတာတွေဟာ ခြောက်လှန့်မှုတွေများလား"

မဆီမဆိုင်အတွေးတွေဖြင့် မိမိကိုယ်ကိုပြန်ပြီးတော့ ခြောက်လှန့်နေသလို ဖြစ်နေသည်။ တစ်ယောက်တည်းရှိနေသောအခါ အထီးကျန်ဖြစ်နေသောသူတွေ၊ တောင်စဉ်ရေမရ ရောက်တတ်ရာရာတွေကို လျှောက်တွေးနေတတ်ကြသည်ပဲလား။

မင်းဒင်သည် ထိုအခန်းထဲမှလည်း လျှင်မြန်စွာပင် ထွက်လာခဲ့ပြန်သည်။ အောက်ထပ်ကိုပဲ ပြန်ပြီးဆင်းလိုစိတ်က ဖြစ်ပေါ်လာခဲ့လေသည်။ ကြောင်နက်ကြီးကိုလည်း တစ်ဖန်ပြန်ပြီးတော့ မတွေ့ရတော့ပါ။ ဤအိမ်ကြီးနှင့်ပတ်သက်ပြီး နားမလည်နိုင်သည်က များနေသည်။

လှေကားအတိုင်းအောက်ကို ပြန်ပြီးတော့ ဆင်းလာခဲ့လေသည်။ အောက်ကိုရောက်ကာနီးမှာ ရိပ်ကနဲဆိုသံဏ္ဍာန်





တစ်ခုကို တွေ့လိုက်သလိုရှိရာ မီးဖြင့်ဖမ်းပြီးတော့ ထိုးလိုက်လေ၏။ ပျောက်သွားသည်။ မီးရောက်ထွက်သွားသည်။ နောက်ကနေ မီးထိုးရင်း တောက်လျှောက်ပင် လိုက်သွားခဲ့လေ၏။ မတွေ့ရတော့ပါ၊ ကျားလား၊ မလား၊ မကွဲပြား၊ ပြေးသွားရာတွင် ခြေသံတဖျတ်ဖျတ်ကိုပင် ကြားနေရသည်။

"ဒါလူတစ်ယောက်ပဲ ဖြစ်နိုင်တယ်၊ ဝိညာဉ်တစ်ကောင်ဆိုရင် ဒီလိုပြေးထွက်သွားလို့ ခြေသံမြည်မှာမဟုတ်ဘူး၊ ဒီအိမ်ကြီးဟာ လူမနေဘူးလို့ သတင်းလွှင့်ထားတာ တစ်ကယ်တော့ တစ်ယောက်နှစ်ယောက်ကတော့ ရှိနေတယ်၊ ဒါကလည်း သူတို့အကြောင်းနဲ့သူတို့ လျှို့ဝှက်ပြီးတော့ နေနေကြတာပဲဖြစ်မယ်"

(မင်းဒင်က ကိုယ်လိုရာကိုဆွဲပြီးတော့ တွေးလိုက်သည်။ သူ့အတွေးမှန်မမှန် မသိနိုင်ပါ။)

ထိုသဏ္ဍာန်ပြေးထွက်သွားရာဆီကို စိတ်မှန်းဖြင့်လိုက်သွားခဲ့လေ၏။ တစ်နေရာရာမှာတော့ ဆုံမိလိမ့်မည်ဟုထင်မိလိုက်လေသည်။ စိတ်အထင်မှာ ခြေရင်းဘက်ကို ရောက်လာသည်ဟု ခန့်မှန်းမိသည်။

"ဟင် ငါဘယ်နေရာကို ရောက်နေတာလဲ"

မီးရောင်ဖြင့် ပတ်ပတ်လည်ကို ထိုးမိသည်။ စကြံန်လမ်းကြီးတစ်ခုပေါ်ကို ရောက်နေသည်။ မီးရောင်က ညာဘက်ကိုဝေ့သွားသည်။ လမ်းကျဉ်းလေးတစ်ခု လမ်းခွဲလိုလိုဖြစ်နေသည်။ ရှေ့မှာ အုတ်နံရံကြီးပဲရှိတော့သည်။ ဆက်သွားစရာမရှိတော့။

ထို့ကြောင့်. . .



www.burmeseclassic.com

www.burmeseclassic.com



လမ်းကျဉ်းလေးဆီကိုပင် ရောက်သွားခဲ့သည်။ လမ်းက ရှည်ပြီးငါးပေသာသာလောက်ပဲ ကျယ်သည်။ မျက်လုံးတွေက အလိုလိုပင် ကြမ်းပြင်တစ်နေရာဆီကို ရောက်သွားခဲ့လေသည်။ သံကွင်းတစ်ခုကို မမျှော်လင့်ပဲ တွေ့လိုက်ရသည်။ လက်ကိုင်ကွင်းလိုလိုပင် မင်းဒင်က လက်ကိုင်သံကွင်းကို ဆုပ်ကိုင်ပြီး ဆွဲမလိုက်ရာ လေးထောင့်သဏ္ဍာန်အဖုံးတံခါးသည် ပွင့်ထွက်လာခဲ့လေ၏။

"မြေတိုက်ခန်းပါလား. . ."

မြေတိုက်ခန်းတစ်ခု ဖြစ်နေသည်။ ဒူးထောက်ကာ မီးထိုး၍အောက်ကိုငုံ့ကြည့်လိုက်သည်။ လှေကားထစ်များကို တွေ့လိုက်ရသည်။ အကျအနပြုလုပ်ထားသော ကျွန်းလှေကားကြီးပင်၊ အောက်ကို ပေသုံးဆယ်ခန့် နက်လိမ့်မည်ဟု ထင်မိသည်။ ဆင်းသင့်မဆင်းသင့် ချိန်ဆနေမိရသေးသည်။

သို့သော်. . .

မြေတိုက်ခန်းထဲမှာ ဘာရှိနိုင်မလဲဟု သိချင်လာမိသည်။ ဆင်းရမှာလည်း ဝန်လေးနေမိသည်။ သို့သော်. . အလိုလိုနေရင်းနှင့်ပင် အောက်ကိုဆင်းချင်စိတ်က ဖြစ်ပေါ်လာမိသည်။ တစ်ဦးဦးက တိုက်တွန်းနေသလိုလိုပင်။

"ငါဒီအထဲကို ရောက်လာမှတော့ နေရာနှံ့အောင် လိုက်ပြီးတော့ကြည့်မယ်၊ ဒါဟာ ငါ့ရဲ့ အခွင့်အရေးပဲ ဖြစ်ချင်ရာဖြစ်"

စိတ်ကိုတင်းကာ အားမွေးလိုက်ပြန်သည်။ မီးထိုးကာ အောက်ကိုဆင်းလာခဲ့သည်။ လှေကားက တောက်လျှောက်





တစ်ကြောင်းတည်းမဟုတ်ပေ၊ တစ်ဆစ်ချိုး၊ နှစ်ဆစ်ချိုး၊ သုံးဆစ်ချိုးကွေ့တွေ များလာသည်။

အောက်ကိုရောက်လာသည်။ ပတ်ဝန်းကျင်ကို မီးရောင် နှင့် အဆက်မပြတ်ထိုးပြီးတော့ကြည့်သည်။

"မြေတိုက်ခန်းထဲမှာလည်း အခန်းတချို့ဖွဲ့ထားတဲ့ပုံပဲ တော်တော့်ကို ကြီးကျယ်ခန်းနားတဲ့ အိမ်ကြီးပါလား"

ကြောက်စိတ်ထက် စိတ်ဝင်စားမှုက ပိုပြီးတော့ နက်ရှိုင်းလာခဲ့လေ၏။

နံရံတွေ၊ မျက်နှာကြက်တွေကို မီးထိုးကြည့်သည်။ နံရံတွေမှာရော၊ မျက်နှာကြက်တွေမှာရော၊ မီးချောင်းတွေကိုတွေ့လိုက်ရသည်။ လေးပေမီးချောင်းတွေ၊ နံရံကပ်မီးအုပ်ဆောင်းလေးခုကိုလည်း နံရံတစ်ဖက်စီမှာ နှစ်ခုစီတွေ့လိုက်ရသည်။

"မီးခလုတ်တွေ ဘယ်မှာပါလိမ့်"

မီးခလုတ်ရှိမည့်နေရာကို လိုက်ပြီးတော့ရှာသည်။

"ထောက်. . ထောက်. ."

မီးခလုတ်ဖွင့်သံ မီးရောင်ကမြေတိုက်ခန်းထဲမှာ ဖျတ်ကနဲ ဖျတ်ကနဲဆို လင်းလာခဲ့သည်။ မင်းဒင်အံ့အားသင့်သွားခဲ့ရသည်။

"ဘယ်သူဖွင့်လိုက်တာလဲ. . ဘယ်သူလဲ"

အမေးသာရှိသည်။ ဖြေမည့်သူကမရှိ၊ မျက်လုံးတွေက နံရံပေါ်ကို ရောက်သွားသည်။ မီးခလုတ်ကိုတွေ့ရသည်။ ထိုနေရာကိုတဖြည်းဖြည်းနှင့် လျှောက်သွားသည်။ မီးခလုတ်တွေက ကျနေသည်။ ဖွင့်ထားသည်။ မည်သူလာဖွင့်လိုက်မှန်း မသိလိုက်



www.burmeseclassic.com

www.burmeseclassic.com



ချေ။ သူ့အလိုလိုတော့ ကျမလာနိုင်။

မင်းဒင်သည် သဘောပေါက်သွားမိသည်။ ဤမြေတိုက်ခန်းထဲမှာ သက်ရှိထင်ရှားလူသားတစ်ဦး၊ နှစ်ဦးလောက်တော့ ရှိနေပြီ။

“လူလား၊ တစ္ဆေပဲဖြစ်မလား၊ လူမနေတဲ့ အိမ်ကြီးဆိုပြီး ဘာဖြစ်လို့ ဒီလိုလှုပ်ရှားမှုတွေ ရှိနေတာလဲ”

စဉ်းစား၍မရ၊ အတွေးကပေါ်မလာ၊ ဘာကြောင့်ရယ် မသိ စိုးထိတ်မှုတွေက အနည်းငယ်လျော့ပါးသွားသည်။ အဖော်ရှိနေသည်ဟု ခံစားမိသောကြောင့်ပင်။

မြေတိုက်ခန်းထဲမှာလည်း လမ်းတွေကရှိနေသည်။ ငါးပေခန့်ကျယ်သော လမ်းမှသည် ဆယ်ပေကျယ်သောလမ်းများ အထိဖြစ်လာသည်။

“အိမ်ကြီးက ကြီးပေမယ့် မြေတိုက်ခန်းထဲမှာ ဒါလောက်တောင် ကျယ်ပြန့်နေပုံထောက်ရင် ခြံပြင်ကို ရောက်တဲ့အထိ ချဲ့ထားလို့ပဲဖြစ်ရမယ်”

ရှေ့တည့်တည့်မှာ လမ်းတစ်ခုရှိနေသည်။ ပတ်ပတ်လည်မှာကာရံထားသော နံရံများသည် နှစ်တစ်ရာထက်တော့ မအောက် ဒုတ်နီနီများကို အကွက်ဖော်ထားသည်။ မျက်နှာဖြူများလက်ထက်ကတည်းက ရှိခဲ့သည့်အဆောက်အဦးဆိုသည်မှာ ဖြစ်နိုင်သည်။ လက်ဆင့်ကမ်းပြီးတော့ နေလာခဲ့ကြသောကြောင့် ပြုပြင်မှုတွေလည်း ရှိခဲ့ဟန်တူသည်။

မင်းဒင်သည် ရှေ့မှာမြင်လိုက်ရသော လမ်းအတိုင်း လျှောက်သွားသည်။ မြေတိုက်ခန်းထဲမှာမို့လားမသိ၊





အနံ့အသက် ကတစ်မျိုးဖြစ်နေသည်။

“ဖဟ်ဆစ်ဂျပန်တွေ ခေတ်ကာကင်ပေတိုင်ရုံးချုပ် လုပ်ဖူးခဲ့တဲ့နေရာလို့ သေသေချာချာသိထားကြတယ်၊ ဖက်ဆစ်တွေဟာသူတို့မသက်ာကြတဲ့ လူတွေကိုမတရားဖမ်းဆီးကြ လူမဆန်တဲ့နည်းတွေနဲ့ စစ်ဆေးကြနဲ့ ဒီလိုနဲ့ သေဆုံးကုန်ကြတာပဲလေ၊ ဒီလူတွေလည်း မကျွတ်မလွတ်ဘဝနဲ့ ရှိနေကြမှာပေါ့. . လူတကာကို ခြောက်လှန့်နေကြမှာပေါ့. . .။

သျှောင်တစ်စောင်းနဲ့လူကြီး၏စကားက နားထဲကို ပြန်ပြီး တော့ ဝင်လာခဲ့ပြန်သည်။ ထို့ကြောင့် ဤမြေတိုက်ခန်းကြီးကို သံသယဝင်သွားခဲ့ရပြန်လေသည်။ ဖျတ်ကနဲအသံကြားမိလိုက်ရ၍ နောက်ကိုလှည့်ကြည့်မိလိုက်သည်။ မီးမရောက်သောနေရာ အလင်းရောင်နှင့်ဝေးနေသော နေရာမှာလူတစ်ယောက်။

ဖက်ဆစ်ဂျပန်အဝတ်အစားနှင့်ဖြစ်သည်။ ဓါးရှည်ကြီးတစ်လက်ကို ခါးမှာချိတ်ထားသည်။ ပစ္စတိုသေနတ်ကိုလည်း ခါးပတ်မှာချိတ်ထားသည်။ ဘေးတစ်စောင်းရပ်နေသည့် အနေအထားပင်၊

“ဟာ. . ဟို. . ဟိုမှာ”

နှုတ်ကအသံထွက်သွားသည်။ ခေါင်းကိုခါယမ်းလိုက်သည်။ မည်သူ့ကိုမှ မတွေ့ရတော့။

“မြေတိုက်ခန်းထဲက အကြောင်းကို စဉ်းစားမိလိုက်လို့ အတွေးကကြောင်သွားခဲ့တာလား. . တစ်ယောက်တည်းနေတတ်တဲ့သူဟာ ကြာလာရင်စိတ်ဂယောင်ချောက်ချားဖြစ်တတ်တယ်၊



www.burmeseclassic.com

www.burmeseclassic.com



ဆိုတာဟုတ်လိမ့်မယ်၊ ငါဒီလိုမဖြစ်သင့်ဘူး၊ ငါဒီအထဲကို ရောက်လာခဲ့တာ ဘာများကြာသေးလို့လဲ"

မင်းဒင်သည် မိမိကိုယ်မိမိ အားပေးရသည်။ ကြောက်စိတ်တွေဝင်မလာနိုင်စေရန် ဖြစ်သည်။

(မင်းဒင်သည် ဤအိမ်ကြီးနှင့် ပတ်သက်ပြီး သူမသိသေးတာတွေအများကြီးရှိသေးသည်။ မကြာမီမှာပင် သိလာရတော့မှာဖြစ်သည်။)

ထိုစဉ်. . .

"ထောက်. . ထောက်. ."

ရုတ်တရက် အမှောင်ကျသွားသည်၊ မီးခလုတ်တွေကို တစ်ယောက်ယောက်က ပိတ်လိုက်ဟန်တူသည်။ ထို့ကြောင့် မျက်လုံးတွေ ပျာဝေသွားခဲ့ရသည်။ ဘာကိုမှ မမြင်နိုင်ရတော့၊ အကန်းပမာဖြစ်သွားခဲ့ရသည်။ အလိုလိုနေရင်း ဒေါသလည်း ထွက်သွားခဲ့ရသည်။

ချက်ချင်းပင် လက်နှိပ်ဓါတ်မီးကို ပြန်ပြီးတော့သုံးလိုက်ရသည်။ မီးခလုတ်ရှိသည့် နေရာကိုမီးရောင်ကဖျတ်ကနဲ ဆိုရောက်သွားခဲ့သည်။ အံ့အားသင့်သွားမိသည်။ မီးခလုတ်တွေကအပေါ်ကိုပြန်ပြီးတော့ တင်လျက်သား. . .။

"ဒါတစ်ယောက်ယောက်ရဲ့ လက်ချက်ပဲ"

မင်းဒင်သည် သူ့ကိုတစ်ယောက်ယောက်လာပြီး မထိသေး၍ ငြိမ်ပြီးနေဦးမည်။ မထိခလုတ် ထိခလုတ်မျိုးကတော့ ဂရုမစိုက်သေး၊ သတိတော့ထားရသည်။ ရှေ့ကိုမီးထိုးပြီးတော့ ဆက်လျှောက်သွားသည်။





မီးရောင်အောက်မှာ သတ္တဝါတစ်ကောင်က ဘွားကနဲ ဆိုပေါ်လာခဲ့သည်။ မင်းဒင်ခေါင်းကြီးသွားသည်။ ကျားကြီးတစ်ကောင်ပင် ပါးစပ်ကြီးကိုဖြဲကာ အစွယ်တဖွေးဖွေးနှင့် ရှိနေသည်။ နားထဲမှာ ကျားကြီး၏ရင်ထဲက မာန်ဖီသံ (ဝမ်းခေါင်း သံ)ကြီးကိုပင် ကြားမိလိုက်ရသည်။

မင်းဒင်လည်းကြောက်ကြောက်နှင့် နေရာမှမလှုပ်မယှက်ရပ်နေမိသည်။ ကျားကြီးက လှုပ်ရှားလာပြီး မိမိကိုများ ခုန်အုပ်လိုက်လေမည်လားဟု. . .။

သို့သော်. . .

အတန်ကြာသည်အထိ ကျားကြီးက မလှုပ်မယှက်နှင့် ဒီအတိုင်းပဲ ရှိနေသည်။ သက်ာမကင်း ဖြစ်လာမိသည်။ အနဲ့ရဲကိုး ပြီးတော့ တဖြည်းဖြည်းနှင့် လျှောက်သွားသည်။ အနားကိုရောက် သည်အထိ ကျားကြီးက ပါးစပ်ကြီးကိုဖြဲကာ ကြည့်နေဆဲ၊ မရဲ တရဲနှင့် ခေါင်းကိုကိုင်ကြည့်လိုက်မိသည်။

"ရုပ်ထုကြီးပါလား ငါနှယ့်နော်"

အစာသွပ်ထားသောကျားကြီးတစ်ကောင်ဖြစ်မှန်း သိလိုက်ရလေ၏။ သို့သော် သူ့လက်ကို ချက်ချင်းပင်ပြန်ပြီးတော့ ရုပ်မိလိုက်သည်။ ကျားကြီးကကိုယ်ငွေ့ရှိနေသလိုလို၊ သွေးကြောထဲမှာသွေးတွေက လည်ပတ်နေသလိုလို တကယ်သက်ရှိကျားအတိုင်းပါတကား၊ သက်ပြင်းတစ်ချက်ကို မသိမသာချမိလိုက်ရသည်။

တို့နောက်. . .

ကျားရုပ်ကြီးကို လှည့်ကြည့်၊ လှည့်ကြည့်နှင့် တိုနေရာ



www.burmeseclassic.com

www.burmeseclassic.com



မှထွက်လာခဲ့သည်။ စိတ်မချနိုင်သေး၊ **လက်နှိပ်ဓါတ်မီးရောင်ကို** အားပြုပေမယ့် မြေတိုက်ခန်းထဲမှာ မှိုဝါးဝါးအလင်းရောင် တမျိုးကထွက်နေသည်ဟု ထင်မိရသည်။ ဓါတ်မီးကို ပိတ်ကြည့်လိုက်ရာ ရုတ်တရက်အမှောင်ကျသွားသော်လည်း နောက်တော့ဖြည်းဖြည်းနှင့် ပြန်ပြီးတော့ မြင်လာသလိုပင်. . .။

"ဒီအခန်းထဲမှာ ထူးဆန်းတဲ့အလင်းရောင် ရှိနေတာလား. .၊ ငါ့မျက်လုံးတွေကပဲ ဖောက်ပြန်နေလို့လား"

ကိုယ့်ကိုယ်ကိုလည်း မယုံကြည်တော့ ဤအိမ်ကြီးနှင့်ပတ်သက်၍သော်လည်းကောင်း၊ အထဲမှာရှိနေကြသော အရာဝတ္ထုများသည်လည်းကောင်း (မိမိအပါအဝင်) ညှို့ချက်မိနေကြကာ အားလုံးဖောက်ပြန်ကုန်ကြပြီဟု ထင်မိလိုက်သည်။

ထိုစဉ်. . .

"ဝုတ်. . ဝုတ်. . ဝုတ်. . ဝုတ်. ."

ခွေးဟောင်သံက ထွက်ပေါ်လာခဲ့ပြန်သည်။ မထင်မှတ်ပဲထွက်ပေါ်လာခဲ့သည့်အသံမို့ ခေါင်းကြီးသွားခဲ့ရသည်။ ကြက်သီးမွေးညှင်းများပင် ထသွားခဲ့ရလေသည်။ ရုတ်တရက် လစ်ကွာသွားသောစိတ်ကို ပြန်လည်၍ ချုပ်တည်းလိုက်ရသည်။ အသံထွက်ပေါ်လာရာဆီကို မီးထိုးကြည့်လိုက်လေရာ. . .

" ဟင် "

အံ့အားတသင့်နှင့် မျက်လုံးပြူးသွားခဲ့ရသည်။ သူတွေ့လိုက်ရသည်ကား ခါးစောင်းလောက်မြင့်မားသည့် ခွေးနက်ကြီးတစ်ကောင်၊ ခွေးဘီလူးကြီးတစ်ကောင်လား မှတ်ရသည်။ ပါးစပ်ကြီးကိုဖြဲကာ မာန်ဖီခြိမ်းခြောက်နေလျက်. . .။





သူ့စိတ်ထဲမှာ အစာသွပ်ထားသော ကျားကြီးကို သတိရသွားခဲ့လေ၏။ ခွေးနက်ကြီးဆီက ဘာသံမှထွက်မလာတော့၍ သံသယဝင်သွားခဲ့ရခြင်းပင် ဖြစ်သည်။

သူ့အတွေးမဆုံးလိုက်ပါ။

"အင်း. . ဟင်း. . ဟင်း. ."

ညည်းညူသံကြီးက ထွက်ပေါ်လာခဲ့သည်။ စောစောကလည်း ဤလိုညည်းညူသံမျိုးကို ကြားမိလိုက်ရသလိုပင်၊ အသံထွက်ပေါ်လာရာသည်ဟု ထင်ရသောနေရာကို မီးထိုးပြီးတော့ တောက်လျှောက်ပင် လိုက်သွားခဲ့လေ၏။

"ဖတ်. . ဖတ်. . ဖတ်. . ဖတ်. ."

ကျောဘက်မှ ထွက်ပေါ်လာသောအသံ၊ ဖျတ်ကနဲဆိုလှည့်ပြီးမီးထိုးကြည့်လိုက်လေ၏။ ဖြူဖြူသဏ္ဍာန်တစ်ခုကိုမြင်လိုက်ရသလိုပင်၊ မီးရောင်အောက်မှာ ရုတ်ချည်းပင်ပျောက်ကွယ်သွားသည်။ ဂယောက်ဂယက်ဖြစ်လာသော စိတ်ကြောင့်ပဲလား. . မိမိမြင်လိုက်ရသည်က ဟုတ်မှဟုတ်ရဲ့လားစိတ်ကထင့်နေပေမယ့်. . ခြေလှမ်းတွေကတော့ ရှေ့ကိုဆက်လျှောက်သွားသည်။

မီးရောင်အောက်မှာ မြင်လိုက်ရသည်က အခန်းတစ်ခုသော့မခတ်ထား၊ မင်းဒင်စိတ်ဝင်စားသွားခဲ့ရသည်။ လက်ဖြင့်တွန်းကြည့်လိုက်ရာ ပွင့်သွားသည်။ အံ့အားသင့်သွားသည်ကအခန်းထဲမှာ မီးအလင်းရောင်က ရှိနေသောကြောင့်ပင်၊ တဖြည်း ဖြည်းနှင့် အထဲကိုဝင်လာမိသည်။

သူတွေ့လိုက်ရသည်က ရှေးဟောင်းစားပွဲကြီးတစ်လုံး



www.burmeseclassic.com

www.burmeseclassic.com



ပင် စားပွဲထက်မှာ ဝါဆိုဖယောင်းတိုင်ကြီးတစ်တိုင်ကို ထွန်းထားသည်။ ခပ်လှမ်းလှမ်းမှာ ရင်စို့ခန့်ရှိသော ကျောက်စင်မြင့်တစ်ခု မင်းဒင်၏မျက်လုံးအစုံသည် ဝိုင်းစက်သွားခဲ့ရသည်။ ခေါင်းတလားကြီးတစ်ခုကို မမျှော်လင့်ပဲ တွေ့လိုက်ရသောကြောင့်ပင် အဖုံးကတော့မရှိ၊ ပွင့်လျက်သားရှိနေသည်။

ခေါင်းတလားကြီး၏အနားကို မရဲတရဲနှင့် တိုးကပ်သွားသည်။ ထို့နောက်. . အထဲကိုငုံ့ကြည့်မိလိုက်လေရာ. . .

" ဟင် "

အံ့သြတုန်လှုပ်သွားခဲ့ရသည်။ အော်လိုက်မိရန်ကြံသော်လည်းအသံက ထွက်မလာ၊ တစ်ကိုယ်လုံးလည်း အေးစက်တောင့်တင်းသွားလေ၏။ သူတွေ့လိုက်ရသည်က အလောင်းတစ်လောင်း ထိုလူကြီးသည် သျှောင်တစ်စောင်းထုံးထားသည်။ ထူထဲသောနှုတ်ခမ်းမွေးက စိမ်းညို့နေသည်။ ထိုလူကြီးကို မြင်ဖူးသလိုရှိသည်။ ချက်ချင်းပင် တွေး၍မပေါ်။

ကြောက်စိတ်တစ်ဝက်၊ အံ့အားသင့်ခြင်းတစ်ဝက်ဖြင့်ကြည့်နေဆဲမှာပင် ခေါင်းတလားကြီးထဲမှ လူကြီးကရုတ်တရက်ကုန်းတလာပြီး မင်းဒင်၏လက်ကို ဆတ်ကနဲဆို ဖမ်းဆွဲထားလိုက်လေတော့သည်။

"အား. . အောင်မလေးဗျာ"

အလန့်တကြားဖြင့် အော်လိုက်မိလေ၏။ လက်ကိုလည်းဆောင့်ရုန်းပစ်လိုက်ကာ အခန်းထဲမှ ဂရုမမူးတိုးပင် ပြေးထွက်လာမိသည်။

" ဒုန်း. . "





တံခါးကိုဝင်တိုက်မိသွားသည်။ အမှောင်ထဲမှာ မီးထိုးရင်းပြေးမိပြေးရာ ပြေးလာခဲ့လေတော့သည်။

ထိုစဉ်မှာပင်. . .

"အင့်"

"အား"

လူတစ်ယောက်ကို ဝင်တိုက်မိလေရာ. . .

❑ ❑ ❑



www.burmeseclassic.com

www.burmeseclassic.com

(၈)

## အမှောင်ထဲက မိန်းကလေး

နှစ်ယောက်စလုံး အမှတ်တမဲ့ ဖက်တွယ်မိလိုက်ကြသည်။ လဲကျသွားခဲ့ကြလေ၏။ မင်းဒင်သည် မိမိရင်ခွင်ထဲကို ရောက်လာသောသူသည် နူးညံ့သောအတွေ့အထိကို ပေးသောကြောင့် မိန်းကလေးတစ်ယောက်ဆိုသည်ကို သိလိုက်ရလေ၏။ လည်ပင်းမှာ ဆွဲထားသော ကင်မရာနှင့် မိန်းကလေးကို အမှတ်မထင်ထိခိုက်မိသွားခဲ့လေရာ. .

"အား. . ကျွတ်. . ကျွတ်. ."

မိန်းကလေးထံမှ ညည်းညူသံက ထွက်ပေါ်လာခဲ့လေသည်။ နှစ်ယောက်စလုံ လူးလဲပြီးတော့ ထမိလိုက်ကြသည်။ အမြတမ်းသတိထားနေသော မင်းဒင်က မိန်းကလေး၏မျက်နှာကို လက်နှိပ်ဓါတ်မီးဖြင့် ထိုးပြီးတော့ကြည့်လိုက်ရာ. . .

"အို. . ဒီလိုမလုပ်ပါနဲ့ ပိတ်လိုက်ပါ"





မိန်းကလေးက သတိပေးလိုက်ရာ မီးကိုချက်ချင်းပင် ပြန်ပိတ်လိုက်လေသည်။

"လာ. . စကားမပြောနဲ့"

မင်းဒင်ကို လက်ဆွဲပြီးတော့ ခေါ်သွားသည်။ မည်သည့်နေရာကို ခေါ်သွားမလည်းမသိ၊ အမှောင်ထဲမှာ သူမခေါ်ဆောင်ရာကို လိုက်ပါနေရသည်။ မီးလည်းမသုံးရဲ၊ သူ့လက်မောင်းကို ဆုပ်ကိုင်ကာ ခြေလှမ်းသွက်သွက်ဖြင့် သွားနေသောသူသည် လူသားမိန်းကလေးမှ ဟုတ်ပါ့မလား၊ တစ္ဆေတစ်ကောင်ဖြစ်နေခဲ့လျှင် ဝိဉာဉ်တစ္ဆေဆိုတာ လူ၊ အရာဝတ္ထုတွေကို ထိတွေ့နိုင်လို့လား. . ."

တစ်နေရာကို ရောက်သောအခါ အခန်းတစ်ခန်းကို မိန်းကလေးက တွန်းဖွင့်ပြီးတော့ ဝင်သွားသည်။ မင်းဒင်ကိုပါ အခန်းထဲသို့ ဆွဲသွင်းလိုက်လေသည်။

ချက်ချင်းလိုလိုပင်. . .

မီးတောက်လေးတစ်ခုက ထွက်ပေါ်လာခဲ့သည်။ ဖယောင်းတိုင်မီးက တဖြည်းဖြည်းနှင့် လင်းလက်လာသည်။ ထိုအခါကျမှ အခန်းထဲက အခြေအနေကို ကောင်းစွာပင်မြင်တွေ့လိုက်ရသည်။ အခန်းကတော်တော်လေးကို ကျယ်ဝန်းသည်။ စားပွဲ၊ ကုလားထိုင်၊ ဗီရိုအစရှိသည့် အိမ်ထောင်ပရိဘောဂများကလည်း ရှေးလက်ရာများဖြစ်ကြသည့်တိုင် လတ်ဆတ်တောက်ပလျက်ရှိနေသေးသည်။

ကုတင်တစ်လုံးက အခန်း၏အလယ်မှာ မိန်းကလေးသည် ကြေးတိုင်မှာ ဖယောင်းတိုင်ကို စွပ်ပြီးစားပွဲပေါ် တင်ထား



www.burmeseclassic.com

www.burmeseclassic.com



လိုက်သည်။

မိန်းကလေး၏ ရှည်လျားနက်မှောင်သော ဆံကေသာမျှင်များသည် ကျောမှတစ်ဝက်၊ ရင်မှတစ်ဝက် ကျဆင်းလျက်ရှိနေသည်။ မျက်နှာပေါ်မှာ ဆံပင်အချို့ကဲ ဖုံးအုပ်နေကြရာ အမှတ်တမဲ့ ကြည့်လျှင်သာမာန် မိန်းကလေးတစ်ယောက်မှ ဟုတ်ပါ့မလားဟု ထင်မိရသည်။ မျက်ဝန်းတစ်စုံက ဆံပင်တွေကြားထဲမှ မင်းဒင်ကို စိုက်ပြီးတော့ ကြည့်နေကြလေသည်။ ထိုအကြည့်က မင်းဒင်၏ ကျောထဲစိမ့်တက်သွားစေနိုင်သည်။

"မင်းက ဘယ်သူလဲ"

"ဒီမေးခွန်းကို ကျွန်မကမေးရမှာပါ ရှင်က ဘယ်သူလဲ ဘယ်ကလဲ၊ ဘယ်လိုအကြောင်းကြောင့် ဒီအထဲကို ရောက်နေရတာလဲ"

လေသံက တင်းမာသည်လည်းမဟုတ်၊ ပျော့ပျောင်းသည်လည်းမဟုတ်၊ သတ္တိကတော့ ကောင်းပုံရသည်။ မိန်းကလေးကတော့ အဖြေကိုငံ့လင့်နေဆဲ၊ မျက်ဝန်းတွေက ဆံပင်တွေကြားထဲက ကြည့်နေဆဲ၊

"ငါကဒီအိမ်ကြီးကို စိတ်ဝင်စားလို့ ရောက်လာခဲ့တာပါ"

"ဒီအိမ်ကြီးကို စိတ်ဝင်စားလို့ ဟုတ်လား၊ အဲ့သလိုပြောရအောင် ဘာတွေများထူးခြားနေလို့လဲ ဒီအိမ်ကြီးက ရှင့်ကို ဘာလိုဆွဲခေါင်မှုများ ပေးနေလို့လဲ၊ ပြောစမ်းပါဦး ကဲထိုင်ပါဦး ရှင် အေးအေးဆေးဆေးပြောပါ"

မင်းဒင်က ကုလားထိုင်တစ်လုံးမှာ ဝင်ထိုင်လိုက်သည်။ မိန်းကလေးသည် စားပွဲကိုအလည်ပြုကာ မျက်နှာချင်းဆိုင် ထိုင်





လိုက်လေ၏။မင်းဒင်လက်မှနာရီကို မသိမသာကြည့်လိုက်သည်။ နံနက်ဆယ်နာရီကို ပြနေသည်။ မြေတိုက်ခန်းထဲမှာတော့ နေ့ညမရှိ၊ ပကတိအမှောင် မီးသီး၊ မီးချောင်း၊ မီးခလုတ်များကိုတွေ့သော်လည်းမသုံး။ အကြောင်းတစ်ခုခုတော့ ရှိရပေမည်။ ခေါင်းတလားထဲက လူကြီးကို သတိရသွားမိပြန်သည်။ လူသေကြီးက ထလာတာလား၊ လူရှင်က ထလာတာလား၊ စောစောကတော့အမှတ်တမဲ့မို့ ကြောက်သွားမိသည်။ ခုမှပြန်ပြီးတော့ စဉ်းစားမိလာခဲ့ရသည်။ဤမိန်းကလေးသည် ခေါင်းတလားထဲက လူကြီးနှင့်ကော ဤအိမ်ကြီးနှင့်ကော ဘယ်လိုများပတ်သက်နေပါသလဲ"

"ကျွန်မမေးနေတာကို မဖြေသေးဘူး"

မိန်းကလေးထံမှ အသံကထပ်ပြီးတော့ ထွက်လာခဲ့ပြန်သည်။ စဉ်းစားတွေးတောမှုကို ရပ်ပစ်လိုက်ရသည်။

"ဒီလိုပါ. . ရှေးဟောင်းဆန်ဆန် ဆောက်ထားတဲ့ အတွက်ငါက အဲ့ဒီလိုအဆောက်အဦးဟောင်းမျိုးတွေဆိုရင် ပိုပြီးတော့စိတ်ဝင်စားမိတယ်လေ. . ဒီအိမ်ကြီးထဲမှာ လူလည်း မနေဘူးဆိုတော့ စိတ်ဝင်စားသထက် စိတ်ဝင်စားလာခဲ့ပြီး. ."

"ခိုးကြောင်. . ခိုးဝှက်နဲ့ ဝင်လာခဲ့တယ်ဆိုပါတော့ ဒီအဖြေက လုံလောက်တဲ့ အကြောင်းပြချက်မဟုတ်ဘူး၊ နောက်ထပ်အကြောင်းတစ်ခုခုတော့ ရှိရမယ်၊ ရှင်ဒီအထဲကို ရောက်လာတဲ့အတွက် အန္တရာယ်ဘယ်လောက်ကြီးတယ်ဆိုတာ မသိဘူးလား"

"အန္တရာယ်ဟုတ်လား ဒီလိုလူမနေတဲ့ အိမ်ကြီးထဲမှာ



www.burmeseclassic.com

www.burmeseclassic.com



ဘယ်လိုအန္တရာယ်မျိုးက ရှိနိုင်မှာတဲ့လဲ"

"လူမနေတဲ့ အိမ်ကြီးလို့ ရှင့်ကိုဘယ်သူက ပြောသလဲ၊ ကိုယ့်အတွေးနဲ့ကိုယ်ထင်နေတာ မဟုတ်လား။ ရှင်ဒီအိမ်ကြီးထဲကိုဘယ်လိုရောက်လာခဲ့တာလဲ ခက်ခက်ခဲခဲနဲ့ကို ဝင်လာခဲ့ရတာ မဟုတ်လား အံ့ပါရဲ့ရှင်. . "

"ကဲပါ ဒါတွေအသာထားပါဦး မင်းကကော ဒီအိမ်ကြီးထဲမှာ မကြောက်မရွံ့နဲ့ တစ်ယောက်တည်းရှိနေတာ အသည်းကောင်းလှချည်လား ဒီမှာနေနေတာ ဘယ်လောက်တောင်ကြာပြီလဲ"

"နေနေတာ မဟုတ်ဘူး ကျွန်မဒီမှာ အကျဉ်းကျနေတာ"

"ဘာ. . အကျဉ်းကျနေတာ ဟုတ်လား နေပါဦး မင်းကိုဘယ်သူက ဖမ်းဆီးထားတာလဲ"

သူမသည်ကို ခေါင်းကိုခါယမ်းလိုက်သည်။ ထိုအခါ မျက်နှာပေါ်မှ ကျနေသော ဆံပင်များသည် ဘေးကိုရွေ့လျားသွားခဲ့လေ၏။ မီးရောင်အောက်မှာ မျက်နှာလေးက ထင်ရှားစွာပေါ်လာခဲ့လေ၏။ ထိုအခါ မင်းဒင်သည် အံ့အားသင့်သွားခဲ့ရလေသည်။

"ဟင်. . ငါ့ဓါတ်ပုံထဲမှာ ပေါ်နေတဲ့မိန်းကလေးနဲ့ တစ်ထေရာတည်းပါလား"

"ကျွန်မကိုဘယ်သူကဖမ်းဆီးပိတ်လှောင်ထား သလည်း ဟုတ်လား. . ကျွန်မဒီရောက်နေတာ ခြောက်လရှိသွားပြီ ဘယ်ကိုမှလည်း မသွားရဘူး၊ မလာရဘူး၊ အိမ်အပြင်ကိုလည်း





ထွက်ခွင့်မရှိဘူး၊ ပြီးတော့ရောက်စက ပိုပြီးတော့ အနေရခက်သေးတယ်၊ စကားပြောသံတွေ လူသံတွေ ကြားနေရတယ်၊ ဟိုနားကဖျတ်ကနဲ ဒီနားကဖျတ်ကနဲ လူရိပ်တွေတွေ့ရသလိုလို ကျွန်မဖြင့် ကြောက်ရ လွန်းလို့သေရတော့မယ်. . ။ လူလည်းကြာလာရင် ရူးသွပ်သွားတော့မလား မှတ်ရတယ်"

"ငါလည်း ဒီအထဲကိုရောက်လာကာစက မင်းလိုပဲ ထင်ယောင်ထင်မှားဖြစ်ပြီး ချောက်ချားမိတာအမှန်ပဲ ဒါနဲ့ မီးခလုတ်တွေကို ဖွင့်လိုက်ပိတ်လိုက်နဲ့ လုပ်နေတာမင်းလား"

"ဟင့်အင်း ကျွန်မမလုပ်ပါဘူး ကျွန်မရောက်ကာစကလည်းဒီလိုပဲ၊ မီးခလုတ်တွေကို ဖွင့်ထားလည်း လာပိတ်တယ်၊ ပိတ်ထားလည်းဖွင့်တဲ့ လူကရှိနေတယ်၊ ဘယ်သူကဒီလိုလုပ်နေတယ်ဆိုတာကို မသိရဘူး"

"မင်းတစ္ဆေသူရဲဆိုတာကို ယုံသလား၊ မြင်ဖူးသလား ဒီအိမ်ကြီးထဲမှာ ပရလောကသားတွေ ရှိနေကြပြီး တမင်အနှောင့် အယှက်ပေးနေကြတာများလား"

"တစ္ဆေသူရဲဆိုတာ သူများတွေပြောဖူးလို့သာ ကြားဖူးထားတာ ကိုယ်တိုင်ကိုယ်ကျတော့ မမြင်ဖူးပါဘူး။ ဒါပေမယ့် ဒီအိမ်ကြီးထဲမှာ နှစ်ဦးသုံးဦးလောက်တော့ ရှိနေတယ်။ ကျွန်မလည်းသေသေချာချာ မဆုံးဖြတ်တတ်ဘူး၊ မကောင်းဆိုးရွားတစ်ကောင်ကောင်ဆိုရင် ကျွန်မကို မနေနိုင်အောင် လုပ်တော့မှာပေါ့ ဒါပေမယ့် ဖျိုးကနဲ၊ ဖျတ်ကနဲနဲ့ မြင်ရတာမျိုးကလွဲပြီး လွန်လွန်ကဲကဲ မခြောက်လှန့်ခဲ့ပါဘူး၊ ကျွန်မထင်တာကတော့ လူတွေများဖြစ်နေမလားလို့. . "



www.burmeseclassic.com

www.burmeseclassic.com



"လူတွေ ဟုတ်လားဘယ်လိုလူတွေ ဖြစ်နိုင်မလဲ တခြေသူရဲမဟုတ်နိုင်ဘူးလို့ ဇွတ်မှိတ်ပြီးတော့ လက်မခံတာမျိုးလား၊ ကိုယ့်ကိုယ်ကို ဒီလိုအားပေးမှ သက်သာရတာမျိုးလား"

"ဘယ်လိုပဲဖြစ်ဖြစ်လေ ရှင်ပြောတဲ့အဓိပ္ပါယ်မျိုးလည်း ပါပါတယ်၊ ကျွန်မကို အိမ်ကြီးတစ်လုံးထဲမှာ သွားလာခွင့်ပြုထားတယ်၊ အစားအစာကိုလည်း ဝဝလင်လင်စားသောက်ရပါရဲ့ဘယ်သူက ချက်ပြုတ်ပြီးတော့ ကျွေးမှန်းမသိဘူး၊ အချိန်တန်ရင်အပေါ်ထပ်က အိပ်ခန်းထဲကို ရောက်နေတာလဲမဆန်းဘူးလား . ."

"အစားအစာတွေလာပြီး ပို့တဲ့အချိန်မှာ မင်းက ဘယ်ရောက်နေလို့လဲ"

"ကျွန်မကို မနက်ဆယ်နာရီနဲ့ ဆယ့်တစ်နာရီကြား ညနေငါးနာရီနဲ့ ခြောက်နာရီကြားမှာ အခန်းထဲမှာ မနေဖို့အမိန့်ပေးထားတယ်၊ အဲ့ဒီအချိန်မှာ ထမင်းဟင်းကို လာပို့ထားတာပဲ"

"မင်းကို ဘယ်သူက အမိန့်ပေးထားတာလဲ"

"ဦးနန္ဒလေ သူပေါ့. ."

"ဦးနန္ဒဟုတ်လား. . ဦးနန္ဒဆိုတာ ဘယ်သူလဲ"

သူမက အဖြေမပေးမီမှာ ဖျတ်ကနဲဆို ဖယောင်းတိုင်မီးကို မှုတ်ပစ်လိုက်လေသည်။

"ရှူး စကားမပြောနဲ့တော့ လာနေပြီ"

လေသံတိုးတိုးလေးဖြင့် ပြောလိုက်သည်။ အခန်းထဲမှာ လုံးဝတိတ်ဆိတ်သွားခဲ့ရလေသည်။ မင်းဒင်ကတော့ ဘာမှမကြားရသူမသည် စိတ်မငြိမ်သက်မှုကြောင့် ထင်မိရာထင်နေမိသည်





လား နားပါး၍ပဲလား. ."

 သို့သော်. . .

သေသေချာချာနားစွင့်ကာ အာရုံစိုက်မိသောအခါ ခြေသံလိုလိုကြားလာခဲ့ရလေသည်။ အမှောင်ထဲမှာ ငြိမ်ပြီးတော့ နေရသည့်အတွက် အကြားအာရုံသန်လာခဲ့ခြင်းပင်။

"လာ. . ကျွန်မတို့အခန်းထဲမှာနေလို့ မဖြစ်တော့ဘူး ရှင်ဒီမှာရှိနေတယ်ဆိုတာကို သိသွားရင် သူကဒုက္ခပေးလိမ့်မယ်"

"ဘယ်သွားမှာလဲ"

"လာပါ. . နောက်တော့သိရမှာပေါ့"

စကားကိုလေသံလောက်ပဲ ပြောကြသည်။ သူမသည် အခန်းတံခါးကို အသံမကြားအောင် ဖွင့်လိုက်သည်။ ထို့နောက် အပြင်သို့ ထွက်လာခဲ့ကြလေသည်။

"မီးမထိုးနဲ့နော်. . ခြေသံကိုလုံလုံနင်း"

သတိပေးသည်။ မှောင်မိုက်ထဲမှာ မိန်းကလေး၏နောက်ကို တောက်လျှောက်ပင် လိုက်လာခဲ့လေသည်။

"ကျွန်မတို့အပေါ်ကို တက်ကြမယ်"

မြေတိုက်ခန်း၏အပေါ်ကို တက်သောလှေကားဆီကို ဦးတည်ပြီးတော့ လျှောက်လာခဲ့ကြသည်။ မှောင်မိုက်ထဲမှာ ထူးခြားသောအလင်းရောင်တစ်မျိုးက ရှိနေသည်။ မမြင်မကန်းနှင့် သွားနေရသည့်တိုင် မျက်လုံးတွေက မြင်နေရသလိုပင်၊ တစ်ခါတစ်ရံမှာတစ်ယောက်နှင့်တစ်ယောက် အရှိန်လွန်ပြီးတိုက်မိကာမျိုးလည်း ရှိကြသည်။ အထိအခိုက်များကိုလည်း ဂရုမစိုက်နိုင်ကြတော့ အဓိကဦးတည်ချက်က လှေကားဆီကိုရောက်ဖို့ပင်။



www.burmeseclassic.com

www.burmeseclassic.com



သို့သော်. . .

ရှေ့မှာဖြူဖြူသဏ္ဍာန်တစ်ခုကို ရိပ်ကနဲမြင်လိုက်ရလေရာ မိန်းကလေးက မင်းဒင်၏လက်မောင်းကို ဆွဲကိုင်ကာ အကွယ်တစ်ခုသို့ ဝင်လိုက်ရလေ၏။ ထို့နောက်မိန်းကလေးရော မင်းဒင်ပါချောင်းကြည့်နေကြသည်။

"မလွယ်တော့ဘူး လှေကားကိုရောက်နေပြီ တော်တော်ကိုအကင်းပါးတာပဲ၊ ကျွန်မတို့ရဲ့ ထွက်ပေါက်ကို ပိတ်ထားလိုက်ပြီ"

ထိုသဏ္ဍာန်ကို သဲကွဲစွာမမြင်ရသော်လည်း မျက်လုံးကကျင့်သားရလာသောအခါတွင် နည်းနည်းတော့ပီပြင်လာသလိုပင် မင်းဒင်သည်တစ်ရက်က အပြင်မှာတွေ့ဖူးခဲ့သောသျှောင်တစ်စောင်းနှင့် လူကြီးကိုပြန်ပြီးတော့ အမှတ်ရလာခဲ့သည်။ စောစောကခေါင်းတလားကြီးထဲမှာ တွေ့လိုက်ရသည့်လူကြီးနှင့်အနည်းငယ်မျှသော အချိန်တွင်းမှာ နှိုင်းယှဉ်ကြည့်မိလိုက်လေ၏။

"ဒီလူကြီးများ ဖြစ်နေမလား"

နောက်ထပ်တွေးတောခြင်း မပြုနိုင်မီမှာ. . .

"ရှင်ဒီအထဲကိုရောက်နေတာ သူကောင်းကောင်းသိသွားပြီ မလွယ်တော့ဘူး၊ လာတစ်နေရာကိုသွားကြမယ်"

မိန်းကလေးက ဦးဆောင်နေသည်။ ထိုနေရာမှ ထွက်လာခဲ့ကြပြန်သည်။ တစ်ယောက်ယောက်က မီးခလုတ်ကိုဖွင့်လိုက်မှာကိုပဲ စိုးရိမ်နေမိသည်။ သူတို့နှစ်ယောက်ကို မြင်သွားနိုင်သည်မဟုတ်ပါလား. . .။





ရှေ့မှာသံတိုင်တွေတပ်ထားသော အခန်းကြီးတစ်ခု၊ အနားကိုရောက်မှသိရသည်မှာ လှောင်အိမ်ခန်းကြီးတစ်ခုပင်တည်း။ နယ်ချဲ့ခေတ်၊ ဖက်ဆစ်ခေတ်ကာလများက ရာဇဝတ်သားများကို ချုပ်နှောင်ထားခဲ့ကြသည့် နေရာများလားဟု ထင်မိရလေသည်။ ယင်းလှောင်အိမ်ကြီးထဲတွင် အကြောင်းအမျိုးမျိုးကြောင့် သေဆုံးသွားခဲ့ကြသူတွေများလည်း ရှိကြပေလိမ့်မည်။

ထိုစဉ်. . .

သဏ္ဍာန်တစ်ခုက မထင်မှတ်သောနေရာက ထွက်လာ၍ ထောင့်ကွယ်တစ်ခုမှာ တိုင်ပင်မထားကြသလို ပုန်းကွယ်လိုက်ကြပြန်သည်။

တုတ်ခိုင်သောခန္ဓာကိုယ်ရှိသည့် လူကြီးတစ်ယောက်ပင်အရပ်ကြီးကလည်း မြင့်မားလှပြီး လူသားတစ်ဦးမှ ဟုတ်ရဲ့လားမကောင်းဆိုးဝါးကြီး တစ်ကောင်များလားဟု ထင်မိကာကြက်သီးမွေးညှင်းများပင် ထသွားခဲ့ရလေသည်။

"ဟင်. . ဘယ်. . ဘယ်သူကြီးလဲ"

မိန်းကလေးနှုတ်မှ ထိတ်လန့်မှုနှင့် အတူအံ့အားသင့်ကာထွက်သွားသည့်အသံ၊ သူမသည်လည်း ထိုသဏ္ဍာန်ကိုယခုမှပင်မြင်ဖူးခဲ့ဟန် တူလေသည်။ မင်းဒင်သည် မီးထိုးကြည့်ချင်စိတ်ပေါက်လာခဲ့သည်။ စိတ်ကိုမနည်းပင် ချိုးနှိမ်ထားရလေသည်။ ထိုလူကြီး၏လက်ထဲမှာ. . ပုဆိန်လိုလို၊ ရဲဒင်းလိုလိုအရာကိုကိုင်ထားသည်။ မျက်နှာကို သဲကွဲစွာမမြင်ရ၊ ခေါင်းကဟိုဒီလှည့်ပြီး လိုက်ကြည့်နေသည်ဟု ထင်ရသည်။



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်မသူ့ကို တစ်ခါမှမမြင်ဖူးဘူး၊ အခုမှရောက်လာတာတော့ မဖြစ်နိုင်ဘူး၊ တစ်ချိန်လုံး ဒီမြေတိုက်ခန်းထဲမှာ ရှိနေတာလား၊ မကောင်းဆိုးဝါးတစ်ကောင်ဆိုရင်တော့ ခဏခဏ ကိုယ်ယောင်ပြမှာတော့ မဟုတ်ဘူး၊ ဒါကြောင့်အခုမှပဲ မြင်ဖူးတာပေါ့. . "

"မကောင်းဆိုးဝါးက ဒီလောက်အကြာကြီး ရပ်နေမလား. . ဒါလူပဲဖြစ်ရမယ်"

မင်းဒင်ကလည်း ဝေဖန်လိုက်သည်။ ထိုလူကြီးသည် ရပ်နေရာမှ တဖြည်းဖြည်းနှင့် ရွေ့လျားလာသည်။ ထို့နောက် တစ်နေရာကို ထွက်သွားခဲ့လေသည်။

"ဟော. . သွားပြီကျွန်မတို့ကို လိုက်ရှာနေတာများလား မသိဘူးနော်. . "

"မင်းကိုလိုက်ရှာတာမဖြစ်နိုင်ပါဘူး. . ငါ့ကို ရှာနေတာပဲဖြစ်ရမယ်၊ တကယ်လို့ ဒီလူဟာ ဝိဉာဉ် တစ်ကောင်ပဲ ဖြစ်ဖြစ်၊ လူပဲဖြစ်ဖြစ် မင်းဒီမှာရှိနေတာ. သူမသိပဲ နေမှာမဟုတ်ဘူး ငါကသာဒီအထဲကို ကျူးကျော် ပြီးတော့ ဝင်လာခဲ့တာ၊ ဒီလူသိနေတာလား သံသယ ရှိနေတာလား မပြောတတ်ဘူး. ဒါကြောင့် မို့ငါ့နောက်ကို လိုက်နေတာလည်း ဖြစ်နိုင်တယ်"

"အင်း. . ရှင်တွေးတာလည်း ဖြစ်နိုင်တာပဲလေ. . ဘာပဲ ဖြစ်ဖြစ် သတိတော့ထားရမှာပဲ"

"ဦးနန္ဒက မင်းနဲ့ဘယ်လိုပတ်သက်နေသလဲ သူကမင်းကို ဘာကြောင့်ဒီအထဲမှာ ပိတ်လှောင်ထားရတာလဲ. . "





"ဒီအကြောင်းတွေကိုပြောပြရရင် အရှည်ကြီးပဲ အချိန်ယူပြီးတော့ ပြောပြမှဖြစ်မယ်၊ ခုနေပြောပြလို့လည်း အချိန်က မရှိတော့ဘူး ကျွန်မတို့ ဒီအိမ်ကြီးထဲက မြန်မြန်ထွက်နိုင်ဖို့ပဲ အရေးကြီးတယ်"

"မင်းတစ်ယောက်တည်း ရှိနေတုန်းက ဒီလိုအပြင်ကို ထွက်နိုင်ဖို့ မကြိုးစားခဲ့ဘူးလား"

"နေ့တိုင်း ကြံစည်နေတာပေါ့. . ဒါပေမယ့် မလွယ်ပါဘူး. . ဦးနန္ဒက သိပ်ပြီးတော့ အကင်းပါးတာ၊ ကျွန်မကိုတစ်နေရာကအမြဲတမ်းစောင့်ပြီးတော့ ကြည့်နေတယ်၊ အနီးကပ်ဆက်ဆံရတဲ့အချိန်မျိုးက မရှိသလောက်ပဲ"

"မင်းကို ဒီအိမ်ကြီးထဲမှာ ပိတ်လှောင်ထားတဲ့ အကြောင်းက. . . "

"သူခိုင်းတာကို ကျွန်မမလုပ်လို့ပဲ"

"သူက မင်းကိုဘာတွေ ခိုင်းလို့လဲ"

"အပြင်ကိုထွက်ပြီး ယောက်ျားလေးဖြစ်ဖြစ်၊ မိန်းကလေးဖြစ်ဖြစ်၊ သွေးဆောင်ဖျားယောင်းခိုင်းတယ်၊ ဒီအိမ်ကြီးထဲကို အရောက်ခေါ်လာနိုင်ဖို့ပေါ့. . "

"သွေးဆောင်ဖျားယောင်းခိုင်းတယ်၊ ဟုတ်လား အကြောင်းက. . . "

"ဒါတော့ ကျွန်မလည်း ဘယ်သိပါ့မလဲ"

"မင်းသူခိုင်းတာကို လုပ်ပေးခဲ့ဖူးသလား တစ်ကြိမ်တစ်ခါလောက်ပေါ့. . . "

မိန်းကလေးသည် မင်းဒင်ကိုဘေးစောင်း လှည့်ကြည့်



www.burmeseclassic.com

www.burmeseclassic.com



လိုက်သည်။ မျက်နှာချင်းလွန်စွာမှပင် နီးကပ်သွား၏။ သူမ၏ ကိုယ်သင်းနံ့သည် စွဲမက်စရာကောင်းလှသည်။ တိမ်းမူးဆွတ်ချင် သွားကာ ကြက်သီးမွေးညှင်းများပင် ထသွားမိသည်။

"ကျွန်မက သူတစ်ပါးကို အနုနဲ့ကော်၊ ဖောငှပ အာရုံရဲ့ ကောသွေးဆောင်ဖျားယောင်းတဲ့ အလုပ်မျိုးကို မုန်းတယ်"

မင်းဒင်သဘောပေါက်သွားသည်။ ဆက်မမေးတော့၊

"မင်းက ငါ့ကိုကူညီနေတယ်ဆိုတာကို သူသိသွားခဲ့ရင် မင်းကိုဒုက္ခကောင်းကောင်းပေးမှာ ကျိန်းသေတယ်. ."

"ဒါပေါ့ ပြောလို့တော့ ဘယ်ရမလဲ သူကနူးညံ့သိမ်မွေ့ တယ်လို့ ထင်ရပေမယ့် ရက်စက်တတ်မယ့်ပုံပဲ"

ထိုစဉ်. . .

စောစောက ထွက်သွားသောလူကြီး၏သဏ္ဌာန်ကို မမျှော်လင့်ပဲ မြင်မိလိုက်ရပြန်လေသည်။

❑ ❑ ❑



(၉)

## နှစ်ယောက်အတူ ပြေးကြရပြီ

ထိုလူကြီးသည် လွန်စွာမှနားပါးဟန်တူသည်။ သူတို့ လေသံနှင့် ပြောနေကြသောစကားသံများကိုပင် ကြားမိသွားလေ ရော့သလား သို့မဟုတ်၊ အခြားသော အကြောင်းတစ်ခုကြောင့် ပဲလား. . .။

"ငါတို့ပြောနေကြတဲ့ စကားသံတွေကို ကြားသွားလို့ လား. . မသိဘူး"

"မဖြစ်နိုင်ဘူး သူဦးနန္ဒဆီကို သွားတာလား၊ ဟိုကသူ့ကို တစ်ခုခုညွှန်ကြားလိုက်တယ်ထင်တယ်၊ ဒါ့ကြောင့် ဒီနေရာကိုပဲ သင်္ကာမကင်း ဖြစ်နေပုံရတယ်၊ ကျွန်မတို့ အခုချက်ချင်း ထွက်သွားလို့မဖြစ်သေးဘူး"

"ငါတို့ပုန်းနေတဲ့ နေရာကသိပ်ပြီးတော့ မလုံခြုံဘူး၊ သေသေချာချာရှာရင် တွေ့သွားနိုင်တယ်"



www.burmeseclassic.com

www.burmeseclassic.com



"ရှင်က အခုမှ ကြောက်နေသလား"

"ငါမကြောက်ပါဘူး. . . ဒါနဲ့ မီးမဖွင့်တာက ဘာဖြစ်လို့လဲ. . ."

"သူတို့က အမှောင်မှာကျင့်သားရနေတဲ့ မျက်လုံးတွေလေ ရှင်က အမှောင်ထဲမှာ မယဉ်ပါးသေးဘူး၊ သူတို့ကို မမြင်နိုင်ပေမယ့် ကိုယ့်ကိုတော့ ကောင်းကောင်းမြင်နိုင်တယ် မဟုတ်လား အလင်းရှိနေရင် ရှင်ကမြင်မြင်ထင်ထင်နဲ့ လျောက်ပြေးနေ ဦးမယ်. . ."

"ငါ သဘောပေါက်ပြီ"

သို့ရှိနေစဉ်. . .

"ပုန်းနေတဲ့အကောင် ထွက်လာခဲ့စမ်း. . မင်းဘယ်နေရာမှပဲပုန်းပုန်း မလွတ်ဘူး မိမှာပဲ အေးစကားကို မနာခံဘူးဆိုရင်တော့ မင်းငါ့လက်ချက်နဲ့ မရှုမလှဖြစ်ရမှာပဲ"

အသံသြကြီးက မြေတိုက်ခန်းထဲမှာ ဟိန်းထွက်သွားသည်။ ဇံပုလွေတစ်ကောင်၏အူသံမျိုး ကြားရသူ၏ ဝမ်းတွင်းကလီစာများ လှိုမ့်လှိမ့်ပြီးတော့ တက်သွားမိရလောက်အောင် အော်ဂလီဆံသွားခဲ့ရသည်။ ရုပ်ကိုတော့ မမြင်ရ၍ မည်သို့ပုံပန်းသဏ္ဌာန်မျိုး ရှိနေသလည်းမသိ။

"ကျွန်မဒီအသံမျိုးကို ဒါပထမဦးဆုံး အကြိမ်ကြားဖူးခြင်းပဲ၊ တော်တော်ရက်စက်တတ်မယ့်လေသံမျိုးပဲ"

"ဟုတ်လား. . မင်းဒီမှာရောက်နေတာကြာပြီ ဒီလူကြီးရဲ့ရုပ်ရော၊ အသံကောတစ်ခါမှမမြင်ဖူးဘူးပေါ့"

"ဒီလိုပဲ ရိပ်ကနဲ၊ ရိပ်ကနဲလောက်တော့ မြင်ဖူးလိုက်တာမျိုးတော့ ရှိတာပေါ့ ထူးဆန်းတာက ဒီလူပဲ ကျွန်မကိုထမင်းဟင်းချက်ပြီးတော့ ပို့ပေးနေတာလား မသိဘူး၊ ခိုးကြောင်ခိုးဝှက်နဲ့ လူအမြင်မခံတာကလည်း ဘာသဘောလည်း မသိဘူး"

"ဒါလည်း ဦးနန္ဒရဲ့တားမြစ်မှုကြောင့်ပဲ ဖြစ်မှာပေါ့"

"ဖြစ်နိုင်တယ် သူကိုယ်တိုင်ကလည်း လူမြင်ခံတာမဟုတ်ဘူးလေ. . ဒီအိမ်ကြီးထဲကို တစ်ယောက်ယောက်က မတော်တဆဝင်လာခဲ့ရင် သူ့လိုဖြစ်သွားမှာလည်း စိုးရိမ်မိတာလည်းပါမှာပေါ့. . ကျွန်မတောင် သူရဲ့တူမဖြစ်နေလို့. . ."

"ဪ. . မင်းရဲ့ဦးလေးကိုး"

"ဟုတ်တယ်. . ကျွန်မရဲ့အမေရဲ့မောင်ပါ. . အမေကတော့မရှိတော့ဘူးလေ. . လွန်ခဲ့တဲ့ ခြောက်လလောက်ကစစ်ကိုင်းကို ရောက်လာတယ်၊ ကျွန်မကိုမွေးစားမယ်ဆိုပြီးတော့ ခေါ်လာခဲ့တာ၊ အခုဒီကိုရောက်တော့ ထင်တာနဲ့ တစ်ခြားစီပဲ၊ သူကကျွန်မကို ဒီအိမ်ကြီးထဲမှာ လှောင်ပိတ်ထားတယ်လေ. ."

"မင်းရဲ့ဦးလေးကို အရင်ကမြင်ဖူးခဲ့သလား. ."

"ဟင့်အင်း. . တစ်ခါမှမမြင်ဖူးခဲ့ဘူး. . ကျွန်မငယ်စဉ်ကတည်းက နေရပ်ကထွက်သွားတာကြာပြီ. . အမေကတော့ သူ့မောင်ရှိတယ်လို့ ပြောဖူးတာပါတယ်၊ ရန်ကုန်မှာတဲ့ ဘယ်နေရာမှာ နေမှန်းတော့မသိခဲ့ဘူးလေ"

စကားကို အလျှင်အမြန်ပင်ပြောကြရသည်။ စောစောကလူကြီးသည် နောက်ထပ်သတိပေးစကားမပြောတော့ပဲ နေရာမှ ရွေ့လျားလာသည်။ သူတို့ပုန်းခိုနေကြသော ထောင့်ကွယ်တစ်ခုကို လျှောက်လာခဲ့သည်။







www.burmeseclassic.com

www.burmeseclassic.com



"ဟော. . တည့်တည့်ကြီးကို လာနေတာပါပဲလား"

မိန်းကလေးက ထိတ်လန့်သွားခဲ့လေသည်။ အခုမှ ကြောက်တတ်လာသည်။ မင်းဒင်၏လက်မောင်းတစ်ဖက်ကို ကျစ်ကျစ်ပါအောင်ပင် ဆုပ်ကိုင်ထားမိသည်။

"မီးခလုတ်. . ဘယ်နားမှာ ရှိသလဲ"

"ဘာလုပ်မလို့လဲ"

"ငါတို့ကို တွေ့သွားနိုင်တယ်၊ သူကလက်မဦးမီ ကိုယ်က ဦးမှဖြစ်မယ်"

မိန်းကလေးက တစ်ချက်တွေဝေသွားပြီးမှ မင်းဒင် ဘာကိုဆိုလိုသည်ကို သဘောပေါက်သွားဟန်တူသည်။

"ရှင့်မှာလက်နက်ပါလို့လား. . သေလောက်အောင်တော့ မလုပ်နဲ့နော်. . ."

"လက်နက်တော့ပါမလာဘူး. . ဒါပေမယ့် ငါ့ခြေထောက်ဘေးမှာ လက်နက်တစ်ခုတော့ တွေ့ထားတယ်၊ ဒီလူက ငါတို့ရဲ့အတားအဆီးပဲ"

"လက်နက်ရှိနေမှတော့ ထပြီးတိုက်ပစ်လိုက်ပေါ့ မီးဖွင့်စရာ လိုသေးလို့လား"

"လိုတယ်. . ငါကခိုးကြောင်ခိုးဝှက်နဲ့ မလုပ်ချင်ဘူး၊ မျက်နှာချင်းဆိုင်ကို တိုက်ချင်တာ"

"အရေးထဲမှာရှင် ရှင်ကလည်း တရားတယ်၊ မတရားဘူး လုပ်နေပြန်ပြီ ကဲ. . သဘောပဲ မီးခလုတ်က ကျွန်မတို့ကွယ်နေတဲ့ တိုင်ရဲ့ဘေးမှာပဲ. ."

"ဒါဆိုဟန်ကျပြီ ငါအပြင်ကိုခုန်ပြီးတော့ ထွက်လိုက်တာနဲ့





မင်းကဖွင့်လိုက်တော့. . ."

"ထိထိမိမိလုပ်နော်၊ သူ့ကိုကျော်လွှားပြီးမှ ကျွန်မတို့က သွားရမှာ"

မိန်းကလေးလေသံဖြင့် ပြောလိုက်လေသည်။

ထိုအချိန်တွင် မင်းဒင်သည် နေရာမှတ၍ရပ်ပြီး ဖြစ်နေသည်။ မိန်းကလေးကလည်း တဖြည်းဖြည်းနှင့် ထလာပြီးရပ်လိုက်လေသည်။ မဆိုစလောက် အဝတ်လှုပ်ခတ်သွားသော အသံကို ကြားသွား၍လားမသိ၊ စောစောက သတ္တဝါသည် ဆက်ကနဲဆို သူတို့ဘက်ကိုလှည့်ကြည့်လိုက်လေ၏။

ထို့နောက်. . .

တစ်လှမ်းချင်းပင် လျှောက်လာခဲ့လေသည်။ အမှောင်ထဲမှာတော်တော်လေးကို ကျင့်သားရလာခဲ့ပြီဖြစ်သည်။ သဲကွဲစွာ မမြင်ရသည့်တိုင် ရှုံ့တုံ့ရိပ်တိတ်သတ္တဝါန်မျိုးကိုတော့ သိသာစွာ မြင်နိုင်လာသည်။

"သတိထား. . လာနေပြီ"

မိန်းကလေးက သတိပေးလိုက်သည်။ သူမသည်လည်း ရင်တထိတ်ထိတ်နှင့်ရှိနေသည်။ မြေတိုင်ခန်းထဲမှာ စိမ့်ပြီးတော့ အေးနေသည်။ မိန်းကလေး၏ လက်မောင်းလေးတွေလည်း ပိုပြီးတော့ အေးစက်လာခဲ့လေသည်။ ထိုသူက မှောင်ထဲမှာ ကျွမ်းကျင်စွာပင် လျှောက်လာနေသည်။

မိန်းကလေး၏လက်သည်လည်း မီးခလုတ်ပေါ်ကို တဖြည်းဖြည်းနှင့် ရောက်သွားခဲ့လေသည်။ မင်းဒင်သည် အမှတ်မထင်ကောက်ရထားသော သစ်သားချောင်းကြီးကို လက်မှာ



www.burmeseclassic.com

www.burmeseclassic.com



ကျစ်ကျစ်ပါအောင် ဆုပ်ကိုင်ထားလေသည်။ ထိုလူကြီးက တဖြည်းဖြည်းနှင့်အနားကို ရောက်လာခဲ့သည်။ သူတို့ပုန်းအောင်းနေသော တိုင်အကွယ်ကြီးကို ဇဝေဇဝါမျက်လုံးတွေဖြင့် ကြည့်နေစဉ်မှာပင်. . .

မင်းဒင်က တိုင်လုံးကြီး၏အကွယ်မှ ဖျတ်ကနဲဆို ခုန်ပြီး တော့ထွက်လိုက်လေသည်။

ထိုစဉ်မှာပင်လျှင်. . .

"ထောက်"

မီးခလုတ်ဖွင့်သံ၊ တစ်ခန်းလုံးထိန်သွားခဲ့သည်။ ထိုလူကြီးသည် ရှတ်တရက်ထွက်ပေါ်လာသော မီးအလင်းရောင်ကြောင့် မျက်လုံးတွေပျာဝေသွားခဲ့ရသည်။ ဘာလုပ်လို့လုပ်ရမှန်းမသိမိမှာပင်. . သူ့ရှေ့မှာအမှတ်မထင် ရပ်လာသောမင်းဒင်ကိုလည်း တွေ့သွားခဲ့ရလေကာ. . .။

"အို"

ထိုလူကြီး၏မျက်နှာကြီးကား. . လွန်စွာမှအကျည်းတန် အရုပ်ဆိုးကာ ကြောက်မက်ဖွယ်ရာကောင်းလှလေ၏။ မိန်းကလေးသည် ထိုလူကြီး၏မျက်နှာကို မြင်လိုက်ရသည်နှင့် လန့်ပြီးတော့ အော်မိလိုက်ခြင်းပင် ဖြစ်သည်။ သူ့ရှေ့မှာရပ်နေသော မင်းဒင်ကိုပြူးကြောင်သော မျက်လုံးတွေဖြင့် ကြည့်နေလိုက်ပြီးမှ. . လက်မှာကိုင်ထားသော ပုဆိန်ကြီးဖြင့် တအားပင် ခုတ်ချလိုက်လေရာ. . .

သို့သော်. . .

နောက်ကျသွားခဲ့လေပြီ၊ မင်းဒင်ကနှာတစ်ဖျားပင်





လက်ဦးမှုရရှိသွားခဲ့ရသည်။ လက်ထဲက သစ်သားပိုင်းက မျက်နှာ ပေါ်ကိုခတ်ဆတ်ဆတ်ပင် ပစ်ရိုက်မိသွားခဲ့လေ၏။

"ဖျောင်း"

"အား"

မျက်နှာနှင့် နှာနုကိုပါ ပစ်ရိုက်မိသွားခဲ့ရလေကား လူကြီး၏ နာကျင်စွာပင် အော်လိုက်မိလိုက်သံသည် အခန်းထဲမှာ ကျယ်လောင်စွာပင် ထွက်ပေါ်လာခဲ့ရလေ၏။ မင်းဒင်သည် လက်ထဲက သစ်သားပိုင်းကိုပစ်ချလိုက်ပြီး ထိုသူ့ဆီကိုပြေးဝင် သွားခဲ့လေ၏။ ထို့နောက်ထိုသူက ပြန်ပြီးမတိုက်ခိုက်နိုင်မီမှာပင် လည်စောင်းကို လက်ဝါးစောင်းတစ်ချက်ပေးလိုက်လေ၏။

"ဒုတ်"

ထိုလူကြီးသည် အော်ပင်မအော်နိုင်ပဲ ပျော့ခွေကာ လဲကျသွားခဲ့ရလေ၏။ မျက်နှာကို သေသေချာချာကြည့်မိသော အခါ ကြောက်မက်ဖွယ်ရာအဆင်းနှင့် လူသားတစ်ယောက်မို့ မြင်သူတိတ်လန့်စရာ ကောင်းလှသည့် သူပဲဟု ဆိုကြပါစို့၊ မျက်နှာ အသေးစိတ်ကိုတော့ ဖော်မပြတော့ပြီ။

မင်းဒင်သည် ကိုင်ထားဆဲရှိနေသေးသော လက်ဆုပ်ထဲကရဲဒင်းကို ယူလိုက်လေသည်။

"ရှင်. . ရှင်. . သူ့ကိုဘာလုပ်ဦးမလို့လဲ ဟင်. ."

"ငါဘာမှထပ်မလုပ်ပါဘူး. . လက်နက်တစ်ခုအနေနဲ့ ဆောင်ထားမလို့ပါ"

"သူ. . သူ. . သေသွားပြီလားဟင်"

"မသေပါဘူး အနည်းဆုံးနာရီဝက်လောက်ကတော့



www.burmeseclassic.com

www.burmeseclassic.com



မေ့နေမှာပဲ"

ထိုစဉ်. . .

ယက္ခ. . . ယက္ခ. . မင်းဘယ်မှာလဲ ဟိုကောင်ကိုရှာတွေ့ပြီလား. . "

အသံတစ်သံက မမျှော်လင့်ပဲ ထွက်ပေါ်လာခဲ့လေရာ. .

"ဟော. . ဟော. . ဒါ. . ဒါ. . ဦးလေးရဲ့အသံပဲ"

မိန်းကလေးည် မီးခလုတ်ကို ချက်ချင်းပင် ပြန်ပိတ်လိုက်လေ၏။

"ထောက်. . "

ပတ်ဝန်းကျင်မှာ အမှောင်ထုကြီးက ပြန်ပြီးတော့ လွှမ်းခြုံသွားခဲ့လေသည်။

"သူဒီနေရာကို ရောက်လာတော့မယ်. . လာ. . ဒီမှာနေလို့မဖြစ်တော့ဘူး"

မိန်းကလေးက မင်းဒင်ကို လက်ဆွဲပြီးတော့ ခေါ်သွားခဲ့လေသည်။ အပြေးအလွှားထွက်လာခဲ့ရ၍ အမှောင်ထဲမှာ တဖျတ်ဖျတ် ခြေသံများ၊ အဝတ်လှုပ်ခတ်သံများက ထွက်ပေါ်လာနေကြလေသည်။

မှောင်ထဲမှာပေမယ့် လက်နှိပ်ဓါတ်မီးကို မသုံးရဲ့ မီးချောင်းမှအလင်းရောင်ကြောင့် လင်းလင်းချင်းချင်းနှင့် မြင်နေရပြီးမှ ရုတ်တရက်ပြန်မှောင်သွားသောကြောင့် မျက်လုံးများသည် အကန်းပမာပင် ပြန်ပြီးတော့ ဖြစ်သွားခဲ့ရလေသည်။ မိန်းကလေးကအလင်းနှင့် အမှောင်အပြောင်းအလဲကို ကျင့်သားရနေဟန်တူသည်။ မည်သည့်အရာကိုမှ မတိုက်မိ၊ မထိခိုက်မိပဲ တောက်





လျှောက်ပင် သွားနေနိုင်သည်။

ထိုစဉ်. . .

မည်းမည်းသဏ္ဍာန်တစ်ခုက သူတို့နှစ်ဦး၏ ခေါင်းထက်မှလွှားကနဲဆို ခုန်ကျော်သွားခဲ့လေ၏။ မလှမ်းမကမ်းမှာ သွားပြီးတော့ကျသည်။

မင်းဒင်သည် အမှတ်တမဲ့ပင် မီးထိုးပြီးတော့ ကြည့်မိလိုက်လေ၏။

ကြောင်နက်ကြီး. .

ရှေ့ဆယ်လှမ်းအကွာလောက်မှာ သူတို့နှစ်ယောက်ကို လှည့်စောင်းပြီးတော့ ကြည့်နေသည်။ မာန်ဖီလိုသည့် အမူအရာမျိုးကို မတွေ့ရ၊ မျက်နှာသည် မတည်ငြိမ်နေလျက်ရှိနေသည်။ ကြောင်နက်ကြီး၏ နက်မှောင်သော မျက်လုံးအစုံသည် စူးလက်ပြီးတော့ တောက်ပနေသည်။

မင်းဒင်သည်ကြောင်နက်ကြီးကို တစ်ဖန်ပြန်ပြီးတော့ တွေ့လိုက်ရ၍ အံ့အားသင့်သွားခဲ့ရလေသည်။

"ဟဲ့. . မဟုတ်ရာ၊ နင်ဘယ်ကိုသွားမလို့လဲ"

မိန်းကလေးက မေးလိုက်သော်လည်း ကြောင်ကြီးကတော့သူတို့ကို စူးစိုက်ကာကြည့်ပြီး ရှေ့ကိုသာ အပြေးပင်ထွက်သွားခဲ့လေ၏။ ကြောင်နက်ကြီးသည် မိန်းကလေးနှင့် အကျွမ်းတဝင်ရှိနေမှန်း သိလိုက်ရလေသည်။ ကြောင်နက်ကြီးသည် သူတို့၏မျက်မှောက်မှ ပျောက်ကွယ်မသွားပေ၊ ပြေးသွားလိုက်၊ နောက်ကိုလှည့်ကြည့်လိုက်နှင့် ရှိနေသည်။

"ဒီကောင်ကြီးသွားနေပုံက တစ်မျိုးပါလား. . "



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်မတို့ကို လမ်းပြနေတာပဲ ကျွန်မမရောက်ခင်ကတည်းက ဒီမဟူရာကြီးက ရှိနေတာ၊ ရောက်ကာစကဆိုရင် ကျွန်မကို ရန်ရှာသေးတယ်၊ နောက်တော့ ရန်မရှာတော့ဘူး၊ မဟူရာကြီးက ဦးနန္ဒရဲ့လူလို့များ မှတ်နေသလား မပြောတတ်ဘူး. . ."

"သူက ဦးနန္ဒရဲ့ လူဆိုရင်ရန်ရှာတယ်ဆိုတာက. ."

"မဟူရာကြီးက ဦးနန္ဒကို သိပ်ပြီးမုန်းတယ်လေ"

"ဪ. ."

မင်းဒင်မှာ ဪလိုက်မိလေသည်။ သူ့ကိုလည်း မဟူရာ ကြီးကဦးနန္ဒနှင့် ပတ်သက်သည်ထင်ပြီး ရန်လိုခဲ့သည်ပဲ ဖြစ်ဟန်တူသည်။ တစ်ကိုယ်လုံးနက်မှောင်နေသော ရှားပါးကြောင်နက်ကြီးသည် ဦးနန္ဒကို မည်သည့်အကြောင်းကြောင့် မုန်းတီးနေရပါသလဲ. . .

မြေတိုက်ခန်းသည် တဖြည်းဖြည်းနှင့်ပြောင်းလည်းလာခဲ့သည်။ ကွန်ကရစ်လမ်းကြမ်းကြီးကို တွေ့လိုက်ရသည်။ သူတို့စိတ်ထဲမှာ အိမ်ခြံကြီးနှင့် ဝေးကွာလာခဲ့ပြီဟု တူညီသော ခံစားချက်မျိုးရှိလာကြသည်၊ တစ်ကယ်တော့ သူတို့နှစ်ဦးသည် ဝက်ဘာလိုဖြစ်နေသော မြေအောက်ဂူလမ်းကြောင်းထဲကို ရောက်ရှိသွားကြခြင်းပင် ဖြစ်ပါသတည်း။

လက်နှိပ်ဓါတ်မီးကို မသုံးမဖြစ်၍ သုံးလာရသည်။ ဓါတ်ခဲအားကုန်သွားမှာကိုလည်း စိုးရိမ်မိသည်။ မြေတိုက်ထဲမှာ ထက်ပိုပြီးတော့ အေးစိမ့်လာ၏။ ဂူနံရံနှင့် အမိုးများသည်ပိုပြီးတော့ မြေသားဆံလာခဲ့လေသည်။





"ဒီလမ်းကြီးရှိနေတာ အခုမှပဲသိရတော့တယ်၊ ဒီကနေသွားရင် ဘယ်ကိုရောက်နိုင်မလည်း မသိဘူး"

"ထွက်ပေါက်မတွေ့ပဲ လည်နေမှာစိုးရိမ့်မိတယ်၊ ငါတို့ဒီနေရာကနေ လွတ်မြောက်ဖို့အတွက် တော်တော်ကြိုးစားရလိမ့်မယ်. ."

ပြေးရင်မှာပင် မိန်းကလေး၏ခါးကြားမှ ပုဝါဖြူလေးသည်ကျကျန်ရစ်ခဲ့သည်။

ကြောင်နက်ကြီးလည်း ဘယ်ကိုရောက်သွားမှန်း မသိတော့. . .။

❑ ❑ ❑



www.burmeseclassic.com

www.burmeseclassic.com

## (၁၈)

## ဝေဘာလိုဏ်လမ်းကြောင်း

နှစ်ဦးသားပြေးသာပြေးလာခဲ့ကြရသည်။ တောက်လျှောက်ပင်မရပ်မနား ပြေးလာခဲ့ငြားသော်လည်း ထွက်ပေါက်ကိုကားရှာမတွေ့ခဲ့။ မြေအောက်လိုဏ်လမ်းကြောင်းသည် ရှည်လျားကွေ့ကောက်နေလျက်ရှိနေလေသည်။ နယ်ချဲ့တစ်လှည့်၊ ဖက်ဆစ်တစ်လှည့် အသုံးပြုခဲ့သော နေရာဖြစ်နိုင်သည်။ ယင်းတို့သည် ဤလမ်းကို စစ်ဆုပ်ရာလျှို့ဝှက်လမ်းကြောင်းအဖြစ် အသုံးပြုခဲ့ကြသည်ဟု ယုံကြည်မိသည်။

"မင်းမောနေပြီ မဟုတ်လား၊ လာကွာ. . ငါတို့နားကြရအောင်"

မင်းဒင်ကမိန်းကလေးကို သက်ညှာမိလိုက်သည်။ သူမဆီကပြင်းပျသော အသက်ရှူသံကို ကြားနေရသောကြောင့်ပင်ဖြစ်သည်။ မိန်းကလေးကလည်း မငြင်းပဲ





ရောက်သည့်နေရာမှာပင် ရပ်လိုက်ကြသည်။

မင်းဒင်သည် ဂူနံရံများနှင့် ဂူအမိုးကို မီးထိုးပြီးတော့ကြည့်လိုက်လေ၏။ မီးချောင်းတစ်ချောင်းကို တွေ့လိုက်ရသည်။ ဝါယာသွားရာလမ်းကြောင်းသည် ဂူနံရံဖက်သို့ဖြစ်ပြီး မြေသားထဲမှာမြှုပ်ဝင်နေသည်။ ဝါယာကိုပလပ်စတစ်ပိုက်လုံးထဲထည့်ကာမြေသားထဲမှာ မြှုပ်နှံထားဟန်တူသည်။ မိန်းကလေးသည်လည်း မီးချောင်းကိုမြင်သွားခဲ့လေရာ. .

"ဒီမီးချောင်းဟာ အိမ်ဘက်ကနေ တစ်ဆက်တည်းသွယ်တန်းထားတာပဲ ဖြစ်ရမယ်၊ လက်ရှိအသုံးပြုနေသေးသလား မသိဘူး. ."

"အသုံးပြုတဲ့လူဆိုလို့ ဘယ်သူရှိနိုင်မလဲ၊ မင်းရဲ့ဦးလေးဦးနန္ဒပဲရှိမယ်၊ သူကလည်း ဒီမှာတစ်ချိန်လုံးရှိနေနိုင်မလား၊ အပြင်ကိုထွက်ဖို့အတွက် ဒီလမ်းကြောင်းကိုသုံးချင်လည်းသုံးမယ်၊ မသုံးချင်ရင်လည်း အိမ်ထဲကနေအပြင်ကိုထွက်တဲ့လျှို့ဝှက် လမ်းတစ်ခုခုကို ထားပေးရလိမ့်မယ်၊ ငါဝင်လာတုန်းက ပြူတင်း တံခါးကိုဖွင့်ပြီး ဝင်လာခဲ့တာလွယ်လွယ်လေးပဲ"

"အဲ့ဒါရှင့်ကို တစ်ယောက်ယောက်က ဖွင့်ပေးလိုက်တာတစ်ကယ့်တော့ ထောင်ချောက်တစ်ခုထဲကို ဆွဲပြီးတော့ထည့်လိုက်တာပဲ၊ အလုံပိတ်ထားတဲ့ အိမ်ကြီးထဲကို လွယ်လွယ်နဲ့ဝင်လို့လွယ်ပါ့မလား"

"ဒါကိုငါသဘောပေါက်ပြီးသားပါ၊ ထောင်ချောက်ဆင်တယ်ဆိုတော့ ငါ့ကိုဖမ်းပြီး ဘာလုပ်ကြမလို့လဲ. ."



www.burmeseclassic.com

www.burmeseclassic.com



"ဒါတော့မပြောတတ်ဘူးလေ၊ ဒါပေမယ့် အကောင်းဘက်ကတော့မဟုတ်ဘူး၊ ဒုက္ခရောက်မယ့် အခြေအနေမျိုး"

"ဟုတ်တယ်၊ ဒီအိမ်ထဲမှာ အန္တရာယ်နံ့က ရှိနေတယ် မကြာမီမှာ ငါတို့မလွဲမသွေ ရင်ဆိုင်ရလိမ့်မယ်ထင်တယ်"

ကိုစဉ်. . .

မီးချောင်းက ဖျတ်ကနဲဆို လင်းလာလေရာ. . .

"ဟင်. . ဒါ. . ဘယ်လိုဖြစ်တာလဲ"

"ဘယ်လိုမှမဖြစ်ဘူး၊ ကျွန်မတို့ပြေးတဲ့နေရာကို ဦးလေးသိသွားပြီ၊ ခုလောက်ဆို လိုက်လာပြီလားမသိဘူး"

"ဒီအလင်းရောင်ကြောင့် ငါတို့ကို မြင်သွားနိုင်တယ်"

"မီးချောင်းကိုဖြုတ်ပစ်မှ ဖြစ်မယ်"

"နည်းနည်းမြင့်နေတယ်၊ ငါ့လက်နဲ့မမီဘူး မင်းတက်ဖြုတ်မလားငါ့လက်နဲ့မထားပေးမယ်လေ. ."

သူမက တစ်ချက်တော့ တွေဝေသွားခဲ့ရလေသည်၊ ချက်ချင်းလိုလိုပင် ဆုံးဖြတ်ချက်ချလိုက်ပြီး. .

"ရတယ်. ."

မင်းဒင်က သူမကို လက်နှစ်ဖက်ဖြင့် ပွေ့ကာမြှောက်လိုက်လေ၏။ သူမ၏အသည်းထဲမှာ ဒေါကနဲဆိုဖြစ်သွားခဲ့လေသည်။ မီးချောင်းကိုမီရုံလေး သာမီသည်။ မီးရောင်သည် ရုတ်တရက်ပျောက်ကွယ်သွားခဲ့ရလေ၏။ မင်းဒင်သည် သူမ၏ပေါင်ရင်းနှစ်ဖက်မှ ပွေ့မြှောက်ထားရာက အောက်ကိုပြန်ပြီးတော့ ချပေးလိုက်သည်။ မှောင်ထဲမှာ မျက်နှာချင်းပွတ်သပ်မိသွားခဲ့ကြသည်။ နှစ်ယောက်စလုံး ရင်လှိုက်မောကျသော ဝေဒနာကို





ခံစားလိုက်ကြရသော်လည်း မသိကျိုးကျွင် ပြုမိလိုက်ကြလေသည်။ အရေးကြီးသောအချိန်ပင် မဟုတ်ပါလား၊ မင်းဒင်က မီးချောင်းကို ယူကာဂူနံရံမှာ ထောင်ထားလိုက်သည်။ ထို့နောက် လမ်းတစ်လျှောက်ပြေးထွက်လာခဲ့ကြသည်။ အတော်ခပ်လှမ်းလှမ်းကိုရောက်လျှင် မီးချောင်းတစ်ချောင်းကို တွေ့လိုက်ရပြန်သည်။ တက်ပြီးတော့ဖြုတ်ရပြန်သည်။

ဂူလိုဏ်လမ်းသည် ဘေးကို ကွေ့ပြီးတော့ ဝင်သွားခဲ့လေရာ. . .

"မထူးတော့ဘူး၊ သူ့အလျှင်မီးတွေသုံးပြီးဖွင့်ထားလိုက်ပြီ ကျွန်မလည်းပျောက်နေတာကို သိသွားလောက်ပြီ၊ သူ့လူလည်း ဂဏ်ရာနဲ့လဲကျနေတာကို တွေ့သွားမှာကျိန်းသေတယ်၊ ကျွန်မတို့ ဘယ်ပြေးကြတယ်ဆိုတာ ခန့်မှန်းပြီး လိုက်လာမှာပဲ၊ အမီတော့ မခံဘူး၊ လွတ်အောင်ပြေးကြမယ်"

မိန်းကလေးက တုန်ရီလှုပ်ရှားနေသော အသံဖြင့် ပြောလိုက်လေ၏။

မင်းဒင်သည်မိန်းကလေးကို လက်ဆွဲပြီး မီးရောင်အောက်မှာ မြင်လိုက်ရသည့် ဂူလိုဏ်လေးပေါက်တစ်ခုဆီကို ပြေးသွားခဲ့ကြသည်။ မီးထိုးကာ ဂူထဲကိုကြည့်မိလိုက်ကြသည်။

သဏ္ဍာန်နှစ်ခုကို မြင်လိုက်ရပြီးမှ ဖျတ်ကနဲဆို ပျောက်ကွယ်သွားခဲ့လေသည်။ မျက်နှာဖြူ စစ်သားတစ်ယောက်နှင့် ဂျပန်စစ်သားတစ်ယောက်ဟု ထင်မိလိုက်ကြသည်။ တစ်ယောက်နှင့်တစ်ယောက် လုံးထွေးနေကြသလိုမျိုးပင်ဖြစ်၏။

"မင်းမြင်လိုက်သလား. . ."



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ်. . မြင်မိလိုက်တယ်၊ ဘယ်ရောက်သွားကြလည်း မသိဘူးနော်. . ."

မင်းဒင်သည် ထင်ထင်ရှားရှား မြင်မိလိုက်ပြီးမှ ပျောက်သွားသောလူနှစ်ယောက်ကို နားမလည်နိုင်အောင်ပင် ဖြစ်သွားခဲ့ရလေသည်။ နောက်မှပြန်ပြီးတော့ စဉ်းစားမိသည်မှာ. .

"စစ်ပြီးတာပဲကြာလှပြီ. . သင်းတို့မရှိနိုင်လောက်ကြတော့ပါဘူး၊ မသေမပျောက်ပဲ ကျန်ခဲ့ကြတဲ့သူတွေဆိုရင်လည်း အသက်ကြီးကြီးတွေပဲ ဖြစ်လောက်ပါပြီ"

သို့သော်. . .

မိန်းကလေးကြောက်လန့်မည်စိုး၍ ဘာမှမပြောတော့ပေ၊ ဓါတ်ခဲကိုခြွေတာပြီးသုံး၍ အခြေအနေကကောင်းနေသေးသည်။ လိုဏ်ပေါက်ထဲကို မီးထိုးပြီးတော့ ဝင်သွားခဲ့ကြသည်။ အတွင်းကိုတောက်လျှောက်ဝင်သွားပြီးသောအခါ.နောက်ထပ်လိုဏ်ပေါက်တစ်ခုကို မြင်လိုက်ရပြန်လေ၏။

ထူးခြားချက်က အလင်းရောင်သည် ဂူဝမှ ပျို့အံပြီတော့ ထွက်နေသောကြောင့်ပင်တည်း။ အဘာဝအလင်းရောင်ဟုထင်ရသည်။ ထွက်ပေါက်များ ဖြစ်နေမလားဟု နှစ်ယောက်စလုံး ပင်တွေးမိလိုက်ကြလေသည်။ မိန်းကလေးကတော့ ရင်ထဲထိတ် ကန်နေအောင် ဝမ်းသာသွားမိခဲ့လေသည်။ ထိုနေရာကို အပြေးပင် ရောက်သွားခဲ့ကြသည်။ ဂူလိုဏ်ထဲကို ပြေးဝင်သွားသောအခါတွင် အတွင်းဘက်ကို ရှည်လျားသော မြေအောက်ဂူလမ်းကြောင်းကြီးတစ်ခုဖြစ်နေသည်ကို တွေ့လိုက်ကြရပြန်သည်။





အလင်းရောင်ကို မြင်လိုက်ရသော်လည်း ဂူပေါက်ဝကို မတွေ့ကြရပေ။ တစ်နေရာမှလာသော အလင်းရောင်ပင် ဖြစ်သည်။ မြင်မြင်ထင်ထင်ဖြစ်သွားခဲ့၍ သွားလာရသည်မှာ လွယ်ကူသွားခဲ့ရသည်။

ငါတို့ဘယ်နေရာမျိုးကို ရောက်လာခဲ့တာလဲ တော်တော် ကိုရှည်လျားတဲ့ ဂူလမ်းကြောင်းကြီးပဲ၊ ဒီအိမ်ကြီးဟာ ခေတ် အဆက်ဆက်ကလူတွေ ပြောင်းလည်းပြီး ဆက်ဆံခဲ့တာ. . ဒီဝက်ပါ်လိုဏ်လမ်းကြောင်းကြီးနဲ့ ပတ်သက်ပြီး သိထားလို့ပဲ ဖြစ်ရမယ်၊ သုခရိုက်မှုရော၊ ဒုစရိုက်မှုတွေပါ ကောင်းကောင်း လုပ်လို့ရတဲ့ နေရာပဲမဟုတ်လား. . ."

"ဟုတ်တယ်၊ ကျွန်မလည်း ရှင်ရောက်လာမှပဲ ပိုပြီးတော့ အားရှိသွားတော့တယ်၊ ဘာပဲဖြစ်ဖြစ် ဒီဝက်ဘာလိုဏ်လမ်းကြောင်းကြီးဟာ ထွက်ပေါက်ကတော့ တစ်နေရာမှာ ရှိနေရမယ်"

"ဟုတ်တယ်. . ငါတို့လမ်းမမှားဘူးဆိုရင်ပေါ့လေ. . ထွက်ပေါက်ဆိုတာကတော့ ရှာတွေ့ရမှာပေါ့. . ဘာပဲဖြစ်ဖြစ် ငါတို့ဟာ ဟိုအိမ်ကြီးနဲ့တော့ ဝေးလာခဲ့ပြီ. . "-

"ကျွန်မတို့ ဒီအထဲပဲလျှောက်သွားပြီး ထွက်ပေါက်ကိုပဲ ရှာကြရင်ကောင်းလိမ့်မယ်လို့ထင်တယ်"

"ထွက်ပေါက် ဟုတ်လား အေးလေ. . မင်းလိုပဲငါလည်း ထွက်ပေါက်ကိုရှာဖို့ ဆန္ဒရှိတာပေါ့ ဒါပေမယ့်. . ."

"ဒါပေမယ့်က ဘာကိုပြောချင်တာလဲ"



www.burmeseclassic.com

www.burmeseclassic.com



မင်းဒင်က အဖြေမပေး ဂူနံရံ ဂူအမိုးနှင့် ဂူလိုဏ်ပေါက်ဝများကို မှိတ်ပုံလိုက်ပြီးတော့ ရိုက်နေလေသည်။

"အင်း. . ဒါကရှင့်ဝါသနာပဲလေ"

ထို့နောက်. . .

"ကဲ. . လာ. ."

မင်းဒင်က မိန်းကလေးကို အမှတ်မထင် လက်မောင်းမှဆွဲကိုင်ပြီးတော့ ခေါ်သွားသည်။ ဂူလိုဏ်လမ်းကြောင်းက အနည်းငယ်ကျဉ်းမြောင်းသွားသလိုပင်၊ ပိုပြီးတော့လည်း အေးစိမ့်လာခဲ့သည်။ အလင်းရောင်က အနည်းငယ်ရွေ့လျားသွားသည်ဟု ထင်ရသည်။

"ငါတို့မွန်းတည့်နေကို ကြုံလိုက်ရတာပဲ၊ မွန်းတည့်ကိုကျော်သွားတော့ အလင်းရောင်ကလည်း တဖြည်းဖြည်းနဲ့ရွေ့လျားသွားတဲ့သဘောပဲ. ."

မင်းဒင်သည်လက်မှနာရီကို ကြည့်လိုက်လေသည်။ ၁၂နာရီ ၁၅မိနစ်ကို ပြနေလေ၏။

အလင်းရောင်သည် တဖြည်းဖြည်းနှင့် ရွေ့လျားသွားခဲ့သည်မှာ မြန်ဆန်လွန်းလှသည်ဟု ထင်မိသည်။ ဂူလိုဏ်ထဲမှာ အလင်းရောင်က ပါးပါးလေးမျှသာ ရှိတော့သည်။ မင်းဒင်က ဘောင်းဘီအိတ်ထဲက မောင်းပျံဓါးကို ထုတ်ယူလိုက်သည်။

" ဖျောက် "

ရှစ်လက်မအရှည်ရှိ သံမဏိဓါးက ကန်ထွက်လာသည်။ မိန်းကလေးမျက်လုံးပြူး သွားခဲ့လေ၏။

"ရှင်. . ရှင်. . ဒါ. . ဒါကြီးနဲ့"





မင်းဒင်က သူမကိုဂရုမစိုက်ပဲ ကိုယ့်အလုပ်ကိုသာဆက်ပြီးတော့ လုပ်ကိုင်နေသည်။ ဂူနံရံမှာ၊ ဓါးဦးဖြင့်ခြစ်ကာအမှတ်အသားပြုလုပ်သည်။

"ဝက်ပါလိုဖြစ်နေတဲ့နေရာမှာ မျက်စိလည်မှာစိုးလို့"

သူမသည် မသိမသာလေး သက်ပြင်းချလိုက်လေ၏။ ထို့နောက် ယင်းနေရာမှ ထွက်လာခဲ့ကြလေ၏။ ဂူထောင့်ကွယ်တစ်ခုကို အမှတ်မထင်ဝင်သွားမိသည်နှင့်. . .

" အို "

မိန်းကလေးသည် မမျှော်လင့်ပဲ တွေ့လိုက်ရသောမြင်ကွင်းတစ်ခုကြောင့် လန့်သွားမိသည်။ မင်းဒင်ကိုတင်းကြပ်စွာမှင် ဖက်ထားမိလိုက်လေ၏။

ယင်းကား. . .

လူနှစ်ယောက်၏အရိုးစုများပင်. . .

နှစ်ဦးစလုံး မြေပြင်၌လဲကျနေကြကာ တစ်ဦးပေါ်ကိုတစ်ဦးထပ်လျက်ရှိနေကြသည်။ အောက်ကလူသည် မျက်နှာဖြူစစ်ယူနီဖောင်းနှင့်ဖြစ်ပြီး အပေါ်ကလူသည် ဖက်ဆစ်ဂျပန်အဝတ်အစားနှင့်ဖြစ်သည်။ အဝတ်အစားများသည် ဟောင်းနွမ်းဆွေးမြေ့နေပြီဖြစ်သော်လည်း ပြုတ်ကျမသွားခဲ့ကြသေးပေ၊ အချို့နေရာများတွင် အပေါက်အပြဲများက ရှိနေသည်။

တစ်ယောက်နှင့်တစ်ယောက် တိုက်ခိုက်သတ်ပုတ်ကြရင်းသေဆုံးခဲ့ကြဟန်တူသည်။ နှစ်ဦးစလုံး၏ လက်ထဲတွင် သံချေးတက်နေကြသော ဓါးမြှောင်များကို ကိုင်ဆောင်ထားကြသည်။ နံရိုးများကြားထဲသို့ ဓါးဦးအသီးသီးက စိုက်ပြီးတော့ ဝင်နေကြ



www.burmeseclassic.com

www.burmeseclassic.com



သည်။ ဂျပန်အဝင်၊ အင်္ဂလိပ်အပြေးမှာ ဖြစ်သွားခဲ့ကြသည့် ကိစ္စများပင်တည်း. . .။

"မကြောက်ပါနဲ့ကွာ. . သေလို့ပဲ အရိုးကျနေပြီ ငါတို့ကိုလည်းရန်မရှာနိုင်ကြတော့ပါဘူး. . ."

မင်းဒင်က သူမ၏ကျောပြင်ကို ပုတ်ကာနှစ်သိမ့်မှုပေးလိုက်လေ၏။ မိန်းကလေးသည် ကိုယ်ချင်းပူးကပ်နေရာက ချက်ချင်းပင် ခွာလိုက်ပြီး. . .

"ကျွန်မတို့ဒီနေရာကထွက်သွားကြပါစို့ရှင်"

မိန်းကလေးသည် ထိုအရာများကို မကြည့်တော့မျက်နှာလွှဲထားလိုက်သည်။ မင်းဒင်က အလိုက်သိစွာဖြင့်ခေါ်သွားခဲ့လေသည်။ တော်တော်ခပ်လှမ်းလှမ်းကိုရောက်တော့မှ. . .

"မင်းဟာ ဟိုအိမ်ကြီးအမှောင်ထဲမှာတော့ မကြောက်တတ်ဘူး. . ဒီလိုပဲသွားလာနေတာပဲ မဟုတ်လား. . အလင်းထဲကိုရောက်တော့မှ ကြောက်စိတ်ကဝင်လာတာ ဘယ်လိုဖြစ်တာလဲ. ."

"အဲ့ဒီတုန်းက တစ်ယောက်တည်းမို့ စိတ်တင်းထားရတာကြောက်ဖို့ အချိန်မရှိဘူးလေ. . ."

"သြော်. . အခုအဖော်ရှိလာတော့ စိတ်လျှော့လိုက်လို့ဆိုပါတော့ ဟုတ်လား. ."

ပြေးရင်းလွှားရင်း ပြောသွားကြခြင်းပင်။ အလင်းအားကတဖြည်းဖြည်းနှင့် နည်းလာခဲ့သည်။ မင်းဒင်သည် အလင်းရောင်ထွက်ပေါ်လာရာနေရာကို လိုက်လံရှာဖွေရင်းလမ်းစက





ပျောက်သွားခဲ့လေသည်။

ထိုစဉ်. . .

"ကျွီ. . ကျွီ. . ကျွီ. ."

မမျှော်လင့်ပဲ ထွက်ပေါ်လာသောအသံများ. . .

"ဘာသံတွေလဲဟင်"

"ကြွက်အော်သံတွေပဲ"

"ကြွက်တွေက အများကြီးပဲ ထင်တယ်နော်. ."

မင်းဒင်ကသူမကို နောက်ကနေစေပြီး အသံများထွက်ပေါ်လာရာဆီကို မှန်းဆပြီး လိုက်သွားသည်။ သူမကနောက်ကြောင်းကို မလုံသလို ကပ်ပြီးတော့ လိုက်လာခဲ့လေသည်။ မင်းဒင်၏လက်မောင်းကိုလည်း ဆုပ်ကိုင်ထားသည်။

"မင်းနာမည် ဘယ်လိုခေါ်သလဲ. . ."

"ဟာ. . ရှင်ကလည်းအရေးထဲမှာ. . သက်ပိုင်တဲ့ရင်းနှီးတဲ့သူတွေက ပိုင်ပိုင် လို့ခေါ်ကြတယ်"

"တော်ပါပြီ ပိုင်လို့ပဲခေါ်မယ်၊ ငါ့နာမည်က မင်းဒင်၊ ရှင်တွေ ကျွန်မတွေ လုပ်မနေနဲ့တော့. . ."

သက်ပိုင်ကြောက်စိတ်ပြေစေရန် တမင်စကားလမ်းကြောင်းလွှဲပြီး ပြောနေခြင်းပင်ဖြစ်သည်။

"ကျွီ. . ကျွီ. . ကျွီ. ."

ကြွက်အော်သံတွေက ပိုပြီးတော့ နီးကပ်လာခဲ့ကြလေသည်။ နောက်ထပ်လိုဏ်ပေါက်ဝတစ်ခုကို လှမ်းပြီးတော့မြင်လိုက်ကြရပြန်သည်။ ယင်းနေရာက ထွက်လာခဲ့ကြသောအသံများပင်. . .။



www.burmeseclassic.com

www.burmeseclassic.com



ဂူလိုဏ်ဝကို ရောက်လာခဲ့ကြသော်လည်း အထဲကိုမဝင်ရဲကြသေး အကွယ်ကနေ အထဲကို ကြည့်လိုက်ကြသောအခါ. .

" ဟင် "

ဟင်လိုက်သံများသည် တစ်ပြိုင်တည်းလိုလိုပင် ထွက်ပေါ်လာခဲ့ကြလေ၏။

သူတို့တွေ့လိုက်ကြရသည်ကား. . .

များပြားလှစွာသော ကြွက်များပင်ဖြစ်ကြသည်။ ဂူ၏ထောင့်မှာ တောင်ပို့ကြီးလိုလိုအရာကြီးက ပေနှစ်ဆယ်ကျော်လောက်ကို မြင့်တက်နေသည်။ နံရံများသည် မညီမညာ အထစ်များ၊ အထွတ်များဖြစ်ပေါ်နေကြလျက်. . .

ကြွက်များသည် ယင်းတောင်ပို့လိုလို အရာကြီးပေါ်မှာ ပြေးလွှားနေကြသည်။ တက်လိုက်၊ ဆင်းလိုက်နှင့် ရှိနေကြသည်။ တောင်ပို့ကြီးသည် တွင်းပေါက်များရှိနေကာ ကြွက်များက ဝင်လိုက်ထွက်လိုက်နှင့် ရှိနေကြလေသည်။ ထူးခြားချက်တစ်ခုမှာကား. . .

❑ ❑ ❑



(၁၁)

## ဆောင်းချိန်သော ကြွက်များအလိုက်ခံရခြင်း

ထူးခြားချက်မှာကား. . .

ကြွက်အကောင်ပေါင်းထောင်ချီမက ရှိနေသည့်တိုင် ယင်းကြွက်များသည် တစ်နေရာတည်းမှာပဲ ရှိနေကြသည်။ ဂူအပြင်ဘက်ကို ထွက်မလာခဲ့ကြပေ။

သက်ပိုင်သည်များပြားလှသော ကြွက်များကိုမြင်လိုက်ရသောအခါ ရင်ထဲမှာ တလှိမ့်လှိမ့်နှင့် ဖြစ်လာခဲ့ရလေသည်။

"ငါတို့ဒီအထဲကပဲ ဖြစ်သွားကြရမှာ"

"ဖြစ်ပါ့မလား. . နည်းတဲ့ကြွက်တွေမဟုတ်ဘူး"

"သူတို့ဘာသာ သူတို့အလုပ်ရှုပ်နေကြတာပါ၊ လာပါ ဒီမှာ ကြာကြာနေလို့မဖြစ်ဘူး"

မင်းဒင်က သက်ပိုင်၏လက်ကို ဆွဲပြီးတော့ခေါ်သွားသည်။ သက်ပိုင်လည်း အသက်အောင့်ပြီးတော့ လိုက်ပါသွားခဲ့ရလေ၏။ တစ်နေရာကိုရောက်သွားသောအခါ ဆက်မသွား



www.burmeseclassic.com

www.burmeseclassic.com



ရပ်လိုက်သည်။

"ဘာလုပ်ဦးမလို့လဲ"

"ခဏ"

ကင်မရာကိုချိန်ကာ တဖျတ်ဖျတ်နှင့် ခါတ်ပုံရိုက်နေလေသည်။

"ကွိ. . ကွိ. . . ကွိ. . ."

မည်သည့်အကြောင်းကြောင့်လည်းမသိ၊ ကြွက်အော်သံများမှာပို၍တော့ ကျယ်လောင်လာခဲ့ကြလေသည်။

"လာပါ သွားကြစို့. ."

သက်ပိုင်မာ ကြွက်များ၏ယောက်ယက်ခတ်နေမှုကြောင့် ထိတ်လန့်လာခဲ့ပြီဖြစ်သည်။ မင်းဒင်နှင့်အတူပြေးထွက်လာခဲ့ကြလေသည်။ မင်းဒင်အဖို့လမ်းမှာ အမှတ်အသားပြုရန်ပင် အချိန်က မရတော့ပါ၊ အကြောင်းမှာ သူတို့ထွက်သွားခဲ့ကြပြီး မကြာမီမှာပင် ထူးခြားသောအခြေအနေတစ်ခုက ဖြစ်ပေါ်လာခဲ့သောကြောင့်ပင်တည်း. . ။

"ကွိ. . ကွိ. . ကွိ. . ကွိ. . ."

နောက်ကလိုက်လာခဲ့ကြသော ကြွက်အော်သံများ လှည့်ကြည့်လိုက်သောအခါ. . .

"ဟာ"

"အမလေး"

တအံ့တသြလည်း ဖြစ်သွားကြသည်။ ထိတ်လန့်မှုလည်း ဖြစ်သွားခဲ့ကြရသည်။ အကြောင်းမှာ ကြွက်များသည် သူတို့ စောစောကရှိနေကြသည့် ဂူလိုဏ်ထဲက ပြေးထွက်လာခဲ့ကြသော





ကြောင့်ပင်တည်း။ မည်းမည်းမည်းမည်းနှင့်ပြေးထွက်လာခဲ့ကြသောကြွက်များမှာ လမ်းတစ်လျှောက်လုံး ပြည့်သွားကြလေတော့သည်။

"ကိုမင်းဒင် ဘယ်. . ဘယ်လိုလုပ်ကြမလဲ"

သက်ပိုင်မှာ အထိတ်တလန့်ဖြင့် မေးလိုက်လေသည်။

"မြန်မြန်လာ"

မင်းဒင်သည် သက်ပိုင်၏လက်ကို ဆွဲပြီးတော့ပြေးရပြန်သည်။ ထောင်ချီသော ကြွက်များက တစ်ပြုံတစ်မကြီး ကြောက်အားလန့်အားနှင့်ပြေးလာနေကြသည်။ တစ်ကောင်ပေါ်တစ်ကောင်ကျော်တက်ကြကာ အလုအယက်ပင်တည်း။

"နီးလာပြီး နီးလာကုန်ကြပြီ"

သက်ပိုင်က နောက်သို့ လှည့်ကြည့်ရင်းပြေးသည်။ မတတ်နိုင် ဘာမှမလုပ်နိုင်ကြ သည်လိုနှင့်ကြွက်များသည် သူတို့ကိုမီလာကြရုံမက အတူတူပင်ပြေးနေကြသည်။ နောက်တော့ ကျော်တက်သွားခဲ့ကြလေသည်။

ကြွက်များသည် နှစ်ယောက်စလုံး၏ ကြားများဖြတ်ထွက်သွားကြသည် ဖြစ်ရကား ခြေကျင်းဝတ်၊ ခြေဖမိုးများကို ပွတ်တိုက်သွားကြသည်။

"အား. . အမလေး"

သက်ပိုင်ကလန့်၍ အော်သည်။ ခုန်မိလိုက်ရာ ကြွက်တစ်ကောင်ကို နင်းမိသွားခဲ့လေသည်။

"ကွိ"

"အမလေး"



www.burmeseclassic.com

www.burmeseclassic.com



မင်းဒင့်မှာ မနေသာတော့ပဲ သူမ၏ကိုယ်လုံးလေးကို ပွေ့ချီထားလိုက်ရလေတော့၏။ ကြွက်များသည် တောက်လျှောက်ပင် ပြေးသွားနေကြသည်။ ဆယ်မိနစ်လာက်အတွင်းမှာပင် နောက်ဆုံးကြွက်တန်းကြီးက သူတို့နှစ်ယောက်၏ ရှေ့ကိုရောက်သွားခဲ့လေ၏။

ထိုစဉ်. . .

ကြွက်များ၏နောက်မှ ပြေးလိုက်လာသော မည်းမည်းသဏ္ဌာန်ကြီးတစ်ခု၊ မဟူရာကြောင်နက်ကြီးပင်တည်း။

မဟူရာသည် မင်းဒင်တို့ကို လုံးဝဂရုမစိုက်ပဲ ကြွက်များ၏နောက်ကိုတောက်လျှောက်ပင် ပြေးလိုက်သွားခဲ့၏။

"ဟာ ဒီကောင်ကြီးရဲ့ လက်ချက်ကိုး"

"မဟူရာကြီးက ကြွက်တွေကို ခြောက်လှန့်ထုတ်လိုက်တာပဲ ကြွက်တွေကိုစားပြီး ဒီကောင်ကြီးဝဖီးနေတာလား မသိဘူး"

"ဒါပေမယ့် ကြွက်တွေပြေးသွားကြတာ မဟူရာကြီးကြောင့်လည်း ဖြစ်နိုင်တယ်၊ တစ်ခြားအကြောင်းလည်းပါလိမ့်မယ်လို့ထင်တယ်"

"ဘယ်လို ဘယ်လိုတစ်ခြားအကြောင်းဟုတ်လား ဘယ်လိုအကြောင်းများရှိသေးလို့လည်း ပိုင်. . "

"ကျွန်မလည်းမပြောတတ်ဘူး ဒီအိမ်ကြီးထဲမှာ ကြီးမားတဲ့အန္တရာယ်ကြီးတစ်ခုက ရှိနေကယ်လို့ စိတ်ထဲကအလိုလိုထင်နေမိတာကြာပြီ. . ပြီးတော့ဦးလေးက ကျွန်မကို ဘယ်ကိုမှ ထွက်သွားခွင့်မပြုပဲ ပိတ်လှောင်ထားတဲ့အခါ ကြာတော့ရူးသွားနိုင်တယ်မဟုတ်လား. . "

"ဒါပေါ့ ဒါမျိုးက ဖြစ်တတ်ပါတယ်"

"အဲ့ဒီတော့ ကျွန်မဘာလုပ်လည်းသိလား"

"ငါက ဘယ်သိနိုင်မှာလဲ"

"ထိုင်နေရင်းနဲ့လည်း တရားမှတ်တယ်၊ အိပ်နေရင်းနဲ့လည်းတရားမှတ်ဇာယ်၊ အာရုံထိန်းချုပ်တဲ့ အနေနဲ့ပေါ့. . ပထမတော့ လုပ်ရခက်တယ်၊ တစ်ချိန်လုံးမှောင်နေတဲ့ အခန်းထဲမှာ မျက်လုံးတွေကို မှိတ်ထားပေမယ့် ကြောက်စိတ်က ပိုပိုပြီးတော့ တိုးလာခဲ့တယ်၊ ငါ့ကိုတစ်ယောက်ယောက်က လာပြီး အနှောင့်အယှက်ပေးနိုင်မလားလို့ပေါ့. . နောက်တော့ အဆင်ပြေလာတယ်၊ ကြာလာတော့ မေးကနဲ ငိုက်ကနဲဖြစ်သွားတတ်ပြီး ဒီခြံဝင်းကြီးရဲ့ ပြင်ပကို ရောက်ရောက်သွားတတ်တယ်၊ ဟောဒီပတ်ဝန်းကျင်မှာ ဘုရားတစ်ဆူ စေတီတစ်ဆူဆူများ ရှိမလားမသိဘူး ကျွန်မရဲ့လိပ်ပြာက အဲ့ဒီစေတီတော်ဆီကို မကြာခဏရောက် ရောက်သွားတတ်တယ်. . .

အဲ့ဒီမှာ ကြီးမားတဲ့ခြင်္သေ့ကြီးနှစ်ကောင်လည်း ရှိတယ်၊ ပြီးတော့မြွေဖြူကြီးတစ်ကောင်လည်း သစ်ပင်ပေါ်က ဆင်းလာလိုက်ပြန်တက်သွားလိုက်နဲ့ လုပ်နေတာကို တွေ့ရတယ်"

"ဟုတ်လား. . "

သက်ပိုင်စကားကြောင့် မင်းဒင်လည်း အံ့အားသင့်သွားခဲ့ရလေသည်။ တကယ်တော့ မင်းဒင်သည်သက်ပိုင်ကို ပွေ့ချီထားဆဲ လမ်းလျှောက်နေရင်းက စကားပြောနေခြင်းပဲ ဖြစ်ပါ၏။ သက်ပိုင်သည်လည်း ရုတ်တရက် သတိရသလို







www.burmeseclassic.com

www.burmeseclassic.com



ဖြစ်သွားခဲ့ရသည်။

"ကိုမင်းဒင် ရှင်. . ရှင်. . ကျွန်မကို ဒီအတိုင်းပဲချီထားတော့မှာလား အောက်ကိုမချပေးတော့ဘူးလား. ."

ထိုအခါကျမှ. .

မင်းဒင်လည်း အသိပြန်ဝင်သွားခဲ့ရသည်။ သက်ပိုင်ကို အောက်သို့ပြန်ပြီးတော့ ချပေးလိုက်လေ၏။

"မင်းရဲ့ကိုယ်က ပေါ့ရွှတ်နေတာပဲကွာ. . ဘာမှမစားမသောက်ဘူးလား"

"မစားပဲနေပဲ့မလား. . တရားလွန်စိတ်ဓါတ်ကျနေပြီး ဘာမှမစားပဲနေရင် သေသွားမှာပေါ့. . ပိုင့်မှာ. ."

ပိုင်ဟုသုံးလိုက်မိ၍ နှုတ်ဆွံ့သွားစဉ်. . .

"ပိုင်လို့ပဲပြောပါ နားထောင်ကောင်းပါတယ်"

သက်ပိုင်က မျက်စောင်းလေး ဝင့်ကန်ဖြစ်သွားပြီး. . .

"ပိုင်က ငါအပြင်ကိုပြန်ပြီးရောက်ရမယ်ဆိုတဲ့ စိတ်လည်းရှိထားတယ်၊ ဒါ့ကြောင့်အစာကို ဝဝစားရတာပေါ့. ."

"မင်းကိုဦးနန္ဒက လာလာတွေ့သလား. . ."

"ဟင့်အင်း သုံးလေးခါလောက်ပဲ စကားပြောဖူးတယ် ပိုင်က သူခိုင်းတာကို ငြင်းဆန်ပြီးကတည်းက သူဒေါသထွက်ပြီး လာမတွေ့တော့ဘူး ပိုင်ထွက်ပြေးမယ်လို့ကြံတိုင်း သူကကြိုပြီး သိနေတယ်၊ တစ်နေရာရာ အမှောင်ထဲကနေ ချောင်းကြည့်တတ်ပုံရတယ်. . ."

"သူနဲ့မဆုံဖြစ်တာ ဘယ်လောက်ကြာပြီလဲ. ."

"ငါးလလောက်ရှိပြီ ထင်တယ်"





"မင်းတော်တယ်ပိုင် ဒါလောက်အထိတောင် ပြီးတော့ ခံထားနိုင်တယ်"

"ရှင်"

"ဩော်. . . တော်တော်ကြံ့ခိုင်တဲ့မိတ်ဓါတ်ပဲလို့ ဩော် ဒါနဲ့ ငါမင်းကိုပြစရာရှိတယ်၊ ဟောဒီမှာကြည့်စမ်း. ."

အကျီအိတ်ထဲမှဓါတ်ပုံနှစ်ပုံကို ထုတ်ပြလိုက်သည်။ ခြသေ့်ကြီးနှစ်ကောင်၏ဘေးမှာ ရပ်နေသောမိန်းကလေး စေတီတော်ကိုဖူးမြင်နေသော မိန်းကလေး တစ်ဦးတည်းအတူတူပဲဖြစ်ကြသည်။

"ဟင်. . ဒါ. . ဒါ. . ပိုင့်ပုံတွေပါလား"

မိန်းကလေးသည် အံ့အားသင့်သွားခဲ့ရလေ၏။

"ကိုယ်ကလည်း တွေ့စကတည်းက ပိုင်နဲ့ဒီဓါတ်ပုံထဲက မိန်းကလေးဟာ သိပ်ပြီးတူနေတယ်လို့ ထင်မိခဲ့တာ အခုပိုင်က ဒီလိုပြောလိုက်တော့ ပိုပြီးတော့အံ့အားသင့်ရမလို ဖြစ်နေပြီ"

သက်ပိုင်သည် အလင်းပိုပြီးတော့ ရမည့်နေရာကို လျှောက်သွားကာ ဓါတ်ပုံနှစ်ပုံကို သေသေချာချာပင်ကြည့်မိပြန်သည်။

"ပိုင်. . တရားမှတ်လို့ စိတ်ကပျော့သွားတိုင်းမှာ ဒီစေတီနဲ့ဘုရားကို ရောက်သွားခဲ့တယ်၊ လူကတစ်ကယ် ရောက်သွားတာမဟုတ်ဘူး၊ ဒါပေမယ့်ဘယ်လိုကြောင့် ဓါတ်ပုံတွေထဲမှာ ပိုင်က ရှိနေတာလဲ. ."

သက်ပိုင်သည် ဓါတ်ပုံများကို အပြန်ပြန်အလှန်လှန် ကြည့်ကာ အံ့အားသင့်လှမဆုံး။



www.burmeseclassic.com

www.burmeseclassic.com



"ဒီလိုဖြစ်ရပ်မျိုးတွေဟာ ရှိတတ်ကြပါတယ်၊ အနောက်နိုင်ငံတစ်နိုင်ငံမှာ လူတစ်ယောက်ဟာ ကမ္ဘာ့အစည်းအဝေးကို တက်ရောက်ဖို့က ရှိနေတယ်၊ ဒါပေမယ့် အဲ့ဒီနေ့က ဖျားနေတဲ့အတွက် မသွားနိုင်ခဲ့ဘူးလေ. . အိပ်ယာထဲမှာပဲ ရှိနေတာပေါ့"

ကမ္ဘာ့မှာ လူကြီးတွေဟာ အစည်းအဝေးတက်ရောက်ကြသူတွေကို စုပြီးတော့ဓါတ်ပုံရိုက်ကြတယ်၊ ဒါပေမယ့် ဖလင်ကိုကူးဆေးလိုက်တဲ့ အခါမှအဲ့ဒီလူဟာ ပုံထဲမှာလူတွေရဲ့နောက်ဆုံးတန်းကြားထဲကနေပြီး အကျအနပါလာခဲ့တယ်လေ သူဟာ အစည်းအဝေးမတက်ပဲနဲ့ ဘယ်လိုအကြောင်းကြောင့် ဓါတ်ပုံထဲမှာ ပါနေရတာလဲ. . လူတွေက ဒီလူအမှန်ပါပဲဆိုတာ တညီတညွတ်တည်း ထောက်ခံကြပေမယ့် အဖြေကိုတော့ ရှာမရခဲ့ကြဘူး. . ."

"အဲ့သလိုဘာကြောင့် ဖြစ်ရတာလဲဟင်"

"စိတ်ဝိညာဉ်ဆိုင်ရာ သုတေသီဆရာကြီးတွေက ဘယ်လိုဆုံးဖြတ်ကြသလည်း ဆိုတော့ခန္ဓာကိုယ်ထဲက ခွဲထွက်သွားခဲ့တဲ့ဝိညာဉ်ခန္ဓာဟာ သူ့ရဲ့ပြင်းပျတဲ့ စိတ်ဆန္ဒရှိရာကို ရောက်သွားလို့ပဲလို့ ပြောကြတယ်လေ. . ပိုင်ရဲ့အဖြစ်အပျက်ကလည်း ဒီလိုပဲနေမှာပေါ့. . ပိုင့်ကိုတစ်ခုမေးရဦးမယ်"

"မေးလေ. . ဘာမေးမှာလဲ"

"ကိုဒီအိမ်ကြီးထဲကို မဝင်မီ ပြူတင်တံခါးကို ခပ်ဟဟလေးလုပ်ပြီး ဖွင့်ကြည့်သေးတယ် မဟုတ်လား"

"ဟင့်အင်း ပိုင်အဲ့သလို တစ်ခါမှမကြည့်မိပါဘူး၊ ကိုမင်းဒင်တွေ့လိုက်ရလို့လား"





"ဟုတ်တယ် သေသေချာချာကို တွေ့လိုက်ရတယ်၊ မိန်းကလေးတစ်ယောက်ပဲ"

"ကိုမင်းဒင် အမြင်မှားတာများ ဖြစ်မလား"

"မမှားနိုင်ပါဘူး သေချာပါတယ်"

သက်ပိုင်သည် သက်ပြင်းတစ်ချက်ချလိုက်ပြီး. .

"ပိုင်လည်း ဒီအိမ်ကြီးထဲကို ရောက်လာကာစက စကားပြောသံတွေ၊ ညည်းညူသံတွေ၊ ရယ်မောသံတွေလိုကြားတယ်၊ အဲ့ဒီတုန်းက ဦးနန္ဒဟာ ညကြည့်မီးရောင်မီးလုံးမျိုးကို တစ်ခါတစ်လေမှာ ထွန်းခွင့်ပြုထားတယ် တစ်ခါတစ်လေ ကိုယ့်ရှေ့မှာ လူလိုလိုမထင်မရှားသဏ္ဌာန်တွေက ဖြတ်သွားဖြတ်လာလုပ်ကြသလိုမျိုးတွေ့မိတယ်၊ ကြောက်မိတာပေါ့. . နောက်တော့ ကိုယ့်ကို ရန်ရှာကြတာလည်း မဟုတ်ကြတော့ မကြောက်တော့ဘူး၊ ကိုယ်ကရှေ့ကသွားရင် နောက်က တဖျတ်ဖျတ်နဲ့ လိုက်လာ တဲ့ခြေသံတွေလည်း ကြားရတယ်၊ ကြာတော့လည်းရိုးသွားတာ ပါပဲလေ"

"ပိုင်ကတော်တော်သတ္တိကောင်းတာပဲ ဒီလိုမိတ်ဓါတ်မျိုးသာမရှိခဲ့ရင် ဒီအိမ်ကြီးထဲမှာ လအတန်ကြာရပ်တည်ဖို့ဆိုတာ မလွယ်ဘူး"

သက်ပိုင်သည် ဓါတ်ပုံနှစ်ပုံကို ကြည့်ကာအံ့အားသင့်နေဆဲ. . .

တခဏအကြာ. . .

"ကိုမင်းဒင် ကျွန်မတို့ရဲ့နောက်က လိုက်လာနေကြပြီထင်တယ်. . ."



www.burmeseclassic.com

www.burmeseclassic.com



သက်ပိုင်၏ကိုယ်လုံးလေးသည် ဆတ်ကနဲဆို ဖြစ်သွားခဲ့လေသည်။ လာရာလမ်းကိုလည်း လှမ်းမျှော်ပြီးတော့ ကြည့်မိလိုက်လေ၏။

"ဟိုယက္ခဆိုတဲ့လူကြီးလည်း သတိရလာလောက်ပြီ လိုက်လာမယ်ဆိုရင်လည်း လိုက်လာလောက်ပြီပေါ့. . ကဲ ထွက်ပေါက်ကို မြန်မြန်လေး လိုက်ရှာကြရအောင်"

ပိုပြီး သွက်လက်သော ခြေလှမ်းများဖြင့် ထွက်လာခဲ့ကြလေ၏။

❑ ❑ ❑



## (၁၂)

## ဂူလိုဏ်ထဲက ရုပ်ကြွင်းအပိုင်းအစများ

နှစ်ဦးသားအဆင်ပြေမည့် လမ်းကိုရွေးပြီး ဝက်ဘာဂူလိုဏ်လမ်းကြောင်းထဲမှာ အပြေးတစ်ပိုင်းပင် ရောက်လာခဲ့ကြသည်။ မိမိတို့ရွေးချယ်သည့် လမ်းလွဲမှားခဲ့ရင်လည်း ဝက်ဘာလမ်းကြောင်းကြီးထဲမှာ ချာချာလည်နေကြမည် ဖြစ်သည်။

ရေငတ်သည့် ဝေဒနာ၊ ဆာလောင်မွတ်သိပ်မှုများကို စတင်ပြီးတော့ ခံစားလာခဲ့ရသည်။

မကြာမီ. . .

မင်းဒင်နားထဲမှာ အသံတစ်မျိုးကို ကြားလာခဲ့ရလေသည်။

"ရေသံကြားတယ် ရေစီးသံပဲ"

"ဟုတ်တယ်ပိုင်လည်း ကြားရတယ်၊ ရေငတ်လို့ စိတ်စွဲပြီးကြားနေမိတာလား မပြောတတ်ဘူး"



www.burmeseclassic.com

www.burmeseclassic.com



"မဖြစ်နိုင်ဘူးတကယ့်ရေသံပဲ ဟိုဘက်ကလာတဲ့အသံ"

လက်ယာဘက်ရှိ လိုဏ်ထဲမှဖြစ်သည်။ တခဏတော့ တွေဝေကာ ဝင်သင့်မဝင်သင့် ချိန်ဆနေမိကြသေးသည်။ နောက်တော့မှ ဆုံးဖြတ်ချက်ကိုပိုင်ပိုင် ချမိလိုက်ကြကာ လိုဏ်ပေါက်ဝ အသစ်ထဲကို ဝင်လာခဲ့ကြလေသည်။ အလင်းရောင်က ဖျော့တောလာခဲ့သည်။ ဝန်းကျင်သည် ဝိုးတဝါးဆံလာခဲ့ပြန်သည်။

"ဒေါင်"

သက်ပိုင်သည် တစ်စုံတစ်ရာကို ခြေထောက်ဖြင့် တိုက်မိသွားစဉ်၊ မြေပြင်ထက်မှာ လိမ့်ထွက်သွားခဲ့လေသည်။

"အမလေး"

ထိုပစ္စည်းကို မြင်လိုက်ရသောအခါ မင်းဒင်ကို အလန့်တကြားပင် ဖက်တွယ်ထားမိလိုက်လေသည်။

အရိုးခေါင်းကြီးတစ်ခု မျက်လုံးဟောက်ပက်၊ ပါးစပ်ကြီးကိုဟဖြဲကာ သူတို့နှစ်ယောက်ကို ကြည့်နေသည်။ နဖူးတည့်တည့်မှာ အပေါက်တစ်ပေါက်ကို တွေ့လိုက်ရသည်။

"ဖက်ဆစ်ဂျပန်လား နယ်ချဲ့အင်္ဂလိပ်လားပဲ တစ်ဦးနဲ့တစ်ဦးတိုက်ခိုက်ရင်း တစ်ယောက်ရဲ့လက်ဦးမှုကို ခံလိုက်ရတယ်ထင်တယ်ပိုင်"

"လူဆိုးတစ်ယောက်မဖြစ်နိုင်ဘူးလား"

"ဖြစ်နိုင်တယ် ဘယ်သူမဆိုဖြစ်နိုင်တာပဲ"

ထိုမြင်ကွင်းကို ချက်ချင်းပင် မျက်နှာလွှဲလိုက်ကြသည်။ ရှေးယခင်က တောပုန်းဓါးပြများကို ခိုအောင်းရာနေရာလည်း





ဖြစ်နိုင်သည်။ သူတို့အချင်းချင်းတိုက်ခတ်သတ်ဖြတ်ကြသည်လည်းဖြစ်နိုင်သည် မဟုတ်ပါလား"

လိုဏ်လမ်းကြောင်းက ပြောင်းနေသည်။ သို့သော် ခြေလှမ်းသုံးဆယ်ခန့် လျှောက်သွားပြီးသောအခါ ကွေ့တစ်ခုလိုထပ်ပြီးတော့ တွေ့လိုက်ရသည်။

ယင်းကွေ့လို ကျော်လွန်သွားသည်နှင့် အံ့သြစရာတစ်ခုကို မမျှော်လင့်ပဲ တွေ့လိုက်ရလေသည်။ ယင်းကား. . .

မြေသားနံရံရေထွက်ပေါက်တစ်ခုမှ တစ်ထွေထွေစီးကျလျက်ရှိနေသော စမ်းရေများ အောက်မှာမြောင်းပုံသဏ္ဍာန်ကြီးဖြစ်နေပြီ အောက်ဖက်ကို စီးဆင်းနေလျက်ရှိသည်။

နှစ်ယောက်စလုံးပြေးသွားကြပြီး ဘာညာ့စဉ်းစားမနေကြတော့ပဲ လက်ခုပ်ဖြင့် ခတ်ကာသောက်ကြသည်။ မျက်နှာသစ်ကြသည်။ လည်ကုပ်၊ ကိုယ်ပေါ်ကိုပက်ဖြန်းကြလေသည်။ မင်းဒင်သည် ကျောပိုးအိတ်ထဲမှ မုန့်ထုပ်တစ်ထုပ်ကိုယူကာဖောက်ပြီးသက်ပိုင်ကို လှမ်းပေးလိုက်သည်။ သက်ပိုင်သည်ဟန်မဆောင်နိုင်တော့ပဲ မုန့်အချို့ကို ယူလေသည်။ မင်းဒင် လည်းအဆာပြေ ရေနှင့်မျှောချရသည်။ ဝမ်းထဲကိုရေရောအစာ ပါရောက်သွားကြ၍ ခွန်အားတွေလည်း ပြည့်လာခဲ့ရလေသည်။

ထိုစဉ်မှာပင်လျှင်. . .

သူတို့၏နောက်သို့အန္တရာယ်က ထပ်ချပ်မကွာပင် လိုက်လာခဲ့လေပြီ။

❑ ❑ ❑



www.burmeseclassic.com

www.burmeseclassic.com



လူနှစ်ယောက်. . . .

ဂူလိုဏ်းလမ်းကြောင်းအတိုင်း သွက်လက်သောခြေလှမ်းများဖြင့် လျှောက်လာကြလေသည်။ လမ်းတစ်လျှောက်လုံး အမှောင်ထဲမှာ နစ်မြုပ်လျက်ရှိနေလေသည်။

သို့သော်. . .

သူတို့သည် အမှောင်ထဲမှာ မည်သည့်အခက်အခဲမှ မရှိပဲ တောက်လျှောက်ပင် လျှောက်လှမ်းလာနေခဲ့ကြသည်။ အမှောင် ကိုကျင့်သားရနေကြသော မျက်လုံးများ လေ့ကျင့်ထားသော မျက်လုံးများပင်တည်း။

"ယက္ခမင်းညံ့လို့ ဟိုအကောင်လွတ်သွားခဲ့တာ၊ ဟိုမိန်းကလေးလည်း ရှာမတွေ့တော့ဘူး သင်းရဲ့နောက်ကိုပါ သွားပြီ ထင်ပါရဲ့"

"လူကြီးက ကြိမ်းမောင်းလိုက်ရာ. . ယက္ခဆိုသည့် လူက ကြောက်ကြောက်ရွံ့ရွံ့ဖြင့်"

"ကျ. . ကျွန်တော်အလစ်မှာ ခံလိုက်ရလို့ပါ ဒီကောင်ကိုမတွေ့တွေ့အောင် ရှာပေးပါ့မယ်"

ယက္ခသည် မျက်နှာကြီးက အကျည်းတန်ရုပ်ဆိုးသလောက် ဦးနန္ဒကိုတော့ ကြောက်ဟန်တူသည်။ သတ္တိမရှိ တုန်ရီသောလေသံဖြင့် ပြန်ပြီးတော့ပြောလိုက်ခြင်းပင် ဖြစ်သည်။

"အေး. . ဒါမင်းရဲ့တာဝန်ပဲ၊ သင်းတို့နှစ်ယောက်ကို ရှာမတွေ့ရင်တော့ မင်းမလွယ်ဘူး ငါမပြန်လမ်းကို ပိတ်ပစ်မယ်"

"ကျွန်. . ကျွန်တော်တာဝန်ထားပါဆရာကြီး ရအောင် ရှာပေးပါ့မယ် ပြန်မတွေ့ရင် ကျွန်တော့်ကို ကြိုက်သလိုလုပ်ပါ"





ဦးနန္ဒက ဘာမှပြန်မပြောတော့ပေ။ ဂူလိုဏ်ထဲမှာ ခပ်သွက်သွက်ခြေလှမ်းတွေဖြင့်သာ လျှောက်နေသည်။

တစ်နေရာကိုရောက်သောအခါ. . .

ဂူနံရံမှာ လျှို့ဝှက်ကာ မြှုပ်နှံထားသော မီးခလုတ်ကို နှိပ်လိုက်လေသည်။

"ထောက်"

မီးချောင်းတစ်ချောင်းက ဂူမျက်နှာကြက်မှာ လင်းထိန်သွားခဲ့သည်။ ရုတ်တရက် ဖြစ်ပေါ်လာသော အလင်းရောင်ကြောင့် ယက္ခမှာ မျက်လုံးတွေပျာဝေသွားသော်လည်း ဦးနန္ဒကတော့ ဘာမှဖြစ်သွားပုံမရ၊ သူ၏စူးလက်တောက်ပသော မျက်လုံးအစုံသည် မြေပြင်တစ်နေရာဆီသို့ ရောက်သွားခဲ့လေ၏။

ခြေရာအချို့ကို တွေ့လိုက်ရလေသည်။ ခြေရာမှ အစုံ၊ အစုံ၊ ဦးနန္ဒခေါင်းတဆတ်ဆတ်နှင့် ရှိနေလိုက်သည်။ လူနှစ်ယောက်ခြေရာများ. . .

"ယက္ခသူတို့ ဒီလမ်းအတိုင်းလျှောက်သွားကြတယ်၊ ဒီဝက်ပါလမ်းကြောင်းကြီးထဲမှာ သင်းတို့ဘယ်ကိုပြေးကြမလဲ ထွက်ပေါက်ကိုပိတ်ပြီး အစာငတ်၊ ရေငတ်နဲ့ သေကြမှာပဲ ပုလောက်ဆို တဝဲလည်လည်နဲ့ ဖြစ်နေကြလောက်ပြီ. ."

မီးချောင်းနေရာမှ လွန်မြောက်လာခဲ့ကြသောအခါ တစ်ဖြည်းဖြည်းနှင့် မှောင်လာခဲ့လေသည်။

"ဟောဒီနေရာက မီးချောင်းဘယ်ရောက်သွားသလဲ မရှိတော့ပါလား. ."



www.burmeseclassic.com

www.burmeseclassic.com



ချက်ချင်းလိုလိုပင် မီးချောင်းကို ဂူနံရံမှာ ထောင်ထားလျက်သား တွေ့လိုက်ရ၏။ ဂူလိုဏ်လမ်းတစ်လျှောက် အမိုးမျက်နှာကြက်မှာရှိသော မီးချောင်းအချို့သည်လည်း မရှိကြတော့ အားလုံးဖြုတ်ချထားခဲ့ကြသည်။

"ဒီလိုလမ်းကြောင်းကို ဖျက်လို့ရနိုင်မတဲ့လား ငါက အမှောင်ထဲမှာ မမြင်နိုင်တာမှမဟုတ်တာ ဟား. . ဟား. . ဟား. . ဟား. . ငါ့လက်ကလွတ်အောင် ပြေးနိုင်မယ်လို့ ထင်နေကြသလား မသိဘူး"

ဦးနန္ဒ၏ရယ်မောလိုက်သံသည် ဂူလိုဏ်ထဲမှာပဲ့တင်ထပ်သွားခဲ့၏။

BURMESE CLASSIC .com

❑ ❑ ❑

မြေအောက်စမ်းပေါက်လမ်းကြောင်းအတိုင်း တောက်လျှောက်ခရီးနှင်လာခဲ့ကြရာ. . လင်းသည်လည်းမဟုတ်၊ မှောင်သည်လည်းမဟုတ် လမ်းကိုတော့ကောင်းစွာပင် မြင်နိုင်ကြသည်။ ထူးခြားသည်က ပိုပြီးတော့အေးစိမ့်လာခြင်းပင်ဖြစ်သည်။

မိန်းကလေးဖြစ်သော သက်ပိုင်ကို ညာတာသောအားဖြင့်စောင့်ပြီးတော့ ခေါ်ရသည်။ နားသင့်လျှင်နားရသည်။

နောက်ကလိုက်လာကြပြီဟူသော အသိကြောင့်ကြာကြာမနားနိုင်ကြ တောက်လျှောက်ပင် ထွက်လာခဲ့ကြရသည်။

"ပိုင်. . အားတင်းထားနော်"





"ပိုင်. . လျှောက်နိုင်ပါတယ်၊ ကိုမင်းဒင်ကထင်လို့ပါ"

သက်ပိုင်က နွမ်းနယ်နေသောလေသံဖြင့် ပြောလိုက်လေသည်။ အသက်ကိုပြင်းပျစွာ မရှူသောကြောင့် သက်လုံကောင်းနေသေးသည်။ သူမကို ဖေးကူပြီးလျှောက်ရ ကိုယ်ချင်းထိတွေ့ကြရနှင့် ရင်းနှီးမှုများလည်း ရှိလာခဲ့ကြရသည်။ သက်ပိုင်သည် မင်းဒင်ကိုယုံကြည်လေးစားလာခဲ့လေပြီး တစ်နေရာကိုအရောက်တွင်နားကြသည်။

"ကိုမင်းဒင် ရပါတယ် မနားပါနဲ့. . ."

"မကြာတော့နားပေးရမှာပဲပိုင်. . ပိုင့်အတွက်ပါ. . တကယ်လို့နောက်ကလိုက်လာကြရင်လည်း ဘာမှမကြောက်နဲ့ ကိုယ်ရင်ဆိုင်မယ်၊ ကြောက်လို့ပြေးနေတာ မဟုတ်ဘူး ပိုင့်ကိုလွတ်မြောက်စေချင်တာလည်းပါတယ်၊ ဒါကအဓိကအချက်ပဲလေ. . ."

"ကိုမင်းဒင် ဒီအိမ်ကြီးထဲကို ဝင်လာတာကိုကမှားတယ်၊ နောက်ကလိုက်လာကြတဲ့သူတွေဟာ သေမင်းတွေပဲ ကိုမင်းဒင်ကို ကောင်းကောင်းဒုက္ခပေးကြလိမ့်မယ်"

"သေမင်းဆိုတာက ကိုယ့်ရဲ့မိတ်ဆွေပါ တစ်ကယ်တော့ နောက်ကလိုက်လာကြတဲ့သူတွေဟာ သေမင်းမဟုတ်ဘူး၊ ဦးနှောက်မမှန်ကြတဲ့သူတွေ သည်းခြေပျက်နေကြတဲ့သူတွေပဲ"

ဂူနံရံကိုမှီကာ နားနေကြသည်။ သက်ပိုင်ကချွေးသုတ်ရန်ခါးမှ ပုဝါကိုစမ်းကြည့်မိလိုက်သောအခါ. . .

"ဟင်. . ပုဝါမရှိတော့ဘူး လမ်းမှာကျခဲ့ပြီ တစ်ယောက်ယောက်ကတော့ တွေ့သွားမှာပဲ"



www.burmeseclassic.com

www.burmeseclassic.com



(တစ်ကယ်တော့ သက်ပိုင်၏ပုဝါကို ဦးနန္ဒကလမ်းမှာ ကောက်ရပြီး ဖြစ်လေသည်။)

"ဘာတတ်နိုင်မှာလဲ မတော်တဆဖြစ်တာပဲ ကိုယ့်ပုဝါ ယူလေ၊ မသုံးရသေးဘူး အသစ်စက်စက်. ."

"ဟင့်အင်း. . နေပါစေ"

"ဘာလည်းရွံလို့လား. ."

သက်ပိုင်က မင်းဒင်၏လက်ထဲမှပုဝါကို ဆက်ကနဲဆွဲယူလိုက်သည်။ ထို့နောက်မျက်နှာကို သုတ်လေသည်။ မျက်စောင်းတစ်ချက်ကိုလည်း ထိုးလိုက်သေးသည်။ မုန့်ကိုဝေမျှစား စမ်းရေကိုအဝသောက်ကာ ထိုနေရာမှ ကြာကြာမနေပဲ ထွက်လာခဲ့ကြပြန်သည်။

အလင်းရောင်က တစ်နေရာက ထွက်လာခဲ့ပြန်သည်။ ထို့ကြောင့် ပတ်ဝန်းကျင်ကို ထင်သာ၊ မြင်သာရှိလာခဲ့ရသည်။ လမ်းမှာ တလိမ့်လိမ့်နှင့် လွင့်ပါးနေသော မည်းမည်းထွေးထွေး အရာလေးတွေ. .

"လေဝင်လေထွက်ရှိတဲ့နေရာမို့ တစ်ချက်တစ်ချက်မှာ လေတိုက်တာက သိသာတယ်၊ ဘယ်နေရာကမှန်း မသိတာ"

"ဟုတ်တယ် ကိုမင်းဒင် ဒါဆိုဂူပေါက်ဝနဲ့ နီးလာပြီ ဆိုတဲ့သဘောပဲ"

မြေပြင်ပေါ်မှ လိမ့်နေသော မည်းမည်းအရာလေးတွေကိုမီးထိုးကြည့်လိုက်သည်။ ပိုပြီးသေချာစေရန် ဆောင့်ကြောင့်ထိုင်ပြီးတော့ ကြည့်လိုက်သည်။ သက်ပိုင်လည်း မင်းဒင်နှင့်အတူထိုင်လိုက်၏။





"ဘာတွေလည်းဟင်. ."

"ကြွက်မွှေးတွေ. ."

"ဟင်. . ဟုတ်လား"

"ဟုတ်တယ်၊ တစ်နေရာကနေ လွင့်လာခဲ့တာ"

သက်ပိုင်သည် တစ်နေရာကို လက်ညှိုးထိုးပြလိုက်လေ၏။

ကျယ်ဝန်းသော ဂူလိုဏ်ပေါက်ကြီးတစ်ခုပင် ကြွက်မွှေးများသည် ထိုနေရာက လိမ့်ပြီးတော့ ထွက်လာခဲ့ကြခြင်းပင်ဖြစ်သည်။

"လာ. . သွားကြည့်ကြရအောင်"

အန္တရာယ်လား ဂူထွက်ပေါက်လား မသေချာ၊ မရေရာ၊ မျှော်လင့်ချက်လည်းထားရင်း သတိလည်းထားရင်း ဂူလိုဏ်ပေါက်နောက်တစ်ခုထဲကို ဝင်လာခဲ့ကြလေသည်။

မြေပြင်ထက်မှာ ကြွက်မွှေးများကို ထပ်ပြီးတော့ တွေ့လိုက်ရပြန်သည်။ စိတ်ထဲမှာ စနောင့်စနင်းဖြစ်သွားခဲ့ရလေသည်။ မသိစိတ်က လှုံ့ဆော်လိုက်သည် အန္တရာယ်ဟူသော သိက အလိုလိုပင်ဝင်ရောက်လာခဲ့လေသည်။

သက်ပိုင်သည် မင်းဒင်၏လက်မောင်းကို တင်းကြပ်စွာပင်ဆုပ်ကိုင်ထားမိလိုက်လေ၏။ သူမ၏စိတ်ထဲမှာလည်း ကြောက်စိတ်တွေက အလိုလိုပင်ဝင်ရောက်လာခဲ့သလို. .

"ကြောက်စရာဘာမှမရှိဘူး ကြောက်စိတ်က လူကိုအရှုံးဖြစ်ပေါ်စေတယ်ပိုင်. ."

"မကြောက်ပါဘူး ဒါပေမယ့် စိတ်ထဲမှာ တစ်မျိုးကြီးပဲ"



www.burmeseclassic.com

www.burmeseclassic.com



ထိုစဉ်. . .

နှစ်ဦးစလုံးခြေလှမ်းများသည် အလိုလိုပင် တုံ့သွားခဲ့ကြလေသည်။ ရှေ့မှာမမျှော်လင့်ပဲ တွေ့လိုက်ကြရသော မြင်ကွင်းများကြောင့်ပင်တည်း။

"ဟင်"

"ဟာ"

ဖွေးဖွေးဖြူလျက်ရှိနေကြသော အခိုးများက ဟိုဒီတစ်နေရာစီ ဖြန့်ကြလျက်ရှိနေကြလေသည်။ သက်မိုင်သည် မင်းဒင်၏လက်မောင်းကို ပိုပြီးတင်းကြပ်စွာပင် ဖက်တွယ်ထားမိလိုက်လေ၏။

□ □ □

BURMESE CLASSIC .com



(၁၃)

## ရောက်လာသော အန္တရာယ်

နှစ်ယောက်စလုံး မင်တက်မိနေကြကာ မည်သို့တွေးထင်ကြရမှန်းပင် မသိတတ်ကြတော့ပေ။

"ဒီနေရာမှာ ဒါလောက်များပြားလှတဲ့ အရိုးခြောက်တွေကိုမမျှော်လင့်ပဲ တွေ့လိုက်ရပြန်ပြီ"

"ဟုတ်တယ်၊ တိရိစ္ဆာန်ရိုးတွေလည်းပါတယ်၊ လူရိုးတွေကောပဲ ဘယ်လိုအကြောင်းကြောင့် ဒွေးရောယှက်နေကြသလည်းမသိဘူး၊ ကိုမင်းဒင်ဟောဟိုမှာကြည့်စမ်း ကိုမင်းဒင်. ."

သက်ပိုင်က မြေပြင်တစ်နေရာမှ အရိုးစုတစ်ခုကို လက်ညှိုးထိုးပြလိုက်လေ၏။ သွားရောက်ကြည့်ရှုသောအခါ လောလောလတ်လတ်သေဆုံးထားသော ကြွက်အရိုးစုပင် ဖြစ်လေသည်။ အချို့သောအသားစများက လတ်ဆတ်စွာပင် ကပ်ညိလျက်ရှိနေကြသေးသည်။ သွေးစသွေးနများကိုပင်



www.burmeseclassic.com

www.burmeseclassic.com



တွေ့ကြရလေသည်။

ကြွက်အရိုးစုမှာ တစ်ကောင်တည်းမဟုတ်ပါ၊ နောက်ထပ် သုံးလေးကောင်ကို တွေ့လိုက်ကြရပါသေးသည်။ အရိုးစုအချို့မှာ ခြောက်ကယ်ပြီး ဝါထိန်လျက်ရှိကြသည်။

"ဘယ်လိုအကြောင်းကြောင့် ဒီလိုပုံစံမျိုးနဲ့ သေဆုံးကုန်ကြရတာလဲ. . အသားတွေလည်း မရှိကြတော့ဘူး. . ဒီကြွက်တွေဟာ မကြာသေးမီကမှ သေဆုံးကုန်ကြတာ. . ."

"ဟုတ်တယ်. . ကြွက်လိုကောင်မျိုးကိုစားတဲ့ သတ္တဝါဟာအရိုးပါဝါးစားလို့ရတာပဲ အခုဘာဖြစ်လို့ အသားတွေချည်း စားပစ်တာလဲပိုင်၊ ဟိုမဟူရာကြောင်နက်ကြီးရဲ့ လက်ချက်လို့ဆိုရင်လည်း ခေါင်းနဲ့ခြေထောက်လောက်ကိုတော့ ချန်ထားမှာပဲ အသားချည်းပဲ ထွင်ပြီးတော့ စားမှုမဟုတ်ပါဘူးလေ. ."

ထိုစဉ်. . .

"အား. . ကယ်ကြပါဦး. ."

"အမလေး ဘာကြီးလဲ. . ဘာကောင်ကြီးလဲ. . ကြောက်စရာကြီးဗျ. . အား. . အား. ."

အော်ဟစ်သံများ အကြောက်အကန်ရုန်းကန်၍ သေးပျက်ခမန်း အော်လိုက်ကြသံများကို အမှတ်မထင်ကြားလိုက်ကြရလေသည်။

"ဟင်. . အော်သံကြီးတွေပါလား. . ဘယ်ကနေထွက်လာကြတဲ့အသံတွေလဲ. . ."

သက်ပိုင်သည်လည်း လူပ်လှုပ်ရှားရှား ဖြစ်သွားခဲ့ရလေ၏။ မင်းဒင်၏လက်မောင်းကို ပိုပြီးဟော့ တင်းကြပ်စွာဖြင့်





ဖက်တွယ်ထားမိလိုက်လေသည်။

"မကြောက်နဲ့ပိုင်၊ လူတွေဒုက္ခရောက်နေတဲ့ အသံပဲ၊ အန္တရာယ်ကြုံတွေ့နေကြသလိုမျိုးပဲ"

"ဟုတ်တယ်၊ ဘယ်သူတွေများ အန္တရာယ်တွေ့နေကြသလည်းမသိဘူး၊ ဘာအန္တရာယ်များ ဖြစ်နိုင်မလဲ ကိုမင်းဒင်"

"ပိုင်. . ကိုယ်တို့သတိတော့ ထားကြရမယ်၊ ကြောက်ပြီး တစ်ကွဲတစ်ပြားစီ မဖြစ်စေနဲ့ ကြားလား"

မင်းဒင်က သတိပေးလိုက်သည်။ ရှပ်ကြွင်းများကို ဖျတ်ကနဲဆို ခါတ်ပုံရိုက်ယူလိုက်သည်။ ကင်မရာကိုလည်တိုင်မှာပဲ ချိတ်ထားလိုက်ပြီး မောင်းပြန်ဓါးကို ကိုင်ထားလိုက်လေသည်။

အော်သံများကို နောက်ထပ်တစ်ကြိမ်ကြားလိုက်ရပြီးနောက် တိတ်ဆိတ်သွားခဲ့လေသည်။

"ကိုမင်းဒင် ဟိုမှာ ကြည့်လိုက်စမ်း. ."

သက်ပိုင်က တစ်နေရာကို လက်ညှိုးထိုးပြလိုက်သည်။ အတော်ခပ်လှမ်းလှမ်းမှာ မြူခိုးတွေလိုလို မီးခိုးငွေ့တွေလိုလို ထွက်လာနေကြသည်။

အရိပ်သဏ္ဍာန်များက လျှောက်ပြေးလွှားနေကြသည်။ သွေးရူးသွေးတန်းပင် အန္တရာယ်မှလွတ်မြောက်ရန် ပြေးလွှားနေကြသလိုမျိုး မျက်နှာတွေက ထိတ်လန့်လွန်းအားကြီးနေကြ၍ ရုပ်ပျက်ဆင်းပျက်ဖြစ်နေကြလေသည်။ ထို့နောက် ထိုသဏ္ဍာန်များသည်မီးခိုးငွေ့တွေကြားမှာပင် ပျောက်ကွယ်သွားခဲ့ကြလေသည်။

"ကိုမင်းဒင် တွေ့လိုက်လားဟင် တွေ့လိုက်လား"

သက်ပိုင်က မင်းဒင်၏ လက်မောင်းကို ကိုင်လှုပ်ကာ



www.burmeseclassic.com

www.burmeseclassic.com



မေးလိုက်လေသည်။

"တွေ့တယ်လေ. . မြူတွေလိုလိုဟာတွေ အဲ့ဒါဘာဖြစ်သလဲပိုင်ရဲ့ ဒါမျိုးဟာ မြေအောက်လိုဏ်ဂူတွေထဲမှာ ဖြစ်တတ်ပါတယ်. . "

"မဟုတ်ဘူးကိုမင်းဒင် လူတွေကိုပြောတာ လူတွေ အထိတ်တလန့်နဲ့လျှောက်ပြီးတော့ ပြေးနေကြတယ်၊ ပိုင်မြင်လိုက်တယ်"

မင်းဒင်က သက်ပိုင်၏ပခုံးကို ဖျစ်ညှစ်ကာ အားပေးလိုက်ပြီး. . .

"အခိုးအငွေ့တွေက မမှောင့်တမှောင်အလင်းရောင်ထဲမှာ ထွက်လာကြတော့ မထင်မရှားပုံသဏ္ဌာန်တွေ ဖြစ်နေကြတာပါ ဒါကိုပိုင်က အာရုံမှားပြီး မြင်ချင်ရာကို မြင်နေတာဖြစ်မယ်. . ."

"အော်သံတွေကကော ပိုင်တို့ရဲ့နားနဲ့ ဆတ်ဆတ်ကြားမိလိုက်ကြတာပဲ မဟုတ်လား"

"ကဲပါလေ. . ဒါတွေဟာကိုယ်တို့ရဲ့ စိတ်ထဲမှာ ချောက်ချားမှုနဲ့အတူ ဖြစ်ပေါ်လာကြတာပဲနေမှာပါ ဟော. . အခိုးအငွေ့တွေမရှိကြတော့ဘူး ပျောက်သွားကြပြီ လာသွားကြရအောင်"

မင်းဒင်သည် အနည်းငယ်တုန်လှုပ်နေသော သက်ပိုင်ကိုလက်မောင်းမှဆွဲပြီးတော့ ခေါ်သွားသည်။ စောစောကမီးခိုးငွေ့တွေထွက်ပေါ်လာခဲ့သေ ဂူလိုဏ်ထဲကို ရောက်သွားခဲ့ကြလေသည်။ အနံ့တစ်မျိုးကိုရရှိလိုက်ကြသည်။ စိမ်းရွှေရွှေအနံ့မျိုးပင်ကျန်ရစ်ခဲ့သော အနံ့ပါးပါးလေးကို ရှူရှိုက်မိလိုက်ရသည့် တိုင်





မူးဝေနောက်ကျိသော ဝေဒနာမျိုးကို မမျှော်လင့်ပဲ ရရှိလိုက်ကြလေ၏။

"ဘယ်ကထွက်လာတဲ့အနံ့လည်း မြေကြီးထဲကလားနံရံတွေဆီကလား. . "

မင်းဒင်က တစ်ကိုယ်တည်းပြောမိလိုက်သည်။ ဒါတောင် အနံ့ပါးပါးလေးပဲ ရှူမိခဲ့လို့ စောစောကလို အခိုးအငွေ့တွေကြားထဲကိုသာ ရောက်သွားခဲ့လျှင်. . . ယင်းအနံ့ကြောင့် လုံးဝကို မူးမေ့သွားမည်ဖြစ်ကြောင်းမပြောတတ်ပေ။

"ပိုင်သိပ်ပြီးတော့ ကြောက်နေတယ်ထင်တယ်"

သက်ပိုင်သည် ဟန်မဆောင်နိုင်တော့ပဲ မင်းဒင်၏ရင်ခွင်ထဲကို တိုးပြီးတော့ ဝင်လာခဲ့လေ၏။

"ကြောက်တယ်လည်း မဟုတ်ဘူးတစ်မျိုးကြီးပဲ"

"ကိုယ်ပိုင်နဲ့ အတူရှိနေတာပဲ ဘာကိုမှကြောက်စရာမလိုဘူး၊ မကြာမီမှာ ကိုယ်တို့ဒီနေရာက လွတ်မြောက်ကြတော့မှာပါ"

မင်းဒင်က သက်ပိုင်၏ကျောပြင်ကို လက်နှင့်ပုတ်ရင်းအားပေးလိုက်လေသည်။ ထို့နောက်နေရာမှ ဆက်ပြီးတော့ထွက်လာခဲ့လေသည်။ လေကောင်းလေသန့်များကို မရှူရှိုက်မိပဲ အောင့်သိုးသိုး၊ ပုတ်အက်အက်အနံ့များကိုသာ ရှူရှိုက်မိနေခဲ့သည်။ သက်ပိုင်လည်း မင်းဒင်၏လက်မောင်းကို ဖက်တွယ်ကာလိုက်ပါလာခဲ့သည်။ လုံးဝကို မလွတ်တော့ပေ။

"ဖတ်. . ဖတ်. . ဖတ်. . ဖတ်. . "

ထိုစဉ်. . .



www.burmeseclassic.com

www.burmeseclassic.com



ထူးခြားသောအသံများက ထွက်ပေါ်လာခဲ့ကြပြန်သည်။ သက်ပိုင်သည် မင်းဒင်၏က်မောင်းကို ပိုမိုတင်းကြပ်စွာပင် ဆုပ်ကိုင်ထားမိလိုက်လေသည်။

"ဖတ်. . ဖတ်. . ဖတ်. . ဖတ်. ."

တစ်စုံတစ်ရာနှင့် ရိုက်ခတ်နေသော အသံမျိုးပင် ဖြစ်သည်။ မင်းဒင်ကလက်နှိပ်ဓါတ်မီးကို သက်ပိုင်အားပေးထားလိုက်သည်။ သူကတော့ ဓါးမြှောင်ကို ဆုပ်ကိုင်ထားသည်။ ရှေ့မှာထောင့်ကွယ်တစ်ခု သတိထားပြီးတော့လျှောက်လာသည်။

သက်ပိုင်သည်ရင်အခုန်မြန်လာခဲ့သည်။ မင်းဒင်၏ကျောပြင်နှင့်သက်ပိုင်၏ ကိုယ်လုံးထိကပ်နေသည်ဖြစ်ရာ သူမရင်အခုန်မြန်နေသည်ကို သိနေခဲ့လေသည်။

တဖတ်ဖတ်မြည် အသံများက နီးကပ်လာခဲ့သည်။ သတိကိုပိုပြီးတော့ ကြီးစွာထားနေမိကြရသည်။ မင်းဒင်သည် သက်ပိုင်ကို သူ၏ကျောမှာနေစေသည်။

ထိုစဉ်. . .

လေထဲမှာ အမှတ်မထင်ဝေ့ဝဲလာသော ရှည်မျောမျောတစ်ခု ရိပ်ကနဲဆိုရောက်လာပြီး မင်းဒင်၏ခါးကိုရစ်ပတ်လိုက်လေတော့သည်။ ယင်းအရာသည် ပထမမြွေကြီးတစ်ကောင်၏အမြီးပိုင်းဟု ထင်မှတ်မိလိုက်သည်။ နောက်တော့မှ သားရေခါးပတ်ပြားကြီးလို အစိမ်းပုတ်ရောင်အရာကြီး တစ်ခုမှန်းသိလာရသည်။ ယင်းအရာကြီးသည် မင်းဒင်၏ခါးကို မြဲမြံစွာရစ်ပတ်ကာ ဆောင့်ဆွဲပြီးတော့ ယူသွားခဲ့လေ၏။





"အား"

"ကိုမင်းဒင်"

သက်ပိုင်သည် မမျှော်လင့်မိသောဖြစ်ရပ်ကြောင့် အလန့်တကြားပင် အော်မိလိုက်လေသည်။ နောက်ကနေ မင်းဒင်ကို လိုက်ပြီးတော့ဆွဲသည်။ ထိုအခါနောက်ထပ် သားရေပြားလို ရှည်မျောမျောအရာကြီးတစ်ခုက ရောက်လာပြီး သက်ပိုင်၏ခါးကို ရုတ်တရက်လာရောက်ရစ်ပတ်လိုက်ပြန်လေသည်။ ထို့နောက် ဆောင့်ဆွဲလိုက်ပြန်ရာ ပါသွားခဲ့ပြန်သည်။

"အား. . ကိုမင်းဒင်"

မင်းဒင်သည် သတိကြီးစွာ ထားသူမို့ လက်ထဲမှာ ကိုင်ထားသော ဓါးမြှောင်ဖြင့် ထိုအရာကို လှီးကာဖြတ်ချလိုက်လေသည်။

"ဘွပ်. . . ဘွပ်. . ."

ထိုအခါ. . .

ပြတ်သွားသောနေရာက သွေးများက ဘွပ်ကနဲ ဘွပ်ကနဲဖြင့် ယိုစိမ့်ပြီးတော့ ထွက်လာခဲ့ကြလေသည်။ သက်ပိုင်၏ခါးမှာ ရစ်ပတ်ထားသော လက်တစ်ဝါးခန့် လုပ်ကျယ်သည့် အရာကြီးကိုလည်း ဓါးမြှောင်ဖြင့် ကြိတ်၍လှီးကာ ဖြတ်ချလိုက်လေ၏။

"ဘွပ်. . ဘွပ်. ."

ပြတ်သွားသောနေရာမှ သွေးလိုလိုအရာများက တဘွပ်ဘွပ် တပျစ်ပျစ်ဖြင့် ပန်းပြီးတော့ ထွက်လာခဲ့ကြလေရာ. . နှစ်ဦးစလုံး၏ ကိုယ်ပေါ်မှာ စွန်းထင်းသွားခဲ့



www.burmeseclassic.com

www.burmeseclassic.com



ကြလေသည်။ ခါးမှာ ရစ်ပတ်နေသော အပိုင်းပြတ်ကြီးကို မနည်းပင်ဆွဲခွာယူကြရသည်။ မြေပြင်ပေါ်ကို ပစ်လိုက်ကြသည့်တိုင် တဖျတ်ဖျတ်နှင့် လှုပ်ရှားနေကြ လျက်ရှိသေးသည်။ တခဏအကြာတွင် ငြိမ်သက် သွားခဲ့ကြလေသည်။ အရောင်မှာလည်း ဖျော့သွားကာ ချက်ချင်းလိုလိုပင် ခြောက်သွေ့သွားခဲ့ ကြလေသည်။

မင်းဒင်နှင့် သက်ပိုင်တို့သည် မမျှော်လင့်ပဲ ကြုံတွေ့လိုက်ရသည့် အခြေအနေကြောင့် ချောက်ချားနေမိပြန်သည်။

သို့သော်. . .

အမှတ်တမဲ့နေနေကြရာမှ ရှေ့မှာရှိနေသော အရာတစ်ခုကိုသတိထားကာ ကြည့်မိလိုက်လေသည်။ ယင်းကား. . အမြင့် ငါးပေသာသာခန့်ရှိ သစ်ပင်ကြီးတစ်ပင်တည်း၊ သစ်ပင်ဟုဆိုရသော်လည်း ဖြောင့်မတ်နေသော ပင်စည်သည် အရွက်ပြားကြီးလိုလို ပင်စည်ပျော့လိုလို နွယ်ပင်လိုလို အရာများဖြင့် ရစ်ပတ်ထားသလိုလိုပင် ရှုပ်ထွေးနေလျက်ရှိသည်။

"ဒါ. . ဒါ. . ဘာပင်ကြီးလည်း မသိဘူးနော်"

သက်ပိုင်ကစိတ်လှုပ်ရှားစွာဖြင့် မေးလိုက်လေသည်။

"ပိုင်သေသေချာချာကြည့်စမ်း၊ ပင်စည်မှာရစ်ပတ်နေတာ ကိုယ်တို့ကိုလာပြီး ပတ်တဲ့လက်တံကြီးတွေလိုအရာပဲ မဟုတ်လား. . အဲ့ဒီကနေဖြစ်လာပြီး ကိုယ်တို့ဆီကိုရောက်လာတာပဲဖြစ်မယ်"

"ဟုတ်တယ်ကိုမင်းဒင်. . ခါးထိလို့ပြတ်သွားတဲ့နေရာကတွက်နေတဲ့ သွေးလိုစေးစေးပျစ်ပျစ်ဟာတွေ အပင်မှာကပ်နေ





ကြတယ်. . ."

ပင်စည်တွင်ရစ်ပတ်နေသော ကြောင်လျှာသီးလိုလို ဗျက်ကျယ်ကျယ် ရှည်မျောမျောအရာများက လူနှံ့ရ၍ ပြေလျော့ပြီးရှည်ထွက်လာကြခြင်းပင် ဖြစ်သည်။ သန်မာလှသော နွယ်လက်တံချောင်းများအဖြင့် တိုက်ခိုက်ကြကြောင်း ကိုယ်တွေ့ကြုံတွေ့လိုက်ကြရလေပြီ။

"စောစောကထွက်လာတဲ့ မီးခိုးလိုလိုတွေကလည်း ဒီအပင်ထဲကပဲဖြစ်မယ်၊ အဆိပ်ငွေ့တွေပဲ လူပဲဖြစ်ဖြစ် တိရိစ္ဆာန်ပဲဖြစ်ဖြစ် ဒီအငွေ့ကိုရှူမိပြီး မူးမေ့သွားခဲ့ရင် နွယ်ရှင်လိုလို လက်တံကြီးတွေက ထွက်လာပြီးတော့ ဒုက္ခပေးကြမှာပဲ"

"အဲ့ဒါတွေဟာ အရွက်တွေပဲထင်တယ်၊ ဟုတ်တယ် အရွက်လို့ပြောလို့ရတယ် ကိုမင်းဒင် နွယ်ရှင်လိုလို ရှည်မျောမျောဟာကြီးတွေဟာ လျှာချောင်းကြီးတွေလိုပဲ အဲ့ဒါကြီးတွေနဲ့ လူတွေကိုဖမ်းပြီး ဘာလုပ်ကြမှာလဲ"

"သွေးစုပ်ပင်ပဲပိုင် သတ္တဝါတွေနဲ့ အသွေးအသားကို စုပ်ယူဝါးမြိုတတ်တဲ့ ရုက္ခပင်တွေ တောတောင်နက်ကြီးတွေထဲမှာ ရှိတတ်ကြတယ်"

"ကြောက်စရာကြီးပါလားနော်"

"ဟုတ်တယ်ကြောက်စရာကောင်းတယ်၊ ဒါတောင် ကိုယ်တို့ဟိုအငွေ့ကို မရှူမိလိုက်လို့ မေ့မျောသွားခဲ့ကြရင်တော့ လားကိုယ့်ကိုယ်ကို ဘာဖြစ်လို့ ဖြစ်သွားမှန်းတောင် သိလိုက်မှာမဟုတ်ဘူး"

အပင်ကြီးကို သေသေချာချာကြည့်မိလေလေ ရင်ထဲမှာ



www.burmeseclassic.com

www.burmeseclassic.com



အလိုလိုနေရင်း အော်ဂလီဆံလာလေလေ ဖြစ်သည်။ ထို့ကြောင့် ထိုနေရာမှ ထွက်သွားကြတော့မည်အပြုမှာ. . .

"ဩော်. . မင်းတို့က ဒီရောအထိတောင် ရောက်နေကြမှကိုး တော်တော်ကို ဉာဏ်ပြေးကြတဲ့သူတွေပဲ. ."

မမျှော်လင့်ပဲ ထွက်ပေါ်လာသောအသံတစ်သံ၊ အသံထွက်ပေါ်လာရာဆီကို ဆတ်ကနဲဆိုလှမ်းပြီးတော့ ကြည့်လိုက်ကြသည်။ ဂူလိုဏ်ပေါက်ဝမှာ ပိတ်ကာရပ်နေကြသောလူနှစ်ယောက် အသက်ခြောက်ဆယ်ခန့်ရှိပြီး သျှောင်တုတ်စောင်းထုံးထားသောလူကြီးတစ်ယောက် ထိုလူကြီးကို မင်းဒင်မြင်မြင်လိုက်ခြင်း ကောင်းစွာပင်မှတ်မိသွားခဲ့ရလေ၏။

အရင်ရက်တွေက တောင်ကုန်းထိပ်မှာ တွေ့ခဲ့ရသောလူကြီးပင် သူ့ဘေးမှ လူကြီးကတော့ယက္ခ. . .

"ကိုမင်းဒင်. . အဲ့ဒါပိုင်ရဲ့ဦးလေးပဲ ဦးနန္ဒဆိုတာပေါ့. ."

သက်ပိုင်သည် တုန်ရီလှုပ်ရှားသောလေသံဖြင့် တိုးတိုးလေးပြောလိုက်လေသည်။

"ပိုင်. . မင်းက ဒီလူရဲ့အကူအညီကိုယူပြီး ဒီကနေထွက်ပြေးကြဖို့ ကြံစည်ကြတယ်၊ တော့်ဟော့်ကို ရယ်[illegible]ရောကောင်းတာပဲ ဒီနေရာကိုရောက်လာကြတဲ့ သူ[illegible] ငါ့လက်ထဲက လွတ်မြောက်သွားရိုး ထုံးစံမရှိခဲ့ဘူးလေ. . .

"ဦးလေးပိုင့်ကို ဘယ်လိုအကြောင်းနဲ့ ဒီအိမ်ကြီးထဲမှာ အကျဉ်းချထားရတာလဲ. . ပိုင်ကလူသားတစ်ယောက်ပါ၊ သွေးနဲ့ကိုယ်၊ သားနဲ့ကိုယ်၊ ဒီလိုမတရား လုပ်ထားတာကတော့ မကောင်းပါဘူး ဒီအိမ်ကြီးထဲမှာ ရက်ရှည်လများ မနေချင်တော့





လို့ ကိုယ်လွတ်မြောက်ရာ လွတ်မြောက်ကြောင်းကိုရှာတာတရား သလား၊ မတရားဘူးလားဆိုတာ နားလည်ထားပါ. ."

"ပိုင်ငါက နင့်ကိုမတရားချုပ်နှောင်ထားတာ မဟုတ်ဘူးငါ့လိုအပ်တဲ့အတိုင်းအတာအထိ နင့်ကိုထားထားမှာပဲ ငါကနင့်ကို ပြန်မလွှတ်ပေးဘူးလို့ပြောနေလို့လား"

"ဒီမှာဦးလေး ပိုကိုဒီလို ဟိုမရောက်၊ ဒီမရောက်စကားတွေကိုမပြောပါနဲ့ ပိုင်ဦးလေးကို အယုံအကြည်မရှိဘူး တစ်ချိန်ချိန်မှာ ဦးလေးကပိုင့်ကို သေလမ်းကိုပို့ပစ်မှာပဲ သိတယ်"

ဦးနန္ဒထံမှ တဟင်းဟင်းနှင့်ရယ်သံထွက်ပေါ်လာခဲ့လေသည်။ ထို့နောက်အကြည့်က မင်းဒင်ဆီကို ရောက်သွားခဲ့လေသည်။

"မင်းကငါအကြောင်းအမျိုးမျိုးပြုပြီး တားမြစ်နေတဲ့ကြားထဲကဒီအိမ်ကြီးထဲကိုဝင်ဖြစ်အောင် ဝင်လာခဲ့သေးတာကိုး. . အေးပေါ့လေတကယ်တော့ မင်းဟာကိုယ့်သေတွင်းကိုယ်တူးလိုက်တာပဲ"

"တကယ်တော့ဦးရီးက ကျွန်တော့်ဒီအိမ်ကြီးထဲကိုမဝင်ဝင်အောင်လို့ စိတ်ကိုတမင်ဆွပေးလိုက်တာမဟုတ်လား"

မင်းဒင်က အေးဆေးစွာပင် ပြန်ပြောလိုက်လေသည်။

❑ ❑ ❑



www.burmeseclassic.com

www.burmeseclassic.com

(၁၄)

## ဆောင်ချောက်အပိမ်ံလိုက်ရခြင်း

မင်းဒင်သည် ကင်မရာကိုကိုင်ကာ ဦးနန္ဒနှင့် ယက္ခတို့ကိုခါတ်ပုံတဖျတ်ဖျတ်နှင့် ရိုက်လိုက်လေ၏။

"မင်း . . မင်း . . ဒါ . . ဒါဘာလုပ်တာလည်းကွ"

ဦးနန္ဒသည် တရှုံးရှုံးတရှဲရှဲနှင့် ဖြစ်သွားခဲ့ရလေ၏။ ယက္ခ သည်ဦးနန္ဒ၏တပည့်ပီပီ သဘောပေါက်သွားကာ ပုဆိန်ကြီးကို မင်းဒင်ဆီကို တဟုန်ထိုးပင်ပြေးဝင်လာခဲ့လေ၏။

"ကိုမင်းဒင်"

သက်ပိုင်က အလန့်တကြားပင်အော်လိုက်မိသည်။

"ပိုင် . . ဘေးဖယ်နေ"

မင်းဒင်သည် သက်ပိုင်၏ပခုံးကို တွန်းပစ်လိုက်သည်။ အနီးကိုရောက်လာသော ယက္ခသည် ပုဆိန်ကြီးကို မြှောက်ကာ





မင်းဒင်ကို ခေါ်ပေါ်မှနေ၍ တအားပင်ခုတ်လိုက်လေသည်။

"သေပေတော့ . . ."

မင်းဒင်သည် ထိုအခြေအနေကို ကြိုတင်ပြီးတော့ တွက်ထားပြီးသားဖြစ်ရကာ ခေါင်းကိုအသာလေးငုံ့ပြီးတော့ ရှောင်လိုက်သည်။ ညာခြေကို နောက်သို့ဆုတ်လိုက်ပြီး ဘယ်လက်က ယက္ခ၏ပုဆိန်ကိုင်သောလက်ကို ပုတ်ထုတ်ပစ်လိုက်လေသည်။

ပုဆိန်အသွားသည် လိုရာကိုရောက်မလာပဲ လွဲချော်သွားခဲ့လေသည်။ မင်းဒင်၏လက်သီးတစ်လုံးက ယက္ခ၏ မေးရိုးဆီကိုတန်းပြီးတော့ ဝင်သွားခဲ့လေသည်။

"ဒုပ် . ."

"အား"

လူကောင်ကြီးသလောက် ဘီလူးသဘက်မျက်နှာကြီးနှင့် လူကခံနိုင်ရည်မရှိ၊ အသည်းငယ်လှသည်။ နာတတ်လိုက်တာ၊ အော်လိုက်သံက မချိမဆန့်ပင် ထွက်ပေါ်လာခဲ့လေသည်။ ထိုလူကြီးခေါင်းလန်ထွက်အသွားမှာ နောက်ထပ်လက်သီးတစ်လုံးက အရှိုက်ဆီကို တန်းပြီးတော့ ဝင်သွားခဲ့ပြန်လေ၏။

"အွတ်"

ယက္ခသည် မျက်နှာကြီးရှုံ့မဲ့သွားကာ နောက်ကိုဒယိမ်းဒယိုင်နှင့် ဆုတ်ခွာသွားခဲ့လေသည်။ ပုဆိန်ကတော့ လက်ထဲက လွတ်၍မကျ၊ မြဲမြံစွာပင် ကိုင်ထားလေသည်။

ထို့နောက် . . .

နောက်တစ်ကြိမ်တိုက်ခိုက်ရန် ပြေးဝင်လာခဲ့



www.burmeseclassic.com

www.burmeseclassic.com



ပြန်လေ၏။ ဒေါသကြောင့် ခက်ထန်သော မျက်နှာကြီးက ဘီလူးသဘက် ထက်ပင်ကြောက်စရာကောင်းသေးသည်။ အဆင်အချင်မရှိ ခွန်အားကိုအားကိုးပြီး ဝင်လာခဲ့သော လူမိုက်၊ မင်းဒင်က လေထဲမြောက်ကာနဲနေအောင် ခုန်ထွက်သွားပြီး ပုဆိန်ကိုင်ထား သောလက်ကိုကန်ထည့်လိုက်၏။

"ဖြောင်း"

"အား"

ယက္ခ၏လက်တစ်ချောင်းလုံး ကျင်တက်သွားခဲ့ရသည်။ ပုဆိန်လည်း လက်ထဲမှ လွတ်ထွက်သွား၏။ ပြန်အကျတွင် ယက္ခ၏ခေါင်းတည့်တည့်ဆီသို့. . .။

"ဒုတ်"

"အား"

ယက္ခပစ်လဲပြီးတော့ ကျသွားသည်။ ပုဆိန်က အသွားနှင့်မကျပဲ အနှောင့်ဖက်က ကျ၍တော်ပေသေးသည်။ ယက္ခသည် မြေပြင်ထက်မှာ စန့်စန့်ကြီးဖြစ်နေ၏။ မထနိုင်တော့ပေ။

ဦးနန္ဒသည် သူ့မျက်စိအောက်မှာ စက္ကန့်ပိုင်းအတွင်း ဖြစ်သွားခဲ့သော အခြေအနေကို မယုံကြည်နိုင်အောင်ပင် ဖြစ်သွားခဲ့ရသည်။ ယက္ခလိုလူမျိုးကို လွယ်ကူစွာအသာလေး တိုက်ခိုက်သွားခဲ့သည့် မင်းဒင်ကို သာမာန်လူမျိုးအပေါ်မှာ မယုံကြည်နိုင်လောက်အောင်ပင် ဖြစ်သွားခဲ့ရ၏။

"မင်း. . မင်း. . ဘယ်သူလဲ. . မင်းဒီအထဲကိုရောက်လာတာအကြောင်းရှိရမယ်"





မယုံသင်္ကာစိတ်နှင့် မေးလိုက်လေရာ. .

"မင်းဒင်တို့ ဦးရိုး ဒီအပင်ကြီးကို အကြောင်းပြုပြီး ဘယ်လိုမကောင်းကြံခဲ့တာလဲ ဒါသွေးရိုးသားရိုးကိစ္စမဖြစ်နိုင်တော့ဘူး"

"ဒီအပင်ကြီးဟာ ငါနဲ့ဘာမှမဆိုင်ဘူး ငါလည်းဒီမှာ အပင်ကြီးရှိနေတာကို မသိဘူး ဒါဘာအပင်လဲ ဘယ်လိုကောင်းကျိုး ဆိုးကျိုးတွေနဲ့ ပတ်သတ်နေလို့ ငါ့ကိုမေးရတာလဲ"

"ဦးရိုးဟာ ဥပတိရုပ်ရည်နဲ့ မလိုက်အောင် တော်တော့်ကိုဟန်ဆောင်ကောင်းတာပဲ သူတော်ကောင်း ဟန်ဆောင်ပြီး မကောင်းမှုတွေ လုပ်နေတာ ဖုံးကွယ်လို့ရမယ်မထင်ပါဘူး"

"ဒီမှာမောင်ရင် ငါကတရားသမားပါကွယ်၊ ဒီအိမ်ကြီး ထဲမှာနေပြီး တရားကျင့်ကြံအားထုတ်နေတာ နှစ်ပေါင်းများစွာ ကြာခဲ့ပါပြီ လူမသိစေချင်တာက ကိုယ့်အလုပ်ကို အနှောင့်အယှက် ဖြစ်မှာကြောက်လို့ပဲ ငါဟာပေါက်မြောက်အောင် ကြိုးစားနေတဲ့ သူပါ မသူတော်နဲ့ သူတော်မင်းခွဲခြားပြီး သိသင့်ပါတယ်"

"ကိုမင်းဒင် မယုံနဲ့၊ သူပြောတာကို လက်မခံနဲ့၊ ဦးလေး ဟာမကောင်းမှုဒုစရိုက်တွေကို တစ်နည်းနည်းနဲ့ ကျူးလွန်နေတာ ပိုင်သိတယ်"

"ဟိတ်ပိုင် နင်ကငါ့ကို ဒီလိုပြောတာ ငါဟာနင့်အပေါ် မှာ ဘယ်လောက်ကောင်းခဲ့တယ်ဆိုတာ နင်သိလျက်သားနဲ့ ငါ့အပေါ်မှာ မကောင်းထင်နေတယ်၊ ကိုယ်ဦးလေးကို သူစိမ်း တစ်ယောက်ရှေ့မှာ ဒီလိုပဲပြောရသလား"

"အိုကိုယ့်တူမကို ဒီအိမ်ကြီးထဲမှာ ခြောက်လမက



www.burmeseclassic.com

www.burmeseclassic.com



ပိတ်လှောင်ထားခဲ့တာ ရိုးသားတဲ့ အကြံအစည်တဲ့လား မယုံဘူး လုံးဝမယုံဘူး"

သက်ပိုင်အကြောက်အကန်ပင် ပြောလိုက်လေရာ ဦးနန္ဒသည်ခပ်ဟက်ဟက်လေး ရယ်မောမိလိုက်၏။

"အေးလေ. . နင်ကပါ ဒီလိုမကောင်းထင်မှတော့ ငါက ဘာတတ်နိုင်မှာလဲ ဒါပေမယ့်နင့်ကိုငါလက်ထဲကတော့ မလွှတ်နိုင်တော့ဘူး. . "

ဦးနန္ဒ၏လက်သည် ဂူနံရံဆီကို မသိမသာပင် ရောက်သွားခဲ့လေရာ သေသေချာချာကြည့်မှသာ မြင်နိုင်သော မောင်းတံသေးသေးလေးတစ်ခုကို ဆွဲချလိုက်လေ၏။

"ဂွီး"

ထိုစဉ် အမိုးမျက်နှာကြက်မှ အရာတစ်ခုက အောက်သို့ တရှိန်ထိုးပင် ကျလာခဲ့ပေသည်။

"ဒိုး"

ကြီးမားသော သံလှောင်အိမ်ကြီးတစ်ခုသည် မင်းဒင်နှင့် သက်ပိုင်တို့၏ ကိုယ်ပေါ်ကို ကျသွားခဲ့လေ၏။

"ဟင်"

"ဟား. . ဟား. . ဟား. . ဟား. . မင်းတို့ ဘာတတ်နိုင်ကြသေးသလည်းကွ. . ငါ့လက်ထဲကို ရောက်လာခဲ့ကြပြီ မဟုတ်လား. . မကြာခင်မှာ မကောင်းဆိုးရွားကောင်ကြီးက မင်းတို့ရဲ့ အသွေးအသားတွေကို ဝါးမြိုပစ်တော့မယ်"

ဦးနန္ဒသည် ရူးနှမ်းနေသော လူကြီးတစ်ယောက်ပမာ ဟားတိုက်ကာ ရယ်မောပစ်လိုက်လေ၏။ နဂိုကဥပတိရုပ်ကောင်း





ကောင်းနှင့်မျက်နှာသည် ခက်ထန်ကြမ်းတမ်းသော အသွင်သို့ မယုံကြည်နိုင်လောက်အောင်ပင် ပြောင်းလည်းသွားခဲ့လေ၏။

"ကိုမင်းဒင် ပိုတို့သူ့လက်ကို ရောက်သွားပြီ၊ ဘယ်လိုစီရင်မလည်း မသိဘူးနော်"

"သိပ်လည်းမကြောက်ပါနဲ့ပိုင်၊ ကိုယ်တစ်ယောက်လုံး ရှိပါသေးတယ်၊ ကိုယ့်အထင်တော့ ဟိုအပင်ကြီးဟာ ပြန်ပြီးတော့ သက်ဝင်လှုပ်ရှားလာလိမ့်ဦးမယ်လို့ထင်တယ်"

"ဖြစ်နိုင်တယ် သူပြောတာ အဲ့ဒီအဓိပ္ပါယ်ပဲ"

ဦးနန္ဒသည် လှောင်အိမ်ကြီးနှင့် မလှမ်းမကမ်းကို တဖြည်းဖြည်းနှင့် လျှောက်လာခဲ့သည်။

"ဒီ သံလှောင်အိမ်ကြီးဟာ ဟိုတုန်းက တောပုန်းဓါးပြတွေဖန်တီးထားခဲ့ကြတဲ့ ထောင်ချောက်တစ်ခုပဲပေါ့. . .

သူတို့ရဲ့ပြိုင်ဘက်တွေကို ပရိယာယ်သုံးညာခေါ်ပြီး လျှို့ဝှက်ထောင်ချောက်နဲ့ ဖမ်းတက်ကြတယ်၊ ပြီးတော့မသေမရှင်နှိပ်စက်ညှင်းပန်းပြီးမှ အဆုံးစီရင်ပစ်ကြတာပေါ့လေ. . "

"အဲ့ဒီတုံးက ဒီသစ်ပင်ကြီးဟာ ဒီနေရာမှာ ဘယ်ရှိလိမ့်ဦးမလဲဦးရီး"

ဦးနန္ဒက မင်းဒင်ကို လက်ညှိုးထိုးပြလိုက်ပြီး. . .

"မင်းပြောတာမှန်တယ်၊ ဒီသစ်ပင်ကြီးကို ငါယူလာခဲ့တာ၊ အဲ. . ငါမွေးထားတာ ငါ့သားသမီးလိုဖြစ်နေတာပေါ့. . "

"ဒီအကြောင်းတွေကို ပြောလို့ဘာထူးမှာလည်းဦးလေး မကြားချင်ဘူး ပိုင်တို့ကိုသာ ပြန်လွှတ်ပေးပါ ဒီလိုမတရားမလုပ်ပါနဲ့"



www.burmeseclassic.com

www.burmeseclassic.com



"ဪ. . တူမကြီးကလည်း မပြောလို့ မဖြစ်ဘူးလေ၊ ဘာကြောင့်လည်းဆိုတော့ မကြာခင်မှာ ဒီသစ်ပင်ကြီးက ထိရောက်တဲ့အစွမ်းကို ပြတော့မှာမို့ပဲလေ. . အဲ့ဒီနောက်ပိုင်းမှာ တူမကြီးတို့ နှစ်ယောက်စလုံး ကမ္ဘာမြေပေါ်ကနေ အပြီးအပိုင် ထွက်ခွာသွားကြရတော့မယ်၊ ဒါကြောင့်မို့ ငါနဲ့ဒီသစ်ပင် ဘယ်လို ပတ်သက်ခဲ့ကြတယ်ဆိုတာ. . မသေခင်မှာ နားထောင်ကြပါဦး လို့ တောင်းပန်နေတာပါ. . ဟဲ. . ဟဲ. ."

"ကဲ. . ပြောပါလေ. . ကျွန်တော်တို့လည်း ဗဟုသုတရတာပေါ့ဗျာ. . ."

မင်းဒင်က ခပ်ထေ့ထေ့ပင် ပြောလိုက်လေသည်။ သက်ပိုင်ကတော့ မင်းဒင်၏လက်မောင်းကို ဖက်တွယ်ထားလေသည်။

"မင်းတို့ဟောဒီသံလှောင်အိမ်ကြီးကို မပြီးတော့ ထွက်ပြေးလို့လည်း မရတော့ဘူး သံမဏိသော့ခလောက်ကြီးရဲ့သော့က ငါ့ဆီမှာ အပေါ်ကိုမပြီးပြန်တင်လို့ရတဲ့ မောင်းတံကနံရံမှာ မင်းတို့လက်လှမ်းမမီကြရဘူး အဲ့ဒီတော့ ကိုယ်သေမယ့် အချိန်ကိုစောင့်ရင်း သေသေချာချာနားထောင်ကြ. . ."

မင်းဒင်နှင့်သက်ပိုင်တို့သည် မြေပြင်မှာ ထိုင်ချလိုက်ကြသည်။ မင်းဒင်က မိန်းကလေး၏လက်ဖဝါးလေးကို ဆုပ်ကိုင်ကာ အားပေးနေသည်။ ဦးနန္ဒက သူ၏ဘဝဇာတ်ကြောင်းကို ပြန်ပြောင်းပြောပြလေသည်။

❑ ❑ ❑



(၁၅)

**ကပ္ပိယနန္ဒ**

(အောက်ဖော်ပြပါ အဖြစ်အပျက်များသည် ဦးနန္ဒ၏ ပြန်ပြောပြသော အကြောင်းအရာများပင်တည်း။

သူ၏စကားထဲတွင် စိတ်နေသဘောထားကပါရှိနေသည်။ ထို့ကြောင့် ဦးနန္ဒပြောပြသည့် စကားအတိုင်းမဖော်ပြတော့ပဲ အကျဉ်း၊ စရိုက်ကို ဖော်ပြသည့်အနေဖြင့် ဇာတ်လမ်းဖော်ကာ. . တင်ပြသွားမည်ဖြစ်ပါကြောင်း)

❑ ❑ ❑

မြန်မာနိုင်ငံအောက်ပိုင်းတစ်နေရာ. . .

ထင်ရှားသောမြို့ကလေးတစ်မြို့နှင့် မိုင်နှစ်ဆယ်ခန့် ဝေးသောနေရာ။



www.burmeseclassic.com

www.burmeseclassic.com



ကျောက်ဖားရွာကလေးသည် အိမ်ခြေငါးရာခန့်ဖြင့် စုစည်းကာ တည်ယောင်ထားသော ရွာကြီးတစ်ရွာဖြစ်၏။ ကျောက်ဖားရွာကြီးသည် ရှေးကျသောရွာကြီးတစ်ရွာဖြစ်ပြီး ရှေးဟောင်းဘုရားစေတီများ၊ သိမ်ဟောင်းကြီးများ ရှိကြသေး၏။

ရွာဦးကျောင်းတော်ကြီးသည်ပင် ရှေးဝိသုကာလက်ရာ ကျောင်းကြီးတစ်ဆောင်ဖြစ်၏။ နှစ်ထပ်ကျောင်းကြီးဖြစ်ပြီး ကျွန်းတိုင်လုံးကြီးများသည်ပင် ယောကျ်ားတစ်ယောက်တစ်ဖက် စာမက ကြီးမားလှ၏။ ကြာပွင့်သဏ္ဍာန်၊ ကနုတ်ပန်းများတို ဖောင်းကြွကပ်ထားကြလေရာ ယနေ့ထက်တိုင်မပျက်မစီးရှိနေကြ သေး၏။ သေသပ်ကောင်းမွန်လှပသော လက်ရာများပင်တည်း။

ရွာဦးကျောင်းတော်ကြီးမှာ ကျောင်းထိုင်အဆက်ဆက် ပြောင်းခဲ့ပြီဖြစ်သည်။ ယခုနောက်ဆုံးကျောင်းထိုင် ပုဂ္ဂိုလ်ကြီး သည်ပင် သက်တော်ရှစ်ဆယ်ပြည့်ခဲ့လေပြီ။

ကျောင်းကကြီးသော်လည်း သံဃာနည်းပါးလှသည်။ သံဃာငါးပါး၊ ကိုရင်သုံးပါးနှင့် ကျောင်းသားငါးဦးသာ ရှိ၏။ ကျောင်းတွင် ကိုနန္ဒဟု ခေါ်သော ကပ္ပိယလေးတစ်ဦးရှိ၏။ သူသည် ရပ်ဝေးတစ်နေရာမှ ရောက်လာသူဖြစ်သည်။ သူ၏ အပြောအရ မိဘများကားမရှိကြတော့။

အမွေရရှိသော လယ်ယာမြေများကို ရောင်းတန်ရော နီးစပ်ရာ ညီအစ်ကိုမောင်နှမများကို ခွဲဝေပေးတန်ခွဲပေး အလုံးစုံကို စီစဉ်ပြီးကာမှ ရွာကအပြီးအပိုင် ထွက်လာခဲ့ ဖြစ်လေသည်။

ကိုနန္ဒသည် ငယ်ငယ်ရွယ်ရွယ်နှင့် အဂ္ဂိရတ်ထိုးသော





အလုပ်ကိုဝါသနာပါသူဖြစ်၏။ မိမိရွာမှ ထိုအလုပ်ကိုလုပ်လျှင် စိတ်အနှောင့်အယှက်များစွာ ဖြစ်နိုင်၏။

မိမိကို အလုပ်လက်ကြောမတင်းသူ လူပျင်းတစ်ယောက်ဟု အကဲ့ရဲ့ခံရမည်သာ ထို့ကြောင့်မိမိဝါသနာပါသော အလုပ်ကိုလည်း လူမသိစေရအောင် တစ်နယ်တစ်ကျေးဆီသို့ ထွက်လာခဲ့ခြင်းပင်ဖြစ်သည်။

ထို့ကြောင့်. . . .

ကိုနန္ဒသည်ကျောက်ဖားရွာဆီကို ရောက်လာခဲ့ရခြင်း ဖြစ်၏။ ဤရွာတွင် မိမိနှင့်ပတ်သက်သောသူ တစ်ယောက်မှ မရှိ။ မိမိ၏အလုပ်ကို ကဲ့ရဲ့မည့်သူ ချီးမွမ်းမည့်သူမရှိ။

ရွာဦးကျောင်းသည် ရွာထဲမှာမရှိပဲ ရွာပြင်မှာရှိ၏။ တိတ်ဆိတ်ငြိမ်သက်သောနေရာပင်၊ ကိုနန္ဒသည်ဆရာတော်ကို အကျိုးအကြောင်းပြောပြလျှောက်ထား၏။

ဆရာတော်ကလည်း ကိုနန္ဒ၏ရုပ်ရည်ကို ကြည့်ပြီးခွင့်ပြုလိုက်၏။ ယခင်ကပ္ပိယကြီးက အသက်အရွယ်ရလာပြီးနောက် ကွယ်လွန်သွားခဲ့ပြီဖြစ်၏။ နောက်ထပ်ကပ္ပိယတစ်ယောက် ကလည်းလိုနေသည် မဟုတ်ပါလား။

ကပ္ပိယကိုနန္ဒသည် ငယ်ရွယ်သူဖြစ်ရကာ သွက်လက်ချက်ချာလှ၏။ ဆရာတော်၏ဝေယျာဝစ္စ ကျောင်းဝေယျာဝစ္စများကို မခိုကပ်ပဲ လုပ်ကိုင်ဆောင်ရွက်ပေးလေသည်။ ကျောင်းနေဦးဇဉ်း၊ ကိုရင်၊ ကျောင်းသားကလေးများကအစ တည့်အောင်ပေါင်းသည်။

ရက်လအတန်ကြာလာတော့. . .



www.burmeseclassic.com

www.burmeseclassic.com



ကပ္ပိယကိုနန္ဒကို သံယောဇဉ်ဖြစ်လာကြသည် လူချစ်လူခင်များလာခဲ့လေသည်။

ကျောင်း၏အနောက်မြောက်ထောင့်တွင် လွန်စွာမှကြီးမားသော ကသစ်ပင်ကြီးတစ်ပင်ရှိ၏။ ယင်းအပင်ကြီးသည် အုတ်တိုက်လေးတစ်လုံးကို မြှုထား၏။

ယင်းနေရာကို ဦးဇဉ်း၊ ကျောင်းသားများကအစ အသွားအလာမရှိကြပေ။ အကြောင်းမှာ ဘုမ္မိယသိုက် တစ်ခုရှိနေသည်ဟု လက်ခံထားကြသောကြောင့်ပင်တည်း။

ထို့အပြင်. . .

လွန်စွာမှကြီးမားသော မြွေပွေး၊ မြွေဟောက်ကြီးများ ဝင်ထွက်သွားလာနေကြနေရာဟုလည်း ပြောဆိုကြ၏။ ထိုသတ္တဝါများကိုလည်း မကြာခဏဆိုသလို တွေ့ကြရသည်ဟု ကျောင်းသားငယ်များက ပြောပြကြသည်။ ဆရာတော်သည် ကပ္ပိယနန္ဒကို သံယောဇဉ်ဖြစ်နေသည်မို့. . .

"ဒကာ. . အဲ့ဒီနေရာက မြွေဆိုး၊ မြွေဟောက်ပေါတယ်၊ အမှတ်တမဲ့နဲ့ ရောက်သွားရင်လည်း သတိထား၊ သူတို့ကို အန္တရာယ်မပြုရင် ကိုယ့်ကိုလည်း ရန်မရှာပါဘူး မေတ္တာသာ မပြတ်ပို့ပေးပါ. . ."

"တင်ပါ့ဘုရား. . ."

ကပ္ပိယနန္ဒသည် တစ်နံနက်ခင်းမှာ တံမြက်စည်းလှည်းရင်း ထိုနေရာကို အမှတ်မထင်ရောက်သွားခဲ့လေ၏။ ကသစ်ပင်ကြီး၏အောက်မှာ ရွက်ခြောက်တွေက ဖွေးဖွေးလှုပ်နေ၏။ အမြင်မတော်၍ တံမြက်စည်းလှည်းရင်း ရွက်ခြောက်များကို





စုပုံကာမီးရှို့သည်။

ထိုစဉ်. . .

"ရှော. . ဖျော. . ဖျော. ."

မမျှော်လင့်ပဲ ထွက်ပေါ်လာသော အသံတစ်သံ ကိုနန္ဒ လှမ်းပြီးတော့ မြင်လိုက်သည်။ မျက်လုံးတွေ ဝိုင်းစက်သွားခဲ့ရသည်။ လွန်စွာမှကြီးမားလှသော မြွေဟောက်ကြီးတစ်ကောင် မလှမ်းမကမ်းမှ ဖြတ်ပြီးတော့ ပြေးသွား၏။

"ဟာနည်းတဲ့အကောင်ကြီး မဟုတ်ပါလား"

နံနက်ခင်းလိုကာလမျိုးမှာပင် အတင့်ရဲစွာဖြတ်သွားဖြတ်လာလုပ်သွားသော မြွေဟောက်ကြီးကို သူမျက်ဝါးထင်ထင် တွေ့လိုက်ရလေပြီ။

သို့သော်. . .

ထိုတစ်ကောင်တည်းမဟုတ်ပေ။ တစ်ခါတစ်ရံမှာ ကသစ်ပင်ကြီးနှင့် မလှမ်းမကမ်းမှာ ငြိမ်သက်စွာပင် ခွေနေတတ်သောမြွေပွေးကြီးတစ်ကောင်ကိုသော်လည်းကောင်း၊ ကြီးမားသောစပါးကြီးမြွေများ၊ စပါးအုံးမြွေများကိုလည်းကောင်း၊ ရံဖန်ရံခါဆိုသလို တွေ့ရတတ်လေသည်။

ထိုအကောင်သလောင်များသည် ကိုယ့်လမ်းကိုယ်သွားနေကြခြင်းသာ ဖြစ်ကြသည်။ ကပ္ပိယနန္ဒကို အနှောင့်အယှက်မပေးကြခြင်းသာ၊ ကပ္ပိယနန္ဒကလည်း သူတို့ကို စိတ်ထဲက မေတ္တာပို့ပေးနေလေသည်။ ကြာတော့ ထိုသတ္တဝါများကို မြင်နေရသည်မှာ ရိုးသွားခဲ့လေသည်။ ကပ္ပိယနန္ဒသည်က သစ်ပင်ကြီးမြှုထားသော အုတ်တိုက်လေးကို သဘောကျလာမိသည်



www.burmeseclassic.com

www.burmeseclassic.com



အဲထဲမှာ ဘာရှိသလည်းဆိုသည်ကို သိချင် လာခဲ့လေသည်။

"ငါဖွင့်ကြည့်ချင်လိုက်တာ ဆရာတော်က ဒါလောက်ကလေးနဲ့တော့ ငါ့ကိုအပြစ်တင်မှာ မဟုတ်ပါဘူးလေ"

ထို့ကြောင့်. . .

အပြင်ဘက်မှနေ၍ သစ်သားချောင်းဖြင့် ကန့်လန့်ထိုးထားသောတံခါးကို ဖွင့်လိုက်သည်။ အထဲမှာ အတော်လေးကိုကျယ်ဝန်းလျက်ရှိနေသည်။ သူတွေ့လိုက်ရသည်ကား သစ်သားကွက်ပျစ်လေးတစ်ခု၊ ရေအိုးစင်၊ ဖားဖိုတစ်ခု၊ မီးသွေးအနည်းငယ်သုံးလက်စလုံ့များပင် ဖြစ်သည်။

ကပ္ပိယသည် အင်္ဂရိတ်ပစ္စည်းများကို မြင်လိုက် ရသောအခါ လွန်စွာမှစိတ်ဝင်စားသွားခဲ့ရလေ၏။

"အင်္ဂရိတ်ဖိုထိုးတဲ့ ပစ္စည်းတွေပါလား ဒီအခန်းမှာ ဘယ်သူဒီအလုပ်တွေ လာလုပ်တာလဲ ဆရာတော်လား"

"အင်း. . ဆရာတော်က ဒီအလုပ်တွေကို လုပ်မယ်လို့





မထင်ပါဘူး. . ဒါတစ်ယောက်ယောက်ရဲ့နေရာပဲ၊ တံခါးကိုပိတ်ထားပုံထောက်ရင် ဒီလူဟာမရှိတော့ဘူးနဲ့တူတယ်"

ကိုနန္ဒသည် ထိုအခန်းကိုသဘောကျလာခဲ့သည်။

"ငါဆရာတော်ဆီမှာ လျှောက်ထားပြီး တောင်းကြည့်ဦးမယ် ပေးမှပေးပါ့မလားတော့ မသိဘူး"

ကိုနန္ဒသည် မအောင့်အည်းနိုင်တော့ပဲ ဆရာတော်ထံတိုက်ရိုက်ဝင်ကာ လျှောက်တင်လေတော့သည်။

"ဆရာတော်ဘုရား တပည့်တော်ကျောင်းဝင်းထဲမှာ သန့်ရှင်းရေးလုပ်ရင်းနဲ့ ကသစ်ပင်မြို့ထားတဲ့ အုတ်တိုက်လေး တစ်ခုကိုတွေ့လိုက်ပါတယ်ဘုရား"

"အဲ့ဒီတော့ ဒကာကဘယ်လိုဆန္ဒမျိုး ရှိနေသလဲကွယ်. . ."

ဆရာတော်ကလည်း ကပ္ပိယနန္ဒ၏ဆန္ဒကို သိတော်မူဟန်တူသည်။ တိုက်ရိုက်ပင် မေးလိုက်လေသည်။

"တပည့်တော်က အင်္ဂရိတ်ထိုးတဲ့အလုပ်ကို ဝါသနာပါလို့ပါဘုရား အားတဲ့အချိန်မှာတပည့်တော်ကို ငွဲညာသောအား



www.burmeseclassic.com

www.burmeseclassic.com



ဖြင့်အဲဒီအုတ်တိုက်လေးကို သုံးခွင့်ပြုပါဘုရား"

"ဒကာ. . အဲဒီအင်္ဂလိပ်အလုပ်ဆိုတာ လူကြီးတွေသာ ဝါသနာပါပြီး လုပ်ကိုင်ကြတာ၊ အခုတော့ဒကာရဲ့ အသက်အရွယ်နဲ့ ဝါသနာပါတယ်ဆိုတော့. . .

အေးလေ. . ဒီအုတ်တိုက်လေးဟာ ကပ္ပိယကြီးတစ်ဦး နေခဲ့တာကွယ့် သူကအင်္ဂလိပ်ထိုးတာဝါသနာပါတယ်၊ ငါလည်း သူ့ဝါသနာကို မတားချင်တာနဲ့ ခွင့်ပြုထားခဲ့တာ၊ အခုတော့ သူလည်းကွယ်လွန်ခဲ့ပါပြီလေ. . . မင်းအဲ့ဒီနေရာကိုသုံးချင်လည်း သုံးပေါ့ ငါခွင့်ပြုပါတယ်"

ဆရာတော်က ခွင့်ပြုလိုက်လျှင် ကပ္ပိယနန္ဒလည်း ဝမ်းသာသွားခဲ့ရလေသည်။

❑ ❑ ❑



(၁၆)

**ရောက်လာသော တမလွန်ဧည့်သည်**

ကပ္ပိယနန္ဒသည် ထိုအုတ်တိုက်လေးကို အသုံးပြုရန် ရလိုက်သည်နှင့် အထဲမှာ ရှင်းလင်းစရာများကို ရှင်းလင်းကာ မိမိ၏အသုံးအဆောင်ပစ္စည်းများကိုလည်း ပြောင်းရွှေ့ခဲ့လေ တော့သည်။

နေ့ဘက်မှာ ဆရာတော်၏ဝေယျာဝစ္စ၊ ကျောင်းဝေယျာ ဝစ္စများကို တာဝန်ကျေပွန်အောင် လုပ်ကိုင်ဆောင်ရွက်ပေး သည်။ ညဘက်ကိုရောက်လာလျှင် ဖိုထိုး၊ အင်္ဂလိပ်ထိုးသည့် အလုပ်ကို စိတ်ပါဝင်စားစွာပင် လုပ်ကိုင်လေတော့သည်။ မည်သူမှမလာရဲကြသောနေရာတွင် ကိုနန္ဒသည် အကြောက် အလန့်မရှိပဲ ညဘက်မှာလည်း တစ်ယောက်တည်းနေ၊ တစ်ယောက်တည်းအိပ်သည့်အထိ ရှိလာခဲ့ရလေသည်။

လူခြေတိတ်သော ညအချိန် ကျောင်းဝင်းကြီးထဲမှာ



www.burmeseclassic.com

www.burmeseclassic.com



ဖားဖိုလေးထိုးသံ တရှူးရှူးတရှဲရှဲအသံများကသာ ထွက်ပေါ်နေလျက်ရှိသည်။

တစ်ညတွင်. . .

ကိုနန္ဒအတွက် မမေ့နိုင်သော ချောက်ချားစရာ အဖြစ်အပျက်တစ်ခုကို မမျှော်လင့်ပဲ ကြုံတွေ့လိုက်ရလေသည်။

ယင်းကား. . . .

တစ်ညတွင် ကပ္ပိယနန္ဒသည်ကျောင်းမှ ထမင်းစားပြီးပြန်အလာမှာ အုတ်တိုက်ထဲတွင် လုပ်ငန်းမစမီ ဘုရားရှိခိုးနေစဉ်. . .

"ရှော... ဖျော. . ဖျော. . ဖျော. ."

ပြင်ပမှမမျှော်လင့်ပဲ ထွက်ပေါ်လာသောအသံများကိုကြားလိုက်ရလေသည်။ အုတ်တိုက်ကိုလည်း တံခါးမပိတ်မိသေးပါ။ ကျောင်းဝင်းတစ်ခုလုံး မှောင်မည်းနေလျှက်ရှိသည်။ မိမိ၏အခန်းထဲမှာသာလျှင် ဖယောင်းတိုင်မီးရောင်ဖြင့် လင်းနေလျှက်ရှိလေသည်။

"ရှော. . ဖျော. . ဖျော. . ဖျော. ."

အသံများက တဖြည်းဖြည်းနှင့်နီးကပ်လာခဲ့လေသည်။ ထွက်ပေါ်လာသောအသံများကို နားစွင့်ရင်းက သဘောပေါက်လာခဲ့လေသည်။

တစ်မနက်မှာ. . .

ကသစ်ပင်ကြီးအောက်၌ တံမြက်စည်းလှည်းနေစဉ်က ထွက်ပေါ်လာခဲ့သည့် အသံမျိုးပင် ကိုနန္ဒတဖြည်းဖြည်းနှင့်မျက်လုံးပြူးသွားခဲ့ရသည်။





ယင်း အသံသည်ကား. . .

သူသိလိုက်သည်နှင့် တံခါးဆီကိုပြေးသွားမည်ပြုသည်။ သို့သော် နောက်ကျသွားခဲ့လေပြီ။ အပြင်မှမည်းမည်းသဏ္ဍာန်တစ်ခုသည် အုတ်တိုက်ထဲကိုတရှိန်ထိုးပင် ပြေးဝင်လာခဲ့လေတော့၏။

လွန်စွာမှကြီးမားသော မြွေကြီးတစ်ကောင်ပင်တည်း။ မြွေဟောက်ကြီးသည် လွန်စွာမှပင် ဒေါသထွက်နေလျက်ရှိသည်။

ကပ္ပိယနန္ဒကို နီရဲသောမျက်လုံးတွေဖြင့် စူးစိုက်ကာကြည့်နေလျှက်ရှိလေသည်။ ပါးပျဉ်းကြီးကိုလည်း တောင်ထားလိုက်သည်မှာ မကြာမီမှာ သူ့ကိုပေါက်သတ်ပြီး အသက်ဇီဝိန်ကိုခြွေပစ်တော့မည့်အတိုင်းပင်. . ။

ကိုနန္ဒမှာ တိုင်နေလျက်က မလှုပ်သာ၊ မလွန့်သာပဲရှိနေခဲ့သည်။ မိုးထားသော မြွေဟောက်ကြီး၏ ပါးပျဉ်းကြီးသည်မည်သည့်အချိန်မှာပေါက်ချလေမည်လည်းဟု ရင်တထိတ်ထိတ်နှင့် ရှိနေရလေသည်။

ထိုစဉ်မှာပင်လျှင်. . .

ခမြွေဟောက်ကြီးသည် ရုတ်တရက်ဆိုသလို သူ၏အမြီးကြီးကို ဝှေ့ယမ်းပစ်လိုက်လေ၏။

"ဖြောင်း. . ဖြောင်း. . ဝုန်း. ."

ကြမ်းတမ်းစွာ ရိုက်ခတ်မှုကြောင့် အနီးရှိဇလုံများ၊ မီးသွေးခဲများ၊ ရေခွက်များကအစ လွင့်ထွက်သွားခဲ့ကြလေသည်။ ဖားဖိုကြီးလည်း အမြီးဖြင့်ရစ်ပတ်ကာ ဆွဲယူ၍ လွင့်ပစ်



www.burmeseclassic.com

www.burmeseclassic.com



လိုက်လေသည်။

"ဖြောင်း. . ဝုန်း. ."

ကပ္ပိယနန္ဒသည် ဤမျှအထိဒေါသ ထွက်နေသော မြွေကြီးကို နားမလည်နိုင်အောင်ပင် ဖြစ်သွားခဲ့ရလေသည်။ နေရာကလည်း မရွေ့လျားရဲ၊ တစ်ကိုယ်လုံးချွေးစီးများပျံကာ စိတ်ထဲကလည်း မေတ္တာပို့ပေးလျက်ရှိသည်။

"ဒီမြွေဟောက်ကြီး ဒါလောက်အထိဒေါသဖြစ်နေတာ အကြောင်းတော့ရှိရမယ်၊ ငါကလည်း သူတို့ရဲ့အပေါ်မှာ မကောင်းကြံစည်ခဲ့တာ မရှိပါဘူး. . ."

မြွေဟောက်ကြီးသည် အားပါးတရသောင်းကျန်းပြီးသောအခါ ငြိမ်သက်သွားခဲ့သည်။ ကပ္ပိယနန္ဒကို ပါးပျဉ်းကြီးထောင်ကာ နီရဲသောမျက်လုံးတွေဖြင့် စူးစိုက်ပြီးတော့ ကြည့်နေပြန်လေသည်။

"ကျွန်တော်ဟာ ဒီနေရာမှာ လာပြီးတော့ ခိုလှုံနေတာပါဗျာ၊ တမင်ကျူးကျော်ပြီး ရောက်လာတာမဟုတ်ပါဘူး ပြီးတော့ ဝါသနာအရလည်း အဂ္ဂိရတ်ထိုးတာပါ၊ မအောင်မြင်သေးပါဘူး၊ ဘာမှလည်းမဖြစ်သေးပါဘူး ကျွန်တော်ကို အကူအညီပေးပါ"

ကပ္ပိယနန္ဒက တုန်ယင်လှုပ်ရှားသောအသံဖြင့် တောင်းပန်လိုက်လေသည်။

ထိုစဉ်. . .

မြွေဟောက်ကြီးသည် တစ်မိနစ်ခန့်ငြိမ်သက်နေပြီးမှ ပါးပျဉ်းကြီးလည်း ကျသွားခဲ့လေ၏။





သည့်နောက်. . .

ကပ္ပိယနန္ဒကို အနှောင့်အယှက် မပေးတော့ပဲ အုတ်တိုက်ထဲမှ လှည့်ထွက်သွားခဲ့လေတော့သည်။ မြွေဟောက်ကြီးထွက်သွားတော့မှ စိတ်သက်သာရာရသွားခဲ့ကာ သက်ပြင်းကြီးတစ်ချက်ကို ဟင်းကနဲနေအောင် ချမိလိုက်လေတော့သည်။

ကပ္ပိယနန္ဒသည် အုတ်တိုက်ထဲမှာ ကြုံခဲ့ရသည့် အဖြစ်အပျက်ကြောင့် လွန်စွာမှပင် ထိတ်လန့်သွားမိခဲ့သည်ကား အမှန်တစ်ရက်နှစ်ရက်ခန့် မသွားပဲနေမိလိုက်လေသည်။

ထိုရက်များ ကျော်လွန်သွားသောအခါ မသွားပဲမနေနိုင်အောင်ရှိလာခဲ့ရလေသည်၊ ညနေဘက်အထိ ချီတုံချတုံဖြစ်နေမိသေးသည်။ နောက်တော့မှ ဆုံးဖြတ်ချက်တစ်ခုကို ချမိလိုက်လေသည်။

"ငါသွားမယ်၊ ဒီအဂ္ဂိရတ်အလုပ်ကိုမလုပ်ပဲ ငါမနေနိုင်ဘူးဖြစ်ချင်ရာဖြစ်"

ထိုညတွင် ကပ္ပိယနန္ဒသည် အုတ်တိုက်ထဲကို ရောက်နှင့်နေခဲ့ပြီ မြွေဟောက်ကြီးကို ကြောက်ပြီးတံခါးကို ပိတ်ထားလိုက်သည်။ အုတ်တိုက်ထဲမှာ ဘုရားရှိခိုး၊ ဝေနေယျသတ္တဝါများကို အမျှအတန်းဝေပြီးသောအခါ သူ၏လုပ်ငန်းကို စလေတော့သည်။

လုံခြုံသောအုတ်တိုက်ထဲမှာ ဖားဖိုလေးထိုးသံများက တရှူးရှူးနှင့် ထွက်ပေါ်လျက်ရှိနေလေတော့သည်။

မကြာမီ. . .

"ဖြောင်း. . ဖြောင်း. . ."



www.burmeseclassic.com

www.burmeseclassic.com



ပြင်ပမှတဖြောင်းဖြောင်းနှင့် အသံများကို မမျှော်လင့်ပဲကြားလာခဲ့ရလေသည်။ အုတ်တိုက်တံခါးကို တစ်ဦးတစ်ယောက်ကရိုက်ပုတ်နေသော အသံများပင်တည်း။

ကိုနန္ဒသည် ပထမသော် အထိတ်တလန့်ဖြစ်သွားခဲ့ရလေသည်။ ပရလောကသားများက ခြောက်လှန့်နေသည်လားဟုအထင်ရောက်မိခဲ့သေးသည်။ ထို့နောက်တဖြည်းဖြည်းနှင့် သဘောပေါက်လာခဲ့သည်ကား မြွေဟောက်ကြီးက အမြီးဖြင့် တံခါးကို ရိုက်ပုတ်ကာသောင်းကျန်းနေခြင်းပင်တည်း။ အုတ်တိုက်ထဲကိုဝင်မရသောကြောင့် ဒေါသတကြီးဖြင့် တံခါးကိုရိုက်ချိုးကာ ဖွင့်နေခြင်းဟု ထင်မိသည်။

ကပ္ပိယနန္ဒသည် ဇွတ်ပေပြီးတော့ မိမိ၏အလုပ်ကိုသာဆက်ပြီးတော့လုပ်နေသည်။ စိတ်အစဉ်သည် ရဲရဲနီလျက်ရှိသော လုံးလေးများထဲမှာသော်လည်းကောင်း၊ ဖားဖိုဆွဲသည့် အလုပ်များသော်လည်းကောင်း နှစ်ထားလေသည်။

ကြာတော့. . .

ပြင်ပမှာ တဖြောင်းဖြောင်းနှင့် သောင်းကျန်းလျက်ရှိသောအသံများကိုလည်း မကြားရတော့၊ စိတ်အာရုံထဲမှာ ဖျောက်ဖျက်ပစ်နိုင်ခဲ့လေပြီ။ အလုပ်ပြီး၍ သတိပြန်ပြီးရလာသော အခါ ပြင်ပမှအသံများကို လုံးဝမကြားရတော့ လုံးဝတိတ်ဆိတ်လျက်ရှိနေလေပြီ။ မြွေဟောက်ကြီးလည်း မည်သည့်အချိန်က ပြန်ပြီးတော့ ထွက်သွားခဲ့သလည်း မသိနိုင်တော့။ မိမိကို လက်လျှော့သွားခဲ့ပြီလား မပြောတတ်ပါ။

"သင်းတော့လက်လျှော့ ပြီးတော့ပြန်သွားပြီး ဒါပေမယ့်





နောက်ညတွေလည်း သိပ်ပြီးတော့ စိတ်မချရသေးဘူး လာဦးမှာပဲလာပလေ့စေ"

ကိုနန္ဒသည် မြွေဟောက်ကြီး၏အပြုအမူကို လုံးဝဥပေက္ခာပြုနိုင်အောင် ကြိုးစားထားသည်။ ကြောက်စိတ်ကို ဖယ်ရှားထားသည်။ နောက်ထပ်သုံးလေးရက်အထိ မြွေဟောက်ကြီးကလာရောက်ပြီး သောင်းကျန်းနေသေးသည်။ ကပ္ပိယနန္ဒကလည်းအနှောင့်အယှက်အလုံးစုံကို ဥပေက္ခာပြုထားလေသည်။

နောက်ရက်များမှာ မြွေဟောက်ကြီးလက်လျှော့သွားသည်ဟုထင်ကာ မိမိ၏အလုပ်ကို စိတ်အေးလက်အေးပင် လုပ်နိုင်လေတော့သည်။

တစ်ညတွင်. . .

ကပ္ပိယနန္ဒသည် အလုပ်ကိုလုပ်ပြီးသည့်နောက် ညဉ့်နက်ပိုင်းလောက်မှ အိပ်ယာဝင်ခဲ့သည်။ လူပင်ပန်း စိတ်ပင်ပန်းရှိခဲ့သည်နှင့် ချက်ချင်းလိုလိုပင် အိပ်ပျော်သွားခဲ့လေသည်။

❑ ❑ ❑

ကပ္ပိယနန္ဒသည် အုတ်တိုက်ထဲမှာ နှစ်ခြိုက်စွာပင် အိပ်မောကျနေလျက်ရှိသည်။ အသက်မှန်မှန်ရှူကာ ငြိမ်သက်နေသော ကိုနန္ဒသည် အခန်းထဲမှာ ပြောင်းလည်းလာသော အခြေအနေကိုမသိတော့ပါ။



www.burmeseclassic.com

www.burmeseclassic.com



မီးရောင်မရှိပဲ မှောင်နေသော်လည်း တဖြည်းဖြည်းနှင့် လင်းလာလျက်ရှိလေသည်။ အလင်းရောင်သည် မည်သည့်နေရာကထွက်ပေါ်လာမှန်းမသိ၊ နံရံတွေထဲက ထွက်လာသည်ဟု ထင်မိရလေသည်။

ထိုစဉ်. . .

ရှည်မျောမျောဖြူဖြူအငွေ့တန်းကြီး တစ်စုသည်တံခါးပျဉ်ချပ်အစပ်ကြားထဲမှ စိမ့်ပြီးတော့ ဝင်လာခဲ့သည်။ ဖြူဆွတ်သောအခိုးအငွေ့တန်းကြီးသည် လေထဲမှာလွှန်လူးနေကာ မြွေဟောက်ကြီးတစ်ကောင်၏ အသွင်ဖြစ်နေလေသည်။

ထိုရှည်မျောမျော မီးခိုးတန်းကြီးသည် အခန်းထဲမှာကွေ့ကောက်ပြီး လွင့်မျောကာ သွားနေစဉ်မှာ ကပွိယနန္ဒသည်လည်းလန့်ပြီးတော့ နိုးလာခဲ့လေ၏။

မြွေဟောက်သဏ္ဍာန်မီးခိုးငွေ့တန်းကြီးကို သူမြင်လိုက်ရသည်။ ထိုသဏ္ဍာန်သည် တဖြည်းဖြည်းနှင့် ပြောင်းလည်းသွားခဲ့သည်။ လူကြီးတစ်ယောက်၏ အသွင်ပေးလာခဲ့လေသည်။ အသားကညိုညို၊ မျက်နှာကလေးထောင့်စပ်စပ်၊ မုတ်ဆိတ်ကျင်စွယ် အနည်းငယ်ရှိပြီး သျှောင်တစ်စောင်းထုံးထားလေသည်။

"ဟေ့ကောင် ငါဟာ ဟောဒီအခန်းထဲမှာ နေခဲ့တဲ့သူပဲကွ၊ ငါ့ပစ္စည်းတွေကို မင်းကယူပြီးတော့သုံးတယ်၊ ငါ့နေရာကိုလည်း အပိုင်စီးထားသေးတယ်၊ ငါမင်းကို လုံးဝမကျေနပ်ဘူးကွ. . ."

ထိုလူကြီးက ကိုနန္ဒကိုလက်ညှိုးငေါက်ငေါက်ထိုးကာ





ပြောနေသည်။

"ကျွဲ. . ကျွန်တော်အဘရဲ့ နေရာကိုတမင် ကျူးကျော်ပြီးလာနေတာ မဟုတ်ပါဘူး၊ နေစရာမရှိလို့ ဆရာတော်ဆီမှာ ခွင့်တောင်းပြီးတော့ လာနေတာပါ၊ ကျွန်တော်အဘရဲ့ ပစ္စည်းတွေကို ယူသုံးမိတာကလည်း ဒီအလုပ်ကိုဝါသနာပါလို့ပါခင်ဗျာ"

ကိုနန္ဒက တောင်းတောင်းပန်ပန်နှင့် ပြောနေသည်။ ထိုအခါလူကြီး၏ မျက်နှာအမူအယာက ပြောင်းသွားခဲ့လေ သည်။

"မင်းက ဒီအလုပ်ကို ဝါသနာပါတယ်၊ ဟုတ်လားမင်းလိုအရွယ်က ဒါမျိုးကိုစိတ်ဝင်စားတယ်ဆိုတော့ အံ့အားသင့်စရာပဲ မင်းလုပ်တာ နည်းလမ်းမကျဘူး သေသေချာချာလေ့လာပြီးတော့မှ လုပ်ပါ"

"လူကြီး၏အမူအရာသည် စောစောကလိုမဟုတ်တော့ပဲအတန်ငယ်ပျော့ပျောင်းလာသည်ကို သိလိုက်ရလေသည်။

"အဘက နည်းလမ်းကို သိရင်လည်း သင်ပေးပါခင်ဗျာ. . ."

"ဘာ. . မင်းက ငါ့ကိုပြန်ပြီးတော့ သင်ခိုင်းနေတယ်ဟုတ်လား"

(လူကြီးက တခဏစဉ်းစားဟန်ပြုပြီးမှ. . .)

"ကောင်းပြီလေ. . ငါမင်းကို သင်ပေးမယ်၊ ငါလည်းဒီအလုပ်မှာ စိတ်ပါလက်ပါနဲ့ လုပ်ကောင်းနေတုန်းမှာ ဘဝပြောင်းသွားခဲ့ရတာပဲကွ. . စိတ်ကတော့မကုန်သေးဘူး. . ."



www.burmeseclassic.com

www.burmeseclassic.com



ဟောဟိုအခန်းထောင့်မှာ ငါ့သေတ္တာရှိတယ်၊ အဲဒီ သေတ္တာထဲမှာ မင်းလေ့လာရမယ့်စာတွေ ရှိတယ် ဉာဏ်ရှိသလို သုံးပေါ့ကွာ ငါလည်းအချိန်ရတဲ့အခါ မင်းကိုလာပြမေးမှာပေါ့ ပြီးတော့နံရံထဲမှာ မင်းနဲ့သင့်တော်မယ့်ပစ္စည်း တစ်ခုပါ ရှာတတ်ရင်တွေ့လိမ့်မယ်၊ ငါ့လက်နဲ့ရှာပေးလို့ မရတော့ဘူး ကဲ. . ငါပြန်မယ်"

ထိုလူကြီးသည် တစ်ယောက်ယောက်ကခေါ် လိုက်သလို နောက်ကိုချာကနဲ လှည့်ကာကျော်ပေးလိုက်သည်။ တံခါးဆီကို လျှောက်သွားခဲ့လေရာ. .

"အဘ. . အဘ. . ခဏနေပါဦး"

ကပ္ပိယနန္ဒက အလောတကြီးဖြင့် လိုက်ခေါ်မိသော်လည်း လှည့်မကြည့်တော့ပါ။ ကြည့်နေရင်းမှာပင် အခိုးအငွေ့များအဖြစ်သို့ ပြောင်းလည်းသွားသည်။

စောစောကလို ရှည်မျောမျောမီးခိုးငွေ့ကြီးသဏ္ဌာန် ပြန်ပြီးတော့ပြောင်းလည်း သွားခဲ့လေသည်။

❑ ❑ ❑



(၁၇)

## ခါတ်ပြာအရသာ

ကပ္ပိယနန္ဒသည် ညကအဖြစ်အပျက်များကို ပြန်ပြီး တော့စဉ်းစားလေလေ၊ အဖြေက မပေါ်လေလေပဖြစ်သည်။

ထိုပုဂ္ဂိုလ်ကြီး အုတ်တိုက်ထဲကို ရောက်လာခဲ့သည်မှာ အိပ်မက်ပဲလား. . ဝေခွဲ၍မရ၊ တစ်ကယ်လိုလိုဟုလည်း ထင်မိလေသည်။ မိမိသည် သတ္တိနည်းသူတစ်ယောက်တော့ မဟုတ်ပေ၊ စဉ်းစားပြီးတော့ အနီးစပ်ဆုံးရသည့်အဖြေက. . .

"ဒီလူကြီးဟာ သူ့နေရာကို သူ့အဂ္ဂိရတ်အလုပ်ကို စွဲလန်းပြီးသေသွားခဲ့လို့ မကျွတ်မလွတ်ဖြစ်ပြီး ပရလောကထဲကို ရောက်သွားခဲ့တာလား ဒါမကောင်းဆိုးရွားတစ်ကောင်ပဲ အစွဲအလန်းများတယ်ပြီး ကြောက်စရာကောင်းပါလား. . ."

ကပ္ပိယနန္ဒသည် ထိုအကြောင်းကို ဆရာတော်အား မလျှောက်တင်ဝံ့ချေ။



www.burmeseclassic.com

www.burmeseclassic.com



"ငါဆရာတော်ကို လျှောက်တင်လို့မဖြစ်ဘူး သူ့အတွက် ကောင်းမှုကုသိုလ်တွေ လုပ်ပေးပြီး အမျှအတန်းဝေပေးလိုက်ရင် ကျွတ်တန်းဝင်သွားလိမ့်မယ် သူကောင်းရာမွန်ရာကို ရောက်သွားခဲ့ရင် ငါ့ကိုအင်္ဂရိတ်နည်းတွေ ပြပေးနိုင်မှာမဟုတ်ဘူး"

(ဤကား ကပ္ပိယနန္ဒ၏ အတ္တကြီးမှု၊ တစ်ကိုယ်ကောင်းဆန်မှုတို့ကို ဖော်ပြလိုက်ခြင်းသာ ဖြစ်သည်။)

ထိုအဖိုးကြီးကိုသိမ့်လိုက်သော ကျောင်းသားကြီးတစ်ဦးကို မသိမသာ တီးခေါက်ကြည့်မိသောအခါ မျက်နှာကျနပုံကအစ အိပ်မက်ထဲက ပုံ[illegible]းသဏ္ဌာန်နှင့် တူညီနေသည်ကို သိရလေသည်။

"ဟုတ်ပြီ သူ့အစစ်ပဲ မမာမကျန်းဖြစ်ပြီး သေသွားတာဆိုတော့ တရားလက်လွှတ်ဖြစ်ပြီး စွဲမိရာရာကို စွဲသွားခဲ့တာပဲ"

ကပ္ပိယနန္ဒသည် အုတ်တိုက်ထဲမှာ သံသေတ္တာတစ်လုံးကိုတွေ့နေရသည်မှာ ကြာလေပြီ၊ မိမိနှင့်မဆိုင်၍ ဖွင့်မကြည့်ခဲ့။

"ဒီကပ္ပိယကြီးဘအို ပြောခဲ့တဲ့အတိုင်း ဟုတ်၊မဟုတ် ငါဖွင့်ကြည့်ရင်ကောင်းလိမ့်မယ် ထင်တယ်"

စိတ်ထဲမှာချီတုံချတုံနှင့် ဖြစ်နေမိသေးသည်။

"ဟော့ကောင် ဖွင့်ကြည့်လိုက်လေကွာ မင်းကိုငါခွင့်ပြုထားတာပဲ သော့ကိုရှာ. . ."

ထိုစဉ်. . . .

မိမိကိုတစ်နေရာမှနေ၍ တစ်ယောက်ယောက်က တိုက်တွန်းလိုက်သလို နားနှင့်ဆတ်ဆတ်ကြားလိုက်ရလေသည်။ ထိုအသံကြောင့် ကြက်သီးမွေးညှင်းများပင် ထသွားခဲ့မိရလေ၏။





တကယ်ဖွင့်ကြည့်တော့မည်ဟု စိတ်ပိုင်းဖြတ်လိုက်တော့မှသော့ကိုရှာမတွေ့. . .

"ဟုတ်ပါရဲ့ သော့ရှိမှ ဖွင့်လို့ရမှာပဲ"

သေတ္တာကိုခတ်ထားသော သော့ကိုလည်း ရိုက်ချိုးပြီးတော့မဖွင့်ချင်၊ ကိုနန္ဒ၏မျက်လုံးတွေက ကပ္ပိယကြီး ဘအို၏ ဖျာနှင့်ပတ်ထားသော အိပ်ယာလိပ်ဟောင်းဆီကို ရောက်သွားခဲ့လေသည်။ သူကွယ်လွန်သွားပြီးနောက် ကျောင်းမှသေချာစွာပင်သိမ်းဆည်းထားပေးခြင်း ဖြစ်ပေလိမ့်မည်။

ကြိုးနှင့်ချည်နှောင်ထားသော အိပ်ယာလိပ်လို ဖြည်သည်။ စောင်၊ ခေါင်းအုံးများထဲမှာ ရှာဖွေရာ ခေါင်းအုံးထဲတွင် မာမာလေးတစ်ခုကို စမ်းမိလေသည်။ ခေါင်းအုံး၏ ညာဘက်စောင်းမှာ ပိတ်စကိုတမင်တကာ ဖောက်ထားပုံရသည်။ အဝတ်ကလေးတစ်ခုကို ဆို့ထားသည်။ ဖွင့်ကြည့်လိုက်ပြီး လက်ထိုးနှိုက်လိုက်သောအခါ သော့တစ်ချောင်းကို စမ်းမိလေသည်။ ဆွဲထုတ်လိုက်သောအခါ ကြေးသော့လေးတစ်ချောင်း ဖြစ်နေသည်။

ကပ္ပိယနန္ဒသည် သော့လေးကိုရသည်နှင့် ဝမ်းသာသွားပြီးမဆိုင်းတော့ပဲ သေတ္တာကို ဖွင့်လိုက်လေ၏။ သေတ္တာထဲမှာ အဝတ်အစားအနည်းငယ်နှင့် ပုရပိုဒ်အချို့ အင်္ဂရိတ်ပညာနှင့်ဆိုင်သော ကျမ်းစာအုပ်သုံးလေးအုပ်ကို တွေ့လိုက်ရလေသည်။ ထို့နောက်. . ကြေးဗူးလေး တစ်လုံးကိုလည်း ရရှိလိုက်လေသည်။

ပုရပိုဒ်စာများသည် သက္ကတဘာသာစကားဖြင့် ရေးထိုးထားသည်။ မဖတ်တတ်ပေ၊ ကပ္ပိယနန္ဒသည် မိမိရွာမှနေခဲ့စဉ်



www.burmeseclassic.com

www.burmeseclassic.com



ကရှေ့မီနောက်မီ အဘိုးအဘွားများဆီက ပါဠိဘာသာစကားကိုတော့ အချိန်ရတိုင်းသင်ကြားခဲ့သည်ဖြစ်၍ ပါဠိစာများဆိုရင်တော့ သူဖတ်နိုင်သည်။ ဤပုရပိုဒ်ထဲတွင် ရေးမှတ်ထားသည်များက တက္ကသဘာသာစာလုံးများဟုတော့သိသည်။ မဖတ်တတ်၊ အတန်းအဆကိုတော့ အလယ်တန်းအထိ သင်ယူတတ်မြောက်ခဲ့သည်။

မြန်မာ၊ အင်္ဂလိပ်စာနှစ်ဘာသာသင်ကျောင်းဖြစ်၍ ဘိုစာ (အင်္ဂလိပ်စာ) ကိုလည်းအတန်အသင့်ပင် ရေးတတ်ဖတ်တတ်ခဲ့လေသည်။

အဂ္ဂိရတ်ပညာနှင့်ပတ်သက်သည့် စာအုပ်များကား ကက္ကန္ဒစာရီယတြိနေကြကျမ်း၊ ရသေ့ဦးအောင်ကျမ်း၊ ရေတိမ်ဆရာလမ်း၊ လေးထပ်ဆရာတော် လုပ်ရပ်လမ်းလင်္ကာ စာအုပ်များပင်ဖြစ်သည်။

ကျမ်းစာအုပ်ထဲတွင်ပါသောအကြောင်းအရာများကို မိမိနားလည်သော်လည်း အားမရပေ။ အချို့သော အကြောင်းအရာများကို လျှို့ဝှက်ထားသည်ဟု ထင်မိသည်။

အချို့သည်လေးနက်လွန်း၍ နားမလည်ပေ။ ဉာဏ်ကြီးမှသာ အမိပ္ပါယ်များကို ဖော်နိုင်မည်ဟု ယူဆမိသည်။

သို့သော်. . .

ကပ္ပိယနန္ဒသည် မိမိအရင်ကလေ့လာဆည်းပူးခဲ့သည်များကို အကြောင်းပြု၍ စာပါအကြောင်းအရာမျးကိုလေ့လာဆည်းပူးခဲ့သည်။ မိမိ၏အဂ္ဂိရတ်လုပ်ငန်းကို ညစဉ်ညတိုင်း တစ်ရက်မပြတ်လုပ်ကိုင်လေတော့သည်။





ထူးခြားချက်မှာကား. . .

မိမိလုပ်နည်းကိုင်နည်းများမှားနေခဲ့လျှင် ကပ္ပိယကြီးဘအိုသည် အိပ်မက်ထဲမှာ ရောက်ရောက်လာပြီး အမှားကို အမှန်ဖြစ်စေကာ သင်ကြားပေးလေသည်။

ကြေးပူးကလေးထဲမှ အရာများသည် မည်သည်များဖြစ်လေမလည်းဟု ဖွင့်ကြည့်ခဲ့သည်။ မီးရောင်အောက်မှာပင် ရွှေမှုကလေးများလို တပြောင်ပြောင်တလက်လက်နှင့် ရှိနေကြသည်။

“ဓါတ်ပြာတွေများလား. . .”

လက်ညှိုးနှင့်ထိုးကာ မြီးစမ်းကြည့်လိုက်ရာ အရသာမှာ ချိုဖန်ဖန်လေး ဖြစ်နေသည်။ လျှာပေါ်တွင် ထိုအရသာကို ခံမိလိုက်သည်နှင့် တစ်ကိုယ်လုံးရှိန်းရှိန်းဖိန်းသွားခဲ့ရလေ၏။ မအီမလန်ဝေဒနာမျိုးကိုလည်း ခံစားလိုက်ရသည်။

တခဏအကြာမှာ. . .

ခံစားမှုများအားလုံးပျောက်ကွယ်သွားကြကာ ခေါင်းထဲတွင်ကြည်လင်လာခဲ့လေတော့၏။ ခွန်အားတွေ တိုးတက်လာသလိုလည်း ဖြစ်ပေါ်ခံစားလာခဲ့ရလေသည်။ ကြေးပူးလေးထဲမှ ဓါတ်ပြာကို တစ်လပြည့်တိုင် နောက်ထပ်မှီဝဲလိုသော ဆန္ဒကဖြစ်ပေါ်လာခဲ့သည်။ ထို့ကြောင့် လက်ညှိုးနှင့် တစ်တို့၊ တစ်တို့စားမိလေသည်။

❑ ❑ ❑



www.burmeseclassic.com

( ၁၈ )

## ထူးဆန်းသောလူသုံးယောက်

ကပ္ပိယနန္ဒသည် အဂ္ဂိရတ်ထိုးသည့် ကိစ္စ၌အတော်လေးကို ဟုတ်လာခဲ့လေသည်။ ကပ္ပိယကြီးဘအိုး၏ ပံ့ပိုးမှုလည်း ပါလာသည်။

ဤကိစ္စနှင့်ပတ်သတ်၍ မည်သူ့ကိုမှလည်း ပေးမသိပေ၊ ဆရာတော်ကလည်း တရားအလုပ်ထဲသာ စိတ်ကနှစ်ထားသည်။နောက်ထပ်စပ်လျဉ်းပြီးတော့ စိတ်မဝင်စား။

တစ်ရက်တွင်. . . .

ကပ္ပိယနန္ဒသည် ညဥ့်သန်းခေါင်ယံအလွန်လောက်မှာ နှစ်ခြိုက်စွာပင် အိပ်ပျော်သွားခဲ့လေသည်။

မည်မျှကြာသော် အိပ်ပျော်သွားခဲ့လေသည်မသိပါ လှုပ်ရှားမှုများကို နားထဲမှာကြားနေရသလိုပင်၊ အလင်းရောင်တစ်မျိုးမျိုးသည် မျက်ခွံတွေကိုထိုးဖောက်ပြီးတော့ ဝင်လာ





ခဲ့သည်။

"ငါမှီးထွန်းထားတာ ဘယ်ကနေဝင်လာတဲ့ အလင်းရောင်တွေလဲ"

မျက်လုံးတွေကိုဖွင့်ကြည့်မိသည်။ မျက်ခွံတွေက ပွင့်မလာကြ၊ အားယူပြီးတော့ ဖွင့်သည့်တိုင်လေးလံနေမိသည်။ တဖြည်းဖြည်းနှင့် ဖွင့်ယူရလေသည်။

အခန်းထဲမှာ အလင်းဓါတ်တစ်မျိုးက ဧကန်ပင်ရှိနေလေသည်။ ထင်ထင်ရှားရှား အလင်းရောင်မျိုးမဟုတ်၊ ဖျော့ကနဲ ဟိုခုန်သည်ကူးနှင့် ရှိနေသည့်အလင်းရှင်များ ဖြစ်နေသည်။

တစ်ခါတစ်ရံမှာ. . .

အနီရောင်၊ အစိမ်းရောင်၊ အဝါရောင်၊ အပြာရောင်များကတစ်မျိုးစီပြောင်းလည်းနေတတ်သည်။ အလင်းဖြူကပိုပြီးတော့ အားကောင်းလေသည်။

သဏ္ဌာန်သုံးခုသည် အခန်းထဲမှာ လှုပ်ရှားလျက်ရှိနေကြသည်။ ထိုသဏ္ဌာန်များ၏ ခေါင်းထက်မှာ ဝိုင်းစက်သောဦးထုပ်များကို ဆောင်းထားကြသည်။ နားရွက်များပေါ်မှာ လက်လေးလုံးခန့် ဗျက်ကျယ်သော အဖတ်များကို ချထားကြသည်။ ဒူးဆစ်အထိရောက်သော အကျီနီနီများကို ဝတ်ဆင်ထားကြပြီး နီမြန်းသော ဘောင်းဘီကိုဝတ်ဆင်ထားကြသည်။ လုံချည် ကိုမူအောက်သို့ကျိုက်ထားကြလေသည်။

အဝတ်အစားများတွင် ဘော်ကြယ်များကို တပ်ဆင်ထားကြသည့်အလား အရောင်တလက်လက်ဖြင့် ထွက်နေကြသည်။



www.burmeseclassic.com
www.burmeseclassic.com

www.burmeseclassic.com



ထူးဆန်းသော အဝတ်အစားများကို ဝတ်ဆင်ထားကြသူများသည် ကျောပေးလျက် အနေအထားများ ရှိနေကြသည့် အုတ်နံရံကို လက်ဖြင့်စမ်းကာ၊ စမ်းကာ တစ်စုံတစ်ရာကို ရှာဖွေနေကြဟန်ရှိကြသည်။

ကပ္ပိယနန္ဒသည် ထိုသူများကို မြင်လိုက်ရသောအခါ ရုတ်တရက် ခေါင်းပင်ကြီးသွားခဲ့ရလေသည်။ တံခါးလည်း ပွင့်နေသည်ကိုမတွေ့ရပေ။

"သူခိုးတွေများလားမသိဘူး၊ ဒီလူတွေတံခါးမဖွင့်ပဲ ဘယ်လိုဝင်လာခဲ့ကြတာလဲ"

ကပ္ပိယနန္ဒသည် အိပ်ယာထက်မှ ထထိုင်လိုက်သည်။ လှုပ်လှုပ်ရှားရှားအသံကြောင့် ထိုသူသုံးယောက်စလုံး လှည့်ကြည့်လိုက်ကြလေ၏။

"ခင်ဗျားတို့ ဘယ်သူတွေလဲ ဒီအထဲကိုဝင်ပြီး ဘာလုပ်နေကြတာလဲ"

လွှတ်ကနဲဆို မေးမိလိုက်လေသည်။ ထိုသူသုံးယောက်စလုံးလှည့်ကြည့်လိုက်ကြလေ၏။ ဟွတ်တွတ်၊ တွတ်တွတ်နှင့် စကားတွေလည်း ပြောနေကြသည်။ မိမိနားမလည်သော ဘာသာစကားများပင် ဖြစ်ကြသည်။

ကိုနန္ဒက စိတ်မရှည်သလိုပင် နေရာမှထလိုက်လေရာ. .

ရိုပ်ကနဲဆို တစ်ယောက်ကပြေးဝင်လာခဲ့ပြီး လက်ထဲက တုတ်ရှည် (တောင်ဝှေးလိုလိုအရာ)ဖြင့် ခေါင်းကိုရိုက်ချလိုက်လေ၏။

"ဖြောင်း"





"အား"

အငိုက်မိသွားသည်ဖြစ်၍ ခေါင်းထဲပူကနဲဖြစ်သွားခဲ့ရသည်။ မျက်လုံးထဲမှာလည်း ပျာဝေသွားခဲ့ရပြီး လဲကျသွားခဲ့ရလေ၏။

"ကပ္ပိယနန္ဒသည် သတိပြန်ပြီးတော့ ရလာသောအခါ မိမိကိုယ်မိမိ ဘာဖြစ်လို့ဖြစ်ခဲ့မှန်းပင် မသိတော့ချေ။ ခေါင်းထဲမှာရေးတေးတေးမျှသာ ပေါ်နေတော့၏။ နောက်တစ်ရက်လောက်ကြာမှ အဖြစ်အပျက်အလုံးစုံကို မှတ်မိလာခဲ့ရတော့သည်။

"သူတို့ဟာ အရေးကြီးတဲ့ပစ္စည်းတစ်ခုခုကို လိုက်ပြီးတော့ရှာနေကြတာပဲ"

ထို့နောက်. . .

ဖျတ်ကနဲဆို အကြောင်းအရာတစ်ခု ခေါင်းထဲကို ဝင်လာခဲ့လေသည်။

"ဟုတ်ပြီ. . ဒီနံရံတွေထဲမှာပဲ"

အတွေးက ပြတ်သွားခဲ့သည်။ ထိုညက လူသုံးယောက်သဲသဲမည်းမည်း ရှာဖွေလျက်ရှိနေကြသော နံရံတစ်ဖက်ကို သတိ ထားမိသွားခဲ့ရလေသည်။ ယင်းနေရာကို လျှင်မြန်စွာပင် လျှောက်သွားခဲ့လေသည်။ အကွက်ဖော်ထားသော အုတ်ချပ်များပင်ဖြစ်သည်။ အမှတ်တမဲ့နှင့်ကြည့်လျှင် စီထားသော အုတ်များမှာ မထူးခြားဟု ထင်ရသည်။

ကပ္ပိယနန္ဒက စိတ်ရှည်သည်။ ဖယောင်းတိုင်မီးရောင်အောက်မှာ တစ်ချပ်ချင်းသေသေချာချာ ကြည့်သည်။ တစ်နေရာ



www.burmeseclassic.com

www.burmeseclassic.com



တွင် ထူးခြားသည်ဟုထင်ရသော အုတ်တစ်လုံးကို မမျှော်လင့်ပဲ တွေ့လိုက်ရလေသည်။ အုတ်တစ်လုံးနှင့် တစ်လုံးအဆက်အစပ်ပြုထားသည့်နေရာမှာ ပို၍ထင်ရှားသော မင်ကြောင်းလေးတစ်ခု စီလို တွေ့လိုက်ရသည်။ ပတ်ပတ်လည်ရှိ အုတ်အဆက်အစပ်များ၏ အကြောင်းများမှာ ဤနေရာလောက် မထင်ရှားကြချေ။

စိတ်မြန်လက်မြန်ရှိသူဖြစ်သည့်အတိုင်း တူရွင်းသေးသေးလေးတစ်ခုဖြင့် ဘေးမှပတ်ကာ ထွင်းလေတော့သည်။

တခဏအကြာတွင်. . .

ထိုအုတ်ကို တူရွင်းဖြင့် ကော်ထုတ်လိုက်ရာ. . လက်ထဲကိုလွယ်ကူစွာပင် ပါလာခဲ့လေသည်။ အတွင်းမှာ ခေါင်းပေါက်တစ်ခုက ရှိနေသည်။ မီးရောင်ဖြင့် ကြည့်လိုက်သောအခါ ရှည်မျောမျောကြေးဗူးလေးတစ်ခုကို မမျှော်လင့်ပဲ တွေ့လိုက်ရလေသည်။

"ဒါလောက်တောင် လျှို့ဝှက်ပြီးတော့ သိမ်းထားရအောင် ဘာပစ္စည်းလေးပါလိမ့်"

မအောင့်အည်းနိုင်တော့ပဲ အဖုံးကိုဖွင့်ကြည့်လိုက်လေရာ တောက်ပသောအလင်းရောင်တစ်ခုသည် အပြင်ကို လျှံထွက် လာခဲ့လေ၏။

"ဟာ"

မျက်နှာကိုနောက်သို့ လျှင်မြန်စွာပင် တိမ်းရှောင်မိလိုက်လေသည်။ အဖုံးကိုလည်း ပြန်ပြီးတော့ ပိတ်မိလိုက်လေသည်။ စောစောကအလင်းရောင်ကြောင့် ဓာတ်ခန်းလုံး လင်းထိန်သွားခဲ့ရလေသည်။ ကပ္ပိယနန္ဒမှာ အံ့အားသင့်၍ မဆုံးနိုင်တော့။





တခဏအကြာတွင်. . . .

ထိုပစ္စည်းလေးကို ပြန်ပြီးတော့ကြည့်ချင်လာမိသည်နှင့် အဖုံးကိုတဖြည်းဖြည်းချင်း ဖွင့်လိုက်သည်။ အလင်းရောင်က စိမ့်ပြီးတော့ ထွက်လာခဲ့ပြန်လေသည်။ ဗူးထဲကို မျက်လုံးတစ်လုံးတည်နှင့် ကြည့်လိုက်လေရာ ဝင်းလက်နေသော လုံးလုံးအရာလေးတစ်လုံးကို တွေ့လိုက်ရသည်။

"ပါတ်လုံးလေးလား မသိဘူး။ ဖြစ်နိုင်တယ်၊ ဒါပါတ်လုံးပဲဘာအာနိသင်ရှိသလည်းတော့ မသိဘူး၊ ဒီအထဲမှာ အကျအနကို အသေပိတ်ထားတယ်၊ အဘအိုဟာ ဒါလေးကို ဒီလို လူမသိသူမသိ သိမ်းထားခဲ့တာ အကြောင်းရှိရမယ်၊ သူများတကာရဲ့လက်ထဲကို အပါမခံချင်လို့ပဲဖြစ်မယ်"

(တကယ်တော့ ကပ္ပိယကြီးအဘအိုသည် ပါတ်လုံးအောင်ထားသည်၊ ယင်းပါတ်လုံးကို ဂန္ဓာရီလောကရှိ ပုဂ္ဂိုလ်များ၊ ဝိဇ္ဇာ၊ ဇော်ဂျီများက လိုချင်နေကြသည်။ လူလူချင်းမသိကြသော်လည်း ထိုပုဂ္ဂိုလ်များက သိကြလေသည်။

ယင်းပစ္စည်းကို ဝှက်ထားပြီး ထွက်ရပ်ပေါက်လမ်းကို ဆက်လက်၍ကြိုးစားနေဆဲမှာပင် အကြောင်းကြောင့် မနွာပြောင်းသွားရခြင်းပဲ ဖြစ်ပါသည်။)

"ဟား. . ဟား. . ဟား. . ဟား. . ဒီပစ္စည်းကို ငါပိုင်ပြီ၊ ငါမပင်ပန်းပဲနဲ့ ရလိုက်တဲ့ပါတ်လုံး၊ ငါ့တိုက်နဲ့ငါကံရလိုက်တာ ကယ်လောက်ကံကောင်းလိုက်သလဲ. . "

ကပ္ပိယနန္ဒသည် မိမိရရှိလိုက်သော ပါတ်လုံးကမည်သည့်အကျိုးမျိုးသက်ရောက်သည်ကိုမသိပဲ ဝမ်းအသာကြီး



www.burmeseclassic.com

www.burmeseclassic.com



သာလျက်ရှိနေသည်။

"ငါဒီဓါတ်လုံးကို ဘယ်နားမှာဝှက်ထားရမလဲ တော်ကြာ အဘအိုက ငါ့ဆီကိုရောက်လာပြီး ပြန်တောင်းနေရင် ဟာမပေး ဘူး၊ သူ့ကိုမပေးဘူး၊ ဒါငါ့ကံတရားကြောင့်ရတာ၊ ငါမပေးရင် သူဘာမှမတတ်နိုင်ဘူး"

လောဘရမ္မက်တက်လာသော ကပ္ပိယနန္ဒသည် ကြေးဗူးလေးကို မူလနေရာမှ ပြန်ထားလိုက်ပြီး ပတ်ကြားလမ်းကြောင်းကို ရွံ့စေများဖြင့် မံကာပြန်ပြီးတော့ ပိတ်လိုက်သည်။

သို့တိုင် စိတ်မချနိုင်သေးပဲ ထိုပစ္စည်းကိုပင် စိတ်စွဲကာ တစ်ပတ်လောက်အထိ ကောင်းကောင်းအိပ်မပျော်ခဲ့ပေ။

အိပ်မက်လိုလို၊ တစ်ကယ်လိုလိုဖြင့် ရောက်လာခဲ့ကြသောပုဂ္ဂိုလ်သုံးယောက်၏ ရန်ကိုလည်း သတိထားမိရသေးသည်။ မိမိထံသို့ ပြန်လာပြီး ရန်ရှာသေးဦးမလားဟု. . .။

ကပ္ပိယနန္ဒသည်ကား ယခုမှပင်. . ဣန္ဒြေမရ ဖြစ်နေရပြီတကား. . .။

❑ ❑ ❑





ထို့နောက်. . .

မိမိရောက်နေသောနေရာကို သိနိုင်စေရန် ပတ်ဝန်းကျင်ကိုလှည့်ပတ်ပြီး ကြည့်လိုက်ရာ. . မျက်လုံးအကြည့်သည် တစ်နေရာကိုရောက်သွားခဲ့လေ၏။ တစ်ထွာခန့်ရှိသော သစ်ပင်လေးတစ်ပင် ယင်းသစ်ပင်လေး၏ အသွင်သဏ္ဌာန်မှာ နီရောင်သန်းနေသည်။ ပင်စည်မှာ အရစ်အရစ်များ ဖြစ်ပေါ်နေလျက်ရှိသည်။ ကြည့်နေရင်းမှာပင် အနီရောင်ကနေ အစိမ်းတောက်တောက်အရောင်ဆီသို့ ရုတ်တရက်ပြောင်းလည်း သွားခဲ့သည်။ ပင်စည်မှအရစ်များကအစ အရောင်ပြောင်းသွားခဲ့ကြလေ၏။

ကပ္ပိယနန္ဒသည် ထိုထူးခြားသော အပင်ကလေးကို စိတ်ဝင်စားသွားမိလေ၏။နေရာမှထကာ အနားကိုရောက်အောင် လျှောက်သွားခဲ့လေသည်။ အပင်လေးကို ငုံ့ကြည့်မိလိုက်လေ၏။ သေချာစွာ စစ်မိသောအခါကျမှ သိရသည်ကား ပင်စည်က အရစ်အရစ်များထနေသည် မဟုတ်ပေ၊ နှာမောင်းလိုလို သဏ္ဌာန်များက ပင်စည်ကိုရစ်ပတ်နေခြင်းသာ ဖြစ်သည်။



www.burmeseclassic.com

ယင်းသည် အပင်၏ထိပ်မှ ထွက်လာကြသော အရွက်များဟု ယူဆမိရလေသည်။ အရွက်သဏ္ဍာန်မဟုတ်ပဲ နှယ်မျှားသဖွယ် ရှည်လျားပြီးတော့ ထွက်လာကြခြင်းပင် ဖြစ်သည်။ ရွက်ပြားများပင် ဖြစ်ကြလေသည်။

ကပ္ပိယနန္ဒ ပင်စည်မှာရစ်ပတ်ထားသော အရွက်ရှည် တစ်ခုကို လက်နှင့်ဆွဲယူလိုက်သည်။ ပြန်ပြီးတော့ ရုန်းက သည်ကိုသိလိုက်ရလေသည်။ ပင်စည်လုံးလုံးက အတွင်းမှ ရှိနေသည်။ နီရဲလျက်ရှိသည်။ ပင်စည်မှာ အပ်ပေါက်ရာလေးမျိုး ကိုတွေ့ရသည်။ ကျန်သော အရွက်ပြားများသည်ပင် လှုပ်ရှားလာ ကြသည်။ မည်သည့်အကြောင်းကြောင့်လည်းတော့ မသိပါ။

လူ၏ကိုယ်ငွေ့နှင့်သွေးနံ့ကိုရ၍လော သို့မဟုတ် ထိကရုန်းပင်ကဲ့သို့ထိမှ၊ တို့မှ၊ လှုပ်ရှားတတ်၍လော။

ကပ္ပိယနန္ဒသည်ထူးဆန်းသော အပင်ကလေးကို ကြည့်ပြီးတော့ ကြောက်ရွံ့လာမိသည်။ တစ်ပြိုင်တည်းမှာပင် နှစ်သက်လာမိသလို ခံစားလာမိရလေသည်။ နေရာမှထလိုက်ပြီး ဥပေက္ခာပြုလိုက်သောအခါ အပင်ကိုကျောခိုင်းပြီး မခွါရက် နိုင်သလိုဖြစ်သွားခဲ့ရပြန်သည်။

"ငါဘယ်လိုကြောင့် ဒီအပင်ကို စိတ်ဝင်စားနေရတာ လဲ. . ဒါပေမယ့် ဒီလိုပုံပန်းသဏ္ဍာန်နဲ့အပင်မျိုးဟာ ဘယ်မှာမှ မရှိဘူး ဒါ့ကြောင့်မို့. . ငါစိတ်ဝင်စားနေတာများလား"

ကပ္ပိယနန္ဒသည် အပင်လေးကို ပိုင်ဆိုင်လိုစိတ်ဖြစ်ပေါ် လာရာ စိတ်ကိုမထိန်းနိုင်တော့ အပင်ပတ်လည်မှ မြေသားများ ကိုသစ်ကိုင်းခြောက်မာမာ တစ်ချောင်းနှင့် တူးဆွလိုက်သည်။





ထို့နောက်ရေသောက်မြစ်လည်း မပျက်စီးရလေအောင် မြေကြီး များနှင့်တကွ အပင်ကိုနှုတ်ယူလိုက်လေသည်။

ငှက်ပျောပင်တစ်ပင်မှ ငှက်ပျောဖတ်တစ်ရွက်ကို ဆွတ်ခူးကာအပင်ကို သေချာစွာထုတ်လိုက်လေသည်။

ထို့နောက်. . .

တောနက်ထဲမှ ထွက်လာခဲ့လေရာ မကြာမီမှာပင် လူသွားလမ်းတစ်နေရာကို ရောက်ရှိသွားလေတော့သတည်း။

❑ ❑ ❑



www.burmeseclassic.com
www.burmeseclassic.com

www.burmeseclassic.com

## (၂၁)

## သံသယ၏သားကောင်

ရွာတစ်ရွာ၏ မြောက်ဘက်အစွန်ဆုံးကျသောနေရ တွင်လွန်စွာမှကြီးမားသော ခြံကျယ်ကြီးတစ်ခုသည် သစ်ပင်ကြ ငယ်တို့ဖြင့် ပြွတ်သိပ်လျက်ရှိနေလေ၏။

ခြံကြီးထဲမှာ နှစ်ဆောင်ပြိုင်အိမ်ကြီးတစ်လုံး အတင့်အတယ်ပင် နေရာယူထားသည်။ ခြံကြီးကိုဝါးကပ်မျ ဖြင့် မြင့်မားစွာပင်ကာဆီးထားသည်။

ခြံပိုင်ရှင်သည် တစ်လမှတစ်ခါလောက်သာ အပြင် ထွက်သည်။ တစ်လစာဈေးထွက်ဝယ်ခြင်းပင် ဖြစ်သ ယင်းအချိန်ကျမှ ရွာသူရွာသားများက သူ့ကိုမြင်ဖူးကြရသ ထို့နောက်ထိုသူကို တစ်လလုံးလုံး မမြင်ကြရတော့ ထိုသူသ အဖော်မရှိပဲ ထိုအိမ်ကြီးထဲမှာပင် တစ်ဦးတည်းပင် နေထိုင် သည်။ သူ့ကိုလူတွေက စိတ်ဝင်စားကြသည်။ လူထူးလူဆန်း





တစ်ယောက်အဖြစ် သဘောထားကြသည်။

အသက်သုံးဆယ်ကျော်ကျော် ဝန်းကျင်ရှိမည်ဖြစ်ပြီး သျှောင်တစ်စောင်းထုံးထား၏။ ရုပ်ရည်မှာ ယောကျ်ားပီသပြီး မိန်းကလေးတို့ စိတ်ဝင်စားကြသည့် ဟန်ပန်အမူအရာမျိုး ဖြစ်သည်။ သူသည်မည်သည့် အရပ်ကရောက်လာပြီး မည်သည့် အကြောင်းကြောင့် တစ်ဦးတည်းနေနေသည်ကို မည်သူမှ မသိနိုင်ကြပါ။

ထိုလူကြီး၏အမည်ကိုသော်မှ တဆင့်စကားဖြင့်သိကြ ရသည်။ဦးနန္ဒဟုပင် မည်သူ့ကိုမှအရောတဝင်မရှိလှသော်လည်း ရပ်ရွာကိုလည်း ဒုက္ခမပေးသောကြောင့် မသိကျိုးကျွင်ပြုကာ နေတတ်လာကြသည်။

ဦးနန္ဒသည် တစ်လတစ်ခေါက် အိမ်မှထွက်တိုင်း မျက်နှာသည်ပိုပြီးတော့ တင့်တယ်လာသည်။ ကြည်ညိုစရာ ကောင်းလာသည်ဟု ထင်ကြရသည်။ တစ်ခါတစ်ရံမှာ သူမျက်နှာမှာ ဝင်းစို ပြီးတော့ တောက်ပြောင်နေသည်။ ဇာတ်မင်းသားတစ်ယောက် ကဲ့သို့ ချောမောနေသည်ဟု ထင်ကြရသည်။

“ဒီလူဟာ အိမ်ကြီးထဲမှာ ဇကစာတစ်ဦးတည်းနေထိုင်ပြီး တရားကျင့်ကြံအားထုတ်နေသလားမှ မသိတာ၊ သူတော်ကောင်း ကြီးတစ်ယောက်နဲ့ တူပါတယ်ကွာ”

“ဖြစ်နိုင်တယ်၊ သူ့မျက်နှာက တစ်ခါတစ်ခါမတူဘူး ပိုပြီးတော့ ခန့်ထည်လာတယ်၊ ယောကျ်ားအချင်းချင်းတောင် အားကျမိရတာမျိုးကွ. . ”



www.burmeseclassic.com

www.burmeseclassic.com



ဦးနန္ဒလိုလူတချို့က အားကျကြလေသည်။ မိန်းကလေး များကစိတ်ဝင်စားကြ၏။ တချို့ကကိန်းကြီးသူဟု မှတ်ချက်ချ ကြလေသည်။

တစ်ခါတစ်ရံတွင်. . .

ဦးနန္ဒ၏ခြံထဲမှ လူတ်ရှားသံများကို ကြားကြရ၏။ နေ့ဘက်မှာ အခန်းအောင်းနေပြီး ညဘက်ကျရင် ထွက်ပြီး အညောင်းပြေ လမ်းထွက်လျှောက်ပုံရသည်။

တချို့ကလည်း ဦးနန္ဒကို ဘာကြောင့်ရယ်မသိပဲ ကြောက်လန့်ကြလေသည်။

"ဒါလောက်တောင်တည်ငြိမ်နေတဲ့ လူကြီးဟာလေးစား စရာကောင်းတယ်လို့ ပြောနေကြပေမယ့် ငါ့အထင်တော့ မကောင်းဆိုးရွားတစ်ကောင်ကောင်ကပ်နေတဲ့ လူလို့ ထင်မိတယ်ကွာ. . "

မည်သို့ပင်ဆိုစေ. . .

ဦးနန္ဒနှင့်ပတ်သတ်ပြီး တိကျသောအဖြေက ထွက်မလာ ကြပါ။ တစ်ခါတစ်ရံမှာ ဦးနန္ဒကိုရွာထဲတွင် ကြုံတောင့်ကြုံခဲ တွေ့ကြရသည်။ သူကပြုံးပြလျှင် ထိုအပြုံးကြောင့် မစားရဝခမန်း ရှိသွားခဲ့ကြရသည်။ လူကတည်ပေမယ့် ဖော်ရွေမှုတော့ ရှိသား ပါလားဟု နားလည်သွားခဲ့ကြလေသည်။

သို့သော်. . .

ထိုခြံကြီးထဲတွင် ထူးခြားမှုက ဖြစ်ပေါ်လာခဲ့ကြ လေသည်။ ညဘက်တွင် မီးစုန်းရောင်တလက်လက်ကို အမှတ် မထင်မြင်တွေ့ကြရသည်မှာရံဖန်ရံခါဆိုသလိုပင် သစ်ရွက်





ခြောက်များကို မီးရှို့၍ထွက်ပေါ်လာသော အလင်းရောင်များက မဟုတ်ပေ။

တချို့က. .

မီးစုန်းမှ ထွက်ပေါ်လာသောအလင်းရောင်များ ဖြစ် သည်ဟုဆိုကြသည်။ ရွာမှသတ္တိကောင်းပြီး စိတ်ဝင်စားကြ သောလူငယ်များက အနည်းငယ်ကွာဟပေါက်ပြဲနေသော ညည်းရိုးပေါက်များမှ ချောင်းကြည့်ကြသည်။

ထိုအခါ. .

အံ့အားသင့်စရာကောင်းသော မြင်ကွင်းကို မြင်တွေ့ လိုက်ကြရသည်။ အလင်းရောင်သည် မည်သည့်နေရာက လာသည်ကို မသိရသော်လည်း ယင်းအလင်းရောင်၏ရှေ့မှာ လူတစ်ယောက်ကို ရပ်နေလျက်သား တွေ့လိုက်ကြရသည်။ ထိုသူသည် တစ်ဦးတစ်ယောက်ကို စကားပြောသကဲ့သို့ပင် ရှိနေသည်။ တီးတိုးသံများကို ကြားနေရသော်လည်း ပီပီသသ မရှိလှပါ။ တစ်ဦးတည်းစကားပြောနေသော သူသည်ဦးနန္ဒ ပင်တည်း။

"လူထူးလူဆန်းကြီးက ငါတို့မမြင်နိုင်၊ မမြင်အပ်တဲ့ပုဂ္ဂိုလ် တွေအစောင့်အရှောက်တွေနဲ့များ စကားပြောနေတာလား မသိဘူး"

"အေးကွ. . သူ့ရှေ့မှာ လင်းလင်းလက်လက်နဲ့ ပုံ့နှံ့နေ တဲ့အရောင်တွေကလည်း ထူးခြားတယ်ကွ. . "

လေသံဖြင့် ပြောနေကြသော်လည်း ထိုသူသည်နားပါး ရှိပဲလား. . အခြားသောအကြောင်းကြောင့်ပဲလားမသိ သက်ာ



www.burmeseclassic.com

www.burmeseclassic.com



မကောင်းဖြစ်သွားဟန်တူသည်။ နောက်ကိုမသိမသာပင် လှည့်ပြီး တော့လှည့်ကြည့်လိုက်လေသည်။

"ဟာ. . ငါတို့ပြောနေတာကို ကြားသွားသလားမသိဘူး လှည့်ကြည့်တယ်ကွ. . ."

"လာ. . လာ. . လစ်ကြစို့ဟေ့"

ယင်းနေရာတွင် ဆက်ပြီးမနေရဲကြတော့ပဲ အလျင်စလိုပင် ထွက်ခွာခဲ့ကြလေသည်။

တစ်ကယ်တော့. . .

ဦးနန္ဒကြည့်နေသော အပင်တစ်ပင်မှ မှုံဝါးဝါး အလင်းရောင် ထွက်နေခြင်းပင်ဖြစ်သည်။ သူစကားပြောနေ သည်မှာလည်း ယင်းသစ်ပင်နှင့်ပင် ဖြစ်ပါ၏။

ဦးနန္ဒသည် စိတ်မမှန်တော့ပြီလော၊ အတန်ကြာပင် ခြံကြီးထဲမှာ ရှိနေပြီးမှ အိမ်ကြီးထဲကို ပြန်ဝင်သွားခဲ့လေသည်။ ထို့နောက် ချောင်းကြည့်ပေါက်မှ နေ၍ခြံအပြင်ကို အကဲခတ်ကာ ကြည့်တတ်သည်။ လူတွေကမိမိအပေါ်မှာ စိတ်ဝင်စားနေကြ သည်ကိုသိသည်။

အင်္ဂရိတ်ထိုးခြင်းအလုပ်ကိုတော့ စိတ်ကမပြေပေ။

ညစဉ်ညတိုင်းလိုလိုပင် ဖားဖိုနားမှာ ရှိနေမြဲ ဖားဖိုကိုဆွဲ၍ မြည်နေသောအသံများသည် တရှူးရှူး တရှဲရှဲနှင့် ထွက်ပေါ် နေကြလျက်ရှိသည်။ တစ်ပတ်လျှင် တစ်ကြိမ်ကြေးဗူးလေးထဲရှိ ပြာကိုလက်ညှိုးဖြင့် တစ်တို့တို့ကာ စားတတ်သည်။ ယင်းဓါတ်ပြာ ၏အာနိသင်သည် ချို၊ ဖန်၊ ခါးဖြစ်ပြီး လျှာပေါ်ကိုပစ်တင်လိုက် သည်နှင့် အကြောပေါင်းတစ်ထောင်





စိမ့်တက်သွားခဲ့လေသည်။ တစ်ကိုယ်လုံးလည်း သွေးသစ်လောင်းကာ ပေါ့ပါးလန်းဆန်း သွားသည်ဟု ထင်မိလိုက်ရလေသည်။ ခွန်အားတွေလည်း ပြည့်ဖြိုး လာခဲ့လေ၏။

အတော်ညဉ့်နက်ပိုင်းသို့ ရောက်လာသောအခါကျ တော့မှ မိမိ၏အလုပ်ကို ရပ်လိုက်သည်။ အိပ်ယာဝင်လေသည်။ ခေါင်းအုံးပေါ် ခေါင်းချလိုက်သည်နှင့် အိပ်ပျော်သွားသလိုရှိ ခဲ့ရာမှ အကြောင်းတစ်ခုခုကြောင့် လန့်နိုးသွားခဲ့ရလေသည်။

မိမိ၏ကုတင်ဘေးမှာ လူတစ်ယောက်က မတ်တပ် ရပ်နေလျှက်ရှိသည်။ ထိုလူကြီးသည် မျက်နှာကလေးထောင့် စပ်စပ်နှင့် ခက်ထန်ကြမ်းတမ်းသော အသွင်ရှိသည်။ နှုတ်ခမ်း မွေးကလည်း အပေါ်ကိုထောင်တက်နေသည်။

မျက်လုံးတွေက အေးစက်မာကျောပြီး စူးလက်တောက်ပ နေလျက်၊ ထူထဲသောမျက်ခုံးမွေးနှစ်စသည် နှာယောင်တွင် ဆပ်လုနီးပါး ယင်းမျက်ခုံးပိုင်ရှင်မျိုးသည် ရက်စက်ကြမ်းကြုတ် တတ်သည်။ လူတစ်ယောက်ကို အမိန့်ပေးပြီး စေခိုင်းတတ်သူ။

အပေါ်ပိုင်းအင်္ကျီဗလာကျင်းထားကာ ခါးတောင်းကို မြှောင်အောင်ကျိုက်ထားသည်။ ရင်ဘတ်နှင့် ကျောပြင်မှာ အင်းကွက်ကြီးများ ဆေးမင်ကြောင်များကို အနီရောင်၊ အစိမ်း ရောင်များဖြင့် ရှုပ်ယှက်ခတ်အောင် ထိုးထားသည်။

ပေါင်မှာလည်း ထိုနည်းတူစွာပင် ဆေးမင်ကြောင်များ ကအပြည့်ပင် ထိုလူကြီး၏လက်ထဲတွင် ကျောက်တင်းဘုတ်ကြီး ကိုကိုင်ထားသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဟော့ကောင်. . နန္ဒမင်းကိုချမ်းသာအောင် မစခဲ့တာ ကငါကွ မင်းမမေ့နဲ့ ဒါကြောင့်ဒီသစ်ပင်ကို မင်းကောင်းကောင်း စောင့်ရှောက်ရမယ်၊ ပိုပြီးရှင်သန်အောင် အားထုတ်ရမယ်၊ အေး မင်းငါပြောတဲ့ အတိုင်းမလုပ်ဘူးဆိုရင်တော့ အသက်နဲ့ကိုယ်အိုး စားကွဲသွားမယ်၊ ဟောဒီမှာတွေ့လား ဒါဘာလဲ"

လူကြီးကလက်ထဲမှာကိုင်ထားသည့် တင်းဘုတ်ကြီးကို မြှောက်ပြလိုက်သည်။ ဦးနန္ဒသည် ထိုလူကြီးကို ကြည့်ပြီးတော့ တုန်လှုပ်ခံစားမိလေသည်။

"မင်းကဒီအပင်ကို ဖျက်ဆီးပစ်ဖို့ ကြိုးစားသေးတယ်၊ ဟုတ်လား အေးမင်းမီးရှို့ပြီး ဖျက်ဆီးဖို့ကြံစည်လည်း မရဘူး၊ မီးကိုကြိုက်တဲ့ အပင်ကွ၊ မီးကြောင့် အပင်တွေပိုပြီးတော့ ပွားတတ်တယ်၊ မင်းလုပ်ချင်သမဆိုရင်လည်း စမ်းကြည့်လိုက်လေ. . ဒီလိုအပင်မျိုးတွေ အများကြီးပွားလာရင် သတ္တဝါတွေ အားလုံးဘာတွေဖြစ်ကုန်ကြတာလဲ"

"မီးနဲ့ရှို့လို့မှ မသေရင်လည်း ဓါးနဲ့ခုတ်ပြီး ဖျက်ဆီးပစ် မှာပေါ့ဗျာ. ."

"ဘာကွ. . ဓါးနဲ့ခုတ်ပြီးတော့ ဖျက်ဆီးပစ်မယ်၊ ဟုတ်လားမင်းအဲ့ဒီလိုလုပ်ရင် အပင်ကထွက်လာတဲ့အစေး တွေဟာမျိုးပွားပြီး နောက်ထပ်အပင်တွေ အများကြီးဖြစ်လာမှာ ပေါ့ကွ၊ မင်းသတ္တိရှိရင် စမ်းကြည့်လိုက်လေ. . .

ဒီမှာနန္ဒ စိတ်ကူးမလွဲပါနဲ့ကွာ ဒီအပင်ကိုသူကြိုက်တဲ့ အစာသာမင်းကြွေးပေးပါ။ ဘယ်လိုအစာမျိုးကို ကြိုက်တယ် ဆိုတာလည်း မင်းသိထားပါတယ်ကွာ"





ဟုအတင်းအဓမ္မတိုက်တွန်းပြီးသောအခါ ထိုလူကြီး သည်ကျေနပ်အားရသော မျက်နှာထားကြီးဖြင့် ဦးနန္ဒကိုကြည့် ရင်းက ပျောက်ကွယ်သွားခဲ့လေ၏။

ဦးနန္ဒ၏မျက်လုံးများသည် ကြောင်စီစီဖြစ်ကာ ကျန်ရစ် ခဲ့လေ၏။ ထိုလူကြီးသည် မိမိကိုမကြာခဏ လာပြီးတော့နှောင့် ယှက်လျက်ရှိသည်။ သတိပေးလျက်ရှိသည်။ ဤအပင်ကို ယူဆောင်လာစေရန်လည်း အဓမ္မနည်းဖြင့် တိုက်တွန်းခဲ့သည် ပဲမဟုတ်ပါလား၊ မိမိ၏ကိုယ်ပေါ်မှာ တောက်တဲ့တစ်ကောင် ပမာ ကပ်စေးနှဲသီးပမာ တစ်ချိန်လုံးတွယ်ကပ်လျက်ရှိနေခဲ့ သောဤလူကြီးကို မည်သို့မောင်းထုတ်ရမည်မှန်း မသိပေ။ မိမိ၏အသိအာရုံကိုစိုးမိုးလျက်ရှိသော မကောင်းဆိုးရွားကောင်ကြီး ပင်တကား။

◻ ◻ ◻

ရွာထဲမှကြက်၊ ဘဲများတို့ခြံကြီးထဲသို့ဝင်သွားခဲ့ကြပြီး သည့်နောက်၊ ပြန်ထွက်မလာခဲ့ကြတော့ပေ။ ပျောက်ဆုံးသွားခဲ့ ကြသည်။ ခြံနောက်ဖက်တွင်ရှာစောင်းလက်ပက်ပင်များကသာ ကြီးစိုးလျက်ရှိနေသည်။

ယင်းအပင်များအောက်တွင် ခွေးငယ်တစ်ကောင် ကြက်၊ ဘဲတစ်ကောင်တွားသွား၍ ဝင်နိုင်သော အပေါက်များ သုံးလေးနေရာခန့်ရှိလေသည်။ ထိုသတ္တဝါများသည် ယင်းနေရာ မှတစ်ဆင့်ခြံထဲကိုဝင်သွားခဲ့ကြလေသည်။ ခြံထဲမှာအစာရှာဖွေ



www.burmeseclassic.com

www.burmeseclassic.com



စားသောက်ရင်း လျှောက်သွားနေကြသည်။

သို့သော်. . .

ယင်းသတ္တဝါများသည် မည်သည့်အခါမှ ခြံပြင်သို့ ပြန်မထွက်လာကြတော့ပါ။ ကနဦးမှာတော့ လူတွေက အမှုမဲ့အမှတ်မဲ့ပင်ရှိနေကြသည်။ နောက်တော့ ကြက်၊ ဘဲ၊ ခွေးငယ်များကမှ အစထိုခြံကြီးထဲသို့ ဝင်သွားတတ်ကြသည်ကို သတိထားမိလာကြလေသည်။ တစ်နေကုန်စောင့်ကြည့်ကြသော်လည်း ပြန်ထွက်မလာကြဘူး၊ အကြောင်းတစ်ခုခုတော့ ရှိနေပြီ ထူးတော့ထူးဆန်းတယ်"

လူတွေက ဦးနန္ဒခြံကြီးကို စိတ်ဝင်စားလာခဲ့ကြလေပြီ။ ခြံထဲသို့ ဝင်သွားကြသော ထိုတိရစ္ဆာန်များကို ဦးနန္ဒသည် ဘာလုပ်ပစ်လိုက်သလဲ သတ်စားပစ်လိုက်သည်လား။

"ဒီလူကြီးရဲ့ဥပဓိရုပ်က ဒီလိုအမှုအကျင့်မျိုးရှိမှာ မဟုတ်ဘူးကွယ့်၊ ပြီးတော့ငါတို့ကသာ သူ့ကိုဦးတပ်ပြီးတော့ ခေါ်နေကြတာ တစ်ကယ်တော့သူကခပ်ငယ်ငယ်ပဲ ရှိသေးတာ၊ ခန့်ခန့်ထည်ထည်နဲ့ လူရိုသေ၊ ရှင်ရိုသေရုပ်မျိုး"

"သူ့ကြောင့်ရွာထဲက အကောင်ငယ်တွေ ပျောက်သွားတာမျိုးမဟုတ်ဘူးဆိုရင် ဘယ်ပရောဂကြောင့် ဖြစ်နိုင်မလဲ ဒီခြံကြီးထဲမှာ ဘာကောင်ရှိနေလို့ ခြံထဲကိုဝင်သွားကြတဲ့ အကောင်တွေကို စားပစ်လိုက်တာမျိုးလား. ."

တစ်ယောက်တစ်မျိုးနှင့်တွေးထင်ကာ ပြောချင်ရာကို ပြောလာကြလေသည်။ ကြာသော်. . . ယင်းခြံကြီးကို တဖြည်းဖြည်းနှင့် ကြောက်ရွံ့လာခဲ့ကြလေသည်။ အနားကိုပင် မကပ်ရဲ





ကြအောင်ရှိလာခဲ့ကြသည်။

တစ်ရက်တွင်. . .

ရွာထဲမှ. . သုံးနှစ်သားအရွယ်ရှိ ကလေးတစ်ယောက် ပျောက်ဆုံးသွားခဲ့သည်။ ရေတွင်းထဲပဲ လိမ့်ကျသလား၊ တစ်ယောက်ယောက်ကပဲ ဖမ်းခေါ်သွားလေသလား၊ အမျိုးမျိုးတွေးပြီး နေရာအနှံ့လိုက်ရှာကြသည်။ ကလေးကိုမည်သည့်နေရာမှာမှ ရှာမတွေ့ကြတော့၊ သတင်းလည်းမရကြ။

ကလေးသည် လမ်းလျှောက်တတ်အရွယ် တစ်ယောက်တည်းလျှောက်သွားပြီး ကမ်းစပ်အထိရောက်သွားကာ ရေထဲပဲ လိမ့်ကျသွားလေသလားဟု နောက်ဆုံးမှတ်ချက်ချမိလိုက်ကြကာလက်လျှော့လိုက်ကြလေသည်။

❑ ❑ ❑

ရွာသူရွာသားများသည် ဦးနန္ဒရော၊ အိမ်ကြီးကိုပါ သက်ာမကင်း ဖြစ်လာခဲ့ကြလေပြီ။ နောက်ထပ်ကလေးနှစ်ယောက်လည်း တစ်လခြားဆိုသလို ပျောက်ဆုံးသွားခဲ့ကြသောကြောင့်ပင်။

"ငါတို့ရွာကို ဒီလူကြီးရောက်လာတဲ့ အချိန်ကစပြီး ဒီလိုပြဿနာမျိုးတွေ ဖြစ်လာခဲ့ကြ၇တာ သူ့ဥပတိရုပ်ဘယ်လောက်ပဲကောင်းကောင်းအတွင်းစိတ်က ဘယ်လိုရှိတယ်ဆိုတာ မသိနိုင်ဘူးကွ. ."

"ဟုတ်တယ် သူတော်ကောင်းမှတ်ပေမယ့် မသူတော်



www.burmeseclassic.com

www.burmeseclassic.com



လည်းဖြစ်နိုင်တာပဲ. ."

မသက်ာစိတ်တွေက ဦးနန္ဒအပေါ်မှာ ပိုပြီးတော့ကြီးထွားလာခဲ့ကြလေပြီ။

တစ်ခါတစ်ရံတွင်. . .

ညဘက်လိုအချိန်မျိုး၌ ခြံကြီးထဲမှ အနံ့အသက်တစ်မျိုးပါသော အခိုးအငွေ့များက ထွက်လာတတ်ကြသည်။ ယင်းအငွေ့များကြောင့် ကောင်းကင်မှာပျံသန်းနေကြသော ငှက်များ၊ သစ်ပင်ထက်မှာ အိပ်တန်းတက်နေကြသောငှက်များ၊ လင်းနို့များမှာမြေပြင်ထက်ကို တဖုတ်ဖုတ်နှင့် ပြုတ်ကျကုန်ကြသည်။

ယင်းအချိန်တွင် လမ်းသွားလမ်းလာများက မရှိသောကြောင့် ထိုအဖြစ်အပျက်ကို မသိလိုက်ကြပေ၊ ပြုတ်ကျလာကြသောငှက်များသည် ဦးနန္ဒ၏ခြံထဲသို့ ဖြစ်ကြလေ၏။ ထူးဆန်းသည်က မနက်ကျလျှင် ခြံထဲရှိ ငှက်သေများသည် တစ်ကောင်မှမရှိကြတော့ပေ။

တစ်ညတွင်. . . .

ထိုလူကြီးသည် ဦးနန္ဒ၏ အိပ်မက်ထဲသို့ ရောက်လာခဲ့ပြန်လေ၏။

"ဟေ့ကောင်နန္ဒ မင်းဒီမှာဆက်မနေနဲ့တော့၊ တစ်နေရာကိုမြန်မြန်ထွက်သွားပေတော့. . ."

ဟုသတိပေးလိုက်ပြီးနောက် ပျောက်ကွယ်သွားခဲ့လေ၏။

❑ ❑ ❑





တစ်နံနက်ခင်း. . .

ရပ်ရွာလူကြီးများနှင့် တကွ. . ရွာသူရွာသားများ၊ ကာလသားများသည် တုတ်၊ ဓါးများကို ကိုင်ဆောင်ကာ ဦးနန္ဒ၏ခြံရှေ့ကို ရောက်လာခဲ့ကြလေ၏။

"ဗျို့ဦးနန္ဒ. . ဦးနန္ဒခြံတံခါးဖွင့်ပေးပါ"

သုံးလေးခွန်းမျှ အော်ခေါ်ပြီးကြသောအခါ အသံမကြားကြ၍ ခြံတံခါးကိုဖျက်ပြီး အထဲသို့ဝင်ကြသည်။ အိမ်တံခါးကိုလည်း သော့ခတ်ထားလျက်သားတွေ့လိုက်ကြရသည်။ ထို့ကြောင့်ခြံထဲတွင် လှည့်ပတ်ပြီးတော့ ရှာကြသည်။ တစ်နေရာတွင်တွင်းကြီးတစ်တွင်းကို မမျှော်လင့်ပဲ တွေ့လိုက်ကြရသည်။

(သစ်ပင်တစ်ပင်ကို ဆွဲနှုတ်သွားသည့် အခြေအနေရှိသည်)

တွင်းထဲတွင် အရိုးစုတချို့ကိုတွေ့ကြရသည်၊ ကြွက်၊ ကြောင် ကြက်၊ ဘဲ၊ ခွေး အရိုးစုများ။

ထို့အပြင်. . .

ကလေးငယ်အချို့၏ အရိုးစုများကိုပါတွေ့လိုက်ကြ၍ ပိုပြီးတော့ ထိတ်လန့်ချောက်ချားမိသွားကြလေသည်။

❑ ❑ ❑



www.burmeseclassic.com

www.burmeseclassic.com

## (၂၂)

## ဇက်ပါအ်မိကြီး ဆဲကို ခရောက်သွားသူ ကဗ္ဗိယနန္ဒ

အချိန်က. . .

ညနေနေဝင်ရီတရာကာလ. . .။

စေတီတော်ကြီး၏ ပရဝဏ်အတွင်းမှာ တိတ်ဆိတ်ငြိမ်သက်လျက်ရှိသည်။ အိပ်တန်းတက်ရန် သစ်ပင်များပေါ်မှာ နားနေကြသော ကျေးငှက်သံများသည်သာ တစ်ချက်တစ်ချက်မှာ ထွက်ပေါ်လာနေကြသည်။

စေတီတော်ဆီသို့ အဝင်လမ်းမုခ်ဝမှာ ခြင်္သေ့ကြီးနှစ်ကောင် အတူယှဉ်ကာ လမ်းမဘက်သို့ မျက်နှာပေးပြီးတော့ ဆောင့်ကြောင့်ထိုင်နေကြသည်။

နေ့အလင်းရောင်က ပျောက်ဆုံးတော့မည်ဖြစ်သည်။ နေလုံးနီနီရဲရဲကြီးက တောင်စွယ်တွင် တစ်ဝက်တစ်ပြက် မေးတင်လျက်ရှိသည်။





လူတစ်ယောက်သည် စေတီတော်၏ရှေ့မှောက်မှာ ပုတီးစိတ်လျက်ရှိသည်။ ထို့နောက် တရားဆက်ထိုင်ပြန်လေသည်။

ထိုစဉ်. . .

လူတစ်ယောက်သည် စေတီတော်ကို လက်ယာရစ်ပတ်ကာလျှောက်လာရင်း တရားမှတ်နေသောသူ၏အနီးသို့ ရောက်လာခဲ့လေသည်။ တရားမှတ်နေသောသူသည် သူ၏အလုပ်ပြီးဆုံးသွား၍ နေရာမှထရပ်လိုက်သည်။

ထိုအခါ. . .

လျှောက်လာသောသူနှင့် မျက်နှာချင်းဆိုင်မိသွားခဲ့ရလေသည်။ နှစ်ယောက်စလုံးပြုံးမိလိုက်ကြသည်။

"ဒါနဲ့မိတ်ဆွေကို ဒီမှာမကြာခဏတွေ့ရတယ်၊ အရင်က မတွေ့မိပါဘူး. . ဒီနယ်သားမဟုတ်ဘူးထင်တယ်"

"ဟုတ်ပါတယ် ကျွန်တော်ဒီနယ်ကမဟုတ်ပါဘူး၊ ခရီးလှည့်ရင်း ရောက်လာခဲ့တာပါ"

ထိုသူသည် တည်ကြည်ခန့်ညားလှသော သျှောင်တစ်စောင်းနှင့် လူ၏ဥပမိရုပ်ကိုကြည့်ပြီး စိတ်ထဲမှာ အလိုလိုပင် လေးစားသွားခဲ့ရလေသည်။

သျှောင်တစ်စောင်းနှင့်လူကား အခြားသူမဟုတ် ဦးနန္ဒပင်ဖြစ်သည်။

"နာမည်က. . . ဘယ်လိုခေါ်သလဲ"

"ကိုနန္ဒပါ"

ထိုသူသည် နာမည်ကိုကြားလိုက်ရသည်နှင့် အံ့အား



www.burmeseclassic.com

www.burmeseclassic.com



သင့်သွားခဲ့ရလေသည်။

"တိုက်ဆိုင်လိုက်တာဗျာ. . ကျွန်တော်နာမည်ကလည်း နန္ဒပဲ. ."

နာမည်တူနေ၍ နှစ်ယောက်စလုံးအံ့အားသင့်သွားခဲ့ကြလေသည်။

(ဦးနန္ဒနှစ်ယောက်ဖြစ်နေ၍ ခွဲခြားပြီး သိနိုင်စေရန် ကပ္ပိယနန္ဒနှင့် နန္ဒဟူ၍ ဖော်ပြသွားပါမည်။)

နန္ဒနှစ်ယောက်တို့သည် အချိန်အနည်းငယ်အတွင်းမှာပင် ခင်မင်ရင်းနှီးသွားခဲ့ရသည်။ ဤစေတီတော်နေရာတွင် မကြာခဏဆုံတွေ့လာကြသည်။ ကပ္ပိယနန္ဒသည် အင်္ဂလိပ်သမားဟုသိလာသောအခါတွင် နန္ဒသည် ပိုပြီးတော့ စိတ်ဝင်စားလာခဲ့လေသည်။ အင်္ဂလိပ်နှင့် ပတ်သက်ပြီး ကပ္ပိယနန္ဒက အတွေ့အကြုံများကို ရှင်းပြသည်။

"ကျွန်တော်လည်း ကိုနန္ဒလိုပဲ အင်္ဂလိပ်အလုပ်ကို စိတ်ဝင်စားတဲ့သူပါဗျာ. . ဒါပေမယ့်ခင်ဗျားလောက် အတွေ့အကြုံမများပါဘူး. . ."

ကပ္ပိယနန္ဒသည် ကျောက်ဖားရွာကလေးတွင် နေခဲ့စဉ်က တွေ့ကြုံခဲ့သော အဖြစ်အပျက်များကို ပြောပြလိုက်သည်။

(သစ်ပင်နှင့်ပတ်သက်သော အပိုင်းကိုတော့ ချန်လှပ်ခဲ့လေသည်။)

ကြေးဗူးထဲက ခါတ်ပြာအကြောင်းကို ပိုပြီးတော့ စိတ်ဝင်စားလာမိသည်ဖြစ်ရကာ. . .

"ကျုပ် အဲ့ဒီခါတ်ပြာကို ကြည့်ချင်တယ်ဗျာ"





"ဟာ ရပါတယ်၊ ကိုနန္ဒရာ၊ ကြည့်ရရုံတင်မဟုတ်ဘူး ည်းစမ်းကြည့်လို့လည်းရပါတယ်ဗျ. . . ကျွန်တော်က ခါတ်ပြာ တဲ့ကြေးဗူးကို ဒီနေရာအထိယူလာပြီး မပြချင်ဘူးဗျ"

ကပ္ပိယနန္ဒ၏စကားကြောင့် ကိုနန္ဒမှာ တစ်ချက်တော့ ငွေသွားခဲ့ရလေသည်။

"ဒီမှာကိုနန္ဒ ကျွန်တော်ကခင်ဗျားကို ယုံကြည်လို့ ပြောပြထားချင်တာက. ."

"ပြောမယ်သာပြောပါဗျာ ကျွန်တော့်အပေါ်မှာ ကြည်လို့ ပြောလာခဲ့တဲ့ လျှို့ဝှက်ချက်ကို မပေါက်ကြားစေရ ဘူး သစ္စာစောင့်သိရမယ်ဆိုတာ သိပြီးသားပါ"

"ခင်ဗျားကိုမယုံလို့မဟုတ်ပါဘူးဗျာ ကိုယ်ကလည်း တိကြီးကြီးထားရတာကို ဒီလိုဗျ၊ ကျွန်တော်က ဒီနေရာနဲ့ းနည်းလှမ်းတဲ့ အိမ်ကြီးတစ်အိမ်မှာနေတာ အဲ့ဒီအိမ်ကြီးမှာ က်ဆုံးနေခဲ့တဲ့ ကုလားသူဌေးတစ်ယောက်က လျှို့ဝှက်ပြီး ရောင်းချခဲ့တာဗျ. ."

ဦးနန္ဒသည် သူနေသည့်အိမ်ကြီးနှင့် ပတ်သက်သည့် ယနန္ဒကို အကျဉ်းရုံးကာ ပြောပြလိုက်လေသည်။

"ခါတိုင်းဆိုရင် ဒီအိမ်ကြီးဟာ အိမ်ထဲမှာလူရှိနေတာ င် ခြောက်လှန့်မှုမျိုးစုံနဲ့ အကဲစမ်းနေတာဗျ အင်္ဂလိပ်ခေတ် ်မိကတည်းက ရှိနေခဲ့တဲ့ အိမ်ကြီးဆိုတော့ ဂျပန်ခေတ်ကို ်လွှားပြီးခဲ့တဲ့တိုင် လူအမျိုးမျိုးရဲ့ လက်ထဲကိုရောက်ဖူး ပြီကိုး ဒီအိမ်ကြီးထဲမှာ အကြောင်းအမျိုးမျိုးနဲ့ သေဆုံးခဲ့ကြ တွေလည်းရှိကြမှာပေါ့လေ. . ကျွန်တော်လည်း အမှုအတန်း



www.burmeseclassic.com

www.burmeseclassic.com



ပေးဝေနေတာပါပဲဗျာ. . ကျွန်တော်ခံစားမိရတာကတော့ ဒီအိမ်ကြီးထဲမှာ ကျွန်တော်တစ်ယောက်တည်းနေပေမ တစ်ယောက်တည်းမဟုတ်ပဲ တခြားသူတွေရှိနေသလိုလိုပဲ. .

"ကျွန်တော်က ဒါမျိုးတွေကို မကြောက်တတ်ပါဘူးဗျာ

"ကြိုက်ပြီဗျို့ ဒီလိုဆိုရင်လည်း ကျွန်တော်က ကိုနန္ဒ ဖိတ်ခေါ်ပါတယ်ဗျာ အင်္ဂလိပ်ရတ်နဲ့ ပတ်သက်ပြီးတော့လည် နည်းလမ်းလေးပြပေးပါဦး"

ဤသို့ဖြင့်. . .

ကပ္ပိယနန္ဒသည် ဦးနန္ဒ၏ရဲတိုက်ကြီးနှင့်တူသေ အိမ်ကြီးဆီကို အလည်ရောက်လာခဲ့ရလေတော့သည် အိမ်ပိုင်ရှင်ဦးနန္ဒသည် လွန်စွာမှလျို့ဝှက်စွာ နေထိုင်သူ သည်။ ဤအိမ်ကြီးကို သူပိုင်ဆိုင်သည့် အကြောင်းမည်သူ မသိကြပေ။ သူ့ကိုလည်းမြင်လည်း မမြင်ဖူးကြပေ။

ထို့အပြင်. . .

ခေတ်အဆက်ဆက်ကတည်းက နာမည်ကြီးခဲ့သေ ဤအိမ်ကြီးကို အလိုလိုပင်ကြောက်လန့်နေကြပြီး အနားကို သိပ်မကပ်ကြသောကြောင့် မည်သူကမှ စိတ်မဝင်စား တော့ပေ။

ကပ္ပိယနန္ဒသည် ဤအိမ်ကြီးထဲကို ရောက်လာကာ အကျဉ်းထောင်ကြီးတစ်ခုထဲကို ရောက်သွားသလို စိတ်ထဲ အလိုလိုပင် ကျဉ်းကြပ်သွားခဲ့ရလေသည်။ တကယ်တော့ ဦး ကိုယ်တိုင်က အဖော်မရှိ တစ်ယောက်တည်းနေသည် ထူးခြားမှုတစ်ခုပင် မဟုတ်ပါလား။





"ကပ္ပိယနန္ဒသည် မိမိနှင့် ဝါသနာတူဦးနန္ဒကို အင်္ဂလိပ်ရတ် ညာနှင့်ပတ်သက်၍ နားလည်သမျှ သင်ကြားပေးသည်။ လည်း ဦးနန္ဒနှင့်အတူ အင်္ဂလိပ်ရတ်ထိုးလေသည်။ သည်လိုနှင့် ကပ္ပိယနန္ဒသည် ဤအိမ်ကြီးမှာ အနေများလာခဲ့သည်။ ကျယ်ဝန်းသောခြံကျယ်ကြီးကို ကြည့်ပြီးတော့ မျက်စိကျလာ သည်။

"ဒီခြံကြီးဟာ ငါ့အတွက်အသုံးဝင်တယ်၊ အိမ်ကြီးထဲမှာ လည်းလူမသိသူမသိနေရတယ်၊ ဒါဟာလွတ်လပ်မှုပဲ"

ကပ္ပိယနန္ဒသည် ဤအိမ်ကြီးနှင့်ခြံကြီးကို သဘောကျ နေသည့်အကြောင်း တစ်ဖက်လူအား အရိပ်အမြွက်မှပင် မသိ စေခဲ့ပေ။ ဦးနန္ဒအား ပေစာ၊ ပုရပိုဒ်စာများကို ပေးဖတ်ခြင်း၊ အင်္ဂလိပ်ရတ်ထိုးရာတွင် စိတ်ရောကိုယ်ပါနှစ်၍ ကူညီပေးခြင်း သည်တို့ဖြင့် ယုံကြည်မှုကို တစ်နေ့ထက်တစ်နေ့ပိုပြီးတော့ ယုံကြည်စိတ်ချလာခဲ့လေသည်။ လူရင်းပမာရှိလာသောအခါ. .

"ဒီအိမ်ကြီးထဲမှာ စိတ်ဝင်စားစရာတွေ အများကြီးရှိ ကယ်ကိုနန္ဒ ခင်ဗျားကိုနှံ့အောင် လိုက်ပြီးပြဦးမယ်"

ဦးနန္ဒသည် ကပ္ပိယနန္ဒကို မြေတိုက်ခန်းထဲသို့ ခေါ်ဆောင်သွားခဲ့သည်။ ကပ္ပိယနန္ဒသည် ဤအိမ်ကြီးထဲမှာ မြေတိုက်ခန်းကြီးရှိကြောင်းကို ယခုမှပင် သိရလေတော့သည်။ လှကားထစ်ပေါင်းများစွာကို ဆင်းသွားပြီးမှ မြေတိုက်ခန်းထဲကို ရောက်သွားလေသည်။

(ထိုအချိန်က ဦးနန္ဒသည် မြေတိုက်ခန်းထဲမှာ အမှောင် မထား လိုအပ်လျှင် လျှပ်စစ်မီးကို အသုံးပြုလေသည်။)



www.burmeseclassic.com

www.burmeseclassic.com



မြေတိုက်ခန်းထဲကို ရောက်သွားသောအခါတွင် လွ
မှတိတ်ဆိတ်သွားသည်။ ပြင်ပလောကနှင့် လုံးဝအဆက်ပြ
သွားသလို ခံစားလိုက်ရသည်။

ထို့အပြင်. . .

မိမိနှင့်ဦးနန္ဒတို့ နှစ်ဦးတည်းသာရှိနေသည်ဟု မထ
သက်ရှိလူသား အချို့လည်းရှိသည်ဟု ခံစားမိလိုက်ရလေသ
ကပ္ပိယနန္ဒသည် ဤအိမ်ကြီးထဲကို ရောက်လာစဉ် ဦးန
နှစ်ယောက်အတူရှိနေစဉ်မှာပင် ထူးခြားမှုများက ဖြစ်ပေါ်
လျှက်ရှိသည်။

မိမိတို့စကားပြောနေစဉ်မှာ တစ်ယောက်ယော
အနားမှာရှိသလိုလို မလှမ်းမကမ်းမှ ဖြတ်လျှောက်သွ
အဝတ်အစားများလှုတ်ခတ်သံများကိုပင် ကြားမိသလိုလို တ
တစ်ရံမှာ မိမိနားမှာကပ်ပြီး ပြင်းပျသောအသက်ရှူသံ
ထွက်ပေါ်လာခဲ့သည်ဟုပင် ထင်မိရသည်။ ထိုအခါကြောက်
များလည်း မသိမသာပင် ဝင်လာမိလေသည်။

“ငါတရားနဲ့နေနေတာပဲဘာကိုမှ ကြောက်စရာမလို
အိမ်ကကြီးပြီး လူကလည်းနည်းတော့ စဉ်းစားရင် အ
ချောက်ချားလာတာပဲ ဖြစ်ရမယ်၊ ငါ့စိတ်က ထင်တာပဲနေမှ

ထိုသို့ဖြစ်တိုင်း တတ်သမျှ ရသမျှဂါထာ၊ မန္တာန်တွေ
ရွတ်ဖတ်မိသည်။ ဦးနန္ဒကတော့ ဘာမှမခံစားရသလို
တစ်ယောက်တည်းနေနေစဉ်ကာလမှာ မိမိခံစားမိသလို
ခံစားမိ ပါရဲ့လား၊ မကြောက်တတ်လို့လား. . .

“ဒီမြေတိုက်ကြီးကို အင်္ဂလိပ်ခေတ်၊ ဂျပန်ခေ





ပဒေသ ရာဇာခေတ်တွေမှာ ထင်သလိုအသုံးပြုသွားခဲ့ကြတာဗျ
တောပုန်း
ဓါးပြတွေတောင် ခိုအောင်းသွားကြတယ်လို့ သိရတယ်၊ လူတချို့
လည်းညှင်းပန်းနှိပ်စက် ခံကြရပြီးမှ သေဆုံးသွားကြတယ်တဲ့”

လေထီးစစ်သားတစ်ဦးလည်း ဂျပန်နှိပ်စက်ခံရပြီး
သေဆုံးသွားခဲ့ဖူးတယ်တဲ့၊ ဒီလူကလည်း တစ်ခါတစ်ခါမှာ
ရိပ်ကနဲ၊ ရိပ်ကနဲဆို ပေါ်ပေါက်လာပြီးမှ ပျောက်ပျောက်သွား
တတ်သဗျ. . .

ဦးနန္ဒက သူပြောချင်သည်များကို ခပ်တည်တည်နှင့်
ပြောနေသည်။ သူကိုယ်သူ တစ္ဆေမကြောက်သူဟု တစ်ဖက်သား
အထင်သေး အထင်ရှိသွားစေရန် တမင်ပဲပြောနေသလားမသိ။

“ဪ. . ကိုနန္ဒကို ပြောရဦးမယ်၊ အင်္ဂလိပ်မလေး
တစ်ယောက်လည်း အိမ်နဲ့ခြံထဲကူးချီသန်းချီ တပ်ခန်းဝင်တစ်ခန်း
ထွက်သွားလာနေတာမျိုး ရှိသေးတယ် ဒါပေမယ့် လူကိုတော့
အနှောင့်အယှက်မပေးတတ်ပါဘူးဗျာ. . .

အံမာတစ်ခါတစ်ရံ မျက်နှာချင်းဆိုင်မိတာတောင် သူက
ပြုံးပြလိုက်သေး၊ နောက်တော့ရှောင်ကွင်းပြီးတော့
ထွက်သွားတာ ပါပဲဗျာ. .”

ကပ္ပိယနန္ဒသည် ဦးနန္ဒ၏စကားကြောင့် ရယ်ချင်မိ
သွားသည်။ လိုတာထက်ကိုပိုပြီးတော့ ပြောနေသည်ဟု ထင်မိ
သောကြောင့်ပင်. . .

ကျယ်ဝန်းလှသော မြေတိုက်ခန်းကြီးထဲမှာ
မမျှော်လင့်ပဲ ထွက်ပေါ်လာသော အသံများကို



www.burmeseclassic.com

www.burmeseclassic.com



ကြားလိုက်ရလေ၏။

"ဝေါင်း. . ဝေါင်း. . ဝေါင်း. ."

"ဝုတ်. . ဝုတ်. . ဝုတ်. ."

"ဘယ်လိုလည်းကိုနန္ဒ ကျားဟိန်းသံ၊ ခွေးဟောင်သံတွေ ပါလား အပြင်ကလာတဲ့ အသံတွေလား. ."

ကပ္ပိယနန္ဒက အံ့အားသင့်ကာ မေးမိလိုက်ရာ. . .

"ခင်ဗျားမကြာခင်မှာ တွေ့ရမှာပါ"

ဦးနန္ဒက အဖြေမပေး၊ ပဟေဠိလုပ်နေသည်။ ရှေ့ဆက်ပြီးတော့လျှောက်သွားခဲ့ရာ. . .

"ဟာ"

ကျားကြီးတစ်ကောင်ကို မမျှော်လင့်ပဲ တွေ့လိုက်ရလေသည်။ ကပ္ပိယနန္ဒသည် ရှေ့ကိုဆက်၍ မလျှောက်တော့ပဲ ရပ်နေမိလိုက်သည်။ ကျားကြီးကပါးစပ်ကြီးကို ဖြဲကာမာန်ဖီပြီးတော့ကြည့်နေ၏။ မျက်လုံးတွေက နီရဲနေကာ သူ့ကိုစူးစိုက်ပြီးတော့ကြည့်နေသည်။

"မကြောက်ပါနဲ့ဗျ. . ဒါအရုပ်ကြီးပါ၊ ခင်ဗျားကိုဘာမှ မလုပ်နိုင်ပါဘူး"

"ဟုတ်ရဲ့လားဗျာ. . ကြည့်ရတာ အသက်ဝင်နေသလိုပဲ"

ဦးနန္ဒက ဟက်ဟက်ပက်ပက် ရယ်လိုက်ပြီး. . .

"ရုပ်လုံးသွင်းထားတဲ့ ကျားတစ်ကောင်ပါဗျာ မယုံရင်လာကိုင်ကြည့်ပါလား"

ဦးနန္ဒက ကျားခေါင်းကိုလက်နှင့် ပွတ်သပ်ပြသည်။





ကပ္ပိယနန္ဒကလည်း မရဲတရဲဖြင့် ကိုင်တွယ်ကြည့်သည်။

"ဟင်"

လက်ကိုချက်ချင်းပင်ပြန်ပြီးတော့ ရုပ်မိလိုက်လေသည်။ အသွေးအသားများဖြင့် ဖွဲ့စည်းထားသော ကျားတစ်ကောင်ကဲ့သို့ ပင်ပူနွေးလျက်ရှိသေကြောင့်ပင်။

"ရုပ်လုံးသွင်းထားတဲ့ ကျားဆိုတာ တကယ်လားဗျာ တကယ့်အသက်ရှိနေတဲ့ ကျားတစ်ကောင်ကို ကိုင်မိရသလိုပါပဲဗျာ"

"ဥတုသုံးပါးစလုံးခံအောင် ပညာရှင်က စီမံထားတာနဲ့ တူပါရဲ့ဗျာ ကျွန်တော်လည်း ပထမဦးဆုံး ဒီကျားကိုကိုင်တွယ်မိတာခင်ဗျားလိုပဲ ခံစားမိခဲ့တာပါပဲကိုနန္ဒ ဘယ်သူ့လက်ရာလည်းတော့မသိဘူး ကျွန်တော်ဒီမြေတိုက်ခန်းထဲကို ရောက်တော့ ဒီအတိုင်းပဲတွေ့လိုက်ရတာပဲ"

"ကျားဟိန်းသံကကောဗျာ"

"ကျားဟိန်းသံဟုတ်လား. . ဟာမဟုတ်တာ၊ ခင်ဗျားရဲ့ စိတ်အထင်ဖြစ်မှာပါဗျာ"

ဦးနန္ဒသည် ကပ္ပိယနန္ဒကို ခပ်တည်တည်နှင့်ကြည့်ပြီးတော့ ပြောလိုက်လေ၏။ ထို့ကြောင့် စိတ်ထဲမှာဇဝေဇဝါ ဖြစ်သွားခဲ့ရလေ၏။ နားကြားတော့ မလွဲနိုင်၊ ကျားဟိန်းသံမှ ကျားဟိန်းသံအစစ်။

ထို့နောက်. . .

လွန်စွာမှကြီးမားသော ခွေးနက်ကြီးတစ်ကောင်ကိုလည်း မမျှော်လင့်ပဲ တွေ့လိုက်ရပြန်လေသည်။ စောစောကထွက်ပေါ်



www.burmeseclassic.com

www.burmeseclassic.com



လာသောခွေးဟောင်သံကြီးကို ပြန်ပြီးတော့ အမှတ်ရမိသွားသည်။ ခွေးနက်ကြီးကိုလည်း မရဲတရဲနှင့်ကိုင်ကြည့်မိလိုက်ရာ အသွေးအသားအစစ်နှင့် ကိုယ်ထည်ကိုကိုင်မိလိုက်သလိုပင် နွေးထွေးလျက်ရှိသည်ကို ခံစားသိရှိမိလိုက်ရလေ၏။ ခွေးဟောင်သံသည်ဤရုပ်လုံးသွင်း ခွေးရုပ်ထံမှ ထွက်လာသည်ဟု ဆိုပါလျှင် မိမိသာလျှင် ဂယောင်ချောက်ချားစိတ်ဖြင့် ပြောနေသည်ဟု အထင်ခံရပေဦးမည်။ ထို့ကြောင့် ဝေဖန်မှုမပေးတော့ပါ။

သို့ရှိခိုက်. . . .

ခွေးနက်ကြီးကို စိတ်ဝင်တစားနှင့် ရှိနေဆဲမှာပင် ကပ္ပိယနန္ဒသည် မိမိ၏အနားမှာ ဦးနန္ဒမရှိတော့သည်ကို သတိထားမိသွား၏။

"ဟင်. . ဘယ်ရောက်သွားပါလိမ့်"

ဘေးဘီကိုပတ်ချာလှည့်ပြီးတော့ ကြည့်သော်လည်း ဦးနန္ဒ၏အရိပ်အယောင်ကိုသော်မှ မတွေ့ရတော့ပေ။

"ဦးနန္ဒ. . ဦးနန္ဒ"

တကြော်ကြော်ဖြင့် အော်ခေါ်ပြီး လိုက်ရှာသည်။ မြေတိုက်ခန်းထဲမှ အခန်းတွေများစွာ ဖွဲ့စည်းထားသည်ကို တွေ့လိုက်ရသည်။ အခန်းတစ်ခန်း၏တံခါးက ခပ်ဟဟလေး ပွင့်နေသည်။ ကပ္ပိယနန္ဒသည် ထိုအခန်းကိုသက်မကင်း ဖြစ်သွားခဲ့ရလေ၏။ လက်ဖြင့် တွန်းဖွင့်လိုက်သောအခါ. . .

"ကျွီ. ."

တံခါးပတ္တာက အသံပေးပြီး တဖြည်းဖြည်းနှင့်ပွင့်သွားခဲ့လေသည်။ အခန်းထဲမှာ ညကြည့်မီးလုံး နီကျင်ကျင်လေးက





လက်ခုပ်တစ်မောင့်အမြင့်မှာ လင်းလက်လျက်ရှိနေလေ၏။ ကပ္ပိယနန္ဒသည် အခန်းထဲကို သတိထားပြီးတော့ ဝင်သွား၏။

"အင်း. . ဟင်း. . ဟင်း. ."

ညည်းညူသံတစ်ခုကို ကြားလိုက်ရသည်။ ကျောထဲစိမ့်ကနဲဆို ဖြစ်သွားသည်။

"အင်း. . ဟင်း. . ဟင်း. ."

ညည်းညူသံက ထပ်မံပြီးတော့ ထွက်ပေါ်လာခဲ့ပြန်သည်။ အသံထွက်ပေါ်လာရာဆီကို လှမ်းကြည့်လိုက်ရာ. .

"ဟင်. ."

ခေါင်းတလားကြီးတစ်ခုကို ရှေးဟောင်းစားပွဲကြီးတစ်လုံးပေါ်မှာ မထင်မှတ်ပဲတွေ့လိုက်ရသည်။

မသဒ္ဒီစရာခေါင်းတလားကြီးက မည်သည့်အကြောင်းကြောင့် ဤနေရာကို ရောက်နေရပါလိမ့်. . အသုံးမပြုရသေးသောခေါင်းတလားအသစ်ကြီးပင် ဖြစ်ပါသည်။

ကပ္ပိယနန္ဒသည် ရင်တထိတ်ထိတ်နှင့် ခေါင်းတလားကြီး၏အနားကို တိုးကပ်သွားသည်။ ကြောက်စိတ်၊ သိချင်စိတ်၊ စပ်စုလိုစိတ်များကရောထွေးလျက်ရှိနေသည်။ အနားသို့ရောက်သောအခါခေါင်းတလားထဲသို့ ငုံ့ကြည့်မိလိုက်သည်နှင့်. . .

"ဟင်. . ဦးနန္ဒ"

ခေါင်းထဲမှာ စန့်စန့်ကြီးလဲလျောင်းနေသော ဦးနန္ဒကို မမျှော်လင့်ပဲ တွေ့လိုက်ရသည်။ မလှုပ်မယှက် ငြိမ်သက်နေ၍ စိုးထိတ်သွားခဲ့ရလေ၏။ ဦးနန္ဒတကယ်သေဆုံးသွားခဲ့ပြီလား မပြောတတ် ကပ္ပိယနန္ဒ၏လက်ကား ဦးနန္ဒ၏အခြေအနေကိုသိရှိ



www.burmeseclassic.com

www.burmeseclassic.com



မျက်နှာပေါ်သို့ ဝေ့ဝဲသွားသည်နှင့်. . .

ခေါင်းထဲရှိဦးနန္ဒ၏ လက်တစ်ဖက်က ကပ္ပိယနန္ဒ၏ လက်ကိုဖျတ်ကနဲဆို လှမ်းဆွဲထားလိုက်ပါတော့သည်။

"အား"

အလန့်တကြားဖြင့် အော်လိုက်မိသည်။ အေးစက်သော လက်ကြီးဖြင့် ဆုပ်ကိုင်ထားခြင်းခံရ၍ ကြောက်ပြီးတော့ရုန်းမိသည်။ လွတ်ထွက်မသွားပါ၊ ထိုစဉ်ခေါင်းတလားကြီးထဲမှ ဦးနန္ဒ အလောင်းကောင်ကြီးသည် ရုတ်တရက်ကုန်း၍ ထလာခဲ့ပြီး. .

"ဟား. . ဟား. . ဟား. . ဟား. . သိပ်ကြောက်သွားသလားဦးနန္ဒ ကျွန်တော်က တမင်သက်သက် အခေါင်းထဲကို ဝင်နေတာပါဗျ ဘာလည်းခင်ဗျားက ကျွန်တော်သေနေတယ်လို့ ထင်နေသလား"

"ဟာဗျာ ခင်ဗျားကလည်း ကြံကြံဖန်ဖန်ဗျာ ဒီအခေါင်းထဲကိုမှဝင်ပြီး ကျွန်တော့်ကို ခြောက်လှန့်ရတယ်လို့"

ကပ္ပိယနန္ဒသည် ကြောက်စိတ်ပြေသွားကာ အရှက်ပြေပြောလိုက်သည်။ ဦးနန္ဒကခေါင်းတလားထဲမှထွက်လာသည်။

"ကျွန်တော်ကဒီခေါင်းတလားကြီးထဲကို အမြဲဝင်အိပ်နေကျဗျ. . မသေမီအဲ့သလို ဝင်ဝင်ပြီးအိပ်ရင် လူကျန်းမာတယ်၊ အသက်ရှည်တယ်လို့ တရုတ်ရှေးဟောင်းယောဂကျမ်းကြီးတွေထဲမှာ ဆိုထားတယ်ဗျာ. . ကျွန်တော်ကတော့ အကျင့်ဖြစ်နေပါပြီဗျာ"

အခန်းထဲမှ ထွက်လာခဲ့ကြသည်။ စိတ်သက်သာရာမရခဲ့။ ထိုစဉ်ကြောင်နက်ကြီးတစ်ကောင်သည် ဦးနန္ဒ၏အနားကို





ရောက်လာပြီး ခြေထောက်ကိုသူ၏ကိုယ်မွေးများဖြင့် ပွတ်သတ်ကာနေသည်။

"ဒါကျွန်တော်မွေးထားဟဲ့ ကြောင်ကြီးဗျ၊ ဘိပ်ပြီး လိမ္မာတာ"

ထွားကြိုင်းသောကြောင်နက်ကြီးကား သူတို့၏နောက်မှာ တစ်ကောက်ကောက်ဖြင့် လိုက်ပါလာခဲ့လေသည်။

❑ ❑ ❑



www.burmeseclassic.com

www.burmeseclassic.com

(၂၃)

## အသက်ဝင်လှုပ်ရှားနေသော သတ္တဝါနှစ်ကောင်

ခြံကျယ်ကြီးထဲတွင် လေကြမ်းကြမ်းတိုက်ခတ်နေ၍ သစ်ပင်ကြီးများက ယိမ်းထိုးလှုပ်ရှားလျက်ရှိနေလေသည်။

ထိုအပင်များကြားတွင် လေးပေသာသာအမြင့်ရှိသော အပင်တစ်ပင်၊ အချို့သော အရွက်ပြားကြီးများက ရှည်လျားလှ ပြီး ပင်စည်ကို အထပ်ထပ်ပင် ရစ်ပတ်လျက်ရှိသည်။

ထို့ကြောင့်. . .

ယင်းအပင်သည် တုတ်ခိုင်သောပင်စည်ကြီးတစ်ခု သဖွယ်ရှိနေသည်။ ထွက်လက်စအရွက်နုလေးတွေက တစ်ထွာ သာသာပင်မရှိသေး. . အကိုင်းမရှိသော အပင်ကြီးသည် ရှား စောင်းလက်ပက်ပင်နှင့် ခပ်ဆင်ဆင်တူနေလေသည်။ အရွက်ပြား ရှည်ကြီးတွေက ပင်စည်ကိုရစ်ပတ်ထား၍ ပင်လုံးထီးတည့်ပြီး ထောင်မတ်နေသလိုပင်. . .





"ကိုနန္ဒခင်ဗျားရဲ့အပင်က ဘာပင်လည်းဗျာ ကြည့်ရတာ တစ်မျိုးကြီးပဲ ဒီအပင်မျိုးကို ကျွန်တော်တစ်ခါမှ မမြင်ဖူးဘူး"

"ကျွန်တော်လည်း တခြားအပင်တွေနဲ့မတူလို့ စိုက်ထား တာပါဗျာ"

ကပ္ပိယနန္ဒက ထိုအပင်၏အကြောင်းကို မသိစေလို၍ သာမာန်လောက်ပဲ ပြောပြလိုက်သည်။ ဦးနန္ဒက ကပ္ပိယနန္ဒကို သူနှင့်အဖော်ရရန် အတူနေစေခဲ့သည့် နေ့မှာပင် ဤအပင်ကြီး ကိုတစ်ပါတည်းပင် ယူဆောင်လာခဲ့လေသည်။

ထိုအပင်ကို မြေကြီးထဲမှာစိုက်ပြီးသည့် အချိန်မှာပင် လေပြင်းများကကျလာခဲ့သည်။ တိုက်ဆိုင်မှုများလားမသိ ဦးနန္ဒ သည်ပင်အံ့အားသင့်သွားခဲ့ရလေသည်။

"ဒီကနေ့မှာမှ လေပြင်းကကျလိုက်တာဗျာ. . လာဗျာ ကိုနန္ဒအထဲကိုဝင်ကြရအောင်"

ကိုနန္ဒသည်စိတ်ထဲမှ အလိုလိုနေရင်း မသိုးမသန့်ဖြစ် သွားဟန်တူသည်။ ကပ္ပိယနန္ဒကို ခေါ်ပြီးတော့ အိမ်ထဲကို ဝင်သွားကြလေသည်။

များမကြာမီရက်များမှာပင် ထူးခြားမှုများက ဖြစ်ပေါ် လာခဲ့လေ၏။ ခြံကျယ်ကြီးထဲမှာ သွားလာကျက်စားလျက်ရှိကြ ကုန်သော ရှဉ့်များ၊ ကြွက်များသည် ခါတိုင်းလောက်မရှိကြ တော့ပေ။

ညဘက်ကိုရောက်လာသောအခါ. . .

ထိုအပင်မှ မီးစုန်းရောင်များက ထွက်လာသည်။ ရွက်ပြားများသည် လှုတ်ရှားလာကာ ပင်စည်ကိုရစ်ပတ်ထားရာ



www.burmeseclassic.com

www.burmeseclassic.com



ကပြေလျော့လာကြသည်။

ပင်စည်မှအပ်ပေါက်ရာတမျှမရှိသော အပေါက်လေးများထဲမှ များပြားသော အခိုးအငွေ့များ ထွက်လာပြန်သည်။ လေထဲမှာ ပျံ့လွင့်သွားသော အခိုးအငွေ့များသည် ကြွပါးသွားသည်ဖြစ်၍ မမြင်နိုင်ပေ။ သစ်ပင်များထက်မှာ အိပ်တန်းတက်နေကြသော ငှက်များ၊ ရှဉ့်များ၊ လင်းနို့များသည် ထိုအငွေ့ကြောင့်မြေပြင်ပေါ်ကို တဖြုတ်ဖြုတ်နှင့် ပြုတ်ကျကုန်ကြလေသည်။

အပင်နှင့်အနီးနားမှာ ဖြတ်သွားဖြတ်လာလုပ်ကြသော ကြွက်၊ ပုတ်သင်ညို၊ ယုန်လေးများသည်ပင် မူးမေ့သွားကုန်ကြပြီး ငြိမ်သက်သွားခဲ့ကြလေသည်။

တခဏအကြာတွင် ယင်းအပင်မှရစ်ပတ်နေကြသော နွယ်ရှင်ကဲ့သို့သော အရွက်ပြားများသည် တဖြည်းဖြည်းနှင့် ပြေလျော့ပြီးတော့ ထွက်လာခဲ့ကြသည်။ စန့်ထွက်လာကာ နွယ်ရှင်များကဲ့သို့ တယမ်းယမ်းနှင့် ရှိလာခဲ့ကြသည်။ အသက်ဝင်နေသော ရွက်ပြားကြီးများသည် မူးမေ့နေကြသော သတ္တဝါလေးများကို တစ်ကောင်ပြီးတစ်ကောင် ရစ်ပတ်ယူဆောင် သွားခဲ့ကြသည်။ ပင်ခြေမှာ ပင်စည်အပေါက်ကြီးတစ်ခုက ပွင့်ထွက်လာသည်။ ရွက်ပြားလိပ်မှာ ရစ်ပတ်ပြီးပါလာသော အကောင်ငယ်များကို ယင်းအပေါက်ကြီးထဲသို့ တစ်ကောင်ပြီးတစ်ကောင် ထိုးသွင်းနေလေ၏။

အတန်ကြာသော်. . . အပင်ကြီး၏အနီးတစ်ဝိုက်မှာ မည်သည့်သက်ရှိသတ္တဝါမှ မရှိကြတော့ပေ။





ယခုတစ်လောတွင် ဦးနန္ဒသည် စိတ်ဂဏှာမငြိမ်ပဲ အိမ်ကြီးထဲမှာပဲ အောင်းနေလျက်ရှိသည်။ ဦးနန္ဒ၏ မတည်ငြိမ်သောမျက်လုံးများကို ကပ္ပိယနန္ဒက အကဲခတ်နေလျက်. . .

"ကိုနန္ဒ အခုတစ်လောမှာ ခင်ဗျားကိုကြည့်ရတာ တစ်မျိုးပဲဗျာမျက်နှာလည်းမကောင်းဘူး၊ သက်ပြင်းလည်းတချချနဲ့ဘာကြောင့်များလည်းဗျာ"

"အေးဗျာ ကျွန်တော့်ကိုကျွန်တော်လည်း ဘယ်လိုဖြစ်နေတယ်ဆိုတာတောင် မပြောတတ်ဘူး အိပ်မက်တွေလည်း မကြာခဏမက်တယ်"

"အိပ်မက်ဟုတ်လား. . ဘယ်လိုအိပ်မက်မျိုးလည်း ကိုနန္ဒ ကျွန်တော်သိခွင့်ရမလား. ."

"ဟာသိခွင့်ရှိပါတယ်ဗျာ ကျွန်တော်ကလည်း ပြောပြချင်နေတာပါ ဒီလိုဗျာ အိပ်မက်ထဲမှာ မျက်နှာလေးထော့င့်စပ်စပ်နဲ့လူကြီးတစ်ယောက်က ခင်ဗျားယူလာတဲ့အပင်ထဲက ထွက်လာတယ်. . .

ပြီးတော့ ကျွန်တော့်ကိုလက်ညှိုးငေါက်ငေါက်ထိုးပြီး. . မင်းရဲ့မကောင်းမှုတွေကို ဒီမှာလာဖုံးကွယ်ထားလို့ ရမလား အမှန်တရားဆိုတာ တစ်နေ့ပေါ်မှာပဲတဲ့လို့. . ပြောတယ် ဒါနဲ့ကျွန်တော်ကကျွန်တော်ဘာမကောင်းမှုတွေ လုပ်မိခဲ့လို့လည်းဗျာလို့အိပ်မက်ထဲမှာပဲ မေးကြည့်မိလိုက်တော့ အံမယ်သူက ဘာပြန်ပြောသလည်းသိလား. . . .

မင်းဘာတွေလုပ်ခဲ့လဲဆိုတာ ကိုယ့်ကိုယ်ကိုပြန်ပြီးတော့မေးကြည့်ပေါ့တဲ့ ကိုယ့်အကြောင်းကိုယ်သိမှာပေါ့တဲ့



www.burmeseclassic.com

www.burmeseclassic.com



အေးအသက်ကို အသက်ချင်းပဲပေးဆပ်ရမယ်၊ မင်းသေဖို့ပြ ထားတဲ့ ဒီလိုအိပ်မက်မျိုးကို သုံးရက်ခြားတစ်ခါမက်တယ် သုံးကြိမ်ရှိပြီ ဒီမကောင်းဆိုးရွားရုပ်ကြီးနဲ့ လူဟာဒီလိုလေသံမျိ နဲ့ပဲပြောပြောနေတာပဲ. . .

ကြာတော့ကျွန်တော်လည်း အိပ်ရမှာတော်ကြောက် လာတယ်ဗျာ. ."

"ဟာဗျာ ကိုနန္ဒကလည်း အိပ်မက်ပဲဗျာအကြောင်းမထ စမ်းပါနဲ့ ဒီလိုပဲမက်ချင်ရာကို မက်တတ်ကြတာပဲ ဒီလိုပါပဲလေ အိပ်မက်တစ်ခုကို ထပ်တလဲလဲနဲ့ မက်တက်ကြတာမျိုး ရှိတတ် ကြပါတယ်၊ ဒါကလည်းမှတ်ဉာဏ်ထဲကို စွဲစွဲမြဲမြဲဖြစ်အော ရောက်သွားတဲ့ ဖြစ်ရပ်တစ်ခုက ထပ်တလဲလဲနဲ့ ပြန်ပြီးပေ ပေါ်လာတတ်တာမျိုးပါ. . . လူတိုင်းလိုလို ကြုံတွေ့ရတတ် ပါတယ်၊ ဒါနဲ့ခင်ဗျားရဲ့ အိပ်မက်ထဲကလူရဲ့ ပုံပန်းသဏ္ဌာန်ကို ပြောပြစမ်းပါဦး. ."

"အင်း. . အကျႌဝတ်မထားဘူး လုံချည်ကိုခါးတောင် ကျိုက်ထားတယ်၊ တစ်ကိုယ်လုံးထိုးကွင်းဆေးမင်ကြောင်တွေ လက်ထဲမှာလည်း တင်းဘုတ်ကြီးတစ်ခုကို ကိုင်ထားသေးဗျ ကျွန်တော်ကကြောက်တတ်တဲ့သူတော့ မဟုတ်ဘူးဗျ. . . ဒါပေမယ့် အိပ်မက်ကြောင့်အနှောင့်အယှက်က တယ်ပြီးဖြစ် သကိုးဗျ. . ."

ကပ္ပိယနန္ဒသည် ဦးနန္ဒပြောပြသောအိပ်မက်ထဲက လူကြီး၏ပုံပန်းသဏ္ဌာန်ကြောင့် မျက်ခုံးနှစ်ဖက်မှာ မြင့်တက် သွားခဲ့ရလေ၏။





"အင်း. . ဇာတ်လမ်းကတော့စပြီထင်တယ်၊ ငါဒီအပင် ကြီးကိုယူလာပြီး ခြံထဲမှာ စိုက်မိခဲ့တာမှားပြီ. ."

ကပ္ပိယနန္ဒ၏အတွေးသည် ဦးနန္ဒထဲမှ ထွက်ပေါ်လာခဲ့ သောစကားကြောင့် ရပ်တံ့သွားခဲ့ရသည်။

"ဒီမှာဦးနန္ဒ ကျွန်တော်ဟာခင်ဗျားနဲ့ ရင်းနှီးခင်မင်ခဲ့တာ လအတန်ကြာခဲ့ပြီနော် ဒါကိုခင်ဗျားသိပါတယ်နော်"

"ဟ. . ဒါတွေကိုပြောစရာမလိုပါဘူးဗျာ ခင်ဗျားကို လည်းကျွန်တော်က ခင်ပါတယ်ဗျာ"

"ဟုတ်ပါတယ် ဒါကိုလည်းကျွန်တော်က သိပြီးသားပါ လေ. . နို့ပေမယ့် ခင်ဗျားကသာကိုယ့်အကြောင်းကို မချွင်းမချန် ပြောပြခဲ့တာကလား ကျွန်တော့်အကြောင်းကို ဘာမှမပြောပြ ခဲ့ဘူးဗျ. . ."

"ဘာပြောစရာလိုလည်းဗျ. . ခင်ဗျားအကြောင်းကို သိရလည်း ကောင်းကောင်းဆိုးဆိုး ကျွန်တော်တို့ရဲ့ ဆက်ဆံ ရေးကပြောင်းလဲသွားမှာ မဟုတ်တာဗျာ"

"မဟုတ်သေးဘူးကိုနန္ဒ ကျွန်တော့်မှာ နောက်ကြောင်း မအေးစရာတွေရှိခဲ့တယ်၊ ကိုယ့်ကိုယ်ကို လှည့်စားပြီးဖုံးကွယ် ထားခဲ့တာ. . အမေ့ခံထားခဲ့တာ ဒါပေမယ့် မရပါဘူးဗျာ. .

ဒီကြားထဲမှာအိပ်မက်က မကောင်းဆိုးရွားကောင်ကြီးက ကျွန်တော့်အကြောင်းကို ဘယ်လိုသိနေသလည်း မသိဘူး အတတ်သိနေပြီး ဖော်ထုတ်လိုက်တော့ ပိုပြီးအခံရခက်သွား တာပေါ့ဗျာ. . ကျွန်တော်လည်းရင်ဖွင့်ရမယ့်သူဟာ ခင်ဗျား တစ်ယောက်တည်းပဲ ရှိနေတာကိုး. ."



www.burmeseclassic.com

www.burmeseclassic.com



"ကဲပါလေ. . ပြောချင်သပဆိုလည်း ပြောပေါ့ဗျာ၊ ကျွန်တော်ကနှုတ်လုံတဲ့သူပါ၊ အထူးသဖြင့် ခင်ဗျားလို မိတ်ကောင်းဆွေကောင်း တစ်ယောက်အပေါ်မှာ ပိုပြီးတော့ စည်းစောင့်စရာ မလိုပါဘူး ကိုယ်တတ်နိုင်တဲ့ အကူအညီတော့ ပေးရဦးမှာ. ."

"ဒီလိုဗျ. . ကျွန်တော်က ခင်ဗျားထင်သလို လူကောင်း တစ်ယောက်မဟုတ်ဘူးကိုနန္ဒ၊ ပင်လယ်တစ်ကြောမှာ ခိုးဆိုး တိုက်ခိုက်နေတဲ့ ပင်လယ်ဓါးပြခေါင်းဆောင်တစ်ယောက်ပဲ. .

ပစ္စည်းယူ လူသတ်မှုနဲ့ မကောင်းမှုမျိုးစုံကျူးလွန်ပြီး နေလာခဲ့တာ နောက်တော့ဒီအလုပ်ဟာ တစ်နေ့ကျရင် ကိုယ့်ကို ပြန်ပြီးတော့ ဒုက္ခပေးမှာပဲဆိုတာ စဉ်းစားမိလာခဲ့တယ်၊ အရှည် တော့မပြောချင်တော့ပါဘူးဗျာ. . .

နောင်တလည်းရလာတာနဲ့ နောက်ဆုံးမှာတော့ ဒီအလုပ်ကို စွန့်လွှတ်လိုက်တယ်၊ တစ်နေရာပြီးတစ်နေရာ ပြောင်းပြီးတော့ နေနေခဲ့တာ ကြာခဲ့ပြီလေ. . ."

ဦးနန္ဒသည် မိမိအကြောင်းကိုပြောပြီး ငြိမ်သက်သွား ခဲ့သည်။ ယခုလိုပြောပြမိလိုက်လျှင် နောင်တများစွာ ရသွားမိ သလားမပြောတတ်ပေ။ ကပ္ပိယနန္ဒကလည်း အလိုက်သိစွာပင် ဤကိစ္စနှင့်ပတ်သတ်၍ စကားမစပ်တော့ပေ။

ထိုစဉ်. . .

ကြောင်နက်ကြီးတစ်ကောင်သည် ဦးနန္ဒ၏အနားကို ရောက်လာပြီး ကိုယ်ပေါ်ကိုခုန်တက်လိုက်လေသည်။ ရင်ခွင်ထဲ ကိုတိုးဝှေ့ပြီး ဝင်လာသောကြောင်နက်ကြီးကို ဦးနန္ဒက အမွှေး





သပ်ကာယုယလျက်ရှိသည်။

"ဒါကျွန်တော်နဲ့အတူပါလာတဲ့ကောင်ကြီးဗျ. . သင်္ဘော တစ်စီးကို တိုက်ရင်းကျုပ်ရဲ့လက်ချက်နဲ့ သေဆုံးသွားခဲ့တဲ့ ခရီး သည်တစ်ယောက်ဆီကရခဲ့တာ၊ ဟိုတုန်းကတော့ မွေးကင်းစ ကောင်လေးပေါ့ဗျာ. . ခုတော့ခင်ဗျားမြင်တဲ့အတိုင်းပဲ သာမာန် ကြောင်တစ်ကောင်ရဲ့ လေးဆသောက်ကိုရှိနေပြီ. . .

အံ့မယ်ဒီကောင်ကြီးက ကျုပ်လိုပဲဗျ မကောင်းဆိုးရွား တွေကိုမကြောက်တတ်ဘူး. . ခင်လည်းခင်တတ်တယ်"

ဦးနန္ဒမှာ စောစောကမျက်နှာအမူအရာမျိုး မဟုတ်ဘဲ ရွှင်ရွှင်ပျပျဖြစ်လာခဲ့သည်။

"ဩ"

ထိုစဉ်. . .

ကြောင်နက်ကြီးသည် ကပ္ပိယနန္ဒဘက်ကို ခေါင်းလှည့် လာပြီး မာန်ဖီလိုက်လေ၏။ သူသည်ကပ္ပိယနန္ဒကို သဘော တွေ့ဟန်မတူပေ။

"ခင်ဗျားမှာ တခြားဆွေမျိုးသားချင်းတွေကော မရှိဘူး လားကိုနန္ဒ"

ကပ္ပိယနန္ဒက စကားပြောင်းပြီးတော့ မေးလိုက်လေ၏။

"အင်းနှမတစ်ယောက်တော့ရှိခဲ့တယ်ဗျ. . ခုတော့ သူသေသွားခဲ့ပြီလို့ သတင်းရတယ်၊ သမီးမိန်းကလေးတစ်ယောက် ကျန်ရစ်ခဲ့တယ်တဲ့ ကျွန်တော့်တူမပေါ့ဗျာ. . ဆွေမျိုးတွေက ချို့ချို့တဲ့တဲ့နဲ့ ကျောင်းထားပေးထားတယ်လို့ သိရတယ်၊ သူ့ကို ခေါ်ထားရင်ကောင်းမလားလို့ပါ. . ဒါပေမယ့်တစ်ယောက်နဲ့



www.burmeseclassic.com

www.burmeseclassic.com



တစ်ယောက် မမြင်ဖူးကြဘူးဗျ”

ကြောင်နက်ကြီးသည် မကြာမီမှာပင် ဦးနန္ဒ၏ ကိုယ်ပေါ်မှဆင်းသွားခဲ့လေ၏။

“ဒီမဟာ့ရာကြီးက ခင်ဗျားကိုမနာလိုဖြစ်နေတာ ကိုနန္ဒ ခင်ဗျားရောက်မလာတုန်းက သူကကျွန်တော်နဲ့ သံယောဇဉ် မရှိဆုံးပဲမဟုတ်လား ကျွန်တော့်ဆီက ခင်မင်မှုတစ်ဝက်ကို ခင်ဗျားက လုယူသွားတယ်လို့ ထင်နေသလား မပြောတတ်ပါ ဘူးဗျာ. . ဟဲ. . ဟဲ. . ”

တစ်ဦးမေတ္တာတစ်ဦးမှာ ဆိုသလိုပင် ကပ္ပိယနန္ဒက လည်း မဟာ့ရာကြောင်နက်ကြီးကို သိပ်ပြီးတော့ သဘောမတွေ့ လှပေ။

“ဒါနဲ့ဗျာ. . ကျွန်တော့်ကို ခါတ်ပြာလေးတစ်တို့လောက် ပေးစားပါဦး”

“ဟာဟုတ်ပါရဲ့ ကျွန်တော်တို့ခါတ်ပြာကို စားခဲ့တာ တစ်လပြည့်ပြီပဲ”

ကပ္ပိယနန္ဒက ဦးနန္ဒကို ကြေးဗူးလေးလှမ်းပြီးတော့ ပေးလိုက်လေသည်။ ဦးနန္ဒကခါတ်ပြာတစ်တို့ကို ယူပြီးတော့ စားသည်။ ထို့နောက်. . သောက်ရေတစ်ခွက်ကို သောက်သည်။ ကပ္ပိယနန္ဒကလည်း ထို့အတူပင် ခါတ်ပြာတစ်တို့တို့ကာ စားသည်။

ဦးနန္ဒသည် နောက်ပိုင်းမှာတော့ အိပ်မက်အကြောင်း ကိုသိပ်မပြောတော့ပေ။ သို့သော်အိပ်မက်သည် သူ့ထံကို မကြာခဏရောက်လာသေးဟန်ရှိသည်။ အမှုအရာ မကြာခဏ





ပြောင်းလည်းနေသော သူ၏မျက်နှာကို ကြည့်ခြင်းဖြင့် သိနိုင်သည်။

တစ်ညတွင်. . . .

ကပ္ပိယနန္ဒအတွက် အံ့အားသင့်စရာ၊ ထိတ်လန့်စရာ တစ်ခုလိုမမျှော်လင့်ပဲ တွေ့လိုက်ရသည်။ ယင်းကား ထိုညက ဦးနန္ဒအိပ်ပြီအထင်နှင့် ရှိနေခဲ့သည်။ ကပ္ပိယနန္ဒက အိပ်မပျော် ၍ အပြင်သို့ထွက်လာခဲ့ရာ. . .

မှောင်ထဲမှာ လှုပ်လှုပ်ရှားရှားသဏ္ဍာန်များကို တွေ့လိုက်ရ၍ ိုင်တစ်လုံးမှာ ကွယ်ပြီးတော့ ကြည့်မိလိုက် သည်။ ယင်းကား. . နန္ဒသည် သတ္တဝါနှစ်ကောင်၏ အနားမှာရှိနေသည်။ စကားပြော နေသလိုပင် ထိုလှုပ်ရှားနေသော သတ္တဝါများကား ကျားရုပ်ကြီးနှင့် ွေးရုပ်ကြီးတို့ပင်တည်း။

❑ ❑ ❑



www.burmeseclassic.com

www.burmeseclassic.com

(၂၆)

## သေတွင်းဆီရောက်သွားသော ကပ္ပိယနန္ဒ

ဦးနန္ဒသည် ခြံအပြင်ကို တစ်ခါတစ်ရံမှာ ထွက်တတ်သည်။ ယင်းအချိန်ကို စောင့်နေသော ကပ္ပိယနန္ဒသည် တစ်နေ့မှာဦးနန္ဒမရှိခိုက် အိပ်ခန်းထဲရှိ အိပ်ယာအောက်မှာ မှတ်တမ်းမှတ်ရာများကို ရှာဖွေမိသည်။

ထိုအခါ. . .

မှတ်စုစာအုပ်လေးတစ်အုပ်ကို မမျှော်လင့်ပဲ တွေ့လိုက်ရလေသည်။ လှန်လျှောပြီး ဖတ်ကြည့်သည်။ သူကျင်လည်ခဲ့သောဘဝကို အသေးစိတ်ရေးသားထားသည်။ နောက်တစ်ချက်ကလက်ဝါးသာသာခန့်ရှိသော ပေစာရွက်လေးတစ်ခုပင်၊ ကပ္ပိယနန္ဒက ကောင်းစွာဖတ်ကာ အဓိပ္ပါယ်ကို သိနိုင်ခဲ့သည်။

ယင်းအဓိပ္ပါယ်ကား. . .

လူ၊ တိရိစ္ဆာန်အစရှိသော သက်ရှိသတ္တဝါများကို





ကာလတာရှည်စွာ အိပ်မောကျစေသောဂါထာ၊ သို့မဟုတ် နောက်တစ်နည်း အဓိပ္ပါယ်ဖွင့်ဆိုရလျှင် သတိလစ်မိန်းမောစေသော မန္တာန်ပင်တည်း။

"ဟင်. . ဒါဆိုရင်"

ကပ္ပိယနန္ဒသည် အံ့သြတုန်လှုပ်သွားခဲ့ရသည်။ မြေတိုက်ခန်းထဲရှိ ကျားကြီးနှင့်ခွေးနက်ကြီးနှစ်ကောင်ကို ပြေး၍ မြင်ယောင်မိလိုက်သောကြောင့်ပင်တည်း။

"ဘုရား. . ဘုရား. . ဒီသတ္တဝါနှစ်ကောင်ဟာ အစာသွင်းရုပ်ထုတွေ မဟုတ်ပဲ၊ တစ်ကယ့်သက်ရှိသတ္တဝါတွေများ ဖြစ်နေမလား"

ကပ္ပိယနန္ဒသည် ပေစာထဲမှ မန္တာန်ကို မိမိ၏မှတ်စုစာအုပ်ထဲတွင် လျှင်မြန်စွာရေးမှတ်လိုက်လေတော့သည်။

ထိုစဉ်. . .

မဟူရာကြောင်နက်ကြီးသည် အခန်းထဲကို အမှတ်မထင် ရောက်လာခဲ့လေတော့သည်။ ကပ္ပိယနန္ဒကို မြင်လိုက်သောအခါ. . .

"ခွီး. ."

ဒေါသတကြီးဖြင့် မာန်ဖီလိုက်လေ၏။ ပါးစပ်ကြီးကို အစွယ်တဖွေးဖွေးထသည်အထိ ဖြဲထားသည်။ ဝမ်းခေါင်းသံကြီးပေးကာ တဟဲဟဲဖြင့် မာန်ဖီနေလျက်ရှိနေလေသည်။

"တယ်လေ. . ဒီကောင်ကြီးငါ့ကိုမြင်ရင် ဒီလိုပဲ သင်းနဲ့ငါ ဘယ်ဘဝကရေစက်လည်း မသိဘူး"

ကပ္ပိယနန္ဒက လက်နှိပ်ဓါတ်မီးနှင့် ကောက်ပြီး



www.burmeseclassic.com

www.burmeseclassic.com



ရှုယ်လိုက်တော့မှ ကြောင်နက်ကြီးလည်းနေရာမှ ထွက်ပြေး သွားခဲ့ လေတော့၏။

□ □ □





ကြံဆောင်နိုင်ပြီဖြစ်၍ တစ်ကိုယ်လုံးကြက်သီးမွေးညှင်းများထကာ ပီတိဖြစ်၍မဆုံးတော့ပေ။

"ဒီကျားကြီးနဲ့ခွေးနက်ကြီးဟာ ဦးနန္ဒမွေးထားတဲ့ ကောင်ကြီးတွေပဲ သူ့ရဲ့ 'အသက်သွင်း၊ နှုတ်ခြင်း၊ ဇီဝမန္တာန်ကို အသုံးချချင်လို့ ဒီအကောင်ကြီးတွေကို လက်တွေ့အသုံး ချခဲ့တာပဲ"

ကပ္ပိယနန္ဒသည်ထိုနေရာမှ ကျေနပ်စွာဖြင့် ပြန်ပြီးတော့ ထွက်သွားခဲ့လေသည်။ နာရီဝက်ခန့်အကြာတွင် ယင်းနေရာကို ဦးနန္ဒက ရောက်လာခဲ့လေသည်။ မီးအိမ်လုတ်များကို ဖွင့်လိုက်သည်။

မီးရောင်အောက်မှာ ကျားကြီးကို ငြိမ်သက်စွာ တွေ့နေရသည်။ သို့သော်. . . နဂိုကရှေ့တည့်တည့်ကို ကြည့်နေသော မျက်နှာသည် ညာဘက်ကိုလှည့်နေသည်။ လည်တိုင်က စောင်းနေလေသည်။ နဂိုက ကြမ်းပြင်ပေါ်ကို စန့်စန့်ကြီးကျနေသော အမြီးသည် အဖျားမှာ ကောက်နေလျက်ရှိနေသည်ကို တွေ့ လိုက်ရလေသည်။

တို့နောက်. . .

ခွေးနက်ကြီးဆီကိုလည်း လျှောက်သွားပြန်သည်။ ထိုနည်းလည်းကောင်းပင်. . ခွေးနက်ကြီးလည်းခေါင်း၊ လည်တိုင်၊ ခြေလက်အနေအထားများကစပြီး ပြောင်းလည်း လျက်ရှိနေသည်ကို တွေ့လိုက်ရလေ၏။

"ဒီကောင်ကြီးတွေရဲ့ အမူအယာပြောင်းလည်းနေကြ ပါလား. . ဟုတ်ပြီ ဒါတစ်ယောက်ယောက်က စမ်းသပ်ထားတာ



www.burmeseclassic.com

www.burmeseclassic.com



ပဲဘယ်သူ့လက်ချက် ဖြစ်နိုင်မလည်းဆိုတော့ မေးဖို့မလိုပါဘူးလေ. . ."

ဦးနန္ဒသည် ခေါင်းတညိတ်ညိတ်နှင့် ရှိနေလေသည်။ အမှောင်ထဲမှာပင်လျှင် အေးစက်တင်းမာနေသော မျက်လုံးတွေသည် အရောင်တလက်လက်နှင့် ထွက်လာခဲ့ကြလေသည်။

❑ ❑ ❑

ကပ္ပိယနန္ဒသည် ပြူတင်းတံခါးနားမှာ ကပ်ပြီးတော့ ရပ်နေလေသည်။ တံခါးရွက်များသည် ကျွန်းသားများဖြစ်၍ အလုံပိတ်ထားကြသည်။ အပြင်ဘက်ကို လုံးဝမမြင်ရပေ။ နားနှင့် ကပ်ပြီးတော့နားထောင်လျှင် အပြင်ဘက်မှာ လေပြင်းကျနေသောအသံများကို ကြားနေရလေသည်။

ယင်းတစ်ဝေါဝေါတဟူးဟူးအသံများကြောင့် ရင်ထဲမှာ ထိတ်ကနဲဖြစ်သွားခဲ့ရလေသည်။

"အင်း. . အစာတောင်းနေပြီထင်တယ်"

သူတစ်ဦးတည်းသိနေသော အဓိပ္ပါယ်ဖြင့် စကားပြောလိုက်လေသည်။ နှုတ်မှလေသံတိုးတိုးက ထွက်သွားခဲ့လေ၏။

ထိုစဉ်. . .

သူ၏အနားသို့ လူတစ်ယောက်ရောက်လာခဲ့သည်။ အခြားသူမဟုတ်၊ ဦးနန္ဒပင်။

ကပ္ပိယနန္ဒက ဆတ်ကနဲဆိုလှည့်ကြည့်လိုက်လေရာ. .

"ကျွန်တော်ပါဗျ. . ခင်ဗျားကိုကြည့်ရတာ. . မျက်နှာ





ဖြူဖတ်ဖြူလျော်နဲ့ တစ်ခုခုကိုမြင်လိုက်ရလို့ လန့်နေသလိုပဲ ဒီအိမ်ကြီးထဲမှာ သွားလာနေကြတဲ့ တစ္ဆေတစ်ကောင်ကောင်ကိုများတွေ့လိုက်ရလို့လား. . .

ဒါပေမယ့် တစ္ဆေတွေဟာ တစ်ခါတစ်ရံမှာ သူ့နေရာမှာပဲ အေးအေးဆေးဆေးငြိမ်သက်နေတတ်တာပါ၊ သွားသွားလာလာမလုပ်တတ်ကြပါဘူး"

"မဟုတ်ပါဘူးဗျာ. . ခင်ဗျားပြောသလို ဒီအချိန်မှာ တစ္ဆေတွေဟာ အနားယူနေကြပြီ အိပ်ချင်အိပ်နေကြမှာပေါ့ ကျွန်တော်က အပြင်ဘက်မှာ လေတိုက်နေတာကို နားစွင့်နေမိတာပါဗျာ"

ဦးနန္ဒသည် ခေါင်းညိတ်လိုက်ပြီး. . .

"ဟုတ်တယ်၊ လေတိုက်နေတယ်၊ လေပြင်းကျနေတာဒါအကောင်းဆုံးအချိန်ပဲဗျာ. . . အင်းကျုပ်အတွက်ပေါ့ဗျာ"

ကပ္ပိယနန္ဒသည် ဦးနန္ဒ၏စကားအဆန်းကြောင့် မျက်ခုံးအစုံမြင့်တက်သွားခဲ့ရလေသည်။

"ဘယ်. . ဘယ်လိုအကောင်းဆုံးအချိန်ဟုတ်လား. . . ဘာကိုဆိုလိုတာလည်းဗျာ. ."

"ကောင်းပြီလေ. . ခင်ဗျားသိရမှာပေါ့. . ကျွန်တော်ကလည်းသိသွားစေချင်ပါတယ်၊ ကျွန်တော်ဟာ ခင်ဗျားကို မိတ်ရင်းဆွေရင်းကို ယုံကြည်ထားပြီး ဒီအိမ်ကြီးထဲမှာ နေစေခဲ့တယ်"

"ဟုတ်တယ်လေ. . အဲ့ဒီအတွက် ကျွန်တော်ကခင်ဗျားကို ကျေးဇူးတင်နေမိတယ်"



www.burmeseclassic.com

www.burmeseclassic.com



သူ့မျက်နှာထားသည် ခြိမ်းခြောက်နေခြင်းမဟုတ်မှန်း သိသာသည်။ လက်မှာအကြိမ်ကြိမ်သွေးစွန်းထားသူမို့ တကယ်ပစ်မှာမလွဲ။

"ကိုနန္ဒ ကျွန်တော်ခင်ဗျားကို မိတ်ကောင်းဆွေကောင်းတစ်ယောက်လိုပဲ ခုထက်ထိသဘောထားဆဲပါဗျာ တဆိတ်လောက်နားလည်ပေးပါဦး. . ဒီလိုဆိုတော့ မရက်စက်ပါနဲ့ဗျာ"

"မရတော့ဘူးကိုနန္ဒ ကျွန်တော့်သေနတ်ဟာ ထုတ်ပြီးရင်အသုံးပြုရမှ ကျေနပ်တာ အနှစ်နှစ်ဆယ်အတွင်းမှာ ဒါဟာပထမဦးဆုံးအကြိမ်ထပ်ပြီး အသုံးပြုခြင်းပဲ ခင်ဗျားအတွက်စိတ်မကောင်းပါဘူး ဒါပေမယ့်ခင်ဗျားမနစ်နာစေရပါဘူးကစ်ချက်ပါပဲ တစ်ချက်ဆိုတစ်ချက်တည်းပါပဲလေ. . နဖူးမှာအပေါက်လေးတစ်ပေါက် ဖြစ်သွားတာနဲ့ ပြီးသွားပါပြီ"

ဦးနန္ဒ၏အသံက အံ့အားသင့်စရာကောင်းလောက်အောင်ပင်တည်ငြိမ်လျက်ရှိသည်။ သို့သော်စိတ်နှင့် လူမကပ်တော့သလို မျက်နှာကြီးက မကောင်းဆိုးရွား တစ်ကောင်ကောင်ဝင်ပြီးတော့ ပူးကပ်နေသလို ကြောက်စရာကောင်းလာလေသည်။

"ကျွန်တော့်ရဲ့ကျားနဲ့ခွေးကို အသက်သွင်းပြီး ခင်ဗျားနဲ့ပေးတွေ့မလို့ပဲ ဒါပေမယ့်ခင်ဗျားက ဒီပညာကို တတ်ထားတော့ဒီသတ္တဝါတွေကိုပြန်ပြီး မိန်းမောသတိလစ်သွားအောင် လုပ်လို့ရတာပဲမဟုတ်လား. . . .

ဒီကောင်ကြီးတွေ ဘယ်အချိန်မှာအစာစားလည်းဆိုတာခင်ဗျား မသိသေးဘူး ညသန်းခေါင်အချိန်မှာပေါ့ဗျာ. . သူတို့ကို





လှောင်အိမ်ထဲထည့်ပြီးမှ ပြန်အသက်သွင်း အဲ့ဒီတော့မှ ကျွေးလို့ဖြစ်တာကိုး. . ကဲဒါလောက်ဆိုတော်သင့်ပါပြီ. . ခင်ဗျားလည်းနားညည်းရော့မယ် ကိုနန္ဒရေ ခင်မင်ရင်းနှီးခဲ့တဲ့ အချိန်တွေကိုမမေ့ပါဘူးဗျာ. . အဲ. . အဲ. . မျက်လုံးတွေကို မှိတ်ထားလိုက်စမ်းပါ. . ဒါမှရုတ်တရက် ဘာဖြစ်သွားသလည်းဆိုတာ မသိမှဘဝကူးကောင်းမှာ. . ."

ပစ္စတိုသေနတ်ပြောင်းဝသည် ကပ္ပိယနန္ဒ၏နဖူးတည့်တည့်ဆီကို ချိန်ထားလိုက်လျက်ရှိနေလေပြီ။ လက်ညှိုးကမောင်းကွင်းထဲရှိ ခလုတ်ပေါ်ကို ရောက်အသွားမှာ. . .

❑ ❑ ❑



www.burmeseclassic.com

www.burmeseclassic.com

(၂၅)

## မိစ္ဆာအပင်ကြီး၏ လက်ချက်မိသွားသူ

ကပ္ပိယနန္ဒသည် မရှောင်သာမတိမ်းသာ ရှိနေခဲ့လေပြီ။ ဒီတစ်ခါတော့ ကယ်မည့်သူမရှိတော့ပဲ သေဖြစ်ခဲ့ပြီဟု နားလည်မိလိုက်သည်။ ဦးနန္ဒ၏ လက်ညှိုးက မောင်းကွင်းထဲရှိ ခလုတ်ပေါ်မှာ ရောက်နေပြီ တဖြည်းဖြည်းနှင့် ခလုတ်ကို ဖိအလာမှာ. .

ထိုစဉ်. . .

ဖျတ်ကနဲဆို သတ္တဝါတစ်ကောင်က ကပ္ပိယနန္ဒနှင့် ဦးနန္ဒ တို့၏ကြားတို့ ကျလာခဲ့သည်။ ယင်းကာမဟုရာကြောင်နက် ကြီးပင်တည်း။

"ဟင်"

ဦးနန္ဒ၏ စက္ခုအာရုံက ကြောင်နက်ကြီးပေါ်ကို ရောက်သွားခဲ့သည်။ ကပ္ပိယနန္ဒအတွက် အကွက်ကောင်းပင် ဖြစ်သည်။ ဖျတ်ကနဲဆို နေရာကခုန်ထလိုက်ပြီး သေနတ်ကို ကန်ထည့်





လိုက်သည်။ ဦးနန္ဒ၏ လက်ထဲရှိ သေနတ်က လွင့်ထွက်သွားခဲ့လေသည်။

ကပ္ပိယနန္ဒသည် ဦးနန္ဒကို မတိုက်ခိုက်ပဲ နေရာမှ ပြေးထွက်လာခဲ့လေသည်။

"ဟိတ်. . ဟိတ်လူ"

ဦးနန္ဒသည် သတိကြီးသူပီပီ၊ လွတ်ကျသွားသောသေနတ်ကိုကုန်းကောက်လိုက်ပြီး ဦးနန္ဒ၏နောက်မှ ပြေးလိုက်ခဲ့လေတော့သည်။

ကပ္ပိယနန္ဒသည်လမ်းမှာ မီးခလုတ်များကို တစ်ခုပြီး တစ်ခုပိတ်သွားခဲ့လေသည်။ သို့သော်. . ဦးနန္ဒကား အမှောင်ထဲမှာလည်း မြင်နိုင်စွမ်းရှိသူပင်တကား။ အိမ်နောက်ဖက်ကို ထွက်သည့် လျှို့ဝှက်တံခါးနေရာကို ကပ္ပိယနန္ဒသိလေသည်။ ဇောကြောင့်လားမသိ လျှင်မြန်စွာပင် ထိုတံခါးနေရာကို ရောက်လာခဲ့လေသည်။ တံခါးမင်းတုတ်သည် ကြပ်နေ၍ အတော်ပင် ဖွင့်ယူရလေသည်။

တံခါးပွင့်သွားသည်နှင့် အပြင်ကိုတဟုန်ထိုးပင် ပြေးထွက်လာခဲ့သည်။ ရုတ်တရက်ဆိုသလိုပင် နောက်ပြန်လဲကျသွားတော့မတတ် ဖြစ်သွားခဲ့ရလေသည်။ လေပြင်းတစ်ချက်က ရုတ်တရက်ဆိုသလိုပင် နောက်ပြန်လဲကျသွားတော့မတတ် ဖြစ်သွားခဲ့ရလေသည်။ လေပြင်းတစ်ချက်က ရုတ်တရက် ဆောင့်တိုးလိုက်သောကြောင့်ပင်. . .

"ဝေါ. . ဝေါ. . ဝေါ. . ဝူး. . ဝူး. . ဝူး. . "

အပြင်မှာ လေပြင်းကျနေဆဲ သစ်ကိုင်းများ၊ ဖုံများ



www.burmeseclassic.com

www.burmeseclassic.com



သစ်ရွက်များက ခြံထဲမှာ လွင့်ပျံလျက်ရှိနေလေသည်။ မြင့်မားသောသစ်ပင်ကြီးများ၏ အကိုင်းအခက်များမှာ ပြတ်ထွက်၊ ကျိုးထွက်ကြတော့မယောင် ယိမ်းထိုးနေကြလေသည်။

ဦးနန္ဒသည် ကပ္ပိယနန္ဒ၏နောက်က ထပ်ချပ်မကွာပင် လိုက်လာခဲ့လေသည်။ သူနှင့် အတူပါလာသူကား မဟူရာကြောင် နက်ကြီးပင်တည်း။

"ကိုနန္ဒ. . ကိုနန္ဒခင်ဗျား ဘယ်ကိုပြေးမလို့လဲ. . . မလွတ်ဘူးနော်. . ကျွန်တော့်လက်က လုံးဝမလွတ်ဘူး၊ အေး. . ဒီခြံကြီးထဲမှာ ခင်ဗျားအတွက် နေရာတစ်နေရာတော့ ရှိတယ် ဘယ်လိုနေရာမျိုးပဲဖြစ်ဖြစ် ခင်ဗျားအတွက်တော့ အဆင်ပြေမှာပါ. . ဟား. . ဟား. . ဟား. . ဟား. ."

ဦးနန္ဒရူးသွပ်သွားသူအလား. . မည်းမည်းမြင်ရာကို သေနတ်နှင့်တဒိုင်းဒိုင်းပင် ပစ်ခတ်လျှက်ရှိနေလေသည်။ တဝေါဝေါတသောသောနှင့် တိုက်ခတ်သံများထဲမှာ ဦးနန္ဒ၏ဒေါသတကြီးဖြင့် အော်ဟစ်ကာပြောလိုက်သံသည် နစ်မြုပ်ကာ ပျောက်ကွယ်သွားခဲလေ၏။

သစ်ပင်ကြိုကြားထဲမှာ လိုက်ပြီးတော့ ရှာသော်လည်း ကပ္ပိယနန္ဒကို မည်သည့်နေရာမှာမှ မတွေ့နိုင်ပါ။

"တော်တော်အပုန်းကောင်းတယ် ဟုတ်လား ဘာပဲဖြစ်ဖြစ်ဒီညဟာ ခင်ဗျားအတွက် နောက်ဆုံးပဲ လူ့လောကကြီးထဲမှာ နေရတဲ့ နောက်ဆုံးညပဲဆိုတာ မှတ်ထားလိုက်ပါ"

တစ်ယောက်တည်းအသံကုန်ဟစ်ကာ ပြောနေသော်လည်း အသံသည်လေသံတဝေါဝေါကြားမှာ ပျောက်ကွယ်သွားခဲ့လေသည်။





တစ်ခြမ်းပဲ့လကလေးသည် ထွက်စပြုနေပြီဖြစ်သည်။ လရောင်၊ ကြယ်ရောင်က မိုးအောက်မြေပြင်ကို သဲကွဲစွာ မြင်နိုင်လောက်အောင် အားမရှိပေ။ ဦးနန္ဒသည် ပျောက်လုမလုပျောက် နေသော ကပ္ပိယနန္ဒကိုပို့ပြီးတော့ မကျေမချမ်း ဖြစ်လာခဲ့ရသည်။

မဟူရာကြောင်နက်ကြီးကလည်း သစ်ပင်တွေကြားထဲမှာဦးနန္ဒကိုကူပြီးတော့ လိုက်ရှာပေးနေသည်။

ဦးနန္ဒစော် သေနတ်ကို တမြောက်မြောက်နှင့် ရှိနေရာ အသံတစ်သံကို အမှတ်မထင်ပင် ကြားလိုက်ရလေသည်။

"ညောင်. . ဝေါင်း. . ဝေါင်း. ."

ကြောင်နက်ကြီး၏ ထိတ်လန့်တကြား အော်ဟစ်လိုက်သံပင် ဖြစ်သည်။

"ဟင် မဟူရာကြောင်ကြီးရဲ့ အသံပါလား"

ဦးနန္ဒသည် အသံထွက်ပေါ်လာရာဆီသို့ မှန်းဆပြီးတော့ ထွက်သွားခဲ့လေသည်။ ခြုံတွေ၊ တောင်ပို့တွေ၊ သစ်ငုတ်တွေကိုကွေ့ကွင်းကာ ခြေလှမ်းသွက်သွက်နှင့် လျှောက်လှမ်းလာရင်း ခြံအလယ်ကိုရောက်လာခဲ့လေသည်။

မှုံဝါးဝါးအလင်းရောင်အောက်မှာ တွေ့လိုက်ရသည်ကား မဟူရာကြောင်နက်ကြီးသည် တစ်နေရာကို တရှုတ်တိုက်ပါသွားနေသည့်အဖြစ်ပင်တည်း။ နှုတ်မှလည်း အလန့်တကြားပင် တညောင်ညောင်ဖြင့် အော်ဟစ်နေလေသည်။

"ဟာ. . ဒီကောင်ကြီး ဘယ်လိုဖြစ်တာလဲ"



www.burmeseclassic.com

www.burmeseclassic.com



အံ့အားတသင့်ဖြစ်သွားကာ ထိုနေရာကို အဆင်အချင်မဲ့ ပြေးလိုက်သွားခဲ့သည်။ အနားကိုရောက်သွားသောအခါ မြင်တွေ့လိုက်ရသည်ကား မဟူရာကြောင်နက်ကြီးကို နွယ်ပြားကြီးတစ်ခုလိုအရာက ရစ်ပတ်ကာရှိနေသော အပင်ကြီးတစ်ခုဆီကိုပင်. .

"ဟင်. . ဟိုအပင်ကြီး"

ဦးနန္ဒသည် သနားစရာကောင်းသော မဟူရာကြောင်နက်ကြီးကို ကယ်တင်ရန်ဆုံးဖြတ်လိုက်သည်။ ထို့ကြောင့်အခင်းဖြစ်ပွားရာ နေရာဆီကို တစ်ဟုန်ထိုးပင် ပြေးသွားသည်။ မဟူရာကြီး၏ ကိုယ်မှာရစ်ပတ်နေသော နွယ်ပြားလိုလို အရာကြီးကို လက်နှင့် ဆွဲဖယ်လိုက်လေသည်။ မဟူရာကား အနှောင့်အဖွဲ့မှလွတ်မြောက်သွား၍ အထိတ်တလန့်နှင့် ထွက်ပြေးသွားခဲ့လေသည်။

သို့သော်. . .

တစ်ကယ်တမ်းလွတ်မြောက်မသွားသူက ဦးနန္ဒပင် ထူးဆန်းသောသစ်ပင်မှ စိမ်းလဲ့လဲ့အရောင်များပိုပြီးတော့ လင်းလက်လာခဲ့သည်။ ထိုစဉ် ပင်စည်မှသေးငယ်သော အပ်ပေါက်ရာလေးထဲမှ အငွေ့များစိမ့်ပြီးတော့ ထွက်လာခဲ့ကြသည်။ ယင်းအဆိပ်ငွေ့များသည် အပင်၏အရင်းပိုင်းကျသော နေရာမှထွက်လာကြဖသာကြောင့် လေထဲမှာ လွင့်ပါးပြီးတော့ ပြယ်မသွားကြမီ. . .။

ဦးနန္ဒဆီကို ချက်ချင်းလိုလိုပင် ရောက်လာခဲ့ကြလေသည်။ ယင်းအငွေ့ကို ရှူမိလိုက်သည်နှင့် ဦးနန္ဒမှာ သတိလစ်သွားခဲ့ရလေသည်။ မိမိ၏အသိတရားလုံးဝကို ပျောက်ကွယ်





မသွားရန် အားတင်းကာရုန်းကန်နေမိသည်။

ထိုစဉ်. . . .

သူ၏ခါးကို ရွက်ပြားနှာမောင်းလက်တံကြီးများက တစ်ခုပြီးတစ်ခု လာရောက်ပြီးရစ်ပတ်ကြလေတော့သည်။ ဦးနန္ဒ အထိတ်တလန့် ဖြစ်သွားခဲ့ရလေသည်။ အကြောက်အကန်ပင် ရုန်းနေမိသော်လည်း သတိကိုထိန်းချုပ်ခြင်းငှာ မစွမ်းဆောင်နိုင်တော့ချေ။

"ငါ. . ငါ. . ငါ. . ဘယ်လိုမှ ရုန်းထွက်လို့ မရတော့ဘူး. . ကယ်ကြပါဦး"

နှုတ်ကအသံထွက်မလာတော့ပေ။ လည်ချောင်းထဲမှာပဲ ပျောက်ကွယ်သွားခဲ့ကြသည်။ ထို့နောက်. . ဇက်ကျိုးကျသွားခဲ့လေသည်။

ထိုစဉ်. . . ကပ္ပိယနန္ဒသည် မလှမ်းမကမ်းမှာ ရှိနေသည့်ဖြစ်ရကား ဦးနန္ဒ၏ အဖြစ်အပျက်ကို မလှုပ်မယှက် အကူအညီမပေးပဲ မင်တက်မိကာ ရပ်ကြည့်နေလျက်. . .

ရွက်ပြားနှာမောင်းလက်တံများထဲတွင် မိသွားသော ဦးနန္ဒ၏ ခန္ဓာကိုယ်အတ္တဘောကြီးသည် ပင်ခြေအောက်အထိ ရောက်အောင်ဆွဲယူသွားခြင်းခံလိုက်ရပြီး နောက်ဆုံးမှာတော့ အမှောင်ထဲမှာ ပျောက်ကွယ်သွားခဲ့လေတော့သည်။

ထိုစဉ်. .

"ဝေါင်း"

ကပ္ပိယနန္ဒဆီကို မဟူရာကြောင်နက်ကြီးက အသံပေးကာအဝေးကနေ ခုန်ဝင်လာခဲ့ပြီး. . .



www.burmeseclassic.com

www.burmeseclassic.com



"အား"

ကပ္ပိယနန္ဒ၏ ပါစတစ်ဖက်ကို လက်သည်းကြီးများဖြင့် ကုပ်ချသွားခဲ့လေတော့၏။

❑ ❑ ❑

မာယာဝက်ပါစံအိမ်ကြီးထဲမှာ ငြိမ်သက်မှုက ပိုပြီးတော့ ချောက်ချားစရာကောင်းလောက်အောင်ပင် ကြီးစိုးလျက်ရှိနေလေသည်။ ကပ္ပိယနန္ဒသည်ညက ဖြစ်ခဲ့သည့် အဖြစ်အပျက်များကို မယုံကြည်နိုင်အောင် ခံစားနေရလေသည်။ သူ့ရှေ့မှာ လူတစ်ယောက်၏ အသက်တစ်ချောင်းက လွယ်လွယ်လေးနှင့် ပျက်စီးပျောက်ကွယ်သွားခဲ့ရသည့် အခြေအနေအတွက် သွေးပျက်မတတ်ပင် ရှိနေခဲ့ရလေသည်။ ဦးနန္ဒကား လောကထဲမှထွက်ခွာသွားခဲ့လေပြီ။ ယခုအချိန်တွင် ဤအိမ်ကြီးထဲမှာ သူတစ်ယောက်တည်းသာ ကျန်ရစ်ခဲ့တော့သည်။

ဦးနန္ဒသည် သူ၏ဒေါသကို မထိန်းနိုင်ခဲ့သည်က မဟာအမှားပင်ဖြစ်သည်။

"ဖြစ်မှဖြစ်ရလေဗျာ ကျွန်တော်ခင်ဗျားကို မကယ်မိခဲ့တာတောင်းပန်ပါတယ်"

စိတ်ထဲမှတတွတ်တွတ်ဖြင့် တောင်းပန်နေလေတော့သည်။ တစ်ကယ်တော့ ကပ္ပိယနန္ဒသည် သွေးကြောင်သွားခြင်းပင် ထိုအပင်ကြီးကိုသူလည်းပဲ ကြောက်ရွံ့နေခဲ့သည် မဟုတ်ပါလား။ မိမိအပေါ်မှာကောင်းခဲ့သော လူတစ်ယောက်ကိုကယ်နိုင်သည့်





အခြေအနေကရှိပါလျက်နှင့် မကယ်ခဲ့သည်က သွေးကြောင်မှုထက် တမင်ပဲ သွေးအေးအေးနှင့် ရက်စက်ကာကြည့်နေခဲ့သလား. . .

ထိုအဖြေကို ရှာဖွေသော်လည်းမရ၊ အမှားနှင့် အမှန်အမှတ်သညာထဲမှာ ပျောက်ကွယ်နေသည်။ ယင်းအဖြစ်အပျက်သည် သူ့ကိုရက်ပေါင်းများစွာပင် နှိပ်စက်နေလေတော့သည်။

❑ ❑ ❑

ဦးနန္ဒမရှိတော့သည့်နောက်ပိုင်းတွင် ကပ္ပိယနန္ဒသည် ဤအိမ်ကြီးကို ပိုင်စိုးလိုသည့် ဆန္ဒများက ဖြစ်ပေါ်လာခဲ့လေသည်။

"သူ့ဒီအိမ်ကြီးထဲမှာ နေခဲ့တာကိုလည်း ဘယ်သူကမှ မသိခဲ့ဘူး သူပျောက်ဆုံးသွားခဲ့တာကိုလည်း မသိလိုက်ဘူး ငါရှိနေတာကိုလည်း ဘယ်သူကမှမသိလိုက်ကြဘူး. . ငါနေရင် ငါ့အိမ်ပဲ. ."

မြို့ရာ၊ မြို့ကွက်နှင့်ဝေးကွာနေသော ဤနေရာရှိအိမ်ကြီးကိုလည်းမည်သူကမှ စိတ်မဝင်စားကြချေ။ ယခင်က သတင်းဆိုးနှင့် နာမည်ကြီးနေခဲ့သော ဤအိမ်ကြီးအနားကိုမကပ် ရဲကြတော့ပေ။ အားလုံးသည် ကိုယ်နှင့်မဆိုင်သလို ဥပေက္ခာ ပြုထားကြလေသည်။

ထို့ကြောင့်. . .

ကပ္ပိယနန္ဒသည် ဤအိမ်ကြီးထဲမှာ လူနေဟန်ပြုလုပ်



www.burmeseclassic.com

www.burmeseclassic.com



ထားသည်။ မီးများကိုလည်း သိပ်မသုံးတော့ပေ။ သူသည်မိမိ၏ စားရေးသောက်ရေးအတွက် လူတစ်ယောက်ကို တိတ်တဆိတ် ခေါ်ထားသည်။ သူကား. . တစ်ကျွန်းပြန် ယက္ခပင်. . .

ယက္ခသည် လုယက်မှု၊ ရိုက်မှုတို့ဖြင့် ရှောင်တိမ်းနေသော လူတစ်ယောက်ပင်ဖြစ်သည်။ ဘုရားပေါ်မှာ ကပ္ပိယနန္ဒနှင့်တွေ့ပြီး သစ္စာရှိမည့်ဟု ယူဆမိသောကြောင့် ခေါ်လာခဲ့ခြင်းပင်။

တစ်ရက်တွင်. . .

ကပ္ပိယနန္ဒ ဘုရားပေါ်မှာရှိနေစဉ် လူတစ်စု၏ မသဲမကွဲပြောနေသော စကားကို ချောင်တစ်ချောင်မှနားစိုက် ထောင်နေခဲ့သည်။

“ငါတို့မြို့ကလူတစ်ချို့လည်း ဟိုအိမ်ကြီးရဲ့ အနားမှာ လိုလို တစ်နေရာမှာလိုလို ပျောက်ပျောက်သွားကြတယ်ကွ တစ်ချို့ကလည်း အဲ့ဒီခြံကြီးထဲကို စပ်စပ်စုစုနဲ့ ခိုးကြောင်ခိုးဝှက် ဝင်သွားတတ်ကြတယ်ဆိုပဲ”

“ငါလည်းဒီသတင်းတွေကို ကြားမိပါတယ်ကွာ. . ဒီလူ တွေဟာ အဲ့ဒီခြံကြီးထဲမှာပဲ ပျောက်သွားတာလား ခြံကို အရောင် ပြပြီး တစ်နေရာကိုပဲ ထွက်သွားတတ်ကြတာပဲလား အတတ် မပြောတတ်ဘူးပေါ့”

“မဖြစ်နိုင်ပါဘူးကွာ. . ဒီမိစ္ဆာအိမ်ကြီးရဲ့သတင်းတွေက ပျံ့နှံ့ နေလို့ ဘယ်သူကမှမျက်စောင်းတောင် လှည့်ပြီးမထိုးကြပါဘူး ဘယ်သူကများခြံထဲကို ဝင်ရဲကြမှာလဲ သက်ဆိုင်ရာကလည်း ခြံထဲကိုဝင်စစ်ပြီးကြပြီးပြီ၊ ဘာသဲလွန်စမှ မတွေ့ရပါဘူး”

သူတို့ပြောနေကြသည့် စကားကြောင့်ကပ္ပိယနန္ဒမှာ





မျက်မှောင်ကျုံ့သွားခဲ့ရလေသည်။

“ခြံထဲကိုဝင်စစ်ပြီးကြပြီဆိုပါလား. . ဘယ်တုန်းကလဲ ငါလည်းမသိလိုက်ပါလား. . အင်းအိမ်တံခါးသော့တွေကိုလည်း အပြင်ကပိတ်ထားတော့ တကယ့်လူမနေတဲ့ အိမ်ကြီးပဲလို့ ထင်သွားကြတယ်နဲ့ တူပါရဲ့. .

ငါအပုန်းတော်တော် လုံခြုံတာပဲ. . ငါ့ကိုတွေ့မသွား ကြတာ တော်တော်ကံကောင်းတယ်”

ကပ္ပိယနန္ဒသည် မိုးမှောင်ချုပ်မှပင်လျှင် ခြံကြီးထဲကို ပြန်လာခဲ့လေသည်။

“ဒီအပင်ကြီးကို ခြံကြီးထဲမှာ ထားလို့မဖြစ်တော့ဘူး”

ဒီအိမ်ကြီး၏ ဝက်ဘာလိုဏ်လမ်းကြောင်းများကို ဦးနန္ဒ မကွယ်လွန်မီက ပြထားခဲ့၍ နေရာအနှံ့အပြားပင် သိထား မှတ်ထားခဲ့လေသည်။

“အတော်ပဲ ဒီအပင်ကြီးကို လိုဏ်လမ်းကြောင်းထဲ ရွှေ့ထားရမယ်”

တစ်ညတွင်. . .

ယက္ခကိုခေါ်ပြီးတော့ ခြံထဲရှိအပင်ကြီးကို တူးစေသည်။ ထို့နောက် မြေအောက်လိုဏ်လမ်းကြောင်းအတိုင်း သယ်ယူသွား စေခဲ့သည်။ စိတ်ချရသောနေရာမှာ ထိုအပင်ကြီးကို မြေဩဇာ ကောင်းကောင်းကျွေးကာ ပြန်ပြီးတော့ စိုက်ထားလိုက်သည်။

ယင်းနေရာသည် လှိုဏ်ဝှက်ထွက်ပေါက်တစ်ခုနှင့်နီးပြီး တောင်ခြေနှင့်လည်း ကပ်လျက်ရှိသည်။



www.burmeseclassic.com

www.burmeseclassic.com



(ယင်းလိုဏ်လမ်းကြောင်းသည် နယ်ချဲ့မျက်နှာဖြူများ ဖက်ဆစ်ဂျပန်များ မြန်မာ့တပ်မတော်ထိုးစစ်ကြောင့် ဆုတ်ခွာရာနေရာပင်ဖြစ်ဟန်တူသည်။ ရိုးမတောကြီးနှင့် တစ်စပ်တည်း ဆက်သွယ်လျက်ရှိသည်။

တောရိုင်းတိရစ္ဆာန်များ မကြာခဏလမ်းမှားပြီး ဝင်ရောက်လာတတ်သည်။ ဝင်ရောက်လာသောသတ္တဝါကြီးသည်ပြန်ပြီးတော့ ပြန်ထွက်နိုင်ရိုးထုံးစံ မရှိခဲ့ပေ။ တရားခံသည်ထိုအပင်ကြီးပင်တည်း။

ထို့အပြင်. . .

လိုဏ်လမ်းကြောင်း တစ်နေရာတွင် တောင်ဘို့ကြီး တစ်ခုသည် ဂူအမိုးနှင့် ထိလုမတတ်မြင့်မားစွာပင် ရှိနေသည်။ များပြားလှသော ကြွက်များသည် ယင်းတောင်ဘို့ကြီးကို တွင်းများ ဖောက်ကာအိမ်သဖွယ် ဆောက်ပြီးလွတ်လပ်စွာပင် နေနေကြလေသည်။ ပေါက်ချင်တိုင်းပေါက်၊ ပွားများချင်တိုင်း ပွားများနေကြသော ကြွက်များက ထိုအပင်ကြီး၏အစာများ ဖြစ်နေကြလေသည်။

သို့သော်. . .

ကပ္ပိယနန္ဒသည် မည်သို့သောအကြောင်းကြောင့်လည်း မသိ ထိုအပင်ကြီးအတွက် ထို့တက်ကောင်းမွန်သော အစာများကိုရှာပေးရန်ဆန္ဒများက တဖွားဖွားနှင့် ဖြစ်ပေါ်လာခဲ့လေသည်။

ယင်းဆန္ဒသည် အိပ်မက်ထဲကမျက်နှာလေးထောင့်စပ်စပ် လူကြီး၏တိုက်တွန်းမှုလော၊ မိမိ၏စိတ်ဆန္ဒအရင်းခံကြောင့်လောဆိုသည်ကို သူမှတစ်ပါးမည်သူမှ သိနိုင်မှာမဟုတ်ပါ။





ထိုအခါကပ္ပိယနန္ဒသည် မအပ်မရာအတွေးမျိုး ဝင်လာခဲ့သည်။

"ဦးနန္ဒရဲ့ တူမတစ်ယောက်ရှိတယ်လို့ပြောတယ်၊ အဲ့ဒီ မိန်းကလေးဟာ သူ့ဦးလေးကိုလည်း တစ်ခါမှမမြင်ဖူးဘူးဆိုတော့ ဟန်ကျလိုက်လေ ဒါငါ့အတွက် အခွင့်အရေးပဲ"

ထို့ကြောင့်. . . ကပ္ပိယနန္ဒသည် ဦးနန္ဒ၏ရွာကိုစာရေးလိုက်သည်။ ဦးနန္ဒ၏ ညီမအမည်နှင့်တကွ၊ အမည်မသိသော တူမကို မှာလိုက်သည်။ စာပါအကြောင်းအရာကား. . .။

"ခိုကိုးရာမဲ့နေသော တူမဖြစ်သူကို ဦးလေးဖြစ်သူဦးနန္ဒက စောင့်ရှောက်လို၍ စာရေးရခြင်းလိုက်လာခဲ့ပါရန်၊ ဘူတာကနေ လာရောက်၍ စောင့်ကြိုနေမည့်" အကြောင်းများပင် ဖြစ်သည်။

နောက်တစ်ပတ်ခန့်ကြာသော်. . .

ကျိုက်ထိုဘူတာတွင် ကပ္ပိယနန္ဒက သက်ပိုင်အမည်ရှိ သောမိန်းကလေးတစ်ယောက်ကို လာရောက်၍ ကြိုနေလေသတည်း။

□ □ □

ထိုနေ့က. . .

ရထားနောက်ကျသည့်ဖြစ်၍ မှောင်ကာနီးမှ ဘူတာကို ဆိုက်ရောက်လာခဲ့လေသည်။ မြင်းလှည်းတစ်စီးကိုငှားကာ ထွက်လာခဲ့ကြသည်။ ခြံနှင့်အတန်ငယ်လှမ်းသော တာလမ်း ပေါ်မှာမြင်းလှည်းကို ရပ်စေခဲ့သည်။ ကပ္ပိယနန္ဒသည် [illegible]



www.burmeseclassic.com

www.burmeseclassic.com



တကာပင် ရပ်စေခဲ့ခြင်းပင်ဖြစ်သည်။

ထို့အပြင် . . .

ရုပ်ကိုလည်းမမှတ်မိစေရန် . မျက်နှာသုတ်ပုဝါကြီးကို ခေါင်းပေါင်းပေါင်းခြင်း၊ ဖြူသောအသားကိုညိုအောင် ဆေးတစ်မျိုးဖြင့် သုတ်လိမ်းထားခြင်း၊ အင်္ကျီကိုပုံပန်းမကျ ဝတ်ထားခြင်းများဖြင့် ရုပ်ဖျက်ထားသည်။

မြင်းလှည်းမောင်းထွက်သွားသောအခါကျမှ . . အိမ်ကြီးဘက်ကိုသွားသည့် ကုန်းလျှောလမ်းအတိုင်း ဆင်းလာခဲ့လေသည်။ သက်ပိုင်မှာမိမိတစ်ခါမှ မမြင်ဖူးသောဦးလေးနန္ဒဆိုသူနှင့် လိုက်လာခဲ့လေရာ . . လမ်းမှာတစ်ချီတစ်ချီတော့ သံသယအတွေးများ ဝင်လာမိခဲ့သေးသည်။

"ငါ့ဦးလေးဆိုတာ ဘယ်လိုလက်ခံရပါ့မလဲ အမေ့အစ်ကိုကြီးလို့သာ သူပြောလို့သိရတာ တစ်ယောက်နဲ့တစ်ယောက်က မြင်ဖူးကြတာမှမဟုတ်တာ"

လက်ဆွဲအိတ်ကလေးကိုဆွဲပြီး နာရီဝက်ခန့်အကြာမှ ခြံကျယ်ကြီးထဲကို ရောက်လာခဲ့ကြလေသည်။ မှောင်ရီရီထဲမှာ အဝေးကနေပြီး ခြံပုံသဏ္ဌာန်ကို မြင်လိုက်ရသည်နှင့် ဘာကြောင့်ရယ်မသိ ကျောထဲမှာစိမ့်ပြီးတော့ ထွက်သွားခဲ့ရလေသည်။

"လာ . . တူမ"

ဦးနန္ဒက သက်ပိုင်ကိုခြံရှေ့က မခေါ်ပဲ ခြံနောက်ဖက်ကလှည့်ခေါ်သွားသည်။ လျှို့ဝှက်တံခါးပေါက်မှတစ်ဆင့် အိမ်ကြီးထဲကို ဝင်သွားခဲ့ကြလေသည်။

သက်ပိုင်၏စိတ်ထဲမှာ အကျဉ်းထောင်ကြီး တစ်ခုထဲကို





ရောက်သွားသလို ခံစားလိုက်ရလေသည်။

ပို့ပြီးတော့ဆိုးသည်ကား . . အိမ်ကြီးထဲမှာ လျှပ်စစ်မီးကိုသုံးနိုင်ပါလျက်နဲ့ မသုံးပဲ . . ဖယောင်းတိုင်မီးကိုသာ သုံးခြင်းပင်ဖြစ်သည်။

"ဦးလေး . . ဘယ်လိုဖြစ်လို့ လျှပ်စစ်မီးကိုမသုံးပဲ ဖယောင်းတိုင်မီးကို သုံးရတာလဲ"

သက်ပိုင်မှာမနေနိုင်တော့ပဲ မေးမိလိုက်လေသည်။

"ကြော် . . ဦးလေးအနေအထိုင်သိုသိပ်တယ်ကွယ့် ဒီမှာနေတာကို ဘယ်သူမှမသိစေချင်ဘူးလေ . . လျှပ်စစ်မီးရောင်နဲ့ဆိုရင် လူတွေကမတော်တဆ မြင်ဖူးမှာစိုးလို့ပေါ့"

ကပ္ပိယနန္ဒ၏ အကြောင်းပြချက်ကို သက်ပိုင်လက်မခံ စပြုလာခဲ့လေသည်။ မိမိနေထိုင်သော အခန်းကိုပေးထားသော်လည်း ပြူတင်းတံခါးများကို ထာဝရပိတ်ထားခြင်း မည်သည့်နေရာကိုမှ သွားလာခွင့်မပြုခြင်းတို့က စိတ်ကိုပိုပြီးတော့ ကျဉ်းကျပ်စေခဲ့သည်။

မိမိနေထိုင်သောအခန်းထဲကို မနက်ညစာ မှန်မှန်ရောက်လာခဲ့သော်လည်း မည်သူက ချက်ပြုတ်ပြီးတော့ ပို့ခဲ့မှန်းမသိပေ။ ထမင်းဟင်းများ လာပို့သောအချိန်တွင် အမြဲတမ်းလိုလိုပင် အခန်းထဲမှာရှိမနေခဲ့။ ထိုအချိန်ကျလျှင် တစ်နေရာရာကိုရောက်နေတတ်သည်။ အခန်းထဲမှာလည်း နေလိုစိတ်မရှိခဲ့ပေ။ တစ်ယောက်ယောက်ကစိတ်နှင့် အမိန့်ပေးပြီး နှင်နေသလိုပင် ခံစားနေရသည်။

ပို၍ဆိုးသည်ကား . .



www.burmeseclassic.com

www.burmeseclassic.com



အိမ်ကြီးထဲမှာ မိမိတစ်ယောက်တည်းသာ နေနေရသလို ခံစားနေရခြင်း၊ တစ်ခါတစ်ရံမှာ မိမိ၏အနားတွင် အခြားသူများလည်းရှိနေကြသေးသည်ဟု ထင်မိခြင်း၊ အမှောင်ထဲမှာနေနေရသည့်အတွက် စိတ်အထင်လား၊ ချောက်ချားမှုကြောင့်လား မပြောတတ်၊ မိမိနှင့်မလှမ်းမကမ်းမှာ ဖြတ်သွားဖြတ်လာပြုလုပ်နေကြသော သူများကိုရံဖန်ရံခါမှာ တွေ့နေရသည်။

ထိုအခါများတွင် ချောက်ချားထိတ်လန့်မိသည်က အမှန် ထိုနေရာက ထွက်ပြေးချင်စိတ်များပင်ဖြစ်ပေါ်လာမိရသည်။

အတွေးများသောကြောင့် မိမိ၏စိတ်ကို ပြန်ပြီးတော့ ချောက်လှန့်နေသလိုလိုပင် ဖြစ်နေရသည်။

တစ်ခါကလည်း. . မိမိ၏အိမ်ခန်းတံခါးကို တစ်ဦးတစ်ယောက်ကလာပြီးတော့ ခေါက်သည်။

"ဒေါက်. . ဒေါက်. . ဒေါက်. ."

"ဘယ်သူလဲ"

သက်ပိုင်ကအိပ်ခန်းထဲမှ လှမ်းပြီးတော့ မေးသည်။ အပြင်ကအဖြေမပေး။

"ဘယ်သူလဲလို့"

"ဒေါက်. . ဒေါက်. . ဒေါက်. ."

တံခါးခေါက်သံက ထပ်ပြီးတော့ထွက်ပေါ်လာခဲ့ပြန်သည်။ သက်ပိုင်သည် စိတ်မရှည်တော့ပဲ လက်နှိပ်ဓါတ်မီးကိုယူကာတံခါးဆီကို လျှောက်လာခဲ့သည်။ တံခါးချက်ကိုလည်း သတိနှင့်ဖွင့်လိုက်ရာ. .





"ဂျောက်"

"ဟင်"

တံခါးဝမှာ မည်သူကိုမှ မတွေ့ရပေ။

ထိုစဉ်. . .

ခပ်လှမ်းလှမ်းမှ မှောင်ရီရီထဲမှာ သဏ္ဍာန်တစ်ခုက ပြေးသွားနေသလို မြင်လိုက်ရသည်။

"ဟိတ်. . ဘယ်သူလဲ"

မေးလည်းမေး လက်နှိပ်ဓါတ်မီးဖြင့်လည်း ဖမ်းပြီးတော့ ထိုးလိုက်လေရာ. . မည်သူကိုမှ မတွေ့ရတော့ပေ။

"ငါပဲမျက်စိမှားသလား"

သက်ပိုင်တွေ့လိုက်ရသည်မှာ ဂါဝန်ဝတ်မိန်းကလေးတစ်ဦးဟုပင် မသဲကွဲ၍ အတတ်ပြော၍လည်းမရပေ။ ထိုသို့ ခဏခဏဖြစ်ဖန်များလာသောအခါ သက်ပိုင်အတွက် ကျင့်သားရလာခဲ့ပြီဖြစ်သည်။ ရိုး၍ပင်လာနေလေပြီ။ မိမိကိုလည်း ထိရောက်သောအန္တရာယ်ပေးလာသည် မဟုတ်၍အရာရာအားလုံးကိုလည်း ဥပေက္ခာပြုနိုင်ရန် ကြိုးစားရလေတော့သည်။ ဖြစ်ပေါ်လာသမျှ အခြေအနေအားလုံးသည် စိတ်ကြောင့်ပဲဟု ဆင်ခြင်သုံးသပ်မိသည်။ ထို့ကြောင့် စိတ်ကိုထိန်းရလေသည်။

"ငါ့စိတ်ကိုနိုင်ရင် ဘာကိုမှကြောက်စရာမလိုဘူး"

ကပ္ပိယနန္ဒမည်သည့်အခန်းမှာ နေသည်ကို သက်ပိုင်မသိပေ။ တစ်ပတ်တစ်ခါတော့ ခေါ်ယူပြီး ဧည့်ခန်းထဲမှာ ဆုံတွေ့သည်။ ဟိုရောက်၊ ဒီရောက်စကားများကိုပြောသည်။ သက်ပိုင် ဤအိမ်ကြီးထဲကိုရောက်ပြီး စတုတ္ထပတ်တွင်



www.burmeseclassic.com

www.burmeseclassic.com



ကပ္ပိယနန္ဒသည် ထူးခြားသောစကားကိုပြောလာခဲ့လေသည်။

"ငါ့တူမကို ဦးလေးစကားတစ်ခွန်းပြောချင်တယ်"

"ဟုတ်ကဲ့ ပြောပါဦးလေး"

သက်ပိုင်သဘောပေါက်သွားခဲ့ရသည်။ ထူးခြားသော စကားဖြစ်နေ၍ အစပျိုးနေခြင်းဟု. . .

"ဒီလိုကွယ့်. . ငါ့တူမလည်း ဒီမှာတစ်ယောက်တည်း အဖော်မရှိပဲ နေနေရတာ အဆင်မပြေဖြစ်နေရမှာပဲ ဒီတော့ အပြင်လေးဘာလေးထွက်ပြီးတော့ အဖော်ရှာပေါ့ အဲအဖော်ဆိုလို့ မိန်းကလေးအဖော်ကို မလိုချင်ဘူး. . . ယောကျ်ားလေးအဖော် ပဲလိုချင်တယ်. . ."

"ရှင် ဘယ်လို. . ဦးလေးယောကျ်ားလေးအဖော် ဟုတ်လား. . မိန်းကလေးအဖော်မလိုချင်ဘူး. . ဒါဘယ်လို သဘောလည်းဦးလေး ကျွန်မနားလည်အောင်ပြောပါဦး"

သက်ပိုင်မှာတကယ်လည်း နားမလည်ပဲ ပြန်မေးမိလိုက် လေ၏။ ထိုသို့ပြန်ပြီးတော့ မေးသည့်အတွက် ကပ္ပိယနန္ဒမှာ စိတ်လွတ်ကာ အကြောင်းမယ့်ပေါက်ကွဲသွားခဲ့ရ လေတော့၏။

"ဒီမှာမိန်းကလေး မင်းငါ့ကိုပြန်ပြီးတော့ မမေးနဲ့ မေးစရာမလိုဘူး ငါ့အကြောင်းနဲ့ငါ ငါခိုင်းတာကိုလုပ်မလား မလုပ်ဘူးလား ဒါပဲပြော"

"ဟင်ဦးလေးရဲ့ကိစ္စက ဘာမှန်းမှမသိတာ စကားရဲ့ အဓိပ္ပါယ်က ယောကျ်ားလေးတွေကို သွေးဆောင်ဖျားယောင်း ရမယ့်အလုပ်ပဲ ဒါမျိုးကိုကျွန်မမလုပ်နိုင်ဘူး"





သက်ပိုင်သည် ခါးသီးစွာပင် ငြင်းပယ်လိုက်လေ၏။

ကပ္ပိယနန္ဒသည် မိမိ၏လောကြီးပြီး စကားမှားခဲ့ရသည်ကို သိသွားခဲ့ရလေသည်။

"ဒီလိုပါကွယ်. . မိန်းကလေးသူငယ်ချင်းတွေကို ခေါ်ခဲ့ရင် ဒီအိမ်ကြီးကိုကြည့်ပြီး. . တစ်မျိုးဖြစ်သွားမှာ စိုးလို့ပါ. . ယောကျ်ားလေးတွေဆိုတော့ အဲ့ဒီလိုဖြစ်မှာ မဟုတ်ဘူးလေ"

သို့သော်. . .

ကပ္ပိယနန္ဒ၏ဖြေရှင်းချက်ကား အရာမရောက် တော့. . စကားကျွံသော် နှုတ်၍မရလေပြီ။ သက်ပိုင် သည်လည်း မည်သည့်အကြံအစည်မှန်းမသိရ၍ ကပ္ပိယနန္ဒ အပေါ်မှာ သံသယဝင်လာခဲ့ရလေပြီ။

"မဖြစ်နိုင်ပါဘူးဦးလေး. . ကျွန်မမလုပ်နိုင်ပါဘူး တစ်ကယ်လို့ ကျွန်မကိုဦးလေး သဘောမတွေ့ဘူးဆိုရင်လည်း နေရပ်ကိုပဲ ပြန်ပါရစေ. . ပြန်ခွင့်ပြုပါ"

ထိုအခါ. . .

ကပ္ပယနန္ဒသည် နေရာမှဆက်ကနဲဆို ထရပ်လိုက်ပြီး. .

"အေး. . နင်လက်မခံဘူးဆိုရင်လည်းရတယ်၊ ဒါပေမယ့် နင်ကိုလောလောဆယ် ဒီမှာပဲ ထားရဦးမယ်"

ဟုတိုတောင်းသော စကားကိုပြောပြီး နေရာမှထသွားခဲ့ လေ၏။ ထိုအချိန်မှစ၍ ကပ္ပိယနန္ဒသည် သက်ပိုင်၏အနားကို မလာရောက်ခဲ့တော့ပေ။ သူမသည်လည်း သူ့ကိုမတွေ့ ရတော့ပါ။



www.burmeseclassic.com

www.burmeseclassic.com



ချောက်ချားစရာကောင်းလှသော ဤအိမ်ကြီးထဲမှာ အထီးကျန်တစ်ဦးတည်းသာ နေနေရတော့သည်။ အမျိုးမျိုးသော ခြောက်လှန့်မှု (စိတ်အထင်)များကို ရင်ဆိုင်နေရကာ တရားမှတ်၍ ကြံ့ကြံ့ခိုင်ကာ နေလာခဲ့ရသည်။ တော်ရုံကြံ့ခိုင်သော စိတ်ဓါတ် မျိုးမဟုတ်ခဲ့လျှင် သွက်သွက်လည်အောင် ရူးသွပ်သွားနိုင်သည်။ သက်ပိုင်သည် ဤအိမ်ကြီးထဲမှ လွတ်မြောက်ရန် နေ့စဉ်ဆုတောင်း နေမိရသည်မှတစ်ပါး. . ဘာမှမတတ်နိုင်တော့ပေ။

တစ်ရက်မှာ. . ဤအိမ်ကြီးထဲကို ကျူး၍ဝင်လာသော မင်းဒင်နှင့်အမှတ်မထင် ဆုံတွေ့ခဲ့ရသည် ဖြစ်ရလေကား. . .

❑ ❑ ❑



(၂၆)

**အသက်လုပွဲ**

ကပ္ပိယနန္ဒသည် မင်းဒင်နှင့်သက်ပိုင်တို့အား သူကြုံတွေ့ခဲ့ရသည့် အဖြစ်အပျက်များကို ပြောပြလိုက်လေသည်။

"အဲ့ဒါငါ့ဒီအိမ်ကြီးထဲကို ရောက်လာချိန်ကစပြီး ဖြစ်ပျက်ခဲ့တာတွေပဲ နင်တို့မသေမီ ဝဝကြီးနားထောင်သွားနိုင်ခဲ့ကြပြီ မဟုတ်လား"

သံလှောင်အိမ်ထဲကို ရောက်နေသော သက်ပိုင်သည် ကြားခဲ့ရသော အဖြစ်အပျက်ကို အကြောင်းချင်းရာများကြောင့် ဖုံ့အားသင့်မဆုံးနိုင်ခဲ့တော့ပေ။

"ဪ. . ဦးရီးကကျွန်မရဲ့ ဦးလေးအရင်းကိုသေတွင်းထဲပို့ခဲ့ပြီး ဦးလေးအယောင်ဆောင်ခဲ့တာကိုး. . ဒါကြောင့်မို့လို့ထင်တယ်၊ ကျွန်မဦးလေးကိုစပြီး မြင်ကတည်းက စိတ်ထဲမှာ



www.burmeseclassic.com

www.burmeseclassic.com



တစ်မျိုးကြီးပဲခံစားခဲ့ရတာ မရင်းနှီးချင်သလိုပဲ တော်တော့်ကို ပိရိပါပေတယ်ရှင်"

"အေး. . နင်လည်း ငါ့ဆီမှာ ဒီလောက်အကြာကြီးနေခိုင်ခဲ့တာ ကံကောင်းတယ်မှတ်. . နင့်ကိုလည်းငါဟောဟိုအပင်ကြီးကျွေးပြီး အစဖျောက်ပစ်လို့ရတယ်၊ ဒါပေမယ့် နင်တို့နှစ်ယောက်စလုံး အခုကံမကောင်းနိုင်ကြတော့ဘူး. . ဘာကြောင့်လည်းဆိုတော့ မကြာခင်မှာ နင်တို့ဟာလောကကြီးထဲက နှစ်ယောက်စလုံးပျောက်ကွယ်သွားကြတော့မှာမို့ပဲ. . မင်းတို့ရဲ့အစအနကိုတောင် ရှာတွေ့လို့မရတော့အောင် အခြေအနေက ပေးလာတော့မှာမို့ ဘဝကူးကောင်းအောင်သာ ဆုတောင်းကြပေတော့"

ကပ္ပိယနန္ဒက သူတို့နှစ်ယောက်စလုံးကို မခို့မခန့်အကြည့်မျိုးဖြင့်ကြည့်ကာ ပြောလိုက်လေ၏။ သူ၏ခန့်ညားသောရုပ်ရည်သည် တဖြည်းဖြည်းနှင့် အကျဉ်းတန်လာခဲ့လေ၏။

"ခင်ဗျားဟာ မကောင်းကြံတဲ့ အကျင့်အကြံလမ်းစဉ်ကို လိုက်နေခဲ့တာ ဒီအတိုင်းဆက်သွားခဲ့ရင် တစ်ချိန်မှာအဘအိုလို ပေါက်မြောက်သွားနိုင်တယ်၊ ဒါပေမယ့်အခုချိန်မှာတော့ လမ်းမှားကိုလိုက်ခဲ့တဲ့အတွက် မဖြစ်သင့်တာတွေကို ဖြစ်ခဲ့ရပြီ စိတ်မကောင်းစရာပါပဲဗျာ"

မင်းဒင်က ကပ္ပိယနန္ဒကို စိတ်မကောင်းခြင်းကြီးစွာဖြင့်ကြည့်ကာပြောလိုက်လေရာ. . .

"စိတ်မကောင်းမဖြစ်ပါနဲ့ကွာ. . မင်းတို့နှစ်ယောက်စလုံးကိုဟောဒီသစ်ပင်ကြီးရဲ့ အစာအဖြစ်ကျွေးပြီးရင် ငါ့အလုပ်ကိုပေါက်မြောက်တဲ့အထိ ဆက်ပြီးတော့လုပ်နိုင်တော့မှာပါကွာ"





"ဒီလိုမစ္စရိယစိတ်မျိုးနဲ့ ဆက်လုပ်လို့ကတော့ လုံးဝမအောင်မြင်နိုင်ဘူး ဦးရီးဟာကံငါးပါးကို ကျူးလွန်ချိုးဖောက်ထားတဲ့လူပဲ ဒီလိုအလုပ်မျိုးဆိုတာ စည်းဆောင့်ရတယ်၊ စည်းပေါက်သွားရင် ဆုံးရှုံးမှုတွေနဲ့ပဲ ရင်ဆိုင်ရမှာပဲ. . ခင်ဗျားကို တစ်ခုပြောချင်တယ်၊ ကျွန်တော်တို့ကို လွှတ်ပေးပါ. . ဒီခြံကြီးထဲကနေ အေးအေးဆေးဆေးထွက်သွားမယ်. . ဒီအိမ်ကြီးနဲ့ပတ်သက်ပြီးတော့ရော ဦးလေးနဲ့ပတ်သက်ပြီးတော့ရောဘယ်သူ့မှမသိစေရဘူး. ."

"ကျွတ်ကျွတ်ကျွတ်ကျွတ် ငါ့ကိုဒီလိုအယုံသွင်းလို့မရဘူးလေ. . ဒီခြံကြီးထဲက အပြင်ကိုရောက်သွားတဲ့သူတွေကိုငါကယုံရမှာလား စိတ်လျှော့လိုက်ပါတော့ကွာ. . မင်းတို့နှစ်ယောက်သာ အေးအေးဆေးဆေးနဲ့ နောင်ဘဝကို သွားဖို့ပြင်ဆင်ကြထားကြပါ. . .

ခဏနေရင်. . ဟိုအပင်ကြီးဆီက အဆိပ်ငွေ့တွေထွက်လာလိမ့်မယ်. . အဲ. . အဲ့ဒီအငွေ့တွေကို ရှူမိပြီး မင်းတို့သတိလစ်သွားကြတော့မှ ငါကတစ်ခေါက်ပြန်လာပြီး ယက္ခရဲ့အကူအညီနဲ့ လှောင်အိမ်ထဲက ထုတ်ပေးလိုက်ရုံပဲ အဲ့ဒီတော့အပင်ကြီးရဲ့ လက်တံတွေက မင်းတို့နှစ်ယောက်ကို ရစ်ပတ်ပြီးဆွဲယူသွားမှာပေါ့ကွာ. . ဟဲဟဲ"

ယက္ခသည် သတိပြန်ရလာပြီဖြစ်လေ၏။ သံလှောင်အိမ်ထဲကို ရောက်နေသောမင်းဒင်ကို မကျေမချမ်းဖြင့်ကြည့်နေလေ၏။

မင်းဒင်ရော သက်ပိုင်အတွက်ပါ သေဘေးကနီးကပ်



www.burmeseclassic.com

www.burmeseclassic.com



နေလျက်ရှိနေလေပြီး. . သံလှောင်အိမ်ကြီးထဲ အောက်ခြေတိုင်လေးခုစလုံးသည် အချွန်များဖြစ်နေ၍ ပြင်းထန်စွာကျလာသော အရှိန်ကြောင့် မြေသားထဲမှာ တစ်တော်ကျော်ကျော်ခန့် နစ်မြုပ်ပြီးတော့ ဝင်နေသည်။ မင်းဒင်က မသိမသာမကြည့်သော်လည်း လှုပ်ပင်မလှုပ်ပေ။

"ကိုမင်းဒင်. . ပိုင်တို့လွတ်မြောက်ဖို့အတွက် မလွယ်ဘူးထင်တယ်. ."

"အားမလျှော့ပါနဲ့ပိုင်. . အခြေအနေပေးလာဦးမယ်"

မင်းဒင်ကလေသံတိုးတိုးဖြင့် ပြန်ပြောလိုက်လေ၏။ ပြောမည့်သာပြောရသော်လည်း လွတ်မြောက်နိုင်ရန် လမ်းစကိုရှာတွေ့မရနိုင်သေး။

ထိုစဉ်. . .

အပင်ကြီးဆီမှ အငွေ့များတလူလူဖြင့် နည်းနည်းချင်းထွက်လာသည်ကို မင်းဒင်ကတွေ့လိုက်ရသည်။ ထိုအချိန်တွင် ကပ္ပိယနန္ဒက အပင်ကြီးကို ကျောပေးနေသည့်အတွက် အခြေအနေကိုမသိလိုက်ပေ။

"ပိုင်. . လက်ကိုင်ပုဝါနဲ့နှာခေါင်းကို အမြန်ပိတ်ထား"

မင်းဒင်ကလေသံဖြင့် သတိပေးလိုက်လေသည်။ သက်ပိုင်လည်း သဘောပေါက်သွားခဲ့ရလေသည်။ ကပ္ပိယနန္ဒမမြင်နိုင်စေရန် တစ်ဖက်ကိုအမြန်လှည့်ကာ နှာခေါင်းကိုမင်းဒင်ပေးထားသော ပုဝါဖြင့်ပိတ်ထားလိုက်ရသည်။ မင်းဒင်ကတော့အသက်ကိုအောင့်ထားလိုက်သည်။

ထိုစဉ်မှာပင်လျှင်. . .





မမျှော်လင့်သော အခြေအနေတစ်ခုက ဖြစ်ပွားခဲ့ရလေသည်။ မဟူရာကြောင်နက်ကြီးသည် ဂူလိုဏ်တစ်နေရာမှ ဖျတ်ကနဲဆိုခုန်ထွက်လာခဲ့လေ၏။ ချက်ချင်းလိုလိုပင် ကပ္ပိယနန္ဒ၏ ကိုယ်ပေါ်ကို ကျသွားခဲ့လေသည်။

"အား. ."

မဟူရာကြောင်နက်ကြီးက ကပ္ပိယနန္ဒ၏ လည်ကုပ်ကိုကိုက်ခဲလိုက်သည်။ ကပ္ပိယနန္ဒသည် ကုပ်မှာခဲနေသောကြောင်နက်ကြီးကို လက်တစ်ဖက်ဖြင့် ဆွဲခွာချနေစဉ်မှာပင်. . အကျီအိတ်ထဲကသော့တွဲက အပြင်ကိုထွက်ကျသွားခဲ့လေသည်။ သော့တွဲသည် သံလှောင်အိမ်နားကို ကံအားလျော်စွာပင်ရောက် သွားခဲ့လေသည်။

အသက်ကိုအောင့်ကာ နှာခေါင်းပိတ်ထားသော မင်းဒင် သည်သော့တွဲကိုလျှင်မြန်စွာ ကောက်ယူလိုက်သည်။ ထို့နောက်လက်ကိုအပြင်သို့ထုတ်ပြီး သော့ပေါက်ထဲသို့ထည့်ကာ တစ်ချောင်းချင်းဖွင့်သည်။ သုံးချောင်းမြောက်မှ ပွင့်သွားခဲ့လေ၏။

"ထောက်"

"ဟာ. . . ရပြီ"

မင်းဒင်ဝမ်းသာသွားခဲ့ရသည်။ ထိုအပင်ကြီးမှထွက်လာသော စိမ်းရွှေရွှေအနံ့အသက်ကို မရှူမိစေရန် အသက်ကိုအောင့်ထားခဲ့ရသည်။ သက်ပိုင်သည်လည်း ပုဝါဖြင့်နှာဝကိုပိတ်ထားခဲ့ရသည်။

"လာ. . မြန်မြန်ထွက် ပိုင်"



www.burmeseclassic.com

www.burmeseclassic.com



သက်ပိုင်ကို လက်မောင်းမှကိုင်ကာ ဆွဲထုတ်လိုက်လေသည်။ အသက်ကိုအောင့်ထားကြသော်လည်း အနံ့အသက်များသည်နားထဲ၊ ပါးစပ်ထဲစသည့် ဒွါရများထဲမှလည်း ဝင်နိုင်ကြလေသည်။ခေါင်းထဲမှာပင် သရိုးသရီနှင့် ဖြစ်လာခဲ့ကြလေသည်။

"ပိုင်. . ဝေးဝေးကိုသွား"

မင်းဒင်က သက်ပိုင်ကိုကျောပြင်မှ တွန်းလွှတ်လိုက်လေသည်။ ကြောင်တစ်ကောင်၏ တိုက်ခိုက်မှုကို ခံနေရသော ကပ္ပိယနန္ဒသည် သူ့အနားကို ရောက်လာသောမင်းဒင်ကို ရိပ်ကနဲဆို မြင်လိုက်ရလေသည်။

"ဟင်. . မင်းတို့ဘယ်လိုလုပ်ပြီးတော့ လွတ်လာကြ"

အံ့အားသင့်သွားခဲ့လေသည်။ လန့်ပြီးတော့ ရန်ရှာမည်အပြုမှာ အပင်ကြီးဆီက နှာမောင်းလက်တံကြီး သုံးလေးခုက ကျောပေးထားသော ကပ္ပိယနန္ဒကို ခါးမှ၊ ရင်ဘတ်မှ တစ်ပြိုင် တည်းရစ်ပတ်လိုက်ကြလေသည်။ ထို့နောက် ဆောင့်ဆွဲပြီးတော့ ယူသွားခဲ့လေသည်။

"အား"

ကပ္ပိယနန္ဒသတိလက်လွတ်ဖြစ်သွားခဲ့ရလေ၏။ မသိမသာထွက်လျက်ရှိသော အနံ့အသက်မှာကို အားပါးတရ ပင်ရှူမိလိုက်လေ၏။ ချက်ချင်းမှာပင် ဦးနန္ဒဇက်ကျိုးပြီးတော့ ကျသွားခဲ့သည်။ နှာမောင်းလက်တံကြီးများက ဦးနန္ဒ၏ကိုယ်ကို ရစ်ပတ်ကာ အပင်ကြီးဆီကို တရွေ့ရွေ့ဖြင့် ဆွဲယူလျက်ရှိနေလေပြီ။ ကပ္ပိယနန္ဒနှာမောင်လက်တံကြီးများ ဆွဲခေါ်ရာကို မတ်တပ်ကြီးပါသွားသည်။





"ဟာ. . ပါသွားပြီ"

လျှင်မြန်သောအရှိန်ဖြင့်ပါသွားသော ကပ္ပိယနန္ဒ၏ အဖြစ်ကို တအံ့တသြဖြစ်ပြီး ကြည့်နေလိုက်မိသည်။ မိမိမည်သို့ ကြံရမှန်းမသိ ကိုယ်တိုင်လည်း အသက်ကိုအောင့်ထားရသည်မှာ ကြာမြင့်လှလေပြီ။

ယက္ခသည်မြေပြင်ထက်မှာ စန့်စန့်ကြီးရှိနေဆဲ၊ သတိရလာပြီဖြစ်သော်လည်း မထနိုင်သေး။ အပင်ကြီးဆီက ထွက်လာသောအဆိပ်ငွေ့ပါးပါးလေးများကို မမြင်ရသော်လည်း အာနိသင်က ပြင်းလှသည်။ အကြောအချင်များက ဆိုင်းနေသည်။

သူ့ဘေးနားမှာ ပုဆိန်တစ်လက်၊ သို့သော်. . မင်းဒင်နှင့် အလှမ်းကွာဝေးနေသည်။ မင်းဒင်သည် သက်ပိုင်ကို လှမ်းကြည့်လိုက်သည်။ မင်းဒင်၏အကြည့်ကို သူမကသဘောပေါက်သွားခဲ့လေ၏။

သက်ပိုင်သည် ပုဆိန်ဆီကိုပြေးကာသည်။ ပုဆိန်မှာ ပုဝါကိုပတ်ပြီး မင်းဒင်ကိုပစ်ပေးလိုက်လေ၏။ မင်းဒင်က ဖမ်းယူပြီးပါးစပ်ဟာ၍ အသက်ရှူလိုက်ကာ ပုဝါကိုနှာခေါင်းမှာ ပတ်ပြီး စည်းလိုက်လေ၏။

ကပ္ပိယနန္ဒသည် ပျော့ခွေနေသော ကိုယ်လုံးကြီး ကိုယ်လုံးကြီးဖြင့် အဆိပ်ပင်ကြီးဆီ ဆွဲခေါ်ရာကို တရွေ့ရွေ့ဖြင့် လိုက်ပါနေလျက်ရှိနေပေပြီ၊ ပင်ခြေအောက်ရှိ ပါးစပ်ကြီးနှင့် တူသောအရာကလည်း တဖြည်းဖြည်းနှင့် ပွင့်လာခဲ့လေပြီ။ ယင်းအပေါက်ကြီး၏ အတွင်းဘက်မှာ နီရဲနေလျက်ရှိသည်။

နှာမောင်းလက်တံကြီးသုံးခုက ကပ္ပိယနန္ဒ၏ ခါးကို



www.burmeseclassic.com

www.burmeseclassic.com



မြုံမြုံစွာပင် ရစ်ပတ်ထားကြလေသည်။ မင်းဒင်သည် ထိုအပင်ကြီးဆီကိုပြေးဝင်သွားပြီး ဦးနန္ဒအား ရစ်ပတ်ထားသော နှာမောင်းလက်တံနှင့်တူသော ရွက်ပြားကြီးများကို ပုဆိန်နှင့် တစ်ချက်ပြီးတစ်ချက် ခုတ်ချပစ်လိုက်သည်။

"ရှီး"

"ရှီး"

ပုဆိန်ချက်မိ၍ ပြတ်ထွက်သွားသောနေရာမှ တရှီးရှီးဖြင့်အော်ကာသွေးများက ပန်းထွက်လာကြသည်။ နောက်ထပ်လက်တံရှည်ကြီးများသည် အသည်းယားစဖွယ် လှုပ်ရမ်းနေကြကာ မင်းဒင်နှင့်ကပ္ပိယနန္ဒကို ရစ်ပတ်ရန်ကြိုးစားလာကြသည်။ ဒေါသခက်ထန်လျက်ရှိသော မြွေဟောက်ကြီးများနှင့်တူနေကြလေသည်။

မင်းဒင်သည် ထိုလက်တံကြီးများကို ပုဆိန်ဖြင့်ပိုင်းကာပိုင်းကာဖြတ်ချနေလေသည်။

"ရှီး"

နှာမောင်းလက်တံရွက်ပြားပြတ်ကြီးများမှာ ရှီးကနဲမြည်ကာမြည်ကာ သွေးများက ပန်းထွက်လာခဲ့ကြသည်။

"အား"

"အိး"

နာကျင်စွာအော်ဟစ်လိုက်သည့်အသံကို မမျှော်လင့်ဘဲကြားလိုက်ရသလိုပင် ယင်းအပင်ကြီးဆီကများ ထွက်ပေါ်လာခဲ့လေသလား။ တခြားကများ ထွက်ပေါ်လာခဲ့သည့် အသံများလားဟု ယင်းအသံသည် တခြားဆီက ထွက်ပေါ်လာနိုင်ရန်





အကြောင်းမရှိပေ။

"ငါပဲ. . နားကြားလွဲသလား"

အော်သံပျောက်ကွယ်သွားသည်။ နှာမောင်းလက်တံရွက်ပြားများသည်လည်း တဖြည်းဖြည်းနှင့် ပြန်ပြီးတော့ ရုပ်သွားခဲ့ကြသည်။ အပင်ကြီးကိုပြန်ပြီးတော့ ရစ်ပတ်သွားခဲ့ကြလေသည်။ လက်တံအပြတ်ကြီးများက မြေပြင်ပေါ်မှာ တဖျတ်ဖျတ်နှင့်လွန့်လူးလျက်ရှိနေကြလေသည်။ မြေအကောင်ပြတ်များ သွေးတလူးလူးနှင့် အသက်ငင်နေကြသကဲ့သို့ပင် အခိုးအငွေ့များသည်လည်း တဖြည်းဖြည်းနှင့် ပါးလျားသွားခဲ့လေသည်။ ပင်ခြေအထက် တစ်ထောင်အကွာလောက်ရှိ ပါးစပ်ပေါက်ကြီးနှင့်တူသော အရာကြီးသည်လည်း တဖြည်းဖြည်းနှင့် ပြန်ပြီးတော့ပိတ်သွားခဲ့ကြလေသည်။

မင်းဒင်သည် အပင်ကြီးဆီကို ပြေးဝင်သွားပြီး ပုဆိန်ဖြင့် ဆက်ကာဆက်ကာ ပိုင်းချပစ်လိုက်လေ၏။

"ရှီး"

ပန်းထွက်လာကြသောအရာများသည် အားလုံးသွေးအတိပင် မင်းဒင်ကိုယ်ပေါ်မှာလည်း ရွှဲရွှဲစိုနေလျက်. . .

"ကိုမင်းဒင်. . ."

သက်ပိုင်သည် မင်းဒင်ဆီကို ပြေးလာခဲ့သည်။ ထို့နောက် မင်းဒင်၏ခါးကို ဖက်တွယ်ထားလိုက်လေ၏။

"တော်ပါသေးရဲ့. . ပိုင်တို့ဘာမှမဖြစ်ကြလို့"

"ကံတရားရဲ့ အထောက်အကူပြုသွားခဲ့တာပဲ. . ပိုင်ဒီလူကြီးလည်းသတိလစ်နေတယ်၊ ဒါပေမယ့် မကြာခင်မှာ



www.burmeseclassic.com

www.burmeseclassic.com



သတိရလာမှာပါ"

သတိလစ်နေသော ကပ္ပိယနန္ဒကို ပခုံးထက်မှာထမ်းကာ အပင်ကြီးနှင့်ဝေးသောနေရာကို ခေါ်သွားပြီး မြေပြင်မှာချထားလိုက်သည်။

ယက္ခသည် တစ်ကိုယ်လုံးလှုပ်ရှားလာနိုင်ပြီဖြစ်၍ နေရာမှထလာခဲ့လေသည်။ မှုံနောက်ဝေနေ၍ ခန္ဓာကိုယ်က ဒယိမ်းဒယိုင်နှင့် ဖြစ်နေသည်။

"ခင်ဗျား. . သူ့ကိုသတ်လိုက်တာလား"

မပီမသလေသံဖြင့် မေးလိုက်သည်။ စကားပြောရာပင် လျှင်အားယူပြီးတော့ ပြောရသည်။ တော်တော်ကိုပြင်းသည့် အဆိပ်ငွေ့ပင်၊ ယင်းအငွေ့ကိုရှူမိသည့်အတွက်ကြောင့်ပင် ဂယောင်ချောက်ချားဖြစ်ကာ စိတ်ထဲမှာ ထင်ချင်ရာထင်၊ မြင်ချင်သလိုဖြစ်လာခဲ့သည်ပဲလား. . .

"ကျုပ်လက်ချက်မဟုတ်ဘူး၊ ခင်ဗျားမြင်တယ် မဟုတ်လား. . . ဟိုအပင်ကြီးရဲ့လက်ချက်ဆိုတာကို၊ ဒါပေမယ့် ခင်ဗျားရဲ့ဆရာကသေဘူး. . . သတိလစ်နေတာ"

ယက္ခသည် စိတ်သက်သာရာရသွားခဲ့လေသည်။ အပင်သည် မြေပြင်အထက် နှစ်တောင်အထက် နှစ်တောင်လောက်ပဲမြင့်တော့သည်။ အစေးများမထွက်ပဲ သွေးများလိုလို အရည်များက တဗျစ်ဗျစ်နှင့်ပန်းပြီးတော့ ထွက်နေလေသည်။

ကပ္ပိယနန္ဒမှာ မကြာမီမှာပင် သတိရလာခဲ့သည်။ သို့သော် အားအင်တွေကုန်ခန်းနေသည်။ အကြောတွေ ဆိုင်းနေသလိုခံစားနေရသည်။ သူဘာဖြစ်ခဲ့သည်ကို သိနေသလိုပင်။





"မင်းက ငါ့အလုပ်ကို နှောက်ယှက်တာပဲ"

လေသံဖြင့်မနည်းအားယူပြီးတော့ ပြောရသည်။

"ကျွန်တော်သာ ဒီလိုမနှောင့်ယှက်ရင် ဦးရှီးသေတာ ကြာပြီ. . ဟိုအပင်ကြီးကဦးရှီးရဲ့ အသွေးအသားတွေကို ဝါးမြို တော့မလို့ သိရဲ့လား"

မင်းဒင်ကပြောပြလိုက်တော့မှ အလုံးစုံပြန်ပြီးတော့ သတိရလာခဲ့လေသည်။ မိမိကိုအပင်ကြီး၏လက်ငံများက ရစ်ပတ်ပြီးဆွဲခေါ်ခဲ့သည်များ အဆိပ်ငွေ့မိသွားခဲ့သည်များ. .

"မင်းကငါ့ကို ကယ်ခဲ့တာပေါ့ ဟုတ်လား. . ."

"ဟုတ်တယ် လူတစ်ယောက်ရဲ့အသက်တစ်ချောင်းဟာ တန်ဖိုးရှိတယ်လေ. . ကျွန်တော်ကဥပေက္ခာပြုထားနိုင်ပါ့မလားဗျာ. ."

"မင်းကငါ့ကို အကောင်းကယ်တာမဟုတ်ပါဘူးကွာ. . မင်းမှာရည်ရွယ်ချက် တစ်ခုခုတော့ရှိရမယ်. . ဟုတ်တယ် မဟုတ်လား. . ဟဲ. . ဟဲ"

ကပ္ပိယနန္ဒက ဂူနံရံကို မှီရင်းလေသံသဲ့သဲ့ဖြင့် ပြောလိုက်လေသည်။ သူ၏မျက်လုံးတွေထဲမှာ စဉ်းလဲမှု တွေ့လိုက်ရသလိုပင်။

သိပ်မကြာလိုက်ပါ. . .

ထူးခြားချက်များက ဖြစ်ပေါ်လာခဲ့ကြလေသည်။ ဥမင်ဂူလမ်းကြောင်းပေါ်မှ တဖုတ်ဖုတ်နှင့် ပြေးလွှားနေကြသော အသံများကို မမျှော်လင့်ပဲ ကြားလိုက်ရလေသည်။ ကပ္ပိယနန္ဒမှ လွဲ၍ အားလုံးသောမျက်လုံးအစုံသည် အသံထွက်ပေါ်လာရာဆီကို လှည့်ကြည့်လိုက်ကြလေသည်။



www.burmeseclassic.com

www.burmeseclassic.com



အသံက တဖြည်းဖြည်းနှင့်နီးကပ်လာခဲ့လေသည်။

"ဝေါင်း"

မကြာမီ. . .

ဒေါသတကြီးနှင့် ဟိန်းဟောက်လိုက်သော ကျားဟိန်းသံကြီးက ထွက်ပေါ်လာခဲ့လေသည်။ ချက်ချင်းလိုလိုပင် ကျားကြီးတစ်ကောင်၏ အသွင်သဏ္ဌာန်က ဘွားကနဲပင် ပေါ်လာခဲ့လေရာ. . .

"ဟား. . ဟား ဟား ဟား. . .၊ သင်းတို့တတွေကို ကိုက်သတ်လိုက်စမ်း၊ အကြောင်းပြလိုက်စမ်း. . ."

ကပ္ပိယနန္ဒ၏ ရှူးသွပ်သလို ရယ်မောလိုက်သံအဆုံးမှာ ဒေါသထွက်နေသော ကျားကြီးသည် မင်းဒင်နှင့်သက်ပိုင်တို့၏ ကိုယ်ပေါ်ကို တစ်ချက်တည်းနှင့် ခုန်အုပ်လိုက်လေရာ. . .

"အို. . အမလေး"

သက်ပိုင်၏ အလန့်တကြားအော်လိုက်သံက ထွက်ပေါ်အလာ၊ မင်းဒင်၏လက်ထဲသို့ ပစ္စတိုသေနတ်တစ်လက်က အလိုလိုပင် ရောက်လာခဲ့သည်။ ကိုယ်ထဲကနေ ဆွဲထုတ်လိုက်သည်ကိုမည်သူမျှမသိ၊ မမြင်လိုက်. . .၊ သိုသိပ်လွန်းလှသည်ပင်

"ဒိုင်း"

"ဒိုင်း"

သေနတ်သံနှစ်ချက်က ဆက်တိုက်ပင် ထွက်ပေါ်လာသည်။ ကလိုဏ်ထဲမှာ ပေါက်ကွဲသံက ဟိန်းပြီးတော့ ထွက်သွားခဲ့လေသည်။ ကျားကြီး၏နဖူးပြင်တည့်တည့်ကို ကျည်ဆံနှစ်တောင့်က ဆက်တိုက်ပင်ဝင်သွားခဲ့လေသည်။





ကျားကြီးသည် လေထဲမှနေ၍ အောက်ကိုပစ်ပြီးတော့ ကျသွားခဲ့လေသည်။

မရှေးမနှောင်းမှာပင်လျှင်

ခွေးနက်ကြီးတစ်ကောင်ကလည်း ပြေးဝင်လာခဲ့ပြန်သည်။ ကပ္ပိယနန္ဒ . . . သားစိမ်းငါးစိမ်းများကျွေးထားသောခွေးနက်ကြီးပင်၊ လွန်စွာမှပင် ရိုင်းစိုင်းခက်ထန်လျက်ရှိနေလေသည်။ ပါးစပ်ကြီးကို ဖြဲကာ၊ အစွယ်ဖွေးဖွေးဖြင့် ကြောက်စရာကောင်းအောင် မာန်ဖီပြီးတော့ ဝင်လာခဲ့သည်ဖြစ်ရကား. . .

"ဒိုင်း. . ဒိုင်း. ."

မင်းဒင်ကပင် ခွေးကြီးကိုပစ်ချလိုက်ရသည်။ ခွေးနက်ကြီးသည် အောက်ကိုဘိုင်းကနဲ ပစ်ကျသွားခဲ့လေ၏။

ကပ္ပိယနန္ဒသည် မမျှော်လင့်ပဲ ဖြစ်ပျက်ခဲ့သည်များကြောင့် အံ့အားသင့်သွားခဲ့ပြီး မိမိမျက်လုံးတွေကိုပင် မယုံကြည်နိုင်အောင် ဖြစ်သွားခဲ့ရပါ၏။

ကျားကြီးနှင့်ခွေးနက်ကြီးတို့ကား. . ရန်သူကို မတိုင်ခိုက်မီမှာပင်လျှင် အသက်ပျောက်သွားခဲ့ကြရလေပြီ. . ။

"မင်း. . မင်း. . ငါ့အကောင်တွေကို သတ်ပစ်လိုက်ပြီဟုတ်လား. . မင်း. . မင်းကဒီအထဲကို လက်နက်နဲ့ ဝင်လာခဲ့တယ်ဆိုတော့ မင်း. . မင်းက ဘယ်သူလဲ"

ကပ္ပိယနန္ဒသည် စကားအထစ်ထစ်အငေါ့ငေါ့နှင့် ဖြစ်သွားခဲ့ရလေသည်။ မင်းဒင်ကိုလုံးဝပင် သက်ာမကင်းဖြစ်သွားခဲ့ရလေ၏။



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်တော်လား ဦးရီးကသိပ်ပြီး သိချင်နေတယ်ပေါ့ ဒါဆိုလည်း ပြောပြရတာပေါ့ ကျွန်တော်ကဒီအိမ်ကြီးနဲ့ပတ်သက်ပြီးစုံစမ်းစစ်ဆေးဖို့ ရောက်လာခဲ့တဲ့ စုံထောက်အင်စပက်တာကံရာဇာဆိုတဲ့လူပဲ. . ဦးရီး ဒါဆိုရင်သဘောပေါက်ရောပေါ့. ."

"ဟင်. . မင်း. . မင်းဟာ စုံထောက်အင်စပက်တာကံရာဇာ ဟုတ်. . ဟုတ်လား"

ကပ္ပိယနန္ဒမှာ ပါးစပ်အဟောင်းသားနှင့် ဖြစ်သွားခဲ့ရလေသည်။မင်းဒင် (ခေါ်) ကံရာဇာသည် သူ၏အင်္ကျီအိတ်ထဲကမီးခြစ်ဗူးသာ အရွယ်ရှိပစ္စည်းလေး တစ်ခုကို ထုတ်ပြလိုက်သည်။ အသံဖမ်းကရိယာလေးတစ်ခုပင်။

"ဒါဟာဦးရီးပြောပြထားတာတွေကို အသံဖမ်းထားတဲ့စက်ကလေးပဲ အားလုံးကိုမှတ်တမ်းတင်ထားတယ်"

"မင်းကငါ့ကို ဘာအမှုနဲ့ ဖမ်းမှာလဲကံရာဇာ"

"အပြစ်မဲ့လူတွေရဲ့ အသက်ကိုရန်ရှာမှု၊ ဒီအိမ်ပိုင်ရှင်ဦးနန္ဒကို သေကြောင်းကြံစည်မှု သေတွင်းထဲကိုပို့ခဲ့တဲ့ ခိုင်လုံတဲ့အကြောင်းရင်းကို ဦးရီးကိုယ်တိုင်ပြောပြခဲ့ပြီးပြီလေ. . ပြီးတော့သက်ပိုင်ကို ဖျားယောင်းသွေးဆောင်ပြီး အိမ်ကြီးထဲမှာ မတရားချုပ်နှောင်ထားမှုတို့ပဲ ကဲ. . ဦးရီးငြင်းချက်တွေ ပေးနိုင်မယ်ဆိုရင်တော့ တရားရုံးကျမှပဲ ကိုယ့်ကိုယ်ကို ကာကွယ်တော့ပေါ့ဗျာ"

စုံထောက်အင်စပက်တာကံရာဇာသည် ကပ္ပိယနန္ဒနှင့်





ကျွန်းပြန်ယက္ခတို့ကို သေနတ်နှင့်ချိန်ထားလိုက်သည်။ သက်ပိုင်သည်သူမသာမာန်လူဟု ထင်နေခဲ့သူက စုံထောက်အင်စပက်တာတစ်ဦးဖြစ်နေ၍ အံ့အားသင့်သွားခဲ့ရလေသည်။ အဆိပ်ငွေ့သင့်ထားခြင်းခံကြရ၍ အာရုံကြောများ အားနည်းနေကြသောကပ္ပိယနန္ဒနှင့်ယက္ခတို့မှာ ကံရာဇာ၏ ရှေ့မှောက်မှာ လည်စင်းပေးလိုက်ကြရလေပြီ။

❑ ❑ ❑



www.burmeseclassic.com

www.burmeseclassic.com

(၂၄)

**မာယာအဆီပ်ပင်ကြီး၏နိဂုံး**

ကိုထူးသည် ကံရာဇာကိုကြည့်ပြီး အံ့အားသင့်မဆုံး
တော့ပေ။
"လက်စသတ်တော့ စုံထောက်အင်စပက်တာကံရာဇာ
ဆိုတာမင်းကို ငါကတခြားသူမှတ်နေတာ မင်းကွာငါ့ကိုတောင်
အသိမပေးဘူး စုံထောက်ပီပီ ပိပိရိရိကို လျှို့ဝှက်ထားတာပဲ"
"အေးငါလည်း တာဝန်အရမို့ မပြောဖြစ်ခဲ့တာပါကွာ. .
ပြီးတော့ ငါလာခဲ့တဲ့ကိစ္စကလည်း အထူးလျှို့ဝှက်ထားရမှာ
ဆိုတော့. ."
"အေးပါကွာ. . ငါသဘောပေါက်ပါပြီ မင်းရဲ့အလုပ်
ကိုငါဝင်ပြီး မစွက်ဖက်လိုတော့ပါဘူးကွာ. ."
ကိုထူးက ခေါင်းတညိတ်ညိတ်နှင့် ရှိနေလေသည်။
ကံရာဇာသည် လွန်စွာမှပင် သိုသပ်လွန်းလှချေသည်တကား။





တစ်ကပ်တော့ကိုထူးသိထားသည်က ကျောင်းနာမည်
မင်းဒင်ပင်။
"ဒီအိမ်ကြီးဟာ နာမည်ကြီးနေတာကြာပြီ လူပြော
သူပြောများနေတာ ရာဇဝတ်မှုကျူးလွန်မယ့် လူတွေကခြေကုပ်
ယူထားကြသလားဆိုပြီးတော့ ငါဝင်ပြီးထောက်လှမ်းတာ မထင်
မှတ်တဲ့ အကြောင်းအရာတွေက ဖြစ်လာခဲ့တာပဲကွ. ."
"အေးကွာ. . ဒီကပ္ပိယနန္ဒဆိုတဲ့ လူကြီးကဒီအိမ်ကြီးထဲ
မှာခိုအောင်းနေတာ ကြာပြီပဲ လျှို့ဝှက်ပြီးတော့ ဝင်ထွက်နေ
တော့ တော်ရုံလူတွေက သူ့ကိုမမြင်ဖူးကြတာပဲ မင်းဒင်"
"ဒီအိမ်ကြီးကို သက်ဆိုင်ရာက ဘယ်လိုဆက်ပြီး
ထိန်းသိမ်းထားမလည်း မသိဘူး၊ တစ်ကယ်တော့ ကပ္ပိယနန္ဒ
ဟာလူကောင်းတစ်ယောက်ပါကွာ ဟိုအပင်ကြီးကြောင့် သူ့စိတ်
တွေပြောင်းလည်း သွားခဲ့ရတာ. . သူအဂ္ဂိရတ်အလုပ်နဲ့
အေးအေးဆေးဆေးနေနေတာ အခုတော့ပရောဂဖက်ပြီး
လမ်းကြောင်းလွဲသွားခဲ့တာမို့ နှမြောစရာကောင်းတယ်ကိုထူးရာ"
ထိုစဉ်. . .
သက်ပိုင်သည် တည်းခိုခန်းအပေါ်ထပ်မှ ဆင်းလာ
ခဲ့သည်။
"ဟော. . ဟိုမှာသက်ပိုင် ဆင်းလာပြီကွဲ"
"ငါပိုင့်ကို ဒီကနေ့ပဲ ရန်ကုန်ကိုခေါ်သွားမယ်ကွ. . .
ဟိုကိုရောက်မှပဲ သူသွားချင်တဲ့နေရာကို ပို့ပေးရမှာပဲ. ."
"မင်းတို့ပြောတော့ သက်ပိုင်ကဆွေးမျိုးမရှိဘူးဆို
အဲ့ဒီတော့. . ."



www.burmeseclassic.com

www.burmeseclassic.com



ကိုထူး၏အကြည့်က ကံရာဇာအပေါ်မှာ တစ်မျိုးပင်. .

"ဟာကွာ. . မင်းကလည်းငါ့ကို ဒီလိုအကြည့်ပါနဲ့ကွာ"

"ငါကရိုးရိုးကြည့်တာပါ မင်းဒင်ရာ"

"အံမာ. . မင်းရဲ့အကြည့်ကို သိပါတယ်ကိုထူး"

ရယ်မိလိုက်ကြသည်။ သက်ပိုင်ကအနားကို ရောက်လာ၍ မျက်နှာတည်လိုက်ကြသည်။

"ဩော်. . ပိုင်ကိုယ်တို့ဒီကနေ့ပဲ ရန်ကုန်ကို ဆင်းကြမယ် အဆင်သင့်ပြင်ထားနော်"

"ဟုတ်ကဲ့"

သက်ပိုင်သည် ကိုထူး၏ရှေ့မှာမို့ ရွံ့တွန့်တွန့် အမူအရာလေးဖြစ်နေလေသည်။

"ကျွန်တော်သူငယ်ချင်းမင်းဒင်. . အဲကံရာဇာက လူတစ်ဖက်သားအပေါ်မှာ နားလည်ပေးတတ်ပါတယ်ဗျာ. . မသက်ပိုင်ကိုလည်း သူကစောင့်ရှောက်ပြီးတော့ ခေါ်သွားမှာပါလေ"

"ဟုတ်ကဲ့"

သက်ပိုင်မှာ မည်သည့်စကား ပြန်ပြောရမှန်း မသိ၍ ဟုတ်ကဲ့လိုက်မိရလေသည်။ တစ်ကယ်စဉ်းစားတတ်လျှင် ကိုထူး၏စကားက အဓိပ္ပါယ်များစွာရှိလေသည်။

အမှုကိစ္စကြောင့် ဤမြို့မှာ တစ်ပတ်လောက် ကြာသွားသည်။

"ကဲကိုထူး. . ငါတို့လည်းမင်းကို ဒုက္ခပေးတာကြာသွားပြီ. . မနက်ဖြန်မနက်ပဲ ပြန်ကြတော့မယ်ကွာ. . . ခုလိုကူညီခဲ့





တာတွေ ကျေးဇူးတင်လို့ မဆုံးပါဘူးကွာ"

"မလိုပါဘူးသူငယ်ချင်းရာ မင်းအတွက်ဆိုရင် ငါက ဘာပဲလုပ်ပေးရ လုပ်ပေးရပါကွာ. . မင်းပြန်သွားရင် ငါ့ကိုလည်း အဆက်အသွယ် မဖြတ်လိုက်ပါနဲ့. . အဲနောက်တစ်ခါလာရင် တစ်ယောက်တည်းမလာခဲ့နဲ့တော့ကွာ. . ဟဲဟဲ ငါကတာဝန်နဲ့ လာတာမျိုး မဖြစ်စေချင်ဘူး မင်းဒင်"

ကိုထူးက မျက်စိတစ်ဖက် မှိတ်ပြလိုက်လေသည်။

"ဟာကွာ. . မင်းကလည်း ဟိုမှာ ပိုင်ကြားသွားဦးမယ်"

"ငါကတမင် ကြားအောင်ပြောတာကွ"

ကိုထူး၏နှုတ်ကို ပိတ်၍မရတော့ပေ။ တစ်ချိန်လုံး အရွှန်းစကားများဖြင့်သာ ဖောက်နေလေသည်။

နံနက်လင်းအားကြီးအချိန်လောက်မှာပင် ကားက တည်းခိုခန်းမှ ထွက်လာခဲ့သည်။ သက်ပိုင်သည် ကံရာဇာ၏ ဘေးမှာငြိမ်သက်စွာပင် လိုက်ပါလာခဲ့လေသည်။ နှစ်ဦးစလုံးက ကိုထူးကိုလည်း နှုတ်ဆက်ခဲ့ကြလေပြီ။ ကားသည် လမ်းမကြီး ပေါ်ကိုရောက်လာခဲ့လေသည်။ မိုးလင်းရန်လိုသေးသည်။

ကံရာဇာသည် ကားမီးကိုထိုးရင်း တစ်ချိန်လုံး သတိထား ကာမောင်းလာခဲ့သည်။

"ပိုင်"

"ရှင်"

"ဘာမှအားမငယ်နဲ့နော်. . ကိုယ်ပိုင့်ကို လိုအပ်တဲ့ အကူအညီတွေ အားလုံးပေးပါ့မယ်"

"ဟုတ်ကဲ့"



www.burmeseclassic.com

www.burmeseclassic.com



"ကိုယ့်ကိုယ့်ကြည့်တယ်မဟုတ်လားပိုင်"

"ယုံကြည်လို့ပဲ ကိုမင်းဒင် အဲကိုကံရာဇာနဲ့အတူ လိုက်လာခဲ့တာပေါ့. . ပိုင်သာကိုကံရာဇာနဲ့ မတွေ့ခဲ့ရင် ဟိုအိမ်ကြီးထဲမှာ တစ်သက်လုံးနေသွားရမယ်. . မသိဘူးနော်. . ပိုင်လွတ်မြောက်သွားအောင်ကူညီခဲ့တဲ့အတွက် ကျေးဇူးတင်လိုက်တာ"

"ကျေးဇူးတင်စရာမလိုပါဘူးပိုင်ရယ်၊ အမှန်တော့ ဒီအိမ်ကြီးကို အပြင်ကနေကြည့်ရင် လူမနေသလိုပဲ တကယ်တမ်းကိုယ်အထဲကိုရောက်သွားတော့မှ ပိုင်တစ်ယောက်အကျဉ်းကျနေမှန်းသိရတော့တယ်"

"တော်တော့်ကို ခြောက်ချားဖို့ကောင်းတဲ့နေရာပဲ ပိုင်တော့ဒီအတိုင်းသာဆက်ပြီးတော့ နေသွားရရင်. . ခံနိုင်ရည်ရှိမှာ မဟုတ်တော့ဘူး"

ကားသည် လမ်းမကြီးပေါ်မှ ပြေးနေရာက တစ်နေရာကိုအရောက်တွင် ရပ်လိုက်ကာ ဝဲဘက်ကိုလှမ်းပြီးတော့ ကြည့်မိလိုက်လေ၏။

တောင်ကုန်းမြင့်၏အောက်ဖက်မှာ အတော်ခပ်ဝေးဝေးတစ်နေရာ၌ အိမ်မြင့်ကြီးကို လှမ်းပြီးတော့ မြင်လိုက်ရလေသည်။ ဤအိမ်ကြီးထဲမှာ လူသူကင်းမဲ့လျက်ရှိနေလေပြီ။ လှုပ်ရှားနေသောသတ္တဝါများသည် ကြွက်အစရှိသော ပိုးမွှားကောင်များသာဖြစ်ပေလိမ့်မည်။

ထို့အပြင်. . .

လူပြောသူပြောများနေသော အကြောင်းရင်းခံသည်ကား ပရလောကသားများနှင့် ပတ်သက်၍ပင်တည်း။ ခေတ်အဆက်ဆက်က အကြောင်းအမျိုးမျိုးကြောင့် သေဆုံးသွားခဲ့ကြကာ အနေကြာလာခဲ့သော ဝိညာဉ်တစ္ဆေများ၊ ပရလောကသားများသည်ဤအိမ်ကြီးထဲမှာ ရှိနေကြသည်ဟူ၍ နေထိုင်သွားလာကျက်စားနေကြသည်ဟူ၍ပင် ဤကားအထင်နှင့်ပြော အထင်နှင့်လက်ခံထားကြသည့် မသေချာ၊ မရေရာသည့် စကားများပင်တည်း။

"သွားကြပါစို့. . ကိုကံရာဇာ"

သက်ပိုင်က အမှောင်ထဲရှိအိမ်ကြီးဆီကို လှမ်းကြည့်နေမိရာကမျက်နှာကို ချက်ချင်းပင်လွှဲကာ ပြောလိုက်လေ၏။ ကံရာဇာက သူ၏လက်ဖဝါးကို ဆုပ်ကိုင်ဖျစ်ညှစ်ကာ အားပေးလိုက်သည်။ သူမအကျဉ်းကျခံခဲ့ရသည့် နရသိန်အကျဉ်းထောင်စံအိမ်ကြီး၏ အပြင်သဏ္ဌာန်ကိုရေးရေးသော်မှ မမြင်လိုတော့ပြီ။

ကံရာဇာသည် ချက်ချင်းပင်ထိုနေရာမှ ထွက်လာခဲ့သည်။ ဝက်ဘာစံအိမ်ကြီးကတော့ နောက်မှာဝေးသထက်ဝေးကာ ကျန်ရစ်ခဲ့လေပြီ။

ထိုစဉ်. . .

ကားခေါင်မိုးပေါ်ကို ခုန်တက်လာသော သဏ္ဌာန်တစ်ခုကားကိုချက်ချင်းပင် ရပ်လိုက်ရလေသည်။ ကားစက်ဖုံးပေါ်ကိုရောက်လာသောသတ္တဝါကား မဟူရာကြောင်နက်ကြီးပင်တည်း။ ကြောင်နက်ကြီးသည် ကံရာဇာနှင့် သက်ပိုင်တို့ကို စူးလက်သောမျက်လုံးအစုံဖြင့် ကြည့်နေလျက်ရှိနေလေသည်။

"ဟင်. . မဟူရာကြီးပဲ သူဟိုအိမ်ကြီးထဲက ဘယ်လိုထွက်လာခဲ့သလည်း မသိဘူးကိုကံရာဇာ"







www.burmeseclassic.com

www.burmeseclassic.com



"သူဒီအိမ်ကြီးထဲမှာ နေလာခဲ့တာကြာပြီပဲ အဝင်အထွက် နေရာမျိုး ဘယ်မှာရှိတယ်ဆိုတာ သိထားမှာပေါ့လေ"

"လာ. . လာ. . မဟူရာလာခဲ့. . ဒီကိုလာ"

သက်ပိုင်က ပြူတင်းပေါက်မှခေါင်းထွက်ပြီး မဟူရာကြီးကိုခေါ်နေသည်။ သို့သော်. . မဟူရာကြီးသည် ခပ်စိမ်းစိမ်းပင်ကြည့်နေရာက. . .

"ညောင်"

ဟုတစ်ချက် ဧအာ်မြည်လိုက်ပြီးမှ ကားပေါ်မှခုန်ဆင်းသွားခဲ့လေ၏။

"မဟူရာ. . မဟူရာ"

သက်ပိုင်က လှမ်းပြီးခေါ်နေသော်လည်း မဟူရာကြောင်နက်ကြီးက အမှောင်ထဲကိုပြေးဝင်သွားကာ ပျောက်ကွယ်သွားခဲ့လေပြီ။

"ဒီကောင်ကြီးဟာ သေသွားတဲ့သူ့သခင်ကလွဲပြီး ဘယ်သူ့ကိုမှ သံယောဇဉ်မရှိဘူးနဲ့တူတယ်ပိုင်၊ သူတောထွက်သွားတာပဲဖြစ်မယ်၊ ရိုးမတောနဲ့ကလည်း နီးတယ်လေ"

"မဟူရာကြီးတောထွက်သွားရင် ပိုပြီးတော့ရိုင်းသွားမှာပေါ့နော်. . လူတွေကိုခင်တတ်တဲ့ အသိဉာဏ်မျိုးရှိမှာ မဟုတ်တော့ဘူး. . . သနားစရာပါပဲလေ"

သက်ပိုင်က နှမြောတသစွာဖြင့် ပြောနေလေသည်။

"ဘယ်တတ်နိုင်မလဲလေ. . သတ္တဝါတစ်ခု ကံတစ်ခုပဲ မဟုတ်လား. . ပိုင်ရယ်၊ ကြာတော့လည်း တောထဲမှာ သူ့ဘဝနဲ့သူနေသားကျသွားမှာပါလေ"





ကံရာဇာသည် ထိုနေရာမှနေ၍ ကားကိုမောင်းထွက်လာခဲ့လေသည်။

ထိုစဉ်. . .

လူကြီးတစ်ယောက်သည် ကားလမ်းပေါ်မှ တစ်ဖက်ကိုဖြတ်လျှောက်သွားခဲ့လေ၏။ ဩျာင်တစ်စောင်းထုံးထားသည်။ လမ်းလျှောက်သွားနေစဉ်မှာ ကားလမ်းမကြီးဘက်ကိုလှည့်ကြည့်လိုက်လေ၏။

"ဟင်"

နှစ်ယောက်စလုံး အံ့အားသင့်သွားခဲ့ရလေသည်။

"ဟို. . ဟိုမှာ. . ကပ္ပိယဦးနန္ဒ"

ကားမီးရောင်အောက်မှာ ထင်းကနဲဆို မြင်လိုက်ရသောကြောင့်အထိတ်တလန့်နှင့်အံ့အားသင့်သွား ခဲ့ကြရသည်။ သို့သော်ထိုလူကြီးမှာ လမ်းတစ်ဖက်ကို ဆင်းသွားခဲ့လေသည်။

"မဖြစ်နိုင်ပါဘူး. . ပိုင်ရယ်၊ တခြားသူတစ်ယောက်ယောက်ပါ"

"ဟုတ်တယ် မဖြစ်နိုင်ပါဘူးဆိုတာကိုလည်း သိတယ်၊ ဒါပေမယ့်. . ."

သို့သော်နှစ်ယောက်စလုံး သက်ပြင်းကိုယ်စီချလိုက်မိကြလေသည်။

မိုးကလင်းလာတော့သည်။ လမ်းကိုကောင်းစွာပင်မြင်နိုင်ခဲ့လေပြီ။ အလင်းရောင်ကို မြင်လာရပြီဖြစ်၍ စိတ်ထဲမှာပေါ့ပါးသွားခဲ့ကြသည်။

ယင်းအချိန်တွင်. . .



www.burmeseclassic.com

www.burmeseclassic.com



မည်သို့မှ ဖျက်ဆီး၍မဖြစ်သော၊ မဖျက်ဆီးကောင်းသော ဖျက်ဆီးလျှင် လွန်စွာမှသတ္တဝါတွေအတွက် ဆိုးကျိုးကိုသာ ပေးနိုင်သည်ဟု ကပ္ပိယနန္ဒက ပြောခဲ့ဖူးသည်။ ထိုအပင်ကြီးသည်ကား. . .

ဤအရပ်မှ လွန်စွာမှဝေးကွာသောနေရာ. . .

သုဿန်ဟောင်းကြီးတစ်ခုတွင်း၌ ရှိနေလေသည်။ ကံရာဇာသည် သူခုတ်ပစ်လိုက်၍ တစ်ပိုင်းပြတ်ကျန်နေသော သစ်ပင်ကြီးကို လူသူမနီးသောအရပ်၌ သွားထားခဲ့လေသည်။ ယင်းဒေသ၌ သုဿန်သို့သူစဉ်လာရောက်ကြသော တောခွေးများ ပေါများကြသည် ဖြစ်ရကား. . . မြင်ရာကို တူးဆွကြသည့် သတ္တဝါများဖြစ်ကြသည်။

ထို့ကြောင့်. . .

အပင်ကြီး၏ ကျကြမ္မာသည်လည်း မသေချာလှပါ။


တစ်ခုသေချာသည်ကား. . .

ကံရာဇာသည် သက်ပိုင်၏အနာဂတ်ရှေ့ရေးကို တာဝန် ယူရန်အတွက်ပင်တည်း။

ကားလေးကား ရန်ကုန်ဘက်ဆီကို ဦးတည်ပြီးတော့ ပြေးနေလျက် ဖြောင့်ဖြူးသောကတ္တရာလမ်းမကြီးပင်တည်း။

ကြိုးစားပါဦးမည်။
မင်းစကြာ





www.burmeseclassic.com

www.burmeseclassic.com

